ဟံသာဝတီ

(၅၆၃)

ဝံသဒီပနီ

H 563—A [ဟံသာဝတီ]

မေဓါ   ခ၆၂၊ ကန့်၊ ၁၁

"ပရမသီရိဝံသာဘိဓဇမဟာဓမ္မရာဇဂုရု"
မေဓါ
မဲထီးဆရာတော်

ထေရဝါဒသာသနာဆက်အလင်းပြ

ဝံသဒီပနီ

[သာသနာတိုးတက်ပုံ, ဆုတ်ယုတ်ပုံ, ချီးမြှင့်ပုံ, သုတ်သင်ပုံ,
ညီညွတ်ပုံ, ဂိုဏ်းကွဲပုံနှင့် ဆရာစဉ်ဆက် ပါရှိသည်။]

VAMSA DIPANI

by

Mede Sayadaw

ရန်ကုန်မြို့
ဟံသာဝတီပုံနှိပ်တိုက်

၁၃၂၈-ခု၊ (သာသနာ-၂၅၁၀) ၁၉၆၆-ခု၊

ဝံသဒီပနီပုံနှိပ်ခြင်း

ပထမအကြိမ် ၁၉၁၆-ခု၊
မင်္ဂလာဇေယျပုံနှိပ်တိုက် ပုဇွန်တောင် ရန်ကုန်မြို့။

ဒုတိယအကြိမ် ၁၉၆၇-ခု၊ ဇန္နဝါရီလ
ဟံသာဝတီပုံနှိပ်တိုက် ရန်ကုန်မြို့။

Made and Printed in the Union of Burma
by the Hanthawaddy Press, Rangoon

☆

ရန်ကုန်မြို့ အမှတ် ၅၃-နတ်မောက်လမ်းသွယ်ရှိ၊ ဟံသာဝတီပုံနှိပ်တိုက်
တွင် (မှတ်ပုံတင်အမှတ် ၀၀၀၃-၀၀၀၄) ဦးဇော်ဝင်းက
ပုံနှိပ်ထုတ်ဝေသည်။

မာတိကာ

ဦးရေ	အကြောင်းအရာ	စာမျက်နှာ

* နိဒါန်း

၁။ ပဏာမ,ပဋိညာဉ်,ဥယျောဇဉ် ၁

၂။ ဘုရားလောင်းဘွားမြင်တော်မူခြင်း ၃

၃။ ဘုရားဖြစ်တော်မူခြင်း ၄

၄။ သိက္ခာပုဒ်ပညတ်တော်မူခြင်း ၄

၅။ ဘုရားသခင် ပရိနိဗ္ဗာန်ပြုတော်မူခြင်း ၅

၆။ ရှင်မဟာကဿပမရောက်သေး၍ တေဇောဓာတ်မထခြင်း ၆

၇။ ဘုရားမရှိ၍ ပညတ်ချက်မှ လွတ်ပြီဟု သုဘဒ်ရဟန်းကြီး ဝမ်းသာစကားဆိုခြင်း ၆

၈။ သုဘဒ်ရဟန်းကြီး ရန်ငြိုးထားခဲ့ခြင်း ၇

၉။ သုဘဒ်ရဟန်းကို အကြောင်းပြု၍ သင်္ဂါယနာ တင်ရန် စီစဉ်ရခြင်း ၉

၁၀။ ရှင်မဟာကဿပနှင့် အဇာတသတ်မင်း သင်္ဂါယနာတင်၍ သာသနာပြုပုံ ၁၀

၁၁။ ပဌမသင်္ဂါယနာတင်ခြင်းအကြောင်း ၁၂

၁၂။ ရှင်ဥပါလိတပည့်ရှင်ဒါသကမထေရ်နှင့် အဇာတသတ်မင်းဆက် ၁၃

၁၃။ အရှင်အာနန္ဒာ၏တပည့်ယသထေရ်နှင့် ဝဇ္ဇီရဟန်းတို့အရေးအခင်း ၁၅

၁၄။ ရှင်ယသနှင့် ကာဠာသောကမင်းတို့ ဒုတိယ သင်္ဂါယနာတင်၍ သာသနာပြုပုံ ၁၆

၁၅။ အဓမ္မဝါဒီဝဇ္ဇီရဟန်းများဂိုဏ်းကွဲပုံနှင့် သင်္ဂါယနာအတုတင်ပုံ ၁၈

၁၆။ ရှင်မောဂ္ဂလိပုတ္တတိဿရဟန်းဖြစ်ရေးအတွက် ရဟန္တာနှစ်ပါးတာဝန်ယူဆောင်ရွက်ပုံ ၂၀

မာတိကာ

ဦးရေ	အကြောင်းအရာ		စာမျက်နှာ
၁၇။	ဓမ္မာသောကမင်း တိတ္ထိတို့အမှုအကျင့်ကိုစုံစမ်းပုံ	....	၂၃
၁၈။	နိဂြောဓသာမဏေကို အမှီပြု၍ ဓမ္မာသောကမင်းကြီး သာသနာတော်ကို သက်ဝင်ယုံကြည်ပုံ	....	၂၄
၁၉။	ဓမ္မာသောကမင်းကြီး ပစ္စယဒါယကာပြုပုံ	....	၂၅
၂၀။	ဓမ္မာသောကမင်းကြီး သာသနာ့အမွေခံယူပုံ	....	၂၆
၂၁။	ဓမ္မာသောကမင်းကြီး နေ့စဉ်လှူဒါန်းပုံ	....	၂၇
၂၂။	တိတ္ထိတို့ကြောင့် သာသနာ့အရေးအခင်းပေါ်ပုံ	....	၂၈
၂၃။	ဓမ္မာသောကမင်း သာသနာကို စင်ကြယ်စေပုံ	....	၃၀
၂၄။	မောဂ္ဂလိပုတ္တတိဿမထေရ်နှင့်ဓမ္မာသောကမင်းတို့ တတိယသင်္ဂါယနာတင်၍ သာသနာပြုပုံ	....	၃၁
၂၅။	ကိုးတိုင်း ကိုးဌာန သာသနာပြုစေလွှတ်ပုံ	....	၃၃
၂၆။	ကသ္မီရဂန္ဓာရတိုင်း၌ သာသနာပြုပုံ	....	၃၄
၂၇။	မဟိံသကတိုင်း၌သာသနာပြုပုံ	....	၃၅
၂၈။	ဝနဝါသီတိုင်း၌သာသနာပြုပုံ	....	၃၅
၂၉။	အပရန္တတိုင်း၌သာသနာပြုပုံ	....	၃၅
၃၀။	မဟာရဋ္ဌတိုင်း၌ သာသနာပြုပုံ	....	၃၅
၃၁။	ယောနကရဋ္ဌတိုင်း၌ သာသနာပြုပုံ	....	၃၅
၃၂။	ဟိမဝန္တာအရပ်၌သာသနာပြုပုံ	....	၃၆
၃၃။	သုဝဏ္ဏဘူမိ၌ သာသနာပြုပုံ	....	၃၆
၃၄။	မြတ်စွာဘုရားသီဟိုဠ်သို့ကြွ၍ခြေတော်ရာချခဲ့ပုံ	....	၃၆
၃၅။	သာသနာတော်မရောက်မီသီဟိုဠ်မင်းဆက်	....	၃၈
၃၆။	ရှင်မဟာမဟိန္ဒမထေရ်သီဟိုဠ်သို့ကြွပုံ	....	၃၈
၃၇။	အရှင်မဟာမဟိန္ဒ၏တရားကိုနာရ၍ မင်းနှင့်တကွသရဏဂုံတည်ပုံ	....	၄၀
၃၈။	အနုဠာဒေဝီနှင့်တကွတရားထူးရကြပုံ	....	၄၁
၃၉။	ဓာတ်တော်များရောက်၍စေတီတည်ပုံ	....	၄၃
၄၀။	အနုဠာဒေဝီစသူတို့ရဟန်းပြုကြပုံ	....	၄၃
၄၁။	သီဟိုဠ်တွင်သာသနာစတင်သက်ရောက်ပုံ	....	၄၄
၄၂။	ဝိနည်းကိုထွန်းပစေကြသောမထေရ်များ	....	၄၆

ဦးရေ	အကြောင်းအရာ		စာမျက်နှာ
၄၃။	ဒေဝါနံပိယတိဿမင်းဆက်နှင့်ကျေးမင်း	....	၄၇
၄၄။	ဒုဋ္ဌဂါမဏိမင်းရဟန်းတော်များကိုစည်းဝေစေခြင်း	....	၄၈
၄၅။	ကောင်းကင်ခရီးဖြင့်ကြွလာကြသော ရဟန္တာများ	....	၄၉
၄၆။	ဒုဋ္ဌဂါမဏိမင်း စေတီတော်တည်ခြင်း	....	၅၀
၄၇။	ဒုဋ္ဌဂါမဏိမင်းဆက်နှင့်ကျေးမင်းများ	....	၅၂
၄၈။	ဝဋ္ဋဂါမဏိမင်းစတုတ္ထသင်္ဂါယနာတင်ခြင်း	....	၅၃
၄၉။	ဝဋ္ဋဂါမဏိမင်းလက်ထက်ဂိုဏ်းကွဲခြင်း	....	၅၄
၅၀။	စောရနာဂမင်းလက်ထက်သီဟိုဠ်၌ကပ်ဆိုက်ခြင်း	....	၅၅
၅၁။	အနုရာဓပူရဒေဝီတင်မြောက်သောမင်းများ	....	၅၅
၅၂။	ဗုဒ္ဓသာသနာပြန်လည်ထွန်းပခြင်း	....	၅၆
၅၃။	အသက်ရှည်ကြောင်းတရားကိုဟောခြင်း	....	၅၈
၅၄။	သာသနာ့အညစ်အကြေးပေါ်၍သုတ်သင်ခြင်း	....	၆၀
၅၅။	မိုယ်းရွာအောင်သစ္စာပြုသောမင်း	....	၆၁
၅၆။	ပါပဘိက္ခုများပေါ်၍ သုတ်သင်ခြင်း	....	၆၁
၅၇။	သာသနာဖျက် ဇေတဝနဝါသီဂိုဏ်းပေါ်လာခြင်း	....	၆၂
၅၈။	ပါပရဟန်းတို့ကိုစစ်၍ သုတ်သင်ခြင်း	....	၆၃
၅၉။	သီဟိုဠ်သို့စွယ်တော်များရောက်လာခြင်း	....	၆၄
၆၀။	ရှင်မဟာဗုဒ္ဓဃောသ ပိဋကတ်တော်နှင့် သထုံရောက်လာခြင်း	....	၆၅
၆၁။	ဗာဟုမင်း ၄-ဆက် သာသနာ့ အညစ်အကြေးသုတ်သင်ခြင်း	....	၆၅
၆၂။	ဂဝံပတိမထေရ်နှင့်,သထုံသာသနာ	....	၆၇
၆၃။	သောဏထေရ်,ဥတ္တရထေရ်နှင့် သထုံသာသနာ	....	၆၉
၆၄။	ရှင်အရဟံထေရ်နှင့် ပုဂံသာသနာ	....	၇၀
၆၅။	မဟာပုဏ္ဏထေရ်နှင့် သုနာပရန္တသာသနာ	....	၇၂
၆၆။	ခြေတော်ရာ ၂-ဆူ ချတော်မူခြင်း	....	၇၄
၆၇။	သီရိခေတ္တရာသာသနာ	....	၇၅
၆၈။	အရည်းကြီးများနှင့် ပုဂံပြည်	....	၇၇
၆၉။	ရှင်အရဟံနှင့် ပုဂံသာသနာ	....	၇၈

မာတိကာ

ဦးရေ	အကြောင်းအရာ		စာမျက်နှာ
၇၀။	သထုံမှပုဂံသို့ ပိဋကတ်တော်ပင့်ဆောင်ခြင်း	....	၈၀
၇၁။	ရှင်အရဟံပရိနိဗ္ဗာန်ပြုခြင်း	....	၈၂
၇၂။	ပုံ့သကူမထေရ်နှင့် ပုဂံသာသနာ	....	၈၂
၇၃။	ဥတ္တရာဇီဝမထေရ်	....	၈၃
၇၄။	ဂိုဏ်းသီးထောင်သော ဆပဒထေရ်	....	၈၅
၇၅။	မထေရ်သုံးပါး ဂိုဏ်းကွဲ ပြန်ခြင်း	....	၈၈
၇၆။	ဒလ-ဓမ္မဝိလာသမထေရ်	....	၉၀
၇၇။	မူလဂိုဏ်းကြီး ၂-ဂိုဏ်း	....	၉၁
၇၈။	နောက်ထပ်ဂိုဏ်းကြီး ၆-ဂိုဏ်း	....	၉၂
၇၉။	ဘုရားသခင် စစ်ကိုင်းတွင် ဗျာဒိတ်ကြားခြင်း	....	၉၃
၈၀။	ရှင်ဒိဗ္ဗစက် ဂဏာပါမောက္ခ ဖြစ်ခြင်း	....	၉၄
၈၁။	ရှင်ဒိဗ္ဗစက် ကောင်းကင်ပျံကြွခြင်း	....	၉၅
၈၂။	ရှင်ဒိဗ္ဗစက်အား သောတာပန်နတ်ကြီး လျှောက်ကြားခြင်း	....	၉၆
၈၃။	ရှင်သီဝလိဓာတ်တော်ကို ရှင်ဒိဗ္ဗစက်ယူဆောင်ခြင်း		၉၈
၈၄။	သီဟိုဠ်မှ ဓာတ်တော် ၅-ဆူရောက်လာခြင်း	....	၉၉
၈၅။	ရှင်သီလဝံသ, ရှင်မဟာရဋ္ဌသာရ	....	၁၀၀
၈၆။	သာသနာကို ရှမ်းစလုံဖျက်ဆီးခြင်း	....	၁၀၁
၈၇။	ရာမညသံဃာ အဆက် အနွယ်	....	၁၀၁
၈၈။	ဘုရားပုထိုးရုပ်တု မကိုးကွယ်ရခြင်း	....	၁၀၂
၈၉။	ကောင်းကင်မှ ဆင်းတုတော်များ ကြွလာတော်မူခြင်း	....	၁၀၃
၉၀။	ရာမညတိုင်း၌ သာသနာညှိုးနွမ်းချိန်	....	၁၀၅
၉၁။	ဓမ္မစေတီမင်းသာသနာစင်ကြယ်ရန်ကြံခြင်း	....	၁၀၆
၉၂။	သီဟိုဠ်သို့ သိက္ခာသစ်တင်ရန် စေလွှတ်ခြင်း	....	၁၀၉
၉၃။	ကလျာဏီမြစ်တွင် ပဉ္စင်းခံကြခြင်း	....	၁၁၁
၉၄။	သီဟိုဠ်မင်းက ဘွဲ့တံဆိပ်ဆက်ကပ်ခြင်း	....	၁၁၂
၉၅။	သီဟိုဠ်သွားရဟန်းတော်များ ပြန်ရောက်ခြင်း	....	၁၁၃
၉၆။	ကလျာဏီသိမ်သမုတ်ခြင်း	....	၁၁၄

ဦးရေ	အကြောင်းအရာ		စာမျက်နှာ
၉၇။	ကလျာဏီသိမ်၌ ပဉ္စင်းခံကြခြင်း	....	၁၁၆
၉၈။	ရာမာဓိပတိမင်း ဓမ္မဝိနယပြန်တမ်း	....	၁၁၈
၉၉။	တောင်ငူ သံဃရာဇာသာသနာပိုင်	....	၁၂၂
၁၀၀။	မင်းတရားရွှေထီးနှင့် ရင်စည်းရဟန်းများ	....	၁၂၂
၁၀၁။	ဆင်ဖြူရှင်မင်း ရှမ်းပြည်၌သာသနာပြုခြင်း	....	၁၂၃
၁၀၂။	ဒွန်းစဏ္ဍားရဟန်းများ	....	၁၂၄
၁၀၃။	အလဇ္ဇီအဓမ္မဝါဒီဂိုဏ်း အားကောင်းခြင်း	....	၁၂၄
၁၀၄။	မဟာဥပရာဇာမင်း သာသနာသုတ်သင်ခြင်း	....	၁၂၅
၁၀၅။	ကုလားစေင်ကာ သာသနာဖျက်ဆီးခြင်း	....	၁၂၆
၁၀၆။	ဦးထုပ်ဆောင်းနှင့် ခေါင်းတင်ရဟန်းများ	....	၁၂၆
၁၀၇။	သာလွန်မင်းလက်ထက်အဝတ်အရုံဖောက်ပြန်ခြင်း	....	၁၂၈
၁၀၈။	ဆဗ္ဗဂ္ဂီရဟန်းများ ဝတ်ရုံပုံ	....	၁၂၈
၁၀၉။	ဒုတိယဆပဒအနွယ် ရှင်သီလဝံသ	....	၁၃၀
၁၁၀။	ဝတ်ရုံမှုအတွက် တရားဓမ္မစီစစ်ခြင်း	....	၁၃၁
၁၁၁။	တံဂိုဏ်း ရုံဂိုဏ်း ဦးထုပ်ဆောင်းဂိုဏ်း	....	၁၄၃
၁၁၂။	ဂိုဏ်းဆရာများ ဆိုင်ပြိုင်ပြောဆိုခြင်း	....	၁၄၄
၁၁၃။	အတင်အရုံ ရှင်းလင်းပြောဆိုပြန်ခြင်း	....	၁၄၆
၁၁၄။	သင်္ကန်းရုံရွာဝင်ရန် ထုတ်ပြန်ခြင်း	....	၁၅၂
၁၁၅။	ဆင်ဖြူများရှင် သာသနာရေးအကြံအစည်	....	၁၅၂
၁၁၆။	ဆင်ဖြူများရှင် သာသနာသုတ်သင်ခြင်း	....	၁၅၅
၁၁၇။	အတင်အရုံ ရှင်းလင်းပြောဆိုပြန်ခြင်း	....	၁၅၆
၁၁၈။	အတုလယသကို လူဝတ်လဲစေ၍ နှင်ထုတ်ခြင်း	....	၁၅၈
၁၁၉။	မြို့ရွာအသီးသီးသို့ သာသနာပြုစေလွှတ်ခြင်း	....	၁၅၉
၁၂၀။	ဥဘတောဝိဘင်း ဆောင်စေခြင်း	....	၁၅၉
၁၂၁။	ကေတုမတီသို့ သာသနာပြုစေလွှတ်ခြင်း	....	၁၆၀
၁၂၂။	ပရမသီရိဝံသာဘိဓဇထေရ် အကြံအစည်	....	၁၆၃
၁၂၃။	တောင်ငူတွင် သာသနာသုတ်သင်ခြင်း	....	၁၇၀
၁၂၄။	အက္ခရာစဉ်အညွှန်း	....	၁၇၉

နိဒါန်း

အမရပူရပထမမြို့တည် နန်းတည် အောင်မြေလောကဘုရားဒါယကာ ဆင်ဖြူများရှင်(ဘိုးတော်) မင်းတရားကြီးသည် "ပရမသီရိဝံသာဘိဓဇ မဟာဓမ္မရာဇဂုရု"မည့်ထီးဆရာတော်အား တောင်ငူမြို့သို့ သာသနာပြုကြွရောက်ချီးမြှောက်ရန် လျှောက်ထားတောင်းပန်သောကြောင့် ဆရာတော်ကြီးသည် နောက်ပါသံဃာတော် ၃၀-ကျော်ဖြင့် တောင်ငူသို့ ကြွတော်မူ၍ သာသနာပြုတော်မူသည်။

ထိုစဉ်အခါက တောင်ငူမြို့တွင် ရဟန်းတော်များမှာ ရင်စည်းဖွဲ့, ဦးထုပ်ဆောင်း,ဒုကုဋ်တင်ရွာဝင်ခြင်းဖြင့် အဝတ်အရုံဖောက်ပြန်နေခြင်း၊ အရောင်းအဝယ်ပြု,ဆေးကု, ဗေဒင်ဟောခြင်းဖြင့် ကျင့်ဝတ်ဖောက်ပြန်နေခြင်း,သစ်သီးပေးခြင်း, ပန်းပေးခြင်း, ဥယျာဉ်ပန်းမာလ်စိုက်ပျိုးခြင်းပြု၍ အသက်မွေးခြင်းဖြင့် အသက်မွေးမှုဖောက်ပြန်နေခြင်း၊ ဂန္ထဓုရ ဝိပဿနာဓုရကို အားမထုတ်ဘဲ ပေါ့လျော့စွာ နေထိုင်ကြသောကြောင့် သာသနာတော် မှေးမှိန်နေရှိသာမက သာသနာ့အညစ်အကြေးဘေးရန် ဆူးငြောင့်များပေါ်ပေါက်လျက်ရှိနေလေသည်။

သာသနာပြုမဲထီးဆရာတော်ဘုရားကြီးသည် အဆိုပါသာသနာ့ အညစ်အကြေးဘေးရန် ဆူးငြောင့်တို့ကို ဘိုးတော်မင်းတရားကြီး အာဏာစက်အကူအညီ,ဘိုးတော်မင်းတရားကြီးသားတော် တောင်ငူဘုရင်၏အကူအညီဖြင့် မဟာဒါန်ဝန်တို့ကို လိုအပ်ရာရာစေခိုင်း၍ သာသနာ့ အညစ်အကြေးများကို ၆-နှစ်တိုင်တိုင် သုတ်သင်ရှင်းလင်းရာ အထူးအောင်မြင်တော်မူသောကြောင့် ဘိုးတော်လက်ထက် သာသနာ့အညစ်အကြေး သုတ်သင်ပုံအကြောင်းစုံနှင့်တကွ မဇ္ဈိမဒေသ,သီဟိုဠ်,သထုံ,ဟံသာဝတီ,သရေခေတ္တရာ,ပုဂံ,ပင်းယ,စစ်ကိုင်း,အင်းဝ,အမရပူရခေတ်အထိ ကောင်းဆိုးနှစ်ဝ သာသနာ့အရေးအခင်းဟူသမျှ ပြည့်ပြည့်စုံစုံပြုလိုသဖြင့် ဤ"ဝံသဒီပနီ"မည်သောကျမ်းကို ရေးသားစီရင်တော်မူခြင်းဖြစ်သည်။

ဝံသဒီပနီ-ဟူသော ကျမ်းအမည်ဖြင့် အရှင်မဟာကဿပ,အရှင် အာနန္ဒာ, အရှင်ဥပါလိအစရှိသောသင်္ဂါယနာတင်မထေရ်မြတ်တို့၏ အဆက်အနွယ် ထေရဝါဒ သာသနာဆက်ကို ထင်စွာ ညွှန်ပြသော ကျမ်းဟု

ပဓာနအားဖြင့် ဆိုရမည်ဖြစ်သော်လည်း မည်သည့် မည်သည့်မင်းများ မည်သို့မည်ပုံ သာသနာကို ချီးမြှင့်သည်၊ မည်သို့မည်ပုံ သာသနာ့အညစ်အကြေး ဘေးရန်ဆူးငြောင့်ကို သုတ်သင်ရှင်းလင်းသည်၊ မည်သည့်အတွက် သာသနာတော်စည်ပင်ပြန့်ပွားသည်၊ မည်သည့်အတွက် သာသနာတော် ဆုတ်ယုတ်ပျက်ပြားသည် စသည်ဖြင့် သာသနာတော်အတွင်း ဖြစ်ဖြစ်သမျှ ကောင်းဆိုးနှစ်ဝ အရေးအခင်း ဟူသမျှကိုလည်း ပြဆိုထားပေသည်။

ကျမ်းပြု ဆရာတော်

ဤကျမ်းကို ပြုစုတော်မူသော ဆရာတော်၏ အတ္ထုပ္ပတ်ကို အနည်းအကျဉ်း ဖော်ပြပါဦးမည်၊ မိုင်းနိုင်းမြို့စား ပိဋကတ်တော်အုပ် မင်းကြီးမဟာသီရိဇေယျသူ ပြုစုသော ပိဋကတ်တော်သမိုင်း စာမျက်နှာ ၂၆၆၊ အမှတ်စဉ် ၂၀၄၀-တွင် "ဝံသဒီပနီမှာ ဒုတိယ ကြေးနီကျောင်းနေကျော်အောင်စံထားဆရာတော် စီရင်သည်"ဟု ဖော်ပြထားသည်။

ယခု ဝံသဒီပနီကျမ်း နိဂုံးတွင်မူ "မဲထီးပုဂ္ဂိုလ် 'ပရမသီရိဝံသာဘိဓဇ မဟာဓမ္မရာဇဂုရု' အမည်တော်ရှိသော မထေရ်သည် အောင်မြေလောကဘုရား ဒါယကာ (ဘိုးတော်) ဆင်ဖြူရှင်မင်းတရားလက်ထက် ထိုမင်းတရား၏သားတော် သတိုးဓမ္မရာဇာ-ဘုရင်ခံအဖြစ် အုပ်စိုးသော တောင်ငူ ကေတုမတီမြို့တွင်စီရင်အပ်သော ဝံသဒီပနီကျမ်းသည် ဤတွင်ပြီးဆုံးသည်"ဟု အခိုင်အမာဆိုထားသည်၊ သို့ဖြစ်၍ ဤဝံသဒီပနီကျမ်းကို မဲထီးဆရာတော် ပရမသီရိဝံသာဘိဓဇမထေရ် စီရင် ပြုစုသည်မှာ လင်းပါးစရာ မလိုချေ။

ဒုတိယ ကြေးနီကျောင်းနေ ကျော်အောင်စံထားဆရာတော် ပြုစုသော ဝံသဒီပနီကျမ်းတစောင် သီးခြား ရှိ,မရှိ ကိုသာ သုတေသနပြုကြရန် လိုပေသည်။

ယခု ဝံသဒီပနီကျမ်းပြုဆရာတော်မှာ ပထမ မဲထီးဆရာတော် ဟု ကျော်ကြားသည်၊ ၁၁၀၄-ခုနှစ်တွင် တောင်ငူမြို့ မဲထီးရွာတွင် ဖွားမြင်တော်မူသည်၊ အရွယ်ရောက်သော် သာသနာ့ဘောင်သို့ဝင်သည်၊ ဘွဲ့မှာ ရှင်ပရမဖြစ်၍ မဲထီးရွာ ရှင်မဏိမာလာပုဂ္ဂိုလ် (မိုင်းလုံး ရှင်ပဝရမဥ္စုပုဂ္ဂိုလ်)၏သဒ္ဓိဝိဟာရိကတပည့်ဖြစ်သည်၊ (စာမျက်နှာ-၁၄၂-၁၆၀)၊

ရှင်ပရမသည် ဗိုဒ်ကတ်စာပေကျမ်းဂန်ကျနသည်၊ မည်သည့်မင်း လက်ထက် နေပြည်တော်သို့ ကြွသည်ဟု မသိရ၊ သို့သော် စစ်ကိုင်းမင်း လက်ထက် အတင့်,အရှဲ ရှင်းလင်းပြောဆိုကြရာတွင် ထေရဝါဒဂိုဏ်း အနွယ်အဆက်မှ ပါဝင်သော ပုဂ္ဂိုလ်(၇)ပါးအနက် မဲထီး ရှင်ပရမ လည်း တပါး ပါဝင်သည်။ (စာမျက်နှာ-၁၄၇)

အမရပူရမြို့တည် ဘိုးတော်ဘုရားလက်ထက် ရွှေမြို့တော် အရှေ့ တောင်ယွန်း၌ လက်ဝဲဝင်းတော်မှူးက မဆောက်လုပ် လှူဒါန်းသော ကျောင်းတော်ကို ဘုရင်မင်းမြတ်က မဲထီးဆရာတော်အား တင်လှူတော် မူသည်၊'ပရမသီရိဝံသာဘိဓဇ မဟာဓမ္မရာဇဂုရု'တံဆိပ်နာမံလည်းဆက် ကပ်တော်မူသည်၊ (သာသနာလင်္ကာရစာတမ်း စာမျက်နှာ-၁၉၀) ထိုကျောင်းတိုက်မှာ မဲထီးဆရာတော်ကို အစွဲပြု၍ မဲထီးတိုက်ဟု တွင် သည်၊ ဤဆရာတော်ကြီးမှာ မြဝတီမင်းကြီးဦးစ၏ ဆရာရင်းဖြစ်သည်။

၁၁၄၀-ခုနှစ်တွင် ဘိုးတော်ဘုရားက သာသနာပိုင် ၄-ပါးဖြစ်သော (၁) မင်းအိုဆရာတော်, (၂) မန်လည်ဆရာတော်, (၃) ဆုံထား ဆရာတော်, (၄) မင်းရွာဆရာတော် ၄-ပါးမှာ ဆရာတော်ငယ်ရှစ် ပါး ဘက်၍ သာသနာပြု ၁၂-ပါး ခန့်ထားရာတွင်လည်း မဲ့ထီးဆရာ တော်ပါသည်၊ ၁၁၅၀-ပြည့်နှစ်သို့ ရောက်သည့်အခါ မောင်းထောင် ဆရာတော်ကို သီးခြား တပါးတည်း သာသနာပိုင်ခန့်သည်၊ (သာသနာ လင်္ကာရ စာမျက်နှာ ၁၉၆-၁၉၀)၊နောက် မင်းတရားကြီးသည် တိုင်း အသီးသီးသို့ သာသနာပြု စေလွှတ်တော်မူရာ မြို့ရံ-၁၂၊ ကျေးသီး-၃၃၊ အခြံအရံရှိသော တိုင်းသီးခြားဖြစ်သော ဇေယျာဝဍ္ဎနတိုင်း ကေတုမတီ မြို့သို့ သာသနာပြုစေလွှတ်ရန် မဲထီးဆရာတော် ရှင်ပရမဝံသာဘိဓဇ ပုဂ္ဂိုလ်နှင့်သာ သင့်တော်သည်ဟု မောင်းထောင် သာသနာပိုင်က စာ သွင်းချက်အရ ကေတုမတီ တောင်ငူမြို့သို့ နောက်ပါ ပဉ္စင်း သာမဏေ ပေါင်း သုံးကျိပ်ခုနစ်ပါးနှင့် သာသနာပြုကြွသည်။

ထိုအခါက ဆရာတော်မှာ သက်တော် ၅၁၊ ဝါတော် ၃၁ ရှိပြီဖြစ် သည်၊ ၁၁၅၃-ခု တပေါင်းလပြည့်ကျော် ၈-ရက် တနင်းလာနေ့တွင် နေပြည်တော်မှထွက်ခွါရာ တန်ခူးလဆန်း ၃-ရက်နေ့ ကေတုမတီသို့ ရောက်သည်၊ တန်ခူးလဆန်း ၁၅-ရက်နေ့တွင် မင်းတရားကြီး၏သား

တော် တောင်ငူဘုရင်ခံ သတိုးဓမ္မရာဇာက ကျီးသဲသဲအမည်တွင်သော ကုန်းထိပ်တွင် ကျောင်းရံ ၆-ကျောင်းနှင့်တကွ ဇေတဝန်ကျောင်းတော်ကို ပွဲလမ်းသဘင် ကြီးစွာခံ၍ ရဟန်းတို့အသုံးအဆောင်များစွာ ပဒေသာပင်နှင့် ဆရာတော်အား အပ်လှူတင်တော်မူသည်၊ ကေတုမတီမြို့တွင် သာသနာပြုတော်မူလျက် ၁၁၅၉-ခုနှစ်တွင် ပျံလွန်တော်မူသည်။

ပုံနှိပ်ခြင်းအကြောင်း

ဤဝံသဒီပနီကျမ်းကို ၁၉၁၆-ခုနှစ်တွင် မင်္ဂလာဇေယျ ပုံနှိပ်တိုက်က ကူးယူသော ပေမူမှာ အကျအပေါက် အမှားအယွင်း များနေသဖြင့် "ဤဝံသဒီပနီကျမ်းရိုက်နှိပ်ဘို့ရာ ကျွန်ုပ်တို့တိုက်သို့ လာရောက်ပေးအပ်သော ပေမူစာသည် ဟောင်းနွမ်း၍ လက်ရေးလက်သား မသန့်ရှင်း ထွေးရှုပ်လှသဖြင့် မူကွဲမူပြား ကိုးစားဘို့ရာ လိုက်လံရှာဖွေရာ တမူမျှမရမရှိသော်လည်း စာအုပ် အောင်မြင်ပြီးစီးလိုခြင်းများကို ထောက်ထား၍ ပေးအပ်သည့်မူမျှနှင့်ပင် ကူးယူတည်းတိုက် ရိုက်နှိပ်ခြင်းပြုရပါကြောင်း" ဟူသော အမှာအထား ထည့်သွင်းထားသည်ကို တွေ့ရပေသည်။(မဟာပညာဗလ)ပထမကျော်ဆရာကြီး ဦးကြီးဖေသည် ကျွန်ုပ်တို့ ဟံသာဝတီတိုက်သို့ ၁၉၁၆-ခုနှစ် မင်္ဂလာဇေယျပုံနှိပ်တိုက်မှ ရိုက်နှိပ်ထားသော ဟောင်းနွမ်းဆွေးမြေ့နေသည့်စာအုပ်ကလေးကိုပင် ရိုက်နှိပ်ရန် ပေးပို့သဖြင့် ဝမ်းမြောက်ဝမ်းသာ လက်ခံရယူလျက် တည်းတိုက်ရန်အတွက် အခြားမူကောင်းမူသန့်များကို လိုက်လံရှာဖွေသော်လည်း မရရှိသောကြောင့် ရှေးဟောင်းစာပေတခု ပျောက်ပျက်မသွားရန် ထိန်းသိမ်းထားသောအနေဖြင့် ရိုက်နှိပ်လိုက်ရခြင်း ဖြစ်ပါသည်၊

ယင်းသို့ ရိုက်နှိပ်ရာ၌ ကျပေါက် ပျက်စီးနေသော ဂဏန်း, ရှေးနောက် လွဲမှားနေသော ဂဏန်းများကို ဦးကုလား မဟာရာဇဝင်ကြီးနှင့် တိုက်ဆိုင်ကာ ပြင်ဆင်ထားပါသည်၊ မဟာရာဇဝင်ကြီး သက္ကရာဇ် ဂဏန်းယူဆပုံနှင့် ဤကျမ်းဆရာသက္ကရာဇ် ဂဏန်းယူဆပုံ တူညီနေသည်ကို တွေ့ရပါသည်၊ ဥပမာ-နော်ရထာစောမင်း နန်းတက်သက္ကရာဇ်ကို မှန်နန်းနှင့်တွင်းသင်းတို့က ၃၉၇-ခု ဟုပြသည်၊ ရာဇဝင်ဟောင်းနှင့် ဇာတာတော်ပုံတို့က ၄၀၆-ခုဟု ပြသည်၊ ဦးကုလားမဟာရာဇဝင်ကြီးက ၃၆၄-ခုဟု ပြသည်၊ ဤဝံသဒီပနီက မဟာရာဇဝင်ကြီးအတိုင်း

၃၆၄-ခုဟုပင် ပြသည်၊သို့ဖြစ်၍ သက္ကရာဇ် ဂဏန်းများကို မဟာရာဇဝင်ကြီးနှင့် တိုက်ဆိုင်ကာဆရာဦးခင်စိုး [သာသနဓဇသီရိပဝရဓမ္မာစရိယ] နှင့် ဆရာ ဦးသိန်းဟန်(၁), ဦးတင်နွယ်, ဦးဟန်ထွန်း, ဦးပု, ဦးရွှေဖူး, ဦးသိန်းဟန် (၂)ဟံသာဝတီပါဠိဆရာများအဖွဲ့ကကောင်းစွာတည်းဖြတ်ကြပ်မသုတ်သင် ပြင်ဆင်ပုံနှိပ်အပ်သည် ဖြစ်ပါကြောင်း။

"ဟံသာဝတီ"

ကျေးဇူးတင်ခြင်း

ဤ ဝံသဒီပနီကျမ်း-စာမူကို (မဟာပညာဗလ) ပထမကျော် ဆရာကြီးဦးကြီးဖေထံမှ ကျွန်ုပ်တို့ တိုက်သို့ ပေးပို့ရရှိသဖြင့်တိမ်မြုပ်နေသောစာဟောင်းပေဟောင်း တဆူကို ဖော်ထုတ်ပေးနိုင်၍ ဆရာကြီး ဦးကြီးဖေအား ဟံသာဝတီက အထူးကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

"ဟံသာဝတီ"

ထေရဝါဒ သာသနာဆက်အလင်းပြ

ဝိသဒ္ဓိပနီ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

ပဏာမ, ပဋိညာဉ်, ဥယျောဇဉ်

၁။ နိဗ္ဗာနပုရပဝိသာနံ၊ ဓမ္မရာဇံ နမာမဟံ။
ဇိနာန မနုဝိသာနိ၊ ပဒီပံ လောကနာယကံ၊
[ပထျာဝတ္တဂါထာ။]

၂။ ဓမ္မံ နိသေဝိတန္တေန၊ ယထာနုသိဋ္ဌစာရိတံ။
သတ္ထာန မပတခာရေန္တံ၊ နမေ အပါယ မုတ္တရံ။
[၎င်းဂါထာ။]

၃။ မုနိန္ဒောရသပုတ္တတ္တံ၊ ဂတံ သုတံ နိရင်္ဂဏံ။
အနုတ္တရံ ဝရံ လောကေ၊ ပုညက္ခေတ္တံ ဂဏံ နမေ။
[၎င်းဂါထာ။]

၄။ ဥဘယဟိတတ္တံသြဝါဒံ၊ သေလဆတ္တံဝ ဝါစကံ။
ဂရုံ ဘာသံ တိသက္ကစ္စံ၊ နတွာ သိရေန မေ ဂရုံ။
[၎င်းဂါထာ။]

၅။ ရစယိဿံ ကထာမဂ္ဂံ၊ မတိဝဍ္ဎနကာရဏံ။
လောကဓမ္မပကိဏ္ဏကံ၊ နာမေန ဝံသဒီပကံ။
သဒါ ဓာရေန္တု တံ ဓီရာ၊ သန္တိကာ မေ သုတေသိနော။
[တဂါထာခွဲ-ငါးဂါထာ။]

၁။ အဟံ၊ ငါသည်။ နိဗ္ဗာနပုရပဝိသာနံ၊ မည်းညစ်တဏှာ ကိလေသာတို့၏ လွတ်ရာအမှန် မြတ်နိဗ္ဗာန်သို့ ဝင်တော်မူကုန်သော။ ဇိနာနံ၊ ငါးပါးမာရ်အောင် ထွတ်ဘုန်းခေါင်တို့၏။ အနုဝံသာနိ၊ ပြိုးပြွမ်းရောရှက် ဆွေတော်ဆက်တို့ကို။ ပဒီပံ၊ ပြက်ပြက်ထင်ပေါ် ပြတော်မူတတ်ထသော။ ဓမ္မရာဇံ၊ တရားကြောင့် မင်းဖြစ်တော်မူထသော။ လောကနာယကံ၊ လူသုံးဦးတို့၏ အမှူးကို။ နာဖာမိ၊ သုံးဖြာဒွါရ ပဏာမဖြင့် ညွတ်ခရိုကျိုး ရှိခိုးပါ၏။

၂။ အဟံ၊ ငါသည်။ တေန ဓမ္မရာဇေန၊ ထိုမြတ်စွာဘုရားသည်။ နိသေဝိတံ၊ ဂေါစရာသေဝန, ဘာဝနာသေဝနအားဖြင့် မပြတ်မှီဝဲအပ်ထသော။ ယထာနုသိဋ္ဌစာရိတံ၊ ဆုံးမတော်မူတိုင်း မရိုင်းအသင့် အမှန်ကျင့်ကုန်သော။ သတ္တာနံ၊ သတ္တဝါတို့အား။ အပါယံ၊ အပါယ်လေးပါးသို့။ အပတမာရေန္တံ၊ မကျစေအောင် ပို့ဆောင်ယူငင် ကယ်တင်ပေတတ်ထသော။ ဥတ္တရံ၊ သံသရာစက်မှ လွတ်ထွက်ကူးမြောက် ရောက်ပြီးထသော။ ဓမ္မံ၊ ပရိယတ်နှင့်တကွ ဆယ်ပါးသောတရားကို။ နမေ-နမာမိ၊ သုံးဖြာဒွါရ ပဏာမဖြင့် ညွတ်ခရိုကျိုး ရှိခိုးပါ၏။

၃။ မုနိန္ဒောရသပုတ္တတ္တံ၊ မုနိထွတ်တင် သုံးလူ့ရှင်၏ ရွှေရင်တော်နှစ်သားတော်၏အဖြစ်သို့။ ဂတံ၊ ရောက်ပြီးထသော။ လောကေ၊ လောက၌။ သုတံ၊ တရံတဆစ် အပြစ်လွတ်ကင်း သတင်းပြန့်ပြော ကျော်စောစွာထသော။ အနုတ္တရံ၊ အတုမရှိသော။ ဝါ၊ တုဘက်ကင်းသော။ပုညက္ခေတ္တံ၊ ကောင်းမှုတည်းဟူသောမျိုးစေ့တို့၏ စိုက်ပျိုးရာလယ်မြေကောင်း သဖွယ်လည်း ဖြစ်ထသော။ ဝရံ၊ မြတ်ထသော။ ဝါ။ တောင့်တအပ်ထသော။ နိရင်္ဂဏံ၊ ဒသဓမ္မ မူလတရား ယင်းကပ္ပါး၍ ထောင်ငါးလွှမ်းခြုံ ကိလေပုံမှ ကုန်စင်မကြွင်း လွတ်ကင်းပြီးထသော။ သံဃံ၊ ပရမတ္ထသံဃာ အရိယာပုဂ္ဂိုလ်တို့၏အပေါင်းကို။ နမေ-နမာမိ၊ သုံးဖြာဒွါရ ပဏာမဖြင့် ညွတ်ခရိုကျိုး ရှိခိုးပါ၏။

[ဤကား ရတနတ္တယ ပဏာမ။]

၄။ ဥဘယဟိတတ္ထဩဝါဒံ၊သံသရာ,ပစ္စုပ္ပန် နှစ်တန်စီးပွါး အကျိုး များအောင် ထောက်ထားပဲ့ပြင် သွန်သင်ဆုံးမတတ်ထသော။ သေလ ဆတ္တံဝ၊ ကျောက်ထီးကဲ့သို့။ ဂရုံ၊ အလေးအမြတ်ပြုအပ်ထသော။ ဝါစကံ၊ နူးညံ့သိမ်မွေ့ ချောမွေ့ပြေပြစ် နှစ်သက်အပ်သော စကားကို။ ဘာသံ- ဘာသန္တံ၊ မိန့်ဆိုတော်မူတတ်ထသော။ မေ၊ ငါ၏။ ဂရုံ၊ ဆရာမြတ်ကို။ အတိသက္ကစ္စံ၊အလွန်ရိုသေစွာ။ သိရေန၊ဦးဖြင့်။ နတွာ-နမာမိ၊ရှိခိုးပါ၏။ နတွာ၊ ရှိခိုးပြီး၍။—

၅။ လောကဓမ္မပကိဏ္ဏကံ၊ လောကကျမ်း, ဓမ္မကျမ်းတို့နှင့် ရောပွမ်း သော။ ကထာမဂ္ဂံ၊ စကားအစဉ်ရှိထသော။ မတိဝဍ္ဎနကာရဏံ၊ ပညာ ပွါးခြင်း၏ အကြောင်းဖြစ်ထသော။နာမေန၊ မိမိဂုဏ်ကြောင့်ဖြစ်သော အမည်အားဖြင့်။ ဝံသဒီပကံ၊ ဝံသဒီပနီအမည်ရှိသော။ ပကရဏံ၊ ကျမ်း ကို။ ရစယိဿံ-ရစယိဿာမိ၊ နှိုင်းယှဉ်ဆင်ခြင် စီရင်ပေအံ့။ တံ၊ ထိုဝံသ ဒီပနီ အမည်ရှိသောကျမ်းကို။ သုတေသိနော၊ အကြားအမြင် ဆင်ခြင် လိမ္မာ ပညာကိုရှာလေ့ ရှိကုန်သော။ ဓီရာ၊ ပညာရှိကဝိတို့သည်။ မေ၊ ငါ၏။ သန္တိကာ၊ အထံမှ။ သဒါ၊ မပြတ်။ ဓာရေန္တု၊ ကြည့်ရှုမှတ်နာ ဆောင်စေကုန်သတည်း။

ဘုရားလောင်းဘွားမြင်တော်မူခြင်း

ဤပြဆိုခဲ့သောဂါထာဗန္ဓနှင့်အညီ"ဝံသဒီပနီ"ဟူသည် အဘယ်နည်း ဟူမူကား-ကမ္ဘာတသိန်းအလွန်ရှိသော လေးသင်္ချေအတွင်း၌ ဆည်းပူး တော်မူ၍ ပါရမီအထွတ်သို့ ရောက်တော်မူသော ဘုရားလောင်းသိဒ္ဓတ် မင်းသားသည် မျိုးစေ့သဏ္ဍာ ရင့်မာစုံအင် ပြည့်စုံမြင်ခဲ့၍ ဒေဝဒဟ ပြည်ကြီးကို အစိုးရသော ဘုရားဘိုးတော် အဥ္စနမင်းကြီးသည် ဆရာ ဒေဝိလရှင်ရသေ့နှင့် တိုင်ပင်၍ မဟာသက္ကရာဇ် ၈၆၄၇-ခုသို့ရောက် လျှင် "နဝစန္ဒာ"ဖြိုကိန်းသင့်သဖြင့် မဟာသက္ကရာဇ် ၈၆၄၇-ခုကိုဖြို၍ အစွန်းတခု ကလိယုဂ်သက္ကရာဇ်ကို ထားတော်မူသည်၊ ထိုနှစ်ပင် ဘိုး တော်အဥ္စနမင်းကြီး အနိစ္စရောက်သည်၊ရင်းနှစ်ပင် သားတော်သုဒ္ဓေါဒန မင်းကြီး ဆက်ခံ၍ ကပိလဝတ်ပြည်ကို အုပ်စိုးစံနေတော်မူသည်။

အုပ်စိုးစံနေတော်မူသည့်နောက် သက္ကရာဇ် ၆၇-ခု ဝါဆိုလပြည့် ကြာသပတေးနေ့ ဥတ္တရာသဠ်နက္ခတ်နှင့် ယှဉ်လျက် ဘုရားအလောင်း

သည် တုသိတာနတ်ပြည်မှ စုတေခဲ့သဖြင့် မယ်တော်မာယာ၀မ်း၌ ပဋိသန္ဓေစွဲယူတော်မူသည်၊ ပဋိသန္ဓေစွဲယူတော်မူ၍ ဆယ်လစေ့သဖြင့် သက္ကရာဇ် ၆၈-ခု ကဆုန်လပြည့် သောကြာနေ့ ဘွားမြင်တော်မူသည်။

ဘုရားဖြစ်တော်မူခြင်း

ဘွားမြင်တော်မူပြီး၍ သက်တော် ၁၆-နှစ်သို့ ရောက်တော်မူလျှင် သက္ကရာဇ် ၈၄-ခုတွင် ဘထွေးတော် သုပ္ပဗုဒ္ဓမင်းကြီး သမီးတော် ယသောဓရာဗိမ္ဗာဒေဝီနှင့် စုံဘက်ထိမ်းမြားတော်မူ၍ ရွှေနန်းစည်းစိမ် အပ်နှင်းပေးတော်မူသဖြင့် မင်းသမီးရှစ်သောင်း အပေါင်းခြံရံလျက် စံနေတော်မူသည်။

ရွှေနန်းစည်းစိမ်ကို ၁၃-နှစ်စံတော်မူ၍ သက်တော် ၂၉-နှစ်သို့ရောက်တော်မူလျှင် သားတော် မင်းသား ရာဟုလာကို ဘွားမြင်သည့်နေ့ သက္ကရာဇ် ၉၇-ခု ဝါဆိုလပြည့် တနင်းလာနေ့ သန်းခေါင်ယံ ဥတ္တရာသဠ်နက္ခတ်နှင့်ယှဉ်လျက် ပြည်ရွာတိုင်းကား, သား, မယားတို့ကို တံတွေးပေါက်ကဲ့သို့ စွန့်ပစ်သဖြင့် တောထွက်၍ အနော်မာမြစ်နား၌ ရဟန်းပြုတော်မူပြီးလျှင် ရာဇဂြိုဟ်ပြည်၏အတွင်း ဥရုဝေလတောအရပ်၌ ဒုက္ကရစရိယာ ၆-နှစ်ကျင့်တော်မူသည်။

ဒုက္ကရစရိယာ ၆-နှစ်ကျင့်၍ ဘုရားမျိုးစေ့ရင့်မာခြင်းသို့ ရောက်သဖြင့် သက္ကရာဇ် ၁၀၃-ခု ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ ဝိသာခါနက္ခတ်နှင့်ယှဉ်လျက် ဗောဓိပင်၌ ဘုရားအဖြစ်သို့ ရောက်တော်မူသည်၊သက်တော်လည်း ၃၅-နှစ်ရှိပြီ၊

သိက္ခာပုဒ်ပညတ်တော်မူခြင်း

ဘုရားဖြစ်ပြီးသည့်နောက် ပဌမဗောဓိအတွင်း ရှင်သုဒိန်သည် ဘုရားသခင်ဘုရားဖြစ်၍ ၁၂-နှစ် သက္ကရာဇ် ၁၁၅-ခုတွင် ရဟန်းပြုသည်၊ဘုရားသခင် ဝါတော်နှစ်ဆယ် ရှိသောအခါ သက္ကရာဇ် ၁၂၃-ခုနှစ်တွင် ရှင်သုဒိန်သည် အဆွေအမျိုးအိမ်သို့ ကြွလာ၍ဆွမ်းရပ်သည်၊ ယင်းသောအခါ ရှင်သုဒိန်ရှစ်ဝါရှိပြီ၊ဝင်းနှစ်ပင် မဟာဂုန်တောဝယ် ပုရာဏဒုတိယိကာ မယားဟောင်းကို လွန်ကျူးမှားယွင်းမိသဖြင့် ဝေသာလီပြည်၌ ပဌမသိက္ခာပုဒ်ကို ရှင်သုဒိန်ကို ကိန်းအစပြု၍ ပညတ်တော်မူသည်။

ဤနည်းတူစွာရင်း မပညတ်သေးသော သိက္ခာပုဒ်များကို လွန်ကျူးမှားယွင်းသမျှ ပုဂ္ဂိုလ်တို့အား သိက္ခာပုဒ်ကို ထောက်ရှုတော်မူသဖြင့် အသီးအသီး ပညတ်ထားတော်မူသည်၊ သိက္ခာပုဒ်မပညတ်မီက အစလွန်ကျူးမှားယွင်းသမျှ အာဒိကမ္မိကဖြစ်လျှင် မောဃပုရိသသာ အပြစ်တင်တော်မူ၍ ကိုယ်တော်နှင့်မကွာ သာသနာတော်မှ အပမဖြစ်သေး၊ ဆုံးမသြဝါဒခံ၍ တရားကို ကျင့်ရပြန်သည်။

အာဒိကမ္မိက ပုဂ္ဂိုလ်တို့အား သိက္ခာပုဒ်ကို ပညတ်ပြီးသည့်နောက် ပညတ်တော်မူပြီးသော သိက္ခာပုဒ်များကို လွန်ကျူးမှားယွင်းကြပြန်လျှင် သာသနာတော်မှ အပဖြစ်ထိုက်သသူကို သာသနာတော်မှ အပဖြစ်စေသည်၊ တရားဓမ္မကံဖြင့် ကုမ၍ သန့်ရှင်းစင်ကြယ်နိုင်သော သိက္ခာပုဒ်ဖြစ်လျှင် သန့်ရှင်းစင်ကြယ်အောင်ပြု၍ သာသနာတော်နှင့် မကင်းမကွာ ထမ်းရွက်ကျင့်ဆောင်စေသည်။

ဘုရားသခင် ပရိနိဗ္ဗာန် ပြုတော်မူခြင်း

ဤသို့လျှင် ဘုရားသခင်သည် သက်တော် ၈၁၊ ဝါတော် ၄၅-ဝါပတ်လုံး အသီးအသီး လူ,နတ်,ဗြဟ္မာ သတ္တဝါအပေါင်းတို့အား ကိုယ်တော်မျက်မှောက် လူလည်းလူ့အလျောက် နတ်လည်းနတ်အလျောက် ဆုံးမသြဝါဒပေး၍ ချွတ်တော်မူသည်၊ ကိုယ်တော်နှင့် ထက်ကြပ်မပါသေးကြွင်းကျန်ရစ်သော သတ္တဝါအပေါင်းတို့ကို မြင်တော်မူသည်၊ နောက်တော် ထက်ကြပ်လိုက်စေ၍ ကုသိနာရုံပြည်ဝယ် သက္ကရာဇ် ၁၄၈-ခု ကဆုန်လပြည့် အင်္ဂါနေ့ ရှေ့ပြည်နိဗ္ဗာန် စံဝင်တော်မူမည်ဟု ရှေးဩောင်စောင်း၍ လျှောင်းတော်မူစဉ် "ငါဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူသည့်နောက် ငါဘုရား၏အရိုက်အရာ ငါဟောကြားတော် မူခဲ့သော ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်သည် ငါဘုရား၏ထင်ရှားရှိဘိသကဲ့သို့ သာသနာတော် ငါးထောင်တိုင်အောင် ဆုံးမပဲ့ပြင်ရစ်လတ္တံ့."ဟု ဗျာဒိတ်စကားထားတော်မူခဲ့၍ ကဆုန်လပြည့် ဝိသာခါနက္ခတ်မွန်မှာည့် မိုးသောက်ယံ၌ အင်္ဂါနေ့ ပရိနိဗ္ဗာန်ပြုတော်မူသည်။

ရှင်မဟာကဿပ မရောက်သေး၍ တေဇောဓာတ်မထခြင်း

ရွှေအဆင်းနှင့်တူသော အလောင်းတော်ကို ပရိနိဗ္ဗာန်ပြုရာ ရွှေညောင်စောင်းတွင်ထား၍ ရွှေအဆင်းနှင့်တူသော ကိုယ်တော်အလောင်းတော်ကို ပူဇော်ကုန်လျက် သံဝေဂ၏ အကြောင်းဖြစ်သော အမြဲမတည် သင်္ခါရနှင့်စပ်သော သီချင်းတို့ကို သီကုံးလျက် ကဆုန်လဆုတ် ၁-ရက် ဗုဒ္ဓဟူးနေ့မှစ၍ သာဓုကီဠန သဘင်ခံသည်၊ ၇-ရက်ရှိလျှင် ကိုယ်တော် အလောင်းတော်ကို မြို့လယ်တွင်ထုတ်၍ ကုသိနာရုံပြည်၏ အရှေ့တောင်ယံ မကုဋဗန္ဓနမည်သော မလ္လာမင်းတို့၏ ဘိသိက်မြောက်ရာ စေတီသို့ ဆောင်၍ သဘင်မင်းကွန်း၌ ထားပြီးလျှင် ရွှေတလား၌သွင်း၍ ကဆုန်လဆုတ် ၈-ရက် ဗုဒ္ဓဟူးနေ့ အလောင်းတော်ကို နံ့သာထင်းပုံသို့ တင်၍ စကြာမင်းကဲ့သို့ သဂြိုဟ်ခြင်းကိစ္စကိုပြုသဖြင့် လေးယောက်သောမလ္လာမင်း အကြီးအမှူးပြု၍ ၈-ယောက်သော မလ္လာမင်း, ၁၆-ယောက်သော မလ္လာမင်း, ၃၂-ယောက်သော မလ္လာမင်းတို့သည် အစုံအစုံသော မီး, ယပ်တောင်တို့ဖြင့် ထိုး,ယပ်ကုန်သော်လည်း မီးတောက်စိမ့်သောငှါ မတတ်နိုင်ကုန်သည်သာ ဖြစ်၏။

ထိုအခါ ကုသိနာရုံ မလ္လာမင်းတို့သည် နံ့သာထင်းပုံ မီးမတောက်နိုင်သောအကြောင်းတို့ကို အရှင်အနုရုဒ္ဓါအား မေးလျှောက် ကြကုန်သည်ရှိသော် "အချင်းတို့....အရှင်မဟာကဿပတပည့် နတ်အပေါင်းတို့သည် 'ယခုအစည်းအဝေး၌ ငါတို့ဆရာ ရှင်မဟာကဿပကို မမြင်'ဟု ဆင်ခြင်ကြလျှင် ပါဝါပြည်မှ လာကြောင်းကိုသိကုန်၍ ရှင်မဟာကဿပ လာရောက်ခြင်းကို ငံ့ဆိုင်းလိုသောကြောင့် နတ်တို့ပိတ်ပင်ဆီးတားသဖြင့် မီးမတောက်သော အခြင်းအရာသာဖြစ်သည်"ဟု အရှင်အနုရုဒ္ဓါ မိန့်တော်မူလျှင် မလ္လာမင်းအပေါင်းတို့လည်း ရှင်မဟာကဿပ လာရောက်ခြင်းကို ငံ့ဆိုင်းလျက် သဘင်ကြီးစွာ ခံနေနှင့်ကြကုန်သည်။

ဘုရားမရှိ၍ပညတ်ချက်မှလွတ်ပြီဟု သုဘဒ္ဒရဟန်းကြီး ဝမ်းသာစကားဆိုခြင်း

အရှင်မဟာကဿပလည်း ကုသိနာရုံပြည်သို့ ဘုရားသခင်ဒေသစာရီ ကြွတော်မူသောအကြောင်းကို သိတော်မူလျှင် ပါဝါပြည်မှ ကုသိနာရုံသို့

သံဃာတော်ငါးရာခြံရံလျက် လာခဲ့သောလမ်းခရီးစပ်ကြား၌ အာဇီဝက တက္ကတွန်းကိုတွေ့၍ ဘုရားသခင်အကြောင်းကို မေးလျှင် "အရှင်မဟာကဿပ.... အကျွန်ုပ်သည် ဘုရားသခင်အထံမှ လာခဲ့သည်၊ဘုရားသခင်ကဆုန်လပြည့်အင်္ဂါနေ့ ပရိနိဗ္ဗာန်ပြု၍ယနေ့ ၇-ရက်ရှိပြီ"ဟု အာဇီဝက ပြောဆိုသောစကားကို ကြားကုန်၍ အရိယာမှတပါး ပုထုဇဉ်အပေါင်းတို့သည် မိမိတို့သက်နှိုး,သပိတ်ကို စွန့်ပစ်လျက်"လောက၌ ဘုရားသခင် လျှင်စွာကွယ်ခဲ့ပြီ၊ ငါတို့ ကိုးကွယ်ရာ မရှိချေပြီ"ဟု ငိုမြည်တမ်းတလျက် သောကပရိဒေဝ ပြင်းစွာရှိစဉ် ဘုရားသခင်၌ ရန်ငြိုးထား၍ နေသော တောထွက်ကြီး သုဘဒ္ဒရဟန်းသည် မာသောစိတ္တ- အစရှိသည်ဖြင့် "အဘယ်မူ၍ ငိုကြွေးကုန်အံ့နည်း၊ အဘယ်မူ၍ စိုးရိမ် ကြကုန်အံ့နည်း၊ ရှင်တို့ဆရာဘုရား ဂေါတမစကားများနှင့် ကင်းကွာသည်ကို ဝမ်းမြောက်ဝမ်းသာရှိကောင်းပြီတကား" ဟု ရှေးကာလက ဘုရားသခင် သုဘဒ္ဒရဟန်းအား ဆုံးမပဲ့ပြင်သည်ကို မလိုက်မနာချင်သော စိတ်ဖြင့် ရန်ငြိုးထား၍ ယခုအခွင့်သာသောကာလ ဆိုသတည်း။

သုဘဒ္ဒရဟန်းကြီး ရန်ငြိုးထားခဲ့ခြင်း

အဘယ်ကြောင့်၍ ဘုရားသခင်ကို သုဘဒ္ဒရဟန်း ရန်ငြိုးထားသနည်း၊ ဆတ္တာသည်ဖြစ်ဘူးသော တောထွက် သုဘဒ္ဒရဟန်းသည် ဘုရားသခင် ကုသိနာရုံမှထွက်၍ နှစ်ရာ့ငါးကျိပ်သော ရဟန်းတို့နှင့်တကွ အာတုမရွာသို့ ဒေသစာရီ လှည့်လာကြောင်းကို ကြားသိလျှင်"ကြွလာသော ကာလ၌ ယာဂုကို လှူအံ့"ဟု သာမဏေဘို၌ တည်သော သားနှစ်ယောက်ကို ဆို၏၊ "ချစ်သားတို့.... ဘုရားသခင်သည် အာတုမရွာသို့ များစွာသော ရဟန်းတို့နှင့် ကြွလာသတည်း၊ ချစ်သားတို့....သင်တို့သည် အိတ်, သင်ရန်းထားတို့ကို ယူ၍ အိမ်စဉ်အတိုင်း လှည့်လည်၍ ရွှေ,ငွေ, ဆား,ဆီ,ဆန်ကွဲ,ဖွဲတို့ကိုဆောင်ခဲ့၍ ဘုရားသခင် ကြွလာသော ကာလ ယာဂုကိုလှူအံ့"ဟု စေလွှတ်လိုက်သော် ထိုသာမဏေ သားနှစ်ယောက်တို့လည်း အဘ သုဘဒ္ဒရဟန်းဆိုတိုင်းပြု၍ ရတနာသမျှဆောင်ခဲ့၍ စုပုံပေးအပ်သည်၊ ထိုအခါဘုရားသခင် အာတုမရွာသို့ ကြွလာ၍ တည်းနေသည့်အခိုက် သုဘဒ္ဒရဟန်းသည် လူအပေါင်းတို့ကို နှိုးဆော်ချီးပင့်၍ အိုးခွက်တို့ကိုတည်ထားလျက် ချက်ပြုတ်စေသည်။

သုဘဒ်ရဟန်းမူလည်း ညစ်သောသင်္ကန်းကိုဝတ်၍ ထိုနှင့်တူသော သင်္ကန်းကိုရုံ၍ ဟင်းချိုယောက်မကိုကိုင်၍ "ဤသည်ကိုပြုကုန်လော့" ဟု တသိန်းသောဥစ္စာကိုစွန့်၍ တည္ဥပတ်လုံး သွားလာနိုးဆော်လျက် ယာဂုကို စီရင်ပြီးစီးသော် ထိုအခါဘုရားသခင် ရဟန်းအပေါင်း ခြံရံလျက် ဆွမ်းခံဝင်အံ့သောငှါ အာတုမရွာသို့ ဝင်တော်မူသည်ကို လူအပေါင်းတို့မြင်လျှင် သုဘဒ်ရဟန်းကို ကြားကုန်သည်၊ "ဘုရားသခင် ဆွမ်းအလို့ငှါဝင်ပြီ၊ သင်သည် အဘယ်သူ့တို့ ယာဂုကို စီရင်သနည်း" ဟုဆိုကြလျှင် သုဘဒ်ရဟန်းလည်း ဝတ်မြဲတိုင်းသောအဝတ်ဖြင့် လက်တဖက်က ယောက်မဟင်းချိုကိုကိုင်၍ မြေ၌ပုဆစ်တုပ်လျက် လက်အုပ်ချီပြီးလျှင် "ဘန္တေ၊ အရှင်ဘုရား။ ဘဂဝါ၊ ဘုန်းတော်ကြီးသော အရှင်ဘုရားသည်။မေ၊ အကျွန်ုပ်၏။ ယာဂုံ၊ယာဂုကို။ ပဋိဂ္ဂဏှာတု၊ ခံတော်မူပါလော့"ဟူသော စကားဖြင့် ယာဂုကို ခံစေလိုကြောင်း လျှောက်လျှင် သုဘဒ်ရဟန်းသည် အကပ္ပိယဝတ္ထုတို့ကို ရှာမှီး၍ရသောပစ္စည်းဖြင့် ပြုသောအကြောင်းကို သိတော်မူလျက် ပစ္စည်းကို မေးတော်မူပြန်သော် သုဘဒ်ရဟန်းလည်း မိမိသား သာမဏေနှစ်ယောက်ကို စေလွှတ်၍ ရသော ရွှေ,ငွေဖြင့်ဝယ်ခြမ်း၍ စီရင်ကြောင်းကို လျှောက်လျှင်"သုဘဒ် ရဟန်း····သင်သည် မအပ်သောပြုခြင်းတည်း"ဟုကဲ့ရဲ့တော်မူလို၍–

"တုမှာကံ၊ သင်တို့အား။ အဓမ္မေန၊ တရားမဟုတ်သဖြင့်၊ဇာဒံ ဥပ္ပန္နဘောဇနံ၊ ဤဖြစ်သောဘောဇဉ်သည်။ အကပ္ပိယံ၊ မအပ်။ ဣဒံ၊ ဤဘောဇဉ်ကို။ ပရိဘုဉ္ဇိတွာ၊ သုံးဆောင် ခြင်းကြောင့်၊ အနေကာနိ၊ များစွာကုန်သော၊ အတ္တဘာဝ သဟဿာနိ၊ အတ္တဘော တထောင်တို့ ကာလပတ်လုံး၊ အပါယေသွေဝ၊ အပါယ်လေးဘုံ တို့၌သာလျှင်၊ နိဗ္ဗတ္တိဿန္တိ၊ ဖြစ်ကုန်လတ္တံ့၊ အပေထ၊ဖဲလေကုန်၊မာဂဏှထ၊မခံကုန်လင့်"။

ဤသို့မိန့်တော်မူပြီးလျှင် အကပ္ပိယသမာဒါန သိက္ခာပုဒ်ကို ပညတ်တော်မူ၍ ဆွမ်းခံဝင်တော်မူလေသည်၊ တယောက်သောရဟန်းမျှလည်း တစုံတခုကို မခံကုန်သည်ရှိသော် သုဘဒ်ရဟန်းသည် နှလုံးမသာသည် ဖြစ်၍ "ငါသည် အသက်ထက်ဆုံး ရှာမှီးအပ်သော ဝတ္ထုကို ရဟန်း ဂေါတမဖျက်ဆီးသည်၊ ငါ့အား အကျိုးစီးပွါးမဲ့ကို ပြုသည်၊ပြုနှင့်စေဦး

တော့''ဟု မြတ်စွာဘုရား၌ ရန်ငြိုးဖွဲ့၍ မြတ်စွာဘုရား ထင်ရှားရှိစဉ် တစုံတခုသော စကားကိုမျှ ဆိုခြင်းငှါ မစွမ်းနိုင်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြု၍ ၇-ရက်မျှရှိစဉ် မဖွယ်ရာသောစကားဖြင့် သံဃာ့အလယ်၌ ဆိုတည့်သော သုဘဒ္ဒစကားကို ရှင်မဟာကဿပကြားလျှင် ဦးခေါင်းတော်၌ မိုးကြိုးစက်သွား ကျလတ်သကဲ့သို့ ရှိတည့်၏။

''ဤသို့သော စကားကို ဆိုသော ဤရဟန်းကို ဦးကျားရိတ်၍ ဦးခေါင်းကိုပြာပက်၍ လှည့်လည်သဖြင့် ကြဉ်စေကောင်း၏''ဟု ဆိုတော်မူသည်၊ ''ကြဉ်ကား ကြဉ်ရတော့မည်''ဟု အောက်မေ့ပြန်သော် ''ငါ့ရှင်တို့....ဆရာဘုရားသခင် ပရိနိဗ္ဗာန်ပြု၍ မီးငွေ့မစဲခင်ပင် အမှုဖြစ်ထည့်သည်ဟူ၍ လူတို့ကဲ့ရဲ့မည်ကို စိုးရိမ်၍သာ နေကုန်သည်''ဟု မိန့်တော်မူ၍ သံဃာတော်အပေါင်းကို နှစ်သိမ့်စေလျက် ကုသိနာရုံပြည်သို့ ကြွလာ၍ ရောက်လျှင် နတ်များအပေါင်း တို့လည်း ''ငါတို့ဆရာ ရှင်မဟာကဿပ ကြွလာပြီ''ဟု ဝမ်းမြောက်ဝမ်းသာ ရှိကြကုန်ပြီ။

သုဘဒ္ဒရဟန်းကိုအကြောင်းပြု၍ သင်္ဂါယနာ တင်ရန် စီစဉ်ရခြင်း

ရှင်မဟာကဿပလည်း အလောင်းတော်ကို လက်ျာရစ် သုံးပတ်လှည့်၍ ခြေတော်စုံကိုဦးခိုက်ပူဇော်ပြီးသော် ကဆုန်လဆုတ် ၁၂-ရက်တနင်္ဂနွေနေ့ တေဇောဓာတ်လောင်တော်မူ၍ သင်္ဂြိုဟ်ခြင်းကိစ္စပြီးသည် ၇-ရက်၊ ထို့နောင်မှ သဘင်ခံရာ တဲကွန်းစရပ်စီရင်၍ လှံသွားအတိစီလျက် စောင့်ရှောက်ထိန်းသိမ်း၍ ဓာတ်တော်ကို ပူဇော်သည် ၇-ရက်၊ (အစဦးစွာ သာခုကီဠနသဘင်ပြုသည်၇-ရက်၊) ဤသတ္တာဟ သုံးပါး ၂၁-ရက် နယုန်လဆန်း ၄-ရက် တနင်္ဂနွေနေ့ ဓာတ်တော်ကို ၇-ပြည်ထောင်မင်းတို့အား ဒေါနပုဏ္ဏား ဝေငှ၍ပေးအပ်သည်။

အရှင်မဟာကဿပလည်း ဓာတ်တော်ကိုဝေသည့်နေ့ ပရိသတ်လေးပါးတို့၏အလယ်၌ နေတော်မူလျက် ''ဘုရားသခင်သည် ပရိနိဗ္ဗာန်ပြု၍ ၇-ရက်မျှရှိသေး၏၊ ထိုအတွင်း သုဘဒ္ဒရဟန်းသည် မဖွယ်ရာသော စကားပြောကြား ပရိတ်သတ် အပေါင်းတွင် ဆိုသော စကားကို အောက်မေ့တော်မူလျက် ''ဤအကြောင်းသည် ရှိလေသေးသည်၊ ဤအကြောင်းကြောင့် ယုတ်မာသော အလိုရမ္မက်ရှိသော ရဟန်းတို့သည်

ဘုရားစကားတော် တည်းဟူသော ပိဋကတ်သုံးပုံသည် လွန်ပြီးသော ဘုရားရှိ၏၊ဘုရားမရှိက တရားစကားမရှိပြီ၊ ဤသို့မှတ်ကုန်သည်ဖြစ်၍ အလင်္ကာ၏အပင်းအသင်းကိုရသဖြင့် မကြာမတင် သူတော်ကောင်းတရား, ဘုရားစကားတော် ပိဋကတ်သုံးပုံသည် ကွယ်ပျောက်လေရာသည်၊ အကြင်မျှလောက်သောကာလပတ်လုံး သုတ်,အဘိဓမ္မာ,ဝိနည်းသည် တည်၏၊ ထိုမျှလောက်သောကာလပတ်လုံး ဘုရားစကားတော်သည် မလွန်သေးသည်သာဖြစ်သည်၊ အဘယ့်ကြောင့်နည်းဟူမူကား–

"ယော ဝေါ မယာ အာနန္ဒ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာတိ"–

ဟူသော ဘုရားသခင်မိန့်တော်မူခဲ့သည်နှင့် အညီ "အာနန္ဒာ....ငါဘုရားသည် ၄၅-ဝါတို့ပတ်လုံး ဟောအပ်သော သုတ်, အဘိဓမ္မာ, ဝိနည်းတရားတည်းဟူသော ပိဋကတ်သုံးပုံ, ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်လျှင်ဖြစ်သည်၊ ယခု ငါဘုရားတဆူသာ ပရိနိဗ္ဗာန် ပြုလိမ့်မည်၊ ငါဘုရားပရိနိဗ္ဗာန်ပြု၍ လွန်ခဲ့သော် ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်တည်းဟူသော ဘုရားရှစ်သောင်း လေးထောင်တို့သည် အာနန္ဒာအစရှိကုန်သော တပည့်သားတို့အား ဆုံးမရစ်အံ့၊ငါနှင့်အတူတူ ဆရာဘုရားတည်း"ဟု မိန့်တော်မူခဲ့ပြီ။

ဆရာဘုရားသခင်လည်း "ငါ့တပည့်မဟာကဿပသည် ငါကဲ့သို့အများတကာကို ဆုံးမပေလတ္တံ့သည်၊ငါ၏သာသနာတော်ကို ချီးပင့်လတ္တံ့သည်ဟု အရိယာသံဃာတော်များနှင့် ပရိသတ်တို့မျက်မှောက် ဗျာဒိတ်ကြားတော်မူသည့်အတိုင်း ကျေးဇူးတော်ဆပ်အံ့"ဟု အောက်မေ့တော်မူ၍ "ငါ့ရှင်တို့....ရာဇဂြိုဟ်ပြည်မှာ ဝါဆိုမည်၊ သင်္ဂါယနာတင်မည်၊ အရက်လေးဆယ်မျှကြွင်းတော့သည်၊ နယုန်လတလကို မြတ်စွာဘုရားပရိနိဗ္ဗာန်လားသည်ဟူ၍ ကြေကွဲသည်များကို အရပ်တိုင်းသွား၍ စိတ်နှလုံးပြည့်အောင် ဥတ်တင်ချေ၊ဝါဆိုလဆန်း ၁၄-ရက်နေ့ကိုရာဇဂြိုဟ်ပြည်သို့ရောက်စေ"ဟု ဥတ်ဘမ္မဝါစာရွတ်၍ ကတိကဝတ် ပြုပြီးလျှင် အရှင်မဟာကဿပ, အရှင်အနုရုဒ္ဓါတို့သည် မိမိတို့၏ သံဃာအပေါင်းတို့ကိုခေါ်၍ ၂၅-ယူဇနာကွာသော ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူလေသည်၊

အရှင်အာနန္ဒာမှာလည်း တပည့်သံဃာတို့ကိုခေါ်၍ ၅-ယူဇနာ ကွာသော သာဝတ္ထိပြည်သို့ ကြွတော်မူလေသည်၊ အရှင်ပုဏ္ဏမထေရ် သည် ၇၀၀-သော ရဟန်းအပေါင်းခြံရံလျက် ကုသိနာရုံပြည်၌ နေ တော်မူလျက် လာတိုင်းလာတိုင်းသော လူအပေါင်းတို့ကို သောကဖြင့် နှိပ်စက်သည်ကို သခ်ါရနှင့် စပ်သောစကားဖြင့် ဆုံးမ၍ သက်သာ စေသည်။

ရှင်မဟာကဿပနှင့် အဇာတသတ်မင်း သင်္ဂါယနာတင်၍ သာသနာပြုပုံ

ဤသို့လျှင် အသီးအသီး မိမိတို့နေရာနေရပ်တို့သို့ ရောက်၍ သောက ဖြင့် နှိပ်စက်သော လူအပေါင်းတို့ကို နှစ်သိမ့်စေ၍ ရာဇဂြိုဟ်ပြည်သို့ ပြန်လည်တော်မူကြသဖြင့် ဝါဆိုလဆန်း ၁၄-ရက်နေ့ ရာဇဂြိုဟ်ပြည် သို့ ရောက်ကြ၍ ၎င်းလဆန်း ၁၅-ရက် လပြည့်နေ့ ဉပုသ်ပြုပြီးလျှင် ဝါဆိုလပြည့်ကျော် အထွက်တရက်နေ့ ဝါကပ်ပြီးသော် နှစ်ရက်မြောက် သော နေ့၌ ၁၈-ရပ်သော ကျောင်းကို ပြုပြင်စိမ့်သောငှါ လက်မှုကို အဇာတသတ်မင်းထံသို့ သွား၍ရပ်ခံသည်၊ ရပ်ခံ၍ရသော လက်သမား တို့ဖြင့် ၁၈-ရပ်သောကျောင်းကို ပြုပြင်ပြီးပြေပြန်လျှင် အဇာတသတ် မင်းအား "သင်္ဂါယနာတင်မည့်အခါ ရောက်ပြီ၊ သင်္ဂါယနာတင်သော အခါ စည်းဝေးရန်မဏ္ဍပ်ကို ဝေဘာရတွင် လုပ်ပါစေ"ဟု အကြောင်း ကိုကြားလျှင် အဇာတသတ်မင်းလည်း နတ်၏သုဓမ္မာစရပ်သဘင်ကဲ့သို့ ဝေဘာရတွင် လုပ်ဆောင်ပြီးစီး၍ အရှင်မဟာကဿပကို အကြောင်း ကြားပြန်လျှင် အရှင်မဟာကဿပလည်း ရာဇဂြိုဟ်ပြည်သို့ ရောက် လာသော ခုနစ်သိန်းသော မထေရ်, ရဟန်းသံဃာ မရေတွက်နိုင် အများတို့တွင် ဘုရားသခင်လက်ထက် တေဒဂ်ရသော ပိဋကတ်သုံးပုံ ကို ဆောင်ရွက်နိုင်သော ဆဠဘိည ပဋိသမ္ဘိဒါပတ္တသို့ ရောက်သော ငါးရာသောသံဃာတို့ကို ရွေးချယ်တော်မူ၍ ရလျှင် သက္ကရာဇ် ၁၄၈-ခု ဝါခေါင်လဆန်း ၅-ရက် သောကြာနေ့ သုဓမ္မာမဏ္ဍပ်သို့ဝင်၍ ခုနစ် သိန်းသောမထေရ်, ရဟန်းသံဃာ မရေတွက်နိုင် စည်းဝေးတော်မူကြ သည်၊ ထိုစည်းဝေးသော သံဃာအပေါင်းအလယ်၌ "အဘယ်ပိဋကတ် ကို သင်္ဂါယနာ ရှေးဦးစွာ တင်ကုန်ရအံ့နည်း"ဟု မေးတော်မူသော်–

"ဘန္တေ ဝိနယော နာမ ဗုဒ္ဓသာသနဿ အာယု၊ ဝိနယေ ဌိတေ သာသနံ ဌိတံ ဟောတိ။ တသ္မာ ပဌမံ ဝိနယံ သင်္ဂါယာမ"–

ဟူသော ပါရာဇိကကဏ်အဋ္ဌကထာပါဠိ၌ "အရှင်မဟာ ကဿပ.... ဝိနည်းမည်သည်ကား ဘုရားသခင်၏ သာသနာတော်၏ အသက်တည်း၊ ဝိနည်းတည်သည်ရှိသော် သာသနာတော် တည်ထွန်းပွင့်လင်းသည်၊ ထို့ကြောင့် ရှေးဦးစွာ ဝိနည်းကို သင်္ဂါယနာတင်ကုန်အံ့ သတည်း" ဟု ဆိုကြကုန်သည်။

သံဃာတော်တို့ ရှေးဦးစွာ ဝိနည်းကို သင်္ဂါယနာ တင်ရမည်ဆိုကြသည့်အတိုင်း ဘုရားသခင်လက်ထက် ဝိနည်းအရာ ဧတဒဂ်ရသော အရှင်ဥပါလိသည် ဝိနည်းကို သင်္ဂါယနာ ရှေးဦးစွာတင်သည်၊ထို့နောက် သုတ်,အဘိဓမ္မာကို သင်္ဂါယနာတင်သည်၊ ထိုသို့ သင်္ဂါယနာတင်ကြပြီးလျှင် ရဟန္တာများ ညီညွတ်အောင် ရွတ်ဘတ်သရဇ္ဈာယ် ကြကုန်သည်၊ ဤသို့နှင်နှင် ငါးလပတ်လုံး တနေ့မလပ် သံဃာ အစည်းအဝေးပြု၍ နတ်တော်လတိုင် ငါးလမှ ပြီးသည်၊ မြေကြီးလျှင် ပြင်းစွာလှုပ်သည်။

ပဌမသင်္ဂါယနာတင်ခြင်းအကြောင်း

ထိုသို့ ပရိယတ်ကို သင်္ဂါယနာတင်ခြင်းကား ဘုရားသခင်ထားတော်မူခဲ့သော သာသနာတော်တွင် ပရိယတ္တိလျှင် သာသနာတော်၏ အမြစ်ဖြစ်သည်၊ ပရိယတ္တိဟူသော ပိဋကတ်သုံးပုံကွယ်ခဲ့က ပဋိပတ္တိ, ပဋိဝေဓတို့သည်လည်း မရှိဖြစ်ချေသည်၊ ဥပမာကား-အကြင်ကန်၌ရှိသော ကြာပင်,ကြာပွင့်,ကြာသီးတို့သည် ရေကန်ကို အမှီရမှုဖြစ်သကဲ့သို့ ကန်၌ရေသည်လည်း ကန်ပေါင်ရိုးကောင်းမှ ရေရှိသည်၊ရေရှိမှ ကြာတို့သည်ဖြစ်သည်၊ ကန်ပေါင်ရိုးပျက်ခဲ့က ရေမရှိ၊ ရေမရှိက ကြာတို့သည် မရှိဖြစ်ချေသည်၊ ပရိယတ္တိဟူသော ပိဋကတ်သုံးပုံသည် ကန်ပေါင်ရိုးနှင့် တူသည်၊ ပရိယတ္တိကွယ်ခဲ့က ပဋိပတ္တိအကျင့် ချွတ်ယွင်းသည်၊ အကျင့်ချွတ်ယွင်းက ပဋိဝေဓတရား ပျက်ချေသည်၊ ကန်ပေါင်ရိုးနှင့် တူသော ပရိယတ္တိလျှင် သာသနာတော်၏ အမြစ်ဖြစ်သတည်း၊ ယင်းသို့ဖြစ်သောကြောင့် သာသနာတော်ငါးထောင် တည်သမျှကာလပတ်လုံး

ပရိယတ်ကို အားထုတ်တော်မူစေလို၍ အရှင်မဟာကဿပသည် သင်္ဂါယနာ တင်တော်မူသတည်း။

ပဥ္စမသင်္ဂါယနာ တင်တော်မူကုန်သော ငါးရာသော ရဟန္တာတို့တွင်-

(၁) ဓုတင်အရာ၌ အရှင်မဟာကဿပ မထေရ်၊

(၂) ဗဟုဿုတအရာ၌ အရှင်အာနန္ဒာ မထေရ်၊

(၃) ဝိနယအရာ၌ အရှင်ဥပါလိ မထေရ်၊

(၄) ဒိဗ္ဗစက္ခုအရာ၌ အရှင်အနုရုဒ္ဓါ မထေရ်၊

(၅) ပဋိဘာနအရာ၌ အရှင်ဝင်္ဂီသ မထေရ်၊

(၆) ဓမ္မကထိကအရာ၌ အရှင်ပုဏ္ဏ မထေရ်၊

(၇) ဝိစိတ္တအရာ၌ အရှင်ကုမာရကဿပ မထေရ်၊

(၈) ဝိဘင်္ဂအရာ၌ အရှင်ကစ္စည်း မထေရ်၊

ဤမထေရ် ၈-ပါးတို့သည်၎င်း, ဤမှတပါးသော မထေရ်တို့သည်၎င်း သောက်ရှူးကြယ်ကဲ့သို့ ထွန်းပကုန်လျက် ဓမ္မ,ဝိနယကို သင်္ဂါယနာတင်ကုန်သည်၊ ဤဓမ္မ,ဝိနယကို သင်္ဂါယနာတင်ကုန်သော ဆရာတို့၏ အယူကို ထေရဝါဒဟူ၍ဆိုအပ်သည်၊ ဤထေရဝါဒဆရာအပေါင်းတို့တွင် ဥပါလိထေရ်အစရှိကုန်သော အာစရိယပရံပရ အဆက်ဆက်တို့သည် ပရိယတ်ကိုသာ ဆောင်ရွက်၍ တရားကို ကျင့်ဆောင်ကုန်သည်။

ရှင်ဥပါလိတပည့် ရှင်ဒါသကမထေရ်နှင့် အဇာတသတ်မင်းဆက်

ဤ ပရိယတ်ပဥ္စမသင်္ဂါယနာ တင်ပြီးသည်နောက် အဇာတသတ်မင်းသည် အရှင်မဟာကဿပကို လျှောက်သည် "အရှင်ဘုရား.... ယခု သက္ကရာဇ် ၁၄၈-ခုရှိသည်၊ ဘုရားသခင် သာသနာတော်လည်း အနှစ်ငါးထောင်ပိုင်းခြား၍ ထားတော်မူသည်၊ သာသနာတော်နှင့် သက္ကရာဇ် မညီမညွတ်ရှိကြလတ္တံ့သည်၊ သာသနာတော်နှင့်သက္ကရာဇ် တချက်တည်းညီမျှအောင် ထားတော်မူပါ"ဟု လျှောက်တောင်းပန်သောကြောင့် အရှင်မဟာကဿပသည် သက္ကရာဇ် ၁၄၈-ခုတွင် ၁၄၇-ခုကိုဖြို၍ အတို ၁-ခု ထားတော်မူသည်။

အဇာတသတ်မင်းကြီးသည်လည်း ဘုရားသခင် ပရိနိဗ္ဗာန်ပြုပြီးသည်နောက် စည်းစိမ်နှစ်ဆဲ့လေးနှစ်,ပရိနိဗ္ဗာန်မပြုမီရှစ်နှစ်၊ပေါင်း ၃၂-နှစ်၊

သာသနာတော် သက္ကရာဇ် ၂၄-ခုတွင် သားတော် ဥဒယဘဒ္ဒမင်းသား လုပ်ကြံ၍ အနိစ္စရောက်သည်။

ဇင်းနှစ် သားတော်ဥဒယဘဒ္ဒ မင်းပြု၍ စည်းစိမ်ခြောက်နှစ်ရှိသော အခါ သာသနာတော်သက္ကရာဇ် ၃၀-ပြည့်တွင် ဥပါလိမထေရ်သည် အနှစ် ၃၀-တိုပတ်လုံး မယုတ်မလွန် ဓမ္မက္ခန္ဓာအပေါင်းတို့ကို တပည့်သံဃာအပေါင်းတို့အား သင်ကြား၍ သိကြားလိမ္မာကြသောသူအပေါင်းတို့တွင် ၁၅-နှစ်အရွယ်ရှိသော ဒါသကလုလင်သည် အဘော်အပေါင်း ၃၀၀-နှင့်တကွ အရှင်ဥပါလိထံ ရဟန်းပြု၍ အသက် ၂၀-ပြည့်သောအခါ ပဉ္စင်းအဖြစ်ကိုရသဖြင့် ရဟန္တာအဖြစ်သို့ ရောက်လေသည်၊ ၎င်း ဒါသကမထေရ်ကို ဝိနယပါမောက္ခ, ဂဏပါမောက္ခအရာ ထားခဲ့ပြီးမှ ဥဒယဘဒ္ဒမင်းလက်ထက် ဥပါလိထေရ် သက်တော် ၆၄-နှစ်တွင် ပရိနိဗ္ဗာန်ပြုတော်မူသည်။

ဥဒယဘဒ္ဒမင်းလည်း စည်းစိမ် ၁၆-နှစ်၊ သာသနာတော်သက္ကရာဇ် ၄၀-ပြည့်တွင် သားတော်အနုရုဒ္ဓါမင်းသား ခမည်းတော်ကိုလုပ်ကြံ၍ အနိစ္စရောက်သည်။

ဇင်းနှစ် အနုရုဒ္ဓါ မင်းပြု၍ စည်းစိမ် ၄-နှစ်၊ သာသနာတော် ၄၄-ခုနှစ်တွင် သားတော်မုဏ္ဍလုပ်ကြံ၍ အနိစ္စရောက်သည်။

ဇင်းမုဏ္ဍမင်းပြု၍ စည်းစိမ် ၄-နှစ်၊ သာသနာတော် ၄၈-နှစ်တွင် သားတော် နာဂဒါသလုပ်ကြံ၍ အနိစ္စရောက်သည်။

ဇင်းနှစ် နာဂဒါသမင်းပြု၍ စည်းစိမ်ဆယ်နှစ်ရှိသောအခါ သာသနာတော် ၅၈-နှစ်တွင် ကုန်သည်သား ၁၅-နှစ်အရွယ်ရှိသော သောဏသတို့သားသည် ငါးကျိပ်ငါးယောက်သော အဆွေခင်ပွန်းတို့နှင့်တကွ ဒါသကမထေရ်ထံ ရဟန်းပြု၍ ပိဋကတ်သုံးပုံကို သင်ကြား၍ တတ်လိမ္မာလျှင် အသက် ၂၀-ပြည့်သောအခါ ပဉ္စင်းဖြစ်၍ ရဟန္တာအဖြစ်သို့ ရောက်သည်၊ နာဂဒါသမင်း စည်းစိမ် ၂၄-နှစ်၊ သာသနာတော် ၇၂-ခုတွင် သုသုနာဂ အမတ်ကြီးလုပ်ကြံ၍ အနိစ္စရောက်သည်။

ဇင်းနှစ် သုသုနာဂမင်း မင်းပြု၍ စည်းစိမ် ၈-နှစ်ရှိသောအခါ သာသနာတော်လည်း ၈၀-ပြည့်နှစ်တွင် သောဏထေရ်ကို ဝိနယပါမောက္ခ,

ဂဏာပါမောက္ခအရာ ထားခဲ့၍ ဒါသကမထေရ် သက်တော် ၆၄-နှစ်တွင် ပရိနိဗ္ဗာန်ပြုတော်မူသည်၊ သုသုနာဂမင်း စည်းစိမ် ၁၈-နှစ်၊ သာသနာတော် ၆၀-ပြည့်တွင် သုသုနာဂမင်း အနိစ္စရောက်သည်။

ရှင်အာနန္ဒာ၏တပည့် ယသမထေရ်နှင့် ဝဇ္ဇီရဟန်းတို့အရေးအခင်း

ဂုင်းနှစ် သားတော်ကာဠာသောက မင်းပြု၍ အနှစ်တရာမပြည့်မီ ဝေသာလီပြည်တွင် ဝဇ္ဇီရွာသား ရဟန်းတို့သည် "သာသနာတော်၏ ဆန့်ကျင်ဘက် ဝိနည်းဆယ်ပါး အသစ်ပြုလျက် ရွှေ,ငွေတို့ကို ခံသည်"ဟု အရှင်အာနန္ဒာ၏တပည့် ပဋိသမ္ဘိဒါလေးပါးနှင့်ပြည့်စုံသော အရှင် ယသမထေရ်သည် ဝဇ္ဇီရွာသားရဟန်းတို့ ဘုရားသာသနာတော်ကို ခိုး၍ ပြုကျင့်သည်ကြား၍ ဝေသာလီသို့ သွားသဖြင့် ရောက်လျှင် ကူဋာဂါရန္ဒ သိတင်းသုံးနေသည်။

သီတင်းနေ့၌လည်း ဝဇ္ဇီရွာသူရွာသား ရဟန်းတို့ဥပုသ်ပြုသည်ဟူ၍ လင်ပန်းထည်းတွင် ရေထည့်၍ "ဤရေနှင့်လင်ပန်းကို ရွှေ,ငွေ,ကြေး ထည့်မှ ငါတို့ရဟန်းကိစ္စပြီးမည်"ဟု တကာတို့ကို ဆို၏၊ တကာတို့လည်း အရှင်တို့၏စကားကို ယုံကြည်၍ ရွှေ,ငွေ,ကြေးတို့ကို လင်ပန်း၌ထည့်လေကုန်၏၊ ထိုအရှင်တို့ ပြုခဲ့သည်ကို ရှင်ယသမထေရ်မြင်၍ "မအပ်"ဟု တကာတို့ကို မြစ်တားသည်။

ဝဇ္ဇီရွာသူရွာသား ရဟန်းတို့လည်း "ရှင်ယသမထေရ်၏ စကားသည် အမှားဖြစ်သည်"ဟု ဆိုပြန်လေသဖြင့် "တကာတို့အား ကန့်ကွက်သည် ကို ငါတို့စိတ်နှစ်သက်သည်"ဟု ဆိုလေသော် အရှင်ယသမထေရ်သည် လည်း ဥပါယ်၌ လိမ္မာတော်မူလှသောကြောင့် "အရှင်တို့....တပည့် တယောက်ကိုလိုက်စေ"ဟု ဆိုလျှင် ထိုဝဇ္ဇီရွာသားရဟန်းတို့၏ တပည့် တယောက်ကို အရှင်ယသမထေရ်နှင့် လိုက်သဖြင့် ခေါ်၍ ဝေသာလီပြည် သို့ဝင်တော်မူလျှင်"ငါ့ရှင်....တကာတို့ကို ကန့်ကွက်သည် မပြုနှင့်၊ ကြဉ် ကုန်"ဟု ရဟန်းတို့မြစ်သည် မြတ်စွာဘုရား၏ စကားတော်အစဉ်အတိုင်း ပြည်သူတို့ကို ဆို၍ ယုံကြည်လေလျှင် အကြောင်းသို့ပြန်သော် တမန် ရဟန်းလည်း မသက်မသာပြန်ပြီး အကြောင်းစကားတို့ကို ပြောလေ သဖြင့် ဝဇ္ဇီရွာသူရွာသားရဟန်းတို့လည်း မသက်မသာစကားနှင့်ရန်ငြိ

ဖွဲ့လျက် ရှင်ယသမထေရ်ထံသို့ သွားကြလေကုန်သော် ရှင်ယသမထေရ်လည်း ကောင်းကင်သို့ပျံလေ၍ ကောသမ္ဗီပြည်သို့ ကြွတော်မူလေ၏၊ ကောသမ္ဗီပြည်က စကားပြန်ပြောတတ်သော တပည့်ရဟန်းတို့ကိုစေ၍ ဝဇ္ဇီရွာသား ရဟန်းတို့ကို "အဟောဂင်္ဂါသို့ စုဝေးလာကြ၊ ဘုရားသခင် တရား ဟုတ်သည်မဟုတ်သည်, မှန်သည် မမှန်သည် ဆိုကြကုန်အံ့"ဟု စေလွှတ်လိုက်သည်၊ အရပ်ရပ်ဂိုဏ်းသံဃာတို့ကိုလည်း"အနှစ်တရာတိုင် အောင် ရှင်တော်ဘုရား သာသနာတော်သည် ပတ္တမြားရောင်ကဲ့သို့ ထွန်းပသည်ကို နေရောင်ကဲ့သို့ပူပြင်းအောင် ဝိနည်းဆယ်ပါးအသစ် ဝဇ္ဇီရွာသားရဟန်းတို့ ပြုသည်ဖြစ်သောကြောင့် ငါ့ရှင်တို့သည် အဟောဂင်္ဂါ ကျောင်းသို့ လာကြကုန်"ဟု လှည့်လည်၍ဆိုစေ၏၊ အရှင်ယသမထေရ် ကောင်းကင်သို့ကြွသွားတော်မူ၍ အဟောဂင်္ဂါကျောင်းသို့ စုဝေးတော်မူသည်။

ရှင်ယသနှင့် ကာဠာသောကမင်းတို့ ဒုတိယ သင်္ဂါယနာတင်၍ သာသနာပြုပုံ

အရှင် အာနန္ဒာတပည့် အရှင်သမ္ဘူတနှင့်တကွ ရဟန္တာ ၆-ကျိပ်တို့လည်း အဟောဂင်္ဂါကျောင်းသို့ လာကြကုန်သည်၊ ဤသို့သောနည်းဖြင့် အရပ်ရပ် တိုင်းနေသော ရဟန်းတို့သည် အဟောဂင်္ဂါကျောင်းသို့ချည်း စုဝေးလာကြကုန်သည်၊ ယင်းသောအခါ ရဟန္တာ ၆-သောင်း၊ ပုထုဇဉ်ကား မရေတွက်နိုင်ဖြစ်သည်၊ ထိုအခါ မထေရ်ကြီးတို့ တိုင်ပင်ကုန်သည်ကား "သောရေယျရွာမှ ဝိဋကတ်သုံးပုံကို တတ်လိမ္မာသော အရှင် အာနန္ဒာတပည့် အရှင်ရေဝတသည် ငါတို့အသင်းအပင်းဝင် ဖြစ်မူ ဝဇ္ဇီတိုင်းသား ရဟန်းတို့နှင့်စကားဆိုရလျှင် ငါတို့နိုင်မည်"ဟုမထေရ်ကြီးတို့ တိုင်ပင်ပြောဆိုသည်ကို နတ်၏နားဖြင့် ရေဝတအရှင် ကြားလေ၍ သောရေယျရွာကသည် ဝေသာလီပြည်သို့ အရှင်သဗ္ဗကာမီထံ လာသည်ကို မြင်ကြကုန်သည်။

အရှင်သဗ္ဗကာမီလည်း အရှင်ရေဝတမထေရ်ကိုပင့်၍ တရားဟောရ၏၊တရားဟောပြီးလျှင် "အရှင်ရေဝတ··ဝဇ္ဇီရွာသားရဟန်းတို့ ဝိနည်းအသစ်ပြုသည်ကို မြစ်"ဟုဆိုသော် အရှင်ရေဝတလည်း "ကောင်းပြီ"ဟု ဝန်ခံသည်၊ဝဇ္ဇီရွာသားရဟန်းတို့လည်း ရာဇဗြိုဟ်ပြည်တွင် ကာဠာသော

ကမင်းထံသို့သွား၍ "တကာမင်းကြီး.... ငါတို့ကား မဟာဝနဉ်ဝိဟာရ ဂန္ဓကုဋိကိုစောင့်သော ဝဇ္ဇီရွာသူရွာသား ရဟန်းတို့တည်း၊ ဂါမဝါသီရဟန်းတို့သည် ငါတို့ကျောင်းကို လုဘိသည်၊ တရားမင်းမြတ် ကူ၍မြစ်ပါ"ဟု ဆို၏။

ကာဠာသောကမင်းကြီးလည်း ထို ဝဇ္ဇီရွာသားရဟန်းတို့၏စကားကို ယုံကြည်သဖြင့် "အပင်းအသင်းပြု၍ အမတ်ကို ဟန့်တားချေ" ဟု စေလိုက်သည့်အခိုက် သာသနာတော်ကိုစောင့်သောနတ်သည် အမတ်ကို လှည့်ပတ်၍ မဟာဝနသို့ မသွားရလေ၊ ထိုည့်ဉ်၌ပင် ကာဠာသောကမင်းသည် လောဟကုမ္ဘီငရဲအိုးကိုမြင်မက်၍ ကြောက်ခြင်း,ထိတ်လန့်ခြင်း ပြင်းစွာဖြစ်သည်၊ မိုးသောက်သောကာလ နန္ဒာထေရီ ရဟန္တာမသည် ကောင်းကင်ဖြင့်လာ၍—

"မင်းကြီးကား သာသနာတော်ကို စောင့်နိုင်သောမင်းဖြစ်လျက် မဟာဝနဉ်နေသော အဓမ္မဝါဒီရဟန်းတို့၏ စကားကို ယုံကြည်သည် မသင့်၊ သာသနာတော်ကို ချီးမြှင့်မှ ချမ်းသာရမည်"—

ဟု ဆိုလာပေသည်နှင့် ကာဠာသောကမင်းကြီးလည်း ရာဇဗြိုဟ်ပြည်က ဝေသာလီပြည်သို့သွား၍ ဘုရားသခင်အလိုတော်ရှိသမျှကို ဆွေးနွေးမေးမြန်းပြီး၍ ဓမ္မနှင့်ညီညွတ်သော ရဟန်းတို့၏စကားကို နှစ်သက်သဖြင့် ရဟန်းသံဃာတော်အပေါင်းတို့ကို ကန်တော့ပြီးသော် အဟောဂင်္ဂါကျောင်းသို့ချည်း ဝဇ္ဇီရွာသား ရဟန်းများတို့နှင့်တကွ စည်းဝေး၍ တသန်းနှစ်သိန်းသော သံဃာတော်တို့၏အလယ်၌ ရှင်ရေဝတထေရ်သည် အသစ်ပြုသော ဝိနည်းဆယ်ပါးတို့တွင် တပါးတပါးကိုမေးသော် သဗ္ဗကာမိမထေရ်သည် ဘုရားပညတ်ထားတော်မူခဲ့သော ဝိနည်းသိက္ခာပုဒ်နှင့်မလျောက်ပတ် ဆန့်ကျင်ကြောင်း, အသစ်ပညတ်တော်မမူသင့်ကြောင်းကို ဖြေတော်မူလျှင် ကာဠာသောကမင်းလည်း "အရှင်ဘုရားတို့....ဘုရားသခင် ဝိနည်းတော်နှင့် ဆန့်ကျင်ခြင်းသည် မလျော် မလျောက်ပတ် ဖြစ်သည်၊ အရှင်တို့ ချအပ်ပြီ"ဆို၍."ပါပပရိဗိုဇ်ရဟန်းတို့ပြုအပ်သော ဝိနည်းအသစ်ဆယ်ပါးတို့ကို မရှိမပေါ်စေနှင့်၊နုတ်ကုန်" ဟု အာဏာစကားထား၍ ပါပရဟန်းတို့ကို နှင်ထုတ်လိုက်သည်၊ ပါပ

ရဟန်းတို့ကိုနှင်ထုတ်၍ အဓိကရုဏ်းငြိမ်းပြီးလျှင် ရှင်ယသမထေရ်သည် ''သုတ်, အဘိဓမ္မာ, ဝိနည်းကို သင်္ဂါယနာတင်အံ့''ဟု ပိဋကတ်သုံးပုံကို ဆောင်သော ပဋိသမ္ဘိဒါဆဠဘိညာ်သို့ရောက်သော ၇၀၀-သောရဟန္တာတို့ကို ရွေးကောက်တော်မူ၍ ကာဋာသောကမင်းကို အကြောင်းပြုပြီးလျှင် ဝေသာလီပြည် ဝါလိကာရာမ၌ တသန်းနှစ်သိန်းသော ရဟန်းသံဃာအပေါင်းတို့ကို စည်းဝေးစေ၍ ရှင်မဟာကဿပထေရ် ပဌမသင်္ဂါယနာတင်သကဲ့သို့ အတူလျှင် အလုံးစုံသောသာသနာတော်ကို သုတ်သင်ပြီးသော် ကာဠာသောကမင်း စည်းစိမ်ဆယ်နှစ်၊ သာသနာတော်သက္ကရာဇ် ၁၀၀-ပြည့် ကဆုန်လပြည့်နေ့ကစ၍ နတ်တော်လတိုင်အောင် ရှစ်လတို့ပတ်လုံး တနေ့မလပ် ပိဋကတ်သုံးပုံကို သင်္ဂါယနာတင်သည်၊ တသန်းနှစ်သိန်းသောသံဃာတို့သည် အညီအညွတ် ရွတ်ဘတ်သရဇ္ဈာယ်ပြန်ကြကုန်၍ ဒုတိယ သင်္ဂါယနာဘင်ခြင်းအပြီးသို့ ရောက်လေသည်။

ဤ ဒုတိယသင်္ဂါယနာ ၇၀၀-နှင့်တင်ကုန်သော မထေရ်တို့တွင် ကျော်စောထင်ရှားသော သဗ္ဗကာမိထေရ်, သာဠှထေရ်, ရေဝတထေရ်,ခုဇ္ဇသောဘိတထေရ်, ယသထေရ်,သာဏသမ္ဘူတထေရ်- ဤမထေရ်ခြောက်ပါးတို့သည် အရှင်အာနန္ဒာမထေရ်၏ အတူနေတပည့် ဘုရားမြတ်စွာကို ဖူးမြင်လိုက်ရကုန်သည်ချည်း။

သုမနထေရ်, ဝါသဘဂါမိထေရ်-ဤမထေရ် နှစ်ပါးတို့ကား အရှင်အနုရုဒ္ဓါ၏ အတူနေတပည့် ဘုရားမြတ်စွာကို ဖူးမြင်လိုက်ရကုန်သည်ချည်း ဖြစ်သတည်း။

ဤရှစ်ပါးသောမထေရ်တို့သည် ပရိယတ္တိတည်းဟူသော ပိဋကတ်သုံးပုံကို ဘုရားသခင် ပရိနိဗ္ဗာန်မပြုမီက သဒ္ဓိဝိဟာရိက ဆရာအရှင်အာနန္ဒာ,အရှင်အနုရုဒ္ဓါတို့ထံ သင်ကြား၍ သိလိမ္မာခြင်းသို့ ရောက်လျှင် ပရံပရ အဆက်ဆက် ပို့သသင်ကြား၍ သာသနာတော်ကို ထွန်းပစေလျက် ထေရဝါဒဖြစ်သည်။

အဓမ္မဝါဒီ ဝဇ္ဇီရဟန်းများ ဂိုဏ်းကွဲပုံနှင့် သင်္ဂါယနာအတုတင်ပုံ

ဒုတိယသင်္ဂါယနာတင်ကုန်သော မထေရ်တို့ နှင်ထုတ်ကုန်သော အဓမ္မဝါဒီ ဝဇ္ဇီတိုင်းသားရဟန်းတို့သည် လျှောက်ပတ်သော ဒုဗ္ဗလပက္ခ

ကို ရသဖြင့် တသောင်းသောရဟန်းတို့သည် အညီအညွတ် စည်းဝေး ကုန်လျက် သင်္ဂါယနာတင်တော်မူကုန်သည်၊ ထိုသင်္ဂါယနာကား မဟာ သင်္ဂီတိ မည်သတတ်၊ ထိုဝဇ္ဇီရွာသား ရဟန်းတို့သည် မဟာသင်္ဂီတိ-ဟူ သောအမည်မှအန္တရာယ်ဖြင့် ကွဲကုန်သတတ်၊ထိုမဟာသင်္ဂီတိ အနွယ်မှ ကွဲကုန်၍-

(၁) ဂေါကုလိကဂိုဏ်း၊

(၂) ကေဗျောဟာရိကဂိုဏ်း-

နှစ်ပါး ဖြစ်ပြန်သည်၊ ဂေါကုလိကဂိုဏ်းမှ ကွဲပြန်တုံ၍လည်း-

(၁) ပဏ္ဏတ္တိဝါဒဂိုဏ်း၊

(၂) ဗဟုဿုတိက ဂိုဏ်း-

နှစ်ပါးဖြစ်ပြန်သည်၊ထိုဂိုဏ်းနှစ်ပါးမှ ကွဲပြန်တုံ၍-

(၁) စေတိယဝါဒ-

ဟူသော ဂိုဏ်းအနွယ်ဖြစ်သည်၊ ဤမဟာသင်္ဂီတိက ဆရာအနွယ် သာသနာတော် ၂၀၀-အတွင်းလျှင် ငါးပါးသောဆရာတို့၏ အနွယ် ဖြစ်သည်၊ ပဌမ-မဟာသင်္ဂီတိကနှင့်သော် ဂိုဏ်းခြောက်ပါးဖြစ်သတည်း။

ထိုအနှစ် ၂၀၀-တိုင် ၎င်း ထေရဝါဒမှလည်း-

(၁) မဟိသာသကဝါဒ၊

(၂) ဝဇ္ဇီပုတ္တကဝါဒ-

ဟူ၍ ဆရာနှစ်ပါး ကွဲပြန်သည်၊ ဝဇ္ဇီပုတ္တက ဆရာအနွယ်မှလည်း-

(၁) ဓမ္မုတ္တရိယဝါဒ၊

(၂) ဘဒြယာနိကဝါဒ၊

(၃) ဆန္နာဂါရိကဝါဒ၊

(၄) သမိတိယဝါဒ-

ဟူ၍လေးပါးသောဆရာတို့၏ အနွယ်ကွဲပြားသည်၊ မဟိသာသက အနွယ်မှလည်း ကွဲပြန်တုံ၍-

(၁) ဓမ္မဂုတ္တိကဝါဒ၊
(၂) သဗ္ဗတ္ထိဝါဒ-
ဟူ၍ နှစ်ပါးဖြစ်ပြန်သည်၊ သဗ္ဗတ္ထိဝါဒမှ ကွဲတိုပြန်၍–
(၁) ကဿပိက-
ဟူသော ဆရာအနွယ်ဖြစ်သည်၊ ဤကဿပိကဟူသော ဆရာအနွယ်မှ ကွဲပြန်တိုး၍လည်း–
(၁) သင်္ကန္တိက-
ဆရာအနွယ်ဖြစ်ပြန်သည်၊သင်္ကန္တိကဆရာအနွယ်မှကွဲပြန်တိုး၍လည်း-
(၁) သုတ္တဝါဒ-
ဆရာအနွယ်ဖြစ်သည်၊ ဤ ၁၁-ပါးသော အနွယ်ကား ထေရဝါဒမှ ကွဲ၍ ဖြစ်သည်၊ ပဌမထေရဝါဒနှင့်သော် ၁၂-ပါး ဖြစ်သည်၊ဤသို့ မဟာသင်္ဃိကဆရာတို့၏ အနွယ် ခြောက်ပါး, ထေရဝါဒအနွယ် ၁၂-ပါး၊ ပေါင်း ၁၈-ပါးတို့သည် သာသနာ ၂၀၀-အတွင်းသာ ဖြစ်သတည်း။

[အဋ္ဌာရသနိကာယဟူသော စကားသည်လည်း ဤ ၁၈-ပါးသော ဂိုဏ်းတို့ကိုပင် ဆိုသည်၊ ဤ ၁၈-ပါးသော ဂိုဏ်းတို့တွင် ပဌမထေရဝါဒသာလျှင် ဘုရားသခင် အယူတော်နှင့် မကွဲသတည်း၊ ၁၇-ပါးသော ဂိုဏ်းတို့သည်ကား အယူဝါဒ ကွဲကြသည်ချည်းဖြစ်သည်၊ ရဟန်းတို့၏ ပရိက္ခရာ,အသွင်စသည်တို့ကား တူကုန်သည်၊ အယူဝါဒဘောက်ပြန်၍ ဘုရားပညတ်တော်နှင့်မညီ ဖြစ်ကုန်သည်၊ မဟာသင်္ဂီတိကိုပြုသော ဝဇ္ဇီတိုင်းသား ရဟန်းတို့ကား မူလသင်္ဂါယနာ တင်သည်ကို ဖျက်၍ တပါးသောအခြင်းအရာဖြင့် သင်္ဂါယနာတင်ဟန် ပြုသည်၊ ဤဝဇ္ဇီတိုင်းသား သင်္ဂါယနာတင်သည်လည်း သာသနာတော်နှင့် အနုလောမ မဖြစ်၊ ပဋိလောမသာဖြစ်သည်၊ ဤစကားသည် ဒီပဝင်တွင် လာသည်။]

ရှင်မဟာမောဂ္ဂလိ ပုတ္တတိဿ ရဟန်းဖြစ်ရေးအတွက် ရဟန္တာ ၂-ပါး တာဝန်ယူဆောင်ရွက်ပုံ

ကာဠာသောကမင်းလက်ထက် အနှစ်တရာတွင် ဒုတိယ သင်္ဂါယနာ တင်ပြီးသည့်နောက် ရှစ်နှစ်၌ပါဋလိပုတ်ပြည် အမတ်သား သိဂ္ဂဝလုလင်သည် အဆွေခင်ပွန်းဖြစ်သော သူဌေးသား စဏ္ဍဝဇ္ဇီနှင့် အခြွေအရံငါးရာ

တို့သည် ရှင်သောဏ မထေရ်ထံ ရှင်ရဟန်းပြု၍ အသက်နှစ်ဆယ် ပြည့်သောအခါ ပဉ္စင်းခံ၍ ရဟန္တာဖြစ်၍ ပဋိသမ္ဘိဒါပတ္တသို့ ရောက်သည်။

ထိုအခါ မဟာသင်္ဂီတိကိုပြုသော ဝဇ္ဇီရဟန်းတို့သည် မူလသင်္ဂါယနာကို ဖျက်၍ တပါးသောအခြင်းအရာဖြင့် သင်္ဂါယနာတင်ဟန် ပြုလေသည်ကို အောက်မေ့၍ မထေရ်အပေါင်းတို့သည် "နောင်သောကာလ၌ သာသနာတော်၏ အန္တရာယ်ဘေးရန် ဆူးငြောင့်တို့သည် ဖြစ်လတ္တံ့လော" ဟု ကြည့်သည်ရှိသော် "ဤနှစ်မှသည် အနှစ်တရာ၏အထက် ၁၈-နှစ်မြောက်၌ ပါဋလိပုတ်ပြည်ဝယ် ဓမ္မာသောကမင်းပြု၍ ဇမ္ဗူဒီပါ တကျွန်းလုံးကို အစိုးရသဖြင့် ဘုရားသခင်သာသနာတော်၌ သဒ္ဓါပသန္န အားကြီး၍ များစွာသော ပူဇော်သက္ကာရ ဖြစ်လတ္တံ့၊ မိစ္ဆာဒိဋ္ဌိအယူရှိသော သူတို့မှာ နည်းလတ္တံ့၊ ထိုသို့သော အကြောင်းကြောင့် တိတ္ထိတို့သည် လာဘ်လာဘကို တောင့်တသည်ဖြစ်၍ သာသနာတော်၌ ရဟန်းပြု၍ မိမိတို့၏တိတ္ထိအယူကိုပြကုန်လတ္တံ့" ၊ ဤသို့သော အကြောင်းကြောင့် သာသနာတော်၏ ဘေးရန်ကို မြင်ကုန်လျှင်—

"ဤသို့သာသနာတော်၏ ဘေးရန်တို့သည် ငါတို့မျက်မှောက် ဖြစ်ကုန်အံ့လော, မဖြစ်ကုန်အံ့လော" ဟု ဆင်ခြင်ပြန်လျှင် ခပ်သိမ်းသော မထေရ်တို့သည် ယခုမျက်မှောက်၌ မဖြစ်လတ္တံ့သည်ကို သိ၍ "အသူသည် ဤသို့သော သာသနာတော်၏ ဘေးရန်ကို ငြိမ်းခြင်းငှါ စွမ်းနိုင်သည်ဖြစ်လတ္တံ့နည်း" ဟုဆင်ခြင်ပြန်လျှင် နတ်ပြည်၌ တစုံတယောက်သောသူကိုမျှမမြင်၊ ဗြဟ္မာ့ပြည်မှ တိဿဗြဟ္မာကို မြင်၍ ရဟန္တာအပေါင်းတို့ တက်၍တောင်းပန်လျှင် သည်းခံပြီးမှ ပြန်ခဲ့၍—

ထိုအခါ သိဂ္ဂဝထေရ်, စဏ္ဍဝဇ္ဇီထေရ်-ဤနှစ်ပါးတို့သည် ပဉ္စင်းငယ်သာတည်း၊ ထိုမထေရ်နှစ်ပါးတို့လည်း ပဋိသမ္ဘိဒါပတ္တသို့ရောက်သော ရဟန္တာ ဖြစ်ကုန်သည်၊ "ငါ့ရှင်တို့နှစ်ပါးသည် မောဂ္ဂလိပုတ္တေးမဝမ်း၌ ပဋိသန္ဓေစွဲယူနေသောတိဿလုလင်ကို စောင့်မ၍ ရဟန်းပြု" ဟုဒဏ်ပေးသောအမှုဖြင့် ထားခဲ့ပြီးလျှင် သဗ္ဗကာမီထေရ် အစရှိကုန်သော ရဟန္တာမထေရ်တို့သည် သာသနာတော်ကို ထွန်းပအောင် ပြုတော်မူကြ၍ ပရိနိဗ္ဗာန်ပြုတော်ကြကုန်သည်။

ကာဠာသောကမင်းကြီးလည်း ဒုတိယသင်္ဂါယနာမတင်မီ ၁၀-နှစ်, ဒုတိယ သင်္ဂါယနာတင်ပြီးနောက် ၁၀၊ ပေါင်း ၂၀-နှစ်၊ သာသနာတော် ၁၁၀-နှစ်တွင် အနိစ္စရောက်သည်။

၎င်းနှစ် သားတော် ဘဒ္ဒသေနစသော မင်းသားညီနောင် တကျိပ်တို့သည် အလှည့်အလည် ၂၂-နှစ် မင်းပြုကြသည်တွင် စည်းစိမ် ၆-နှစ်၊ သာသနာတော်သက္ကရာဇ် ၁၄၀-၌ သောဏမထေရ်သည် သိဂ္ဂဝမထေရ်ကို ဝိနယပါမောက္ခ, ဂဏပါမောက္ခအရာထားခဲ့၍ သက်တော် ၆၆-နှစ်တွင် အနိစ္စရောက်သည်၊ ဘဒ္ဒသေနစသော မင်းညီနောင် တကျိပ်တွင် အဆုံးပဉ္စကမင်းကို သာသနာတော် ၁၄၀-ပြည့်တွင် ခိုးမှူးဓနနန္ဒညီနောင်တို့ လုပ်ကြံ၍ အနိစ္စရောက်သည်။

၎င်းနှစ်ကစ၍ ဓနနန္ဒညီနောင် ၉-ယောက် အလှည့်အလည် မင်းပြု၍ စည်းစိမ် ၂၂-နှစ်၊ သာသနာတော် ၁၄၂-နှစ်တွင် အဆုံးဓနနန္ဒမင်းကို စန္ဒဂုတ်မင်း လုပ်ကြံ၍ အနိစ္စရောက်သည်။

၎င်းစန္ဒဂုတ်မင်းပြုသည့်နှစ် တိဿမြဟ္မာသည် မောဂ္ဂလိပုဏ္ဏားမဝမ်း၌ ပဋိသန္ဓေ စ-ယူနေလေသည်၊ သိဂ္ဂဝမထေရ်သည် တိဿမြဟ္မာ ပဋိသန္ဓေစွဲယူသည့်နေ့မှစ၍ စောင့်မလေသော် စန္ဒဂုတ်မင်း စည်းစိမ် ၁၆-နှစ်ရှိသောကာလ မောဂ္ဂလိပုတ္တတိဿလုလင်၁၆-နှစ်တွင် ရဟန်းပြု၍ စဏ္ဍဝဇ္ဇီမထေရ်ထံ၌ ဝိနည်းပိဋကတ်ကိုထား၍ အလုံးစုံသော ဘုရားစကားတော်ကို အဋ္ဌကထာနှင့်တကွ သင်စေသည်၊ အသက် ၂၀ ပြည့်၍ ပဉ္စင်းဖြစ်ပြန်သောကာလ တဝါမပြည့်မီလျှင် ပိဋကတ်သုံးပုံကို တတ်လိမ္မာခြင်းသို့ရောက်လေသည်၊ သိဂ္ဂဝမထေရ်နှင့် စဏ္ဍဝဇ္ဇီကမထေရ် ဆရာဥပဇ္ဈာယ်နှစ်ပါးတို့သည်မောဂ္ဂလိပုတ္တတိဿထေရ်၏လက်၌အလုံးစုံသော ဘုရားစကားတော်ကို တည်စေ၍ ဝိနယပါမောက္ခ,ဂဏပါမောက္ခ အရာထားခဲ့၍၊ စန္ဒဂုတ်မင်းလက်ထက်သိဂ္ဂဝမထေရ်သက်တော် ၇၆-နှစ်၊ သာသနာတော် ၁၇၀-နှစ်တွင် ပရိနိဗ္ဗာန်ပြုတော်မူသည်၊ စန္ဒဂုတ်မင်း စည်းစိမ် ၂၄၊ သာသနာတော် ၁၈၆-နှစ်တွင် အနိစ္စရောက်သည်။

၎င်းနှစ် သားတော်ဗိန္ဒုသာရမင်းပြု၍ စည်းစိမ် ၂၈-နှစ်၊ သာသနာတော် ၂၁၄-နှစ်တွင် အနိစ္စရောက်သည်။

ရင်းနှစ် သားတော်ဓမ္မာသောကမင်း ဘိသိက်မခံဘဲ ၄-နှစ်နေ၍ သာသနာတော် ၂၁၈-နှစ်တွင်မှ ဘိသိက်ခံ၍ ဇမ္ဗူဒိပ်တကျွန်းလုံးကို အစိုးရသည်။

ဓမ္မာသောကမင်း တိတ္ထိတို့ အမူအကျင့်ကို စုံစမ်းပုံ

ဓမ္မာသောကမင်းသည်လည်း ဘိသိက်မခံမီ လေးနှစ်, ဘိသိက်ခံပြီး သုံးနှစ်- ပေါင်း ၇-နှစ်တိုင်တိုင် အဘခမည်းတော် ဗိန္ဒုသာရမင်းသည် ပုဏ္ဏားတို့အားလည်းကောင်း, ပုဏ္ဏားမျိုးဖြစ်သော ပါသဏ္ဍအယူရှိကုန်သော ပုဆိုးအဖြူဝတ်သော တက္ကဋ္ဌန်းရဟန်း, ရှင်ယောင်သင်္ကန်းဝတ်သော ပရိဗ္ဗာဇကအစရှိကုန်သော ခြောက်သောင်း အတိုင်းအရှည်ရှိကုန်သော သူတို့အားရင်း ကျွေးမြဲဝတ်ကိုဖြစ်စေသကဲ့သို့ နန်းတော်တွင် ခြောက်သောင်းသော ပရိဗ္ဗာဇကတို့ကို အလှူပေးတော်မူသည်၊ တနေ့သ၌ ခြင်္သေ့ခံသော လေသာနန်းတံခါး၌ နေလျက်ကြည့်သည်ရှိသော် ငြိမ်သက်ခြင်းမှ ကင်းသောအကျင့်ဖြင့် စားသောက်ကုန်သော မစောင့်စည်းသော ဣန္ဒြေရှိကုန်သော ထိုပရိဗိုဇ်ရဟန်း အစရှိသည်တို့ကို စုံစမ်းဆင်ခြင်၍ "သင့်သောအရာ၌ ပေးလှူခြင်းငှါအပ်သည်" ဟုကြံစည်၍ နေတော်မူသည်နှင့် တခနေ့သ၌ "အမတ်တို့.... သူတော်ကောင်းဟု သမုတ်အပ်ကုန်သော ရဟန်း,ပုဏ္ဏားတို့ကို နန်းတော်တွင်းသို့ပင့်ခေါ်ခဲ့၊ အလှူပေးကုန်အံ့"ဟု စေလွှတ်လိုက်သည်ရှိသော် ထိုအမတ်တို့လည်း—

(၁) ပုဆိုးဖြူကိုသင်္ကန်းယောင်ဝတ်သောပဏ္ဍုရင်္ဂတိတ္ထိ၊

(၂) ဦးခေါင်းပြည်းလျက် ရဟန်းယောင်သင်္ကန်းဝတ်သော ပရိဗ္ဗာဇက၊

(၃) ကိုယ်၌အဝတ်မဝတ် အချည်းစည်းနေသော အာဇီဝက။

(၄) ငါတို့၌ ကိလေသာဟူသော တုပ်နှောင်ဖွဲ့ခြင်းကား မရှိပြီ၊ ရဟန္တာတည်းဟု ဝန်ခံလျက် တပါးသော အသွင်,အမူအရာ ပရိက္ခရာကိုဆောင်သော နိဂဏ္ဌ၊

ဤသူအပေါင်းတို့အား ခေါ်ပင့်ခဲ့၍ "အရှင်မင်းကြီး.... ဤရဟန်းတို့ကား အကျွန်ုပ်တို့၏ဆရာရဟန္တာတို့ပင်တည်း"ဟု လျှောက်ကုန်သည်။

ဓမ္မာသောကမင်းကြီးလည်း နန်းတော်တွင်း၌ ကြီးကြီးငယ်ငယ်ကုန်သော သူတို့၏နေရာတို့ကို ခင်းပေး၍ နေစေသော် အချို့သောတိတ္ထိတို့ကား မိမိဂုဏ်အားလျော်စွာ မနေကြဘဲလျက် အချို့သောတိတ္ထိတို့ကား ယုတ်သောနေရာ, အချို့သောတိတ္ထိတို့ကား မြင့်သောနေရာ, ပျဉ်,ကြမ်းအစရှိသည်တို့၌နေလျက် စောင့်စည်းအပ်သောဣန္ဒြေမရှိလျှပ် ပေါလော်မာခြင်းနှင့်စားသောက်ခြင်းတို့ကိုမြင်လတ်သော် "ဤသူတို့၏ကိုယ်တွင်း၌ သီလစသောကျေးဇူးအနှစ်သည် မရှိ"ဟုသိ၍ ထိုတိတ္ထိတို့အား လျော်စွာသော ခဲဘွယ်စားဘွယ်တို့ကိုပေး၍ လွှတ်လိုက်သည်။

နိဂြောဓသာမဏေကိုအမှီပြု၍ ဓမ္မာသောကမင်းကြီး သာသနာတော်ကို သက်ဝင်ယုံကြည်ပုံ

ဤသို့နည်းဖြင့် ပြု၍ ကာလလွန်လေသော် တနေ့သ၌ လေသာနန်းတံခါး၌ရပ်လျက်နေစဉ် ဓမ္မာသောကမင်းကြီး၏နောင်တော် သုမနမင်း၏ သားတော်ဖြစ်သော ၇-နှစ်အရွယ်ရှိသော နိဂြောဓသတို့သားကို မဟာဝရုဏမထေရ် ရဟန္တာအရှင်ဘုရားသည် သုမနဒေဝီကိုခွင့်ပန်၍ ရဟန်းပြုလျှင် ဆံရိတ်သောအဆုံး၌ အရဟတ္တဖိုလ်သို့ ရောက်လေသည်၊ ထိုနိဂြောဓသာမဏေသည်တနေ့သ၌ နံနက်စောစောကလျှင်ဆရာဥပဇ္ဈာယ်တို့အား ပြုရသောဝတ်ကိုပြု၍ သပိတ်,သင်္ကန်းကိုယူ၍ အမိအိမ်သို့ သွားမည်ဟု တောင်တံခါးဖြင့်ဝင်၍ အရှေ့တံခါးကို ထွက်၍ ငြိမ်သက်သော ဣန္ဒြေဖြင့်ကြွလေသော် နန်းတော်ရှေ့သို့ရောက်လျှင် ဓမ္မာသောကမင်းကြီးသည် နိဂြောဓသာမဏေကိုမြင်တည့်လျှင် ရှေးဘဝက ပျားကုန်သည်ညီအစ်ကိုဖြစ်ဘူးသည်နှင့် မြင်တည့်လျှင်ပင် ပြင်းစွာသော ကြည်ညိုခြင်းရှိသည်ဖြစ်၍ ပင့်ခေါ်၍နန်းတွင်းသို့ရောက်လျှင် မင်း၏လက်တော်၌ သပိတ်ကိုပေး၍ ရာဇပလ္လင်သို့တက်၍နေတော်မူသည်။

ဓမ္မာသောက မင်းကြီးသည်လည်း မိမိအလိုငှါ စီရင်သော ယာဂု, ခဲဘွယ်တို့ကိုလှူသဖြင့် မျှလောက်ရုံစားပြီးလျှင် ဘုဉ်းပေးပြီးသောအဆုံး၌ ဓမ္မာသောကမင်းကြီးအားလျောက်ပတ်သော ဓမ္မပဒကျမ်း၌အပ္ပမာဒဝဂ်ကို အနုမောဒနာပြုအံ့သောငှါ ဟောလျှင် "အရှင်ဘုရား.... ကျွန်ုပ်သိနှင့်ပြီ"ဟုဆို၍ တနေ့ခြင်း ဆွမ်း ၈-ဝတ် ၄-ကြိမ် လှူလေသတည်း။

ဓမ္မာသောကမင်းကြီးသည် ဘိသိက်ခံပြီးသည်မှ သုံးနှစ်မြောက်သော သာသနာတော် ၂၂၁-နှစ်၌ ဘုရားသခင် သာသနာတော်မြတ်ကို နိဂြောဓ သာမဏေကို တွေ့ကြုံသောနေ့မှစ၍ ကြည်ညိုခြင်း များစွာဖြစ်သည်၊ မိုး သောက်သောနေ့၌ သုံးကျိပ်နှစ်ပါးသော ရဟန်းတို့သည် နန်းတွင်းသို့ ဝင်၍ ဆွမ်းဘုဉ်းပေးခြင်းကို ပြုတော်မူသည်၊ "ဤသို့သောနည်းဖြင့် နေ့ တိုင်း နေ့တိုင်း သံဃာတိုးပွါး၍လည်း ကြွတော်မူပါ"ဟု ဘိတ်သော ကြောင့် နေ့တိုင်းနေ့တိုင်း ရဟန်းသံဃာပွါးစေလျက် ခြောက်သောင်း အတိုင်းအရှည်ရှိကုန်သောမိစ္ဆာဒိဋ္ဌိရဟန်း,ပုဏ္ဏားတို့အား ထမင်းဝတ် ကိုဖြတ်၍ ခြောက်သောင်းအတိုင်းအရှည်ရှိသောရဟန်းတို့အား နိစ္စဘတ် ဆွမ်းကျွေးဝတ် ဖြစ်စေသည်။

ဓမ္မာသောကမင်းကြီး ပစ္စယဒါယကာပြုပုံ

နိဂြောဓသာမဏေသည်လည်း ပရိသတ်နှင့်တကွသော ဓမ္မာသောက မင်းကြီးကို သရဏဂုံ,ပဉ္စသီတို့၌ ကောင်းစွာဆောက်တည်စေသော် ဘုရားသခင် သာသနာတော်၌ ပုထုဇဉ်၏ကြည်ညိုခြင်းဖြင့် မတုန်လှုပ် သော ကြည်ညိုခြင်း ဖြစ်သည်နှင့် သာသနာတော် ၂၂၂-ခုတွင် တပြိုင် နက် တချက်တည်း ကောင်းမှုပြုအံ့သော၄ါ ၉၆-ကုဋေသောဥစ္စာရပ်ကို စွန့်၍ ရှင်ဣန္ဒဂုတ္တမထေရ်အား ဝန်ပြုစေသဖြင့် အသောကာရာမ ကျောင်းတော်နှင့် ရှစ်သောင်းလေးထောင်သောကျောင်း, ရှစ်သောင်း လေးထောင်သော စေတီပုထိုးများကို ရှစ်သောင်းလေးထောင်သော မြို့ပြတို့၌ လက္ခဏ်ကျွေးပေး၍ လ,နေသည့် အသူရိန်နတ်သားနှင့် ထိ ခိုက်သည်တွင် တပြိုင်နက်တချက်တည်း တည်ထားစေသည်။

မပြီးမပြေနိုင်သော အမှုသစ်များကို ရှင်ဣန္ဒဂုတ္တမထေရ် တန်ခိုးဖြင့် ပြီးစေသဖြင့် သုံးနှစ်စေ့လျှင် သာသနာတော် ၂၂၄-နှစ်တွင် ပြီးပြေ ကြောင်းကို အမြို့မြို့သားတို့က တပြိုင်နက်လျှောက်ထားလာသည်၊ ဓမ္မာ သောကမင်းလည်း ဘိသိက်ခံ၍ ၆-နှစ်ရှိပြီ၊ အသောကာရာမကျောင်း တော်မှစ၍ အရပ်ရပ် ကျောင်း,စေတီတို့ကို ၇-ရက်အနုမောဒနာပြုအံ့ သော၄ါလည်း ၉၆-ကုဋေသောဥစ္စာတို့ကို စွန့်ပြန့်၍ သဘင်ပွဲလမ်းခံ တော်မူသည်၊ မြို့တွင်းမြို့ပြင်နေကုန်သော သူတို့ကိုလည်း "ရှစ်ပါးသော သီလတို့ကို ဆောက်တည်စေ"ဟု စည်လည်၍ နှိုးဆော်စေသည်။

ဓမ္မာသောကမင်းကြီးလည်း အသိန်းမကသော စစ်အင်္ဂါလေးပါး ခြံရံလျက် တာဝတိံသာ သိကြားမင်းကဲ့သို့ ထွက်စံနေတော်မူလျက် ကျောင်းတော်သို့ထွက်၍ ရဟန်းသံဃာအလယ်၌ နေတော်မူသည်၊ ထို အခါ စည်းဝေးကုန်သော ရဟန်းသံဃာတို့သည်ကား ရဟန်းယောကျ်ား ကုဋေ ၁၀၊ရဟန်းမိန်းမ ၉-သန်း ၆-သိန်း၊ထိုအစည်းအဝေး၌ အာသ ဝေါကုန်ပြီးသောရဟန္တာသံဃာတော်တသိန်းအရေအတွက်ရှိကုန်သည်။

ဓမ္မာသောကမင်း သာသနာ့အမွေခံယူပုံ

ထိုရဟန္တာအရှင်မြတ်တို့လည်း အကြိုက်တော်ရှိသည်မှာ "ဤမင်းကြီး သည် မိမိ၏ အလွန်ပြုသောကောင်းမှုကိုအကြွင်းမဲ့မြင်ရမူကား အလွန် လျှင် ဘုရားသခင်၌ ကြည်ညိုခြင်းသည်ဖြစ်ရာ၏"ဟု ကြံတော်မူသည်နှင့် တပြိုင်နက် လောကဝိဝရဏမည်သော အံ့ဘွယ်သော တန်ခိုးတို့ကို ပြ၍ အရပ်လေးမျက်နှာ၌ ကျောင်း,စေတီ, ပုထိုးတို့ကိုပြသော် ဓမ္မာ သောကမင်းလည်း အသောကာရုံကျောင်း၌ ရပ်လျက်ပင် အရပ်လေး မျက်နှာ၌ရှိသော ရှစ်သောင်းလေးထောင်သော ကျောင်း,စေတီတို့ကို မြင်သဖြင့် လွန်စွာဝမ်းမြောက်ခြင်းရှိသဖြင့် ရဟန်းသံဃာတို့ကို မေး တော်မူသည် "အရှင်ဘုရားတို့.... လူတို့၏ ကိုးကွယ်ရာဖြစ်သော မြတ် စွာဘုရားသခင်၏ သာသနာတော်၌ အဘယ်သူသည်များမြတ်သော ဥစ္စာ ကိုစွန့်၍ ပူဇော်ဘူးသည်ရှိသနည်း၊ အဘယ်သူ၏ စွန့်ခြင်းသည် ကြီး မြတ်သနည်း"ဟုမေးတော်မူလျှင် ရဟန်းသံဃာတော်တို့လည်း မောဂ္ဂ လိပုတ္တတိဿမထေရ်အား ဝန်ကိုပြုကြသည်၊ ရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်လည်း "မင်းကြီး...ဘုရားသခင်သာသနာတော်၌ ပစ္စည်းဒါ ယကာမည်သည်ကား သင်မင်းကြီးနှင့်တူသော ပစ္စည်းဒါယကာသည် ဘုရားထင်ရှား ရှိသောအခါ၌ရင်း,ဘုရားထင်ရှား မရှိသောနောက်၌ရင်း တစုံတယောက်မျှမရှိ ဖြစ်သည်၊ မင်းကြီးစွန့်ကြဲခြင်းသာလျှင် မြတ် သည်"ဟုဖြေတော်မူသည်။

ဓမ္မာသောကမင်းကြီးလည်း မထေရ်အရှင်၏ စကားကိုကြားလျှင် အလွန်ဝမ်းမြောက်ခြင်းဖြင့် "ငါနှင့်တူသော ပစ္စည်းဒါယကာသည်မရှိ၊ ငါ၏စွန့်ကြဲခြင်းသည် ကြီးမြတ်သည်၊ ယင်းသို့ဖြစ်သောကြောင့် သာ

သနာတော်၏ အမွေခံအဆွေအမျိုး ဖြစ်ပါမည်လော, မဖြစ်လော''ဟု မောဂ္ဂလိပုတ္တတိဿထေရ်ကို မေးလျှောက်ပြန်သော် သားတော် မဟိန္ဒ မင်းသား၏ ဥပနိဿယကို မြင်တော်မူ၍''—

''တကာမင်းကြီး····ဤမျှသောဥစ္စာရပ်တို့ကို စွန့်ကြဲကာမျှဖြင့် သာသနာ့ဒါယကာမဖြစ်ချေ၊ပစ္စယဒါယကာ ဥပဋ္ဌာကအရာသာ ဖြစ်ချေသည်၊ တကာမင်းကြီး···· တစုံတယောက်သော ကြွယ်ဝသောသူသည်ဂုင်း, ဆင်းရဲသောသူသည်ဂုင်း မိမိရင်၌ဖြစ်သော သား, သမီးကို ရဟန်းပြုစေ၏။ ဤသို့သော သူကိုသာလျှင် သာသနာတော်၏အမွေခံ အဆွေအမျိုးဟူ၍ ဆိုအပ်ချေသည်''—

ဟု မိန့်တော်မူလျှင် ဓမ္မာသောကမင်းကြီးလည်း သာသနာတော်၏ အမွေခံအဆွေအမျိုးဖြစ်လို၍ သားတော် မဟိန္ဒ,သမီးတော် သံဃမိတ္တာ တို့ကို တောင်းပန်လျှင် အခွင့်ရသဖြင့် မဟိန္ဒသတို့သားကို မောဂ္ဂလိပုတ္တ တိဿထေရ် ဥပဇ္ဈာယ်ပြု၍ မဟာဒေဝထေရ် သာမဏေပြု၍ သရဏဂုံ, သီလပေး၍ မဇ္ဈန္တိကထေရ် ကမ္မဝါစာရွတ်၍ ပဉ္စင်းခံသည်၊ ပဉ္စင်းခံသော သိမ်အပြင်၌ပင်လျှင် ပဋိသမ္ဘိဒါနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်သည်။

နှမတော် သံဃမိတ္တာမှာ ၁၈-နှစ်သာ ရှိသေးသည်ဖြစ်၍ ဓမ္မပါလိထေရီမ ဥပဇ္ဈာယ်ပြု၍ အာယုပါလိထေရီမ သရဏဂုံ,သီလပေး၍ ရဟန်းသာမဏေပြုသည်၊ ဤမင်းသား, မင်းသမီးတို့ နှစ်ယောက်သည် ရဟန်းပြုသောကာလ ဓမ္မာသောက မင်းသည် ဘိသိက်ခံ၍ ၆-နှစ်သာ၊ သာသနာတော် ၂၂၄-တွင် အသောကာရာမ ကျောင်းတော် အနုမောဒနာပြုသည့်နေ့တွင် ရဟန်းပြုသည်။

ဓမ္မာသောကမင်းကြီး နေ့စဉ်လှူဒါန်းပုံ

ဓမ္မာသောကမင်းကြီးလည်း ကိန္နရိဌက်မ၏သားဖြစ်သော ကောန္တ သတို့သားနှင့် သုမိတ္တသတို့သား ညီအစ်ကိုနှစ်ယောက်ကိုမွေး၍ကြီးလတ်သော် မဟာဝရုဏ အမည်ရှိသော ရဟန္တာအရှင်မြတ်၏အထံ၌ ရဟန်းပြု၍ ဆဥ္ဘိညပဋိသမ္ဘိဒါပတ္တသို့ ရောက်သည်နှင့် လေနာရှိ၍ ညီတော် သုမိတ္တထေရ်ဆွမ်းဝတ်ဖြင့် ထောပတ်တလက်ဖက်မျှ မရနိုင်သောကြောင့်

နောင်တော် ကောဏ္ဍပုတ္တတိဿမထေရ်သည် ဓမ္မာသောကမင်း ဘိသိက်ခံ၍ ၈-နှစ်၊ သာသနာတော် ၂၂၇-နှစ်တွင် ပရိဗ္ဗာန်ပြုတော်မူသည်။

ဓမ္မာသောကမင်းကြီးသည်လည်း "ထောပတ်တလက်ဖက်မျှ မရနိုင်၍ ပရိနိဗ္ဗာန်ပြုလေသည်"ဟု ကြားသိတော်မူသောကြောင့် မြို့တံခါးလေးမျက်နှာတို့၌ ၄-သိန်း, တရားဆုံးဖြတ်သော သဘင်ကြီး၌ တသိန်း- ဤ ၅-သိန်းသောဥစ္စာတို့သည် နေ့တိုင်းနေ့တိုင်းဖြစ်သည်၊ ဤ ၅-သိန်းသော ဥစ္စာအခွန်အတုတ်တို့တွင်—

(၁) နိဂြောဓသာမဏေအား နေ့တိုင်း တသိန်းစွန့်သည်။

(၂) ဘုရားသခင်၏ စေတီ၌ ပန်း,နံ့သာအစရှိသည်တို့ဖြင့်နေ့တိုင်း ပူဇော်ခြင်းငှါ တသိန်းစွန့်သည်။

(၃) တရားတော်မြတ်ကို ပူဇော်ရန် တသိန်းစွန့်သည်၊ ထိုတရားတော်အား စွန့်သောတသိန်းကို တရားတော်ကို ဆောင်ရွက်ကုန်သော ဗဟုဿုတ ရဟန်းတို့အား လေးပါးသော ပစ္စည်းအလို့ငှါ ဆောင်စေသည်။

(၄) သံဃာတော်အားတသိန်း။

(၅) ဆေးအလို့ငှါ မြို့ ၄-မျက်နှာတို့၌ တသိန်းစွန့်သည်။

ဤသို့ သာသနာတော်၌ များမြတ်သော လာဘသက္ကာရ ဖြစ်လေသည်၊ ဓမ္မာသောကမင်းကြီးလည်း တနေ့ ၃-ကြိမ် ပုဆိုးအဝတ်ကို လဲတော်မူသည်၊ ထိုသို့ပင်လဲသော်လည်း နိဂြောဓမထေရ်အား နံနက်သက်နံ့သုံးထည်နှင့် နံ့သာအတင်းငါးရာ, ပန်းတောင်းငါးရာနှင့် တကွ ကပ်လှူသည်၊ နေ့လည်း ဤနည်းတူစွာ ကပ်လှူသည်၊ ဤသို့ကပ်လှူပြီးမှ လဲတော်မူသည်၊ နိဂြောဓမထေရ်လည်း တနေ့သုံးကြိမ် အဝတ်ကို လဲ၍ ဝတ်ရသည်၊ ထိုအခါ ဇမ္ဗူဒိပ်တကျွန်းလုံးတွင် ရဟန်းအပေါင်းတို့အား နိဂြောဓမထေရ် သက်နံ့သာ ဖြစ်သည်။

တိတ္ထိတို့ကြောင့် သာသနာအရေးအခင်းပေါ်ပုံ

တိတ္ထိတို့မှာ ယုတ်သောလာဘ်ပူဇော်သက္ကာရ ရှိကုန်သည်ဖြစ်၍ အယုတ်သဖြင့် စားရုံ,ဝတ်ရုံမျှ မရကုန်သည်ဖြစ်၍ လာဘ်ပူဇော်သက္ကာ အထူးကို တောင့်တကုန်လျက် သာသနာတော်၌ ရဟန်းပြု၍ တရားမဟုတ်သည်ကို တရားဟုတ်သည်ဟု ပြကုန်သည်၊ အချို့သောတိတ္ထိတို့

ကား မိမိတို့အလိုလိုပင် ဦးခေါင်းရိတ်၍ ဖန်ရည်စွန်းသောအဝတ်ကို ဖုံးလွှမ်းလျက် ရဟန်းကောင်းတို့နှင့်အတူတကွ တိုးဝှေ့၍ ဥပုသ်, ပဝါရဏာ ပြုကြကုန်သည်။

ထိုအခါ ရှင်မဟိန္ဒမထေရ်သည် ပဌင်းခံ၍ ရဟန္တာဖြစ်လျှင် ပိဋကတ်သုံးပုံကို သုံးနှစ်သင်၍တတ်မြောက်သဖြင့် ဥပဇ္ဈာယ်ဖြစ်သော မောဂ္ဂလိပုတ္တတိဿမထေရ်၏တပည့် တထောင်မျှလောက်ကုန်သော ရဟန်းတို့၏ အကြီးအရာထားသည်၊ ယင်းသောအခါ ဓမ္မာသောကမင်း ဘိသိက်ခံ၍ ၉-နှစ်၊ သာသနာတော် ၂၂၈-နှစ်ရှိသည်၊ ရှိပြီးသည့်နောက် "အသောကာရာမကျောင်းတော်၌ ရဟန်းသံဃာအပေါင်းတို့သည် ထိုမိစ္ဆာဒိဋ္ဌိ ရဟန်းယောင်တို့နှင့် ဥပုသ်,ပဝါရဏာမပြုဘဲ ၇-နှစ်၊ သာသနာတော်လည်း ၂၃၅-ခုတိုင်ရှိသော ထိုအခြင်းအရာကြောင့် ဤသာသနာတော်၏ ဘေးရန်ဆူးငြောင့်တို့ကို ငြိမ်းစိမ့်သောငှါ သံဃာ့အလယ်၌ နေ၍ မတတ်နိုင်"ဟု အောက်မေ့တော်မူ၍ ဆယ်ဝါရပြီးသော မဟိန္ဒထေရ်အား ဂိုဏ်းကိုဆောင်နှင်းခဲ့၍ ချမ်းသာစွာနေလိုသဖြင့် အဟောဂင်္ဂါ မည်သောကျောင်းသို့ ကြွတော်မူလေသည်။

ဓမ္မာသောကမင်းကြီးလည်း အသောကာရုံကျောင်း၌ ၇-နှစ်တိုင်တိုင် ရဟန်းသံဃာတို့ ဥပုသ်,ပဝါရဏာမပြု ပြတ်သောအကြောင်းကို ကြားသိတော်မူ၍ အမတ်တယောက်ကို "ကျောင်းသို့သွား၍ အဓိကရုဏ်းကို ငြိမ်းစေ၍ ဥပုသ်ကိုပြုစေလော့"ဟု စေလိုက်သည်ရှိသော် ထိုအမတ်လည်း ကျောင်းသို့သွား၍ရောက်လျှင် "အရှင်ဘုရားတို့....သံဃာတော်အပေါင်းတို့သည် အညီအညွတ် ဥပုသ်ပြုကြကုန်"ဟု ဆိုသော် သံဃာတော်အပေါင်းတို့လည်း "မိစ္ဆာဒိဋ္ဌိအယူရှိသောသူတို့နှင့် ဥပုသ်ကိုငါတို့ မပြုကုန်"ဟု ဆိုလျှင် ထိုအမတ်လည်း မဆင်မခြင် သီတင်းကြီးနေရာမှ စ၍ သံလျက်ဖြင့် ဦးခေါင်းကိုချအံ့သောငှါ အားထုတ်၍ မင်းကြီး၏ ညီတော် တိဿထေရ်အထံသို့ ရောက်သောအခါ အမတ်မသတ်ဝံ့ပြန်၍ လျှောက်ရာတွင်မှ မင်းကြီး ပြင်းစွာထိတ်လန့်ခြင်းရှိသဖြင့်—

"ဟယ်အမတ်....ငါသည်သင့်ကိုရဟန်းသံဃာတို့ကိုသတ်စိမ့်သောငှါ မစေ၊ အဓိကရုဏ်း ငြိမ်းစိမ့်သောငှါသာ စေသည်၊အသို့မူ၍ ပြုဘိသနည်း"ဟုမိန့်တော်မူပြီးသော် ဓမ္မာသောကမင်းကြီးလည်း ကိုယ်တော်၌

မကောင်းမှုရှိအံ့သည်မှ ကြောက်ပြန့်သောကြောင့် ရဟန်းသံဃာ အပေါင်းတို့ကို မေးလျှောက်ပါပြောသော်လည်း နှလုံးငြိမ်ဝပ်အောင် မရှိသဖြင့် "အရှင်ဘုရားတို့....အကျွန်ုပ်၏ နှလုံးနှစ်ခွကို ဖျောက်၍ သာသနာတော်ကို ချီးမြှောက်အံ့သော်ငှါ စွမ်းနိုင်သည့်သူ ရှိပါမည်လော"ဟု လျှောက်သော် "မင်းကြီး....မောဂ္ဂလိပုတ္တတိဿထေရ်သည် ရှင်မင်းကြီး၏စိတ်နှစ်ခွကိုဖြတ်၍ သာသနာတော်ကိုချီးမြှောက်ခြင်းငှါ စွမ်းနိုင်၏"ဟု ဆိုသဖြင့် ထိုနေ့၌ပင်စေ၍ အကြိမ်ကြိမ်အမတ်တို့ကို စေလွှတ်၍ မင်းက ခေါ်သည်ဆိုလေသောကြောင့် မလာသည်နှင့် နောက်ဆုံးတကြိမ်တွင်မှ "အရှင်ဘုရား....သာသနာတော်သည် ဆုတ်နစ်ခဲ့ပြီ၊ သာသနာတော်ကို ချီးမြှင့်အံ့သောငှါ အကျွန်ုပ်၏ အပေါင်းအဘော်သဟဲဖြစ်ပါကုန်လော့" ဟု လျှောက်ရာတွင် လာမည်ဝန်ခံလိုက်သဖြင့် ဓမ္မာသောကမင်းကြီးကို အကြောင်းပြန်လျှင် ဓမ္မာသောကမင်းက တို့သော်လည်း အမတ်တို့ကို လည်းကောင်း မေး၏၊ ရဟန်းတို့ကိုလည်းကောင်း မေး၏၊"အရှင်ဘုရားတို့....မောဂ္ဂလိပုတ္တတိဿထေရ်ကား ကြီးပြီလော,ငယ်သေးသလော" ဟုမေးသည်၊"မင်းကြီးကား မောဂ္ဂလိပုတ္တတိဿထေရ်ကို မြင်ဘူးလေပြီ၊ မမှတ်မိ၍သာရှိသည်တကား၊မင်းကြီး....မောဂ္ဂလိပုတ္တတိဿထေရ်သည် သက်တော် ၇၂-နှစ်ရှိပြီ"ဟု ကြားလျှင် မင်းကြီးလည်း ဆန်းကြယ်စွာသော လှေဖောင်လုပ်၍ ဓမ္မာသောကမင်းဘိသိက်ခံ၍ ၁၆-နှစ်၊သာသနာတော် ၂၃၅-နှစ်တွင်ပင့်၍ ကိုးကွယ်တော်မူလိုသဖြင့် ရောက်လျှင် မင်း၏ ဥယျာဉ်တော်သို့ဆောင်၍ ဥယျာဉ်တော်ပြင်မှ သုံးထပ် အစောင့်အရှောက် ခြံရံစေလျက် သီတင်းသုံးနေရသည်။

ဓမ္မာသောကမင်း သာသနာကို စင်ကြယ်စေပုံ

ဓမ္မာသောကမင်းကြီးလည်း "မထေရ်၏အထံ၌နေ၍ ဤမထေရ်သည် ငါ၏ယုံမှားခြင်းကိုဖြတ်၍,ဖြစ်သောအဓိကရုဏ်းကို ငြိမ်းစေ၍,သာသနာတော်ကို ချီးမြှင့်အံ့သောငှါ တတ်နိုင်အံ့လော"ဟု စုံစမ်းလိုသောငှါ "အရှင်ဘုရား....အကျွန်ုပ်သည် တခုသော တန်ခိုးကို မြင်လိုပါသည်" ဟု တောင်းပန်လျှင် ဓမ္မာသောကမင်းကြီးအား ရေဖြင့်ပြည့်သော ကြေးခွက်၌ အလုံးစုံသောရေကို မလှုပ်စေဘဲ တစိတ်သော ရေကို တန်ခိုးတော်ဖြင့် လှုပ်စေသည်၊ ကြွင်းသော ရေမလှုပ်ရှားသော အံ့

ဖွယ်ကို မြင်၍ ယခု ဤမထေရ်သည် သာသနာတော် ချီးမြှင့်အံ့သော ငှါ စွမ်းနိုင်လတ္တံ့သည်၊ မိမိကုက္ကုစ္စကို မေးလျှောက်သည်ရှိသော် မောဂ္ဂလိပုတ္တတိဿမထေရ်သည်လည်း တိတ္ထိရဇာတ်ကိုပြ၍ ကုက္ကုစ္စကို ငြိမ်းစေပြီးလျှင် ထိုမင်း၏ ဥယျာဉ်၌ပင် ၇-ရက်ပတ်လုံး နေလျက် ဓမ္မာသောကမင်းကြီးကို ဘုရားအယူတော်ကို သင်စေ၍ သိမြင်လျှင် ၇-ရက်မြောက်သောနေ့၌ ရဟန်းသံဃာ အပေါင်းတို့ကို စည်းဝေး စေ၍ တင်းတိမ်ထက်ဝန်းကျင်ရံ၍ တင်းတိမ်တွင်း၌ နေစေလျက် အယူ တူအယူတူရှိကုန်သော ရဟန်းတို့ကို တပေါင်းတစုတည်းပြု၍ ထားပြီး မှ တစုစီထုတ်၍ "အရှင်ဘုရားတို့.... ဘုရားသခင်သည် အဘယ်အယူ ရှိသနည်း"ဟု မေးတော်မူသည်၊ အသီးအသီး အယူရှိကုန်သော တိတ္ထိ တို့က—

"သဿတအယူ၊
ဧကစ္စသဿတ အယူ၊
အန္တာနန္တိကအယူ၊
အမရာဝိက္ခေပအယူ၊
အဓိစ္စသမုပ္ပန္နအယူ၊
သညီဝါဒိကအယူ—

အစရှိကုန်သောအယူတို့ကို ဘုရားသခင်ယူစေတော်မူသည်"ဟုဆိုသ မျှကို ဓမ္မာသောကမင်းလည်း မြတ်စွာဘုရား၏အယူကို သိပြီးဖြစ်သော ကြောင့် ဘုရားသခင်အယူတော်နှင့် ကွဲလွဲသမျှ ခြောက်သောင်းသော တိတ္ထိတို့ကို ပုဆိုးဖြူကို ပေး၍ လူပြုစေသည်။

မောဂ္ဂလိပုတ္တတိဿမထေရ်နှင့် ဓမ္မာသောကမင်းတို့ တတိယသင်္ဂါယနာတင်၍သာသနာပြုပုံ

တဘန် တစုသော ရဟန်းတို့ကို ထုတ်၍ "အရှင်ဘုရားတို့....ဘုရား သခင်သည်အဘယ် အယူ ရှိတော်မူသနည်း"ဟု မေးတော်မူသည်၊ "မင်း ကြီး....ဘုရားသခင် သည် ဝိဘဇ္ဇဝါဒီ=ခွဲခြမ်းသောအယူရှိတော်မူသည်" ဟု ဆိုသော် ဓမ္မာသောကမင်းကြီးသည် မောဂ္ဂလိပုတ္တတိဿထေရ်ကို

"အရှင်ဘုရား.... ဘုရားသခင်သည် ဝိဘဇ္ဇဝါဒီ=ခွဲခြမ်းသောအယူ ရှိတော်မူသလော"ဟု မေးသော်"တကာမင်းကြီး....ဟုတ်၏"ဟုဆိုသော် "အရှင်ဘုရားတို့.... ယခုသာသနာတော်စင်ကြယ်ပြီ၊ရဟန်းသံဃာသည် ဥပုသ်ကိုပြုကုန်လော့"ဟု ဆို၍ အစောင့်အရှောက် ထားခဲ့ပြီးလျှင် နန်းတော်သို့ဝင်တော်မူသည်၊ ထိုသံဃာအစည်းအဝေး၌ ခြောက်သန်းသော သံဃာအရေအတွက် ရှိကုန်သည်။

အရှင်မောဂ္ဂလိပုတ္တတိဿထေရ်လည်း ခြောက်သန်းအရေအတွက် ရှိကုန်သော ရဟန်းသံဃာတို့တွင် ဆဋ္ဌဘိည ပဋိသမ္ဘိဒါပတ္တသို့ ရောက်ကုန်သော ပိဋကတ်သုံးပုံ ပရိယတ္တိကိုဆောင်ကုန်သော ရဟန္တာတထောင်ကို ရွေးကောက်၍ အရှင်မဟာကဿပမထေရ် ပဌမသင်္ဂါယနာ,အရှင်ယသမထေရ် ဒုတိယသင်္ဂါယနာ တင်သကဲ့သို့ ဓမ္မာသောကမင်း ဘိသိက်ခံ၍ ၁၇-နှစ်၊ သာသနာတော် ၂၃၆-နှစ် တပို့တွဲလပြည့်နေ့ကစ၍ အသောကာရုံကျောင်း၌ သုတ်,အဘိဓမ္မာ,ဝိနည်းတည်းဟူသော ပရိယတ္တိကို ၉-လပတ်လုံး တနေ့မလပ် သင်္ဂါယနာတင်၍ အညီအညွှတ် ရွတ်ဘတ်သရဇ္ဈာယ်ပြန်ကြကုန်သည်၊ သီတင်းကျွတ်လပြည့်နေ့မှာ တတိယသင်္ဂါယနာပြီးသည်။

၎င်းသို့လျှင် ပိဋကတ်သုံးပုံတည်းဟူသော ပရိယတ္တိကို ပဌမသင်္ဂါယနာ, ဒုတိယသင်္ဂါယနာ,တတိယသင်္ဂါယနာ တင်တော်မူကြကုန်သော အရှင်မြတ်တို့၏ အန္ဝယ်အဆက် အာစရိယပရံပရတို့သည်ကား—

ဥပါလိ ဒါသကောစေဝ၊ သောဏကော သိဂ္ဂဝေါ တထာ။
တိဿော မောဂ္ဂလိပုတ္တော စ၊ ပဉ္စေတေ ဝိဇိတာဝိနော။ ။
ပရံပရာယ ဝိနယံ၊ ဒီပေ ဇမ္ဗုသိရိဝှယေ။
အစ္ဆိန္နမာနံ အာနေသုံ၊ တတိယော ယာဝ သင်္ဂဟော။ ။

ဟူသော အဋ္ဌကထာပါဠိနှင့်အညီ ဥပါလိထေရ်, ဒါသကထေရ်, သောဏထေရ်, သိဂ္ဂဝထေရ်,မောဂ္ဂလိပုတ္တတိဿထေရ်- ၎င်းငါးပါးသော ရဟန္တာထေရ်မြတ်တို့သည်,ဇမ္ဗူသပြေပင်အမည်ရှိသော ဇမ္ဗူဒိပ်ကျွန်း၌ အဆက်ဆက်ဖြင့် တတိယသင်္ဂါယနာတင်သည်တိုင်အောင် မပြတ်စေမူ၍ ဝိနည်းကိုဆောင်ကုန်သည်။

ထိုမထေရ်ငါးပါးတို့တွင် ဥပါလိမထေရ်သည် ဤဝိနည်း၏အနွယ်, ဝိနည်း၏အစဉ်,ဝိနည်း၏အဆက်ကို ဘုရားသခင် မျက်မှောက်အထံတော်မှ သင်၍ များစွာကုန်သော ရဟန်းတို့၏ နှလုံး၌တည်စေသည်၊ ရှင်ဥပါလိမထေရ်၏ အထံတော်၌ ဝိနည်းအနွယ်ကို သင်ကြား၍ သိကြားလိမ္မာသောအဖြစ်သို့ ရောက်ကုန်သော သူတို့တွင် ပုထုဇဉ်,သောတာပန်, သကဒါဂါမ်,အနာဂါမ် ပုဂ္ဂိုလ်တို့သည်ကား မရေမတွက်နိုင်၊ အာသဝေါတရားကုန်ပြီးသောရဟန္တာကား-တထောင်ဖြစ်သည်၊ ထိုရဟန္တာတထောင်တို့တွင် ဒါသကမထေရ်သည် ဥပါလိမထေရ်၏ သဒ္ဓိဝိဟာရိကတပည့်ဖြစ်သည်၊ ဝိနယပါမောက္ခအရာထားခဲ့၍ ပရိနိဗ္ဗာန်ပြုသည်။

မောဂ္ဂလိပုတ္တတိဿထေရ်သည်လည်း ဥပဇ္ဈာယ် သိဂ္ဂဝထေရ် အထံတော်မျက်မှောက် ဝိနည်းကိုသင်၍ နောက်တပည့်သားတို့အား ပို့သသင်ကြားသဖြင့် ဝိနည်း၌ သိကြားလိမ္မာခြင်းသို့ရောက်ကုန်သော ပုထုဇဉ်, သောတာပန်, သကဒါဂါမ်,အနာဂါမ် ပုဂ္ဂိုလ်တို့သည်ကား မရေမတွက်နိုင်၊ အာသဝေါတရား ကင်းစင်ကုန်ပြီးသော မဟိန္ဒထေရ် အစရှိကုန်သော ရဟန္တာမထေရ်တို့သည်လည်း မရေမတွက်နိုင် များစွာဖြစ်၍ ဇမ္ဗူဒိပ်ကျွန်းမှသီဟိုဠ်ကျွန်းသို့ မဟိန္ဒထေရ်အစရှိကုန်သော အဆက်ဆက်သော ဆရာတို့သည် ပရိယတ်ကိုဆောင်၍ သာသနာတော် ထွန်းလင်းအောင် သင်ကြားရွက်ဆောင်ကုန်သည်။

ကိုးတိုင်းကိုးဌာန သာသနာပြု စေလွှတ်ပုံ

မောဂ္ဂလိပုတ္တတိဿထေရ်သည်လည်း ဤ တတိယသင်္ဂါယနာကိုတင်ပြီး၍ ဤသို့ကြံပြန်၏ "နောင်အခါ အဘယ်အရပ်၌ သာသနာတော်သည် ကောင်းစွာတည်သည် ဖြစ်လတ္တံ့နည်း"ဟု ဆင်ခြင်တော် မူပြန်လျှင် ပစ္စန္တရစ်ဇနပုဒ်၌ ကောင်းစွာတည်လတ္တံ့သည်ကို မြင်တော်မူသောကြောင့် ထိုထိုသို့သော ရဟန်းတို့၏ ဝန်ကိုပြု၍ ထိုထိုသော အရှင်တို့ကို ထိုထိုသော အရပ်တို့သို့ စေတော်မူသည်ကား တတိယသင်္ဂါယနာ တင်ပြီးသည့်နောက် သာသနာတော် ၂၃၅-နှစ် တန်ဆောင်မုန်းလပြည့်နေ့-

(၁) မဇ္ဈန္တိကထေရ်ကို ကသ္မီရဂန္ဓာရတိုင်း၊
(၂) မဟာရေဝတထေရ်ကို မဟိံသကတိုင်း၊
(၃) ရက္ခိတထေရ်ကို ဝနဝါသီအရပ်၊

(၄) ယောနက ဓမ္မရက္ခိတထေရ်ကို အပရန္တတိုင်း၊
(၅) မဟာဓမ္မရက္ခိတထေရ်ကို မဟာရဋ္ဌတိုင်း၊
(၆) မဟာရက္ခိတထေရ်ကို ယောနကမည်သောပြည်၊
(၇) မဇ္ဈိမသထေရ်ကို ဟိမဝန္တာအရပ်၊
(၈) သောဏထေရ်,ဥတ္တရထေရ်ကို သုဝဏ္ဏဘုမ္မိသထုံပြည်၊
(၉) အတူနေတပည့်ဖြစ်သော မဟိန္ဒထေရ်နှင့်တကွ ဣဋ္ဋိယထေရ်, ဥတ္တိယထေရ်,သမ္ဗလထေရ်,ဘဒ္ဒသာလထေရ်ကို သီဟိုဠ်ကျွန်း၊

ဤသို့ ရေတွက်အပ်ကုန်ပြီးသော အလုံးစုံသော မထေရ်တို့သည် မိမိလျှင်ငါးယောက်မြောက် ငါးပါးအစုရှိသော ဂိုဏ်းပြည့် ဇနပုဒ်တို့၌ ဥပသမ္ပဒကံ လျောက်ပတ်သည်ဖြစ်၍ ထိုထိုသို့သော အရပ်တို့သို့ သာသနာပြု စေလွှတ်တော်မူသည်။

ကသ္မီရဂန္ဓာရရဋ္ဌ်သာသနာပြုပုံ

ထိုသို့ စေလွှတ်တော်မူသော မထေရ်တို့တွင် ထိုအခါ ကသ္မီရဂန္ဓာရတိုင်း၌ ကောက်မှည့်သောအချိန်တွင် အရဝါဠနဂါးမင်းသည် ကြီးစွာသောမိုယ်းကို ရွာစေသဖြင့် ကောက်ပဲတို့သည် ပျက်စီး၍ သမုဒ္ဒရာသို့ မျောစေသည်အခိုက် မဇ္ဈန္တိကထေရ်သည် ပါဋလိပုတ်ပြည်မှ ကောင်းကင်သို့ ပျံတက်၍ ဟိမဝန္တာ၌ အရဝါဠနဂါးမင်းအား နှိပ်နင်းဆုံးမလျှင် ယဉ်ကျေးသဖြင့် ရှစ်သောင်းလေးထောင်သော နဂါးတို့နှင့်တကွ အရဝါဠနဂါးမင်း သရဏဂုံ,ပဉ္စသီတို့၌ တည်လေသည်။

ဟိမဝန္တာ၌ နေကုန်သော ယက္ခနတ်, ဂန္ဓဗ္ဗနတ်, ကုမ္ဘဏ်နတ်အပေါင်းတို့သည်လည်း သရဏဂုံ,ပဉ္စသီ၌ တည်လေသည်၊ ပဉ္စကအမည်ရှိသော ဘီလူးသည်လည်း မယားဖြစ်သော ယက္ခိနီနှင့်ရင်း,ပဉ္စကဘီလူးသားငါးရာတို့နှင့်ရင်း သောတာပတ္တိဖိုလ်၌ တည်လေသည်၊ ထိုအခါ ကသ္မီရဂန္ဓာရတိုင်းသားတို့သည် လာကုန်၍ မထေရ်ကို ဖူးမြင်ကုန်သည်၊မဇ္ဈန္တိကမထေရ်သည်လည်း ဖူးမြင်လာသော လူအပေါင်းတို့အား အာသီဝိသောပမသုတ်ကို ဟောတော်မူသည်၊ ဤသုတ်ကို ဟောတော်မူသောအဆုံး၌ ရှစ်သောင်းသောပရိသတ်တို့ ဓမ္မာဘိသမယဖြစ်သည်၊ တသိန်းသော အမျိုးတို့လည်း ရဟန်းပြုကြကုန်၍ သက်နိုးရောင်ဖြင့် တောက်ပကုန်သည်။

မဟိံသကတိုင်း၌ သာသနာပြုပုံ

မဟာရေဝတထေရ်သည် မဟိံသကတိုင်းသို့သွား၍ ဒေဝဒူတသုတ်ကို ဟောတော်မူသည်၊ ဤသုတ်ကို ဟောသောအဆုံး၌ လေးသောင်းသော သတ္တဝါတို့သည် အောက်မဂ်သုံးပါးကို ရကုန်လျက် ရဟန်းပြုကြကုန်သည်။

ဝနဝါသီတိုင်း၌ သာသနာပြုပုံ

ရက္ခိတထေရ်သည်လည်း ဝနဝါသီတိုင်းသို့သွား၍ အနမတဂ္ဂသုတ်ကို ဟောတော်မူသည်၊ ဤသုတ်ကိုဟောတော်မူသောအဆုံး၌ ခြောက်သောင်းသောသတ္တဝါတို့အား ဓမ္မာဘိသမယဖြစ်ကြကုန်သည်၊ ခုနစ်သောင်းသော လူအပေါင်းတို့သည် ရဟန်းပြုကြကုန်သည်၊ သက်နိုးရောင်ဖြင့် တောက်ပကုန်သည်။

အပရန္တတိုင်း၌ သာသနာပြုပုံ

ယောနကမဟာဓမ္မရက္ခိတ မထေရ်သည်လည်း အပရန္တတိုင်းသို့ သွား၍ အဂ္ဂိက္ခန္ဓောပမသုတ်ကို ဟောတော်မူသည်၊ ဤသုတ်ကို ဟောသော အဆုံး၌ ခုနစ်သောင်းသော သတ္တဝါတို့သည် တရားတည်းဟူသော အမြိုက်ကို သောက်ရသည်၊ မင်းမျိုးမှထွက်၍ တထောင်မျှလောက်သော သူတို့သည် ရဟန်း ပြုကြကုန်သည်၊ ခြောက်ထောင်သော မိန်းမတို့ သည်လည်း ရဟန်းပြုကြကုန်သည်။

မဟာရဋ္ဌတိုင်း၌ သာသနာပြုပုံ

မဟာဓမ္မရက္ခိတ မထေရ်သည်လည်း မဟာရဋ္ဌတိုင်းသို့ ကြွ၍ မဟာနာရဒကဿပဇာတ်ကို ဟောတော်မူသည်၊ ဤဇာတ်ကို ဟောသော အဆုံး၌ ရှစ်သောင်းလေးထောင်သောသတ္တဝါတို့သည် မဂ်,ဖိုလ်တို့၌ တည်လေသည်၊ တသောင်းသုံးထောင်သော သတ္တဝါတို့သည် ရဟန်းပြုကြကုန်သည်။

ယောနကရဋ္ဌတိုင်း၌ သာသနာပြုပုံ

မဟာရက္ခိတ မထေရ်သည် ယောနကရဋ္ဌ ပန်းသေးပြည်သို့ သွား၍ ကာဠကာရာမသုတ်ကို ဟောတော်မူသည်၊ ဤသုတ်ကို ဟောသော

အဆုံး၌ တသိန်းခုနစ်သောင်းသော သတ္တဝါတို့သည် မဂ်,ဖိုလ်ကို ရကြကုန်သည်၊ တသောင်းသော သတ္တဝါတို့သည် ရဟန်းပြုကြကုန်သည်။

ဟိမဝန္တာအရပ်၌သာသနာပြုပုံ

မဇ္ဈိမထေရ်သည်ကား ကဿပဂေါတ္တမထေရ်, အဠကဒေဝမထေရ်, ဒုန္ဒုဘိယမထေရ်, မဟာဒေဝမထေရ်-ဤမထေရ် လေးပါးတို့နှင့်တကွ ဟိမဝန္တာ အရပ်သို့ သွား၍ ဓမ္မစကြာသုတ်ကို ဟောတော်မူသည်၊ ဤသုတ်ကို ဟောသောအဆုံး၌ ကုဋေ၈၀-သောသတ္တဝါတို့ မဂ်,ဖိုလ်ကို ရကြကုန်သည်၊ ထိုငါးပါးသော မထေရ်တို့၏အထံ၌ အသီးအသီး တသိန်းမျှလောက်သော ဟိမဝန္တာအရပ်သားတို့ ရဟန်းပြုကြကုန်သည်။

သုဝဏ္ဏဘူမိ၌ သာသနာပြုပုံ

သောဏထေရ်, ဥတ္တရထေရ်တို့သည် သုဝဏ္ဏဘူမိသထုံပြည်သို့ သွား၍ ရက္ခိုသ်ဘီလူးတို့ကို နှိပ်နင်းပြီးလျှင် ဗြဟ္မဇာလသုတ်ကို ဟောတော်မူသည်၊ ဤသုတ်ကို ဟောတော်မူသောအဆုံး၌ ခြောက်သောင်းသော သတ္တဝါတို့သည် ဓမ္မာဘိသမယ ဖြစ်ကုန်သည်၊ သုံးထောင်ငါးရာသော အမျိုးသား, နှစ်ထောင့်ငါးရာသော အမျိုးသမီးတို့ ရဟန်းပြုကြကုန်သည်၊ ဤသို့ အသီးအသီး သာသနာပြု၍ သာသနာတော် စည်ထွန်းသည့်နောက် ဓမ္မာသောကမင်း ဘိသိက်ခံ၍ ၂၅-နှစ် သာသနာတော် ၂၄၄-နှစ်တွင် ရှင်မောဂ္ဂလိပုတ္တတိဿထေရ် သက်တော် ၈၀-ပြည့်တွင် ပရိနိဗ္ဗာန်ပြုတော်မူသည်။

အသန္ဓိမိတ္တာမိဖုရားသည် သာသနာတော် ၂၄၈-နှစ်တွင် အနိစ္စရောက်သည်၊ နောက်လေးနှစ် သာသနာတော် ၂၅၂-ခုနှစ်တွင် တိဿရက္ခ သတို့သမီးကို မိဖုရားကြီးအရာ ထားသည်၊ မိဖုရားကြီးအရာ ထားသည့်နောက် သုံးနှစ်၊ သာသနာတော် ၂၅၅-နှစ်တွင် ဓမ္မာသောကမင်း သာသနာတော်မြတ်ကို လွန်စွာစောင့်ရှောက်လျက် စည်းစိမ် ၃၂-နှစ် အနိစ္စရောက်လေသည်။

မြတ်စွာဘုရား သီဟိုဠ်သို့ကြွ၍ ခြေတော်ရာချခဲ့ပုံ

ရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်၏ သဒ္ဓိဝိဟာရိက တပည့်တို့ကို အသီးအသီး သာသနာတော် ၂၃၅-နှစ်၌ စေလွှတ်တော်မူသည်တွင်

သီဟိုဠ်ကျွန်းသို့ ရှင်မဟိန္ဒထေရ်ကို သဒ္ဓိဝိဟာရိက တပည့်များနှင့် စေတော်မူခြင်းသည်ကား ဘုရားသခင် ထင်ရှားရှိစဉ်ကပင် ဘုရားအဖြစ်သို့ ရောက်၍ ၉-လမြောက် ဘီလူးတို့နေရာ သီဟိုဠ်ကျွန်းသို့ ကြွတော်မူ၍ အလျား သုံးယူဇနာရှိသောစစ်မြေအရပ် မဟာနာဂဝန်ဥယျာဉ်၌ ဘီလူးတို့၏ အစည်းအဝေးတွင် နှိပ်နင်းတော်မူ၍ တရားဟောတော်မူလျှင် အကုဋေမကသော သတ္တဝါတို့ အကျွတ်တရားကို ရလေသည်။

သုမနကူဋတောင်၌နေသော သောတာပန်အဖြစ်သို့ ရောက်ပြီးသော မဟာသုမန နတ်မင်းသည် အစဉ်ကိုးကွယ်လို၍ တောင်းပန်ရာတွင် ဦးခေါင်းတော်ကို သုံးသပ်၍ တဆုပ်မျှသောဆံကို ပေးအပ်ခဲ့၍ ဇမ္ဗူဒိပ်ကျွန်းသို့ လာတော်မူသည်။

နှစ်ကြိမ်မြောက် ဘုရားဖြစ်၍ ငါးနှစ်မြောက် သီဟိုဠ်ကျွန်း၌ စူဠောဒရနဂါး,မဟောဒရနဂါး တူ,ဦးရီးတို့သည် ပတ္တမြားပလ္လင်ကို အမှီပြု၍ စစ်ကြီးဖြစ်ကြသောအခါ ထိုနဂါးတို့ ပျက်စီးလတ္တံ့သည်ကို မြင်တော်မူသောကြောင့် တန်ခူးလကွယ် ဥပုသ်နေ့နံနက် သမိဒ္ဓိနတ်သားသည် လင်းလွန်းပင်ကို ထီးပြု၍ကာမိုးလျက် နာဂဒီပသို့ ကြွတော်မူ၍ တူ,ဦးရီး နှစ်ယောက်တို့အား ဆုံးမ၍ အမျက်ဒေါသ ငြိမ်းစေပြီးလျှင် ကုဋေ ၈၀ မျှလောက်သော ကြည်း၌,ရေ၌နေကုန်သော သတ္တဝါအပေါင်းတို့ကို သရဏဂုံ,ပဉ္စသီတည်စေသည်၊ ထိုနဂါးတို့လည်း ကိုးကွယ်ရာတောင်းပန်သောကြောင့် ပတ္တမြားပလ္လင်နှင့် လင်းလွန်းပင်ကို အပ်ပေးတော်မူ၍ ဇမ္ဗူဒိပ်ကျွန်းသို့ ပြန်လည်တော်မူသည်။

ထိုနောက် သုံးကြိမ် ဘုရားဖြစ်၍ရှစ်နှစ်မြောက် မဟောဒရနဂါးမင်း၏ ဦးရီးတော်ဖြစ်သော မဏိအက္ခနဂါးမင်းသည် တောင်းပန်လိုက်သဖြင့် ကဆုန်လပြည့် ဥပုသ်နေ့၌ ၅၀၀-သောရဟန်းတို့ဖြင့် ခြံရံလျက် ကလျာဏီအရပ်၌ မဏိအက္ခနဂါးမင်း ဘန်ဆင်းအပ်သော ရတနာမဏ္ဍပ်၌ ရပ်တော်မူ၍ ပူဇော်သက္ကာရအထူးကို ခံတော်မူပြီး၍ တရားဟောတော်မူပြီးလျှင် သုမနကူဋတောင်ထိပ်၌ ခြေတော်ရာချခဲ့ပြီးသော် တောင်ခြေရင်း၌ နေ့သန့်စင်တော်မူပြီးမှ ဒီဃဝါပိစေတီအရာ မုတိင်္ဂဏစေတီအရာ, ကလျာဏီစေတီအရာ, ဒက္ခိဏသာခါမဟာဗောဓိအရာ, ထူပါရုံစေတီအရာ- ဤအရာများတို့၌ တပည့်သားတို့နှင့် နေတော်မူ၍

နိရောဓသမာပတ်ကိုဝင်စားတော်မူပြီးမှ သိလာစေတီအရပ်၌ ရပ်တန့် တော်မူလျက် နတ်နဂါးတို့အား ဆုံးမတော်မူ၍ ဇမ္ဗူဒိပ်သို့ ပြန်လည် တော်မူသည်။

သာသနာတော်မရောက်မီ သီဟိုဠ်မင်းဆက်

ဤသို့ ဘုရားသခင် သုံးကြိမ်တိုင်အောင် သီဟိုဠ်ကျွန်းသို့ ကူးတော် မူ၍ သာသနာတော် စည်ပင်ထွန်းကားလတ္တံ့သည်ကို ဗျာဒိတ်ထား ဘူးသည်နှင့် ဘုရားသခင် ကုသိနာရုံပြည်ဝယ် သက္ကရာဇ် ၁၄၈-ခုနှစ် ပရိနိဗ္ဗာန်ပြုခါနီး''သိကြားမင်း....လာဠတိုင်း သီဟပူရမြို့၌ သီဟဗာဟု မင်းကြီးသားတော် ဝိဇယမင်းသားသည် နောက်လိုက် ၇၀၀-နှင့် သီဟိုဠ်ကျွန်းသို့ ကူး၍ အဦးအစ မင်းမူလတ္တံ့၊ ငါဘုရား ပရိနိဗ္ဗာန် စံဝင်ပြီးသည့်နောက်လည်း သာသနာတော် ထွန်းပလတ္တံ့။ သင်သိကြား မင်း အဘော်ပြု၍ စောင့်မဘိ''ဟု ဗျာဒိတ်ထားတော်မူခဲ့၍ သိကြား မင်း ဝန်ပြုရသည်နှင့် သိကြားစောင့်မ၍ သီဟိုဠ်ကျွန်းသို့ ဝိဇယမင်း ကူး၍ ရောက်လျှင် မြို့ပြဘည်ထောင်၍ မင်းပြုသည်၊ မင်းပြု၍ စည်းစိမ် ၃၇-နှစ် ရှင်မဟာကဿပထေရ် သက္ကရာဇ် ၁၄၈-မြို့၍ အတိုတခု ထားခဲ့သောနှစ်မှသည် တိုးပွါး၍ သာသနာတော် ၃၇-နှစ်တွင် ဝိဇယ မင်း အနိစ္စရောက်သည်၊

ထို့နောင် ရာဇသုညတနှစ်၊ သာသနာတော် ၃၈-နှစ်တွင် ပဏ္ဍု ဝါသုဒေဝမင်း စည်းစိမ်-၃၀၊သာသနာတော် ၆၈-နှစ်တွင် အနိစ္စရောက် သည်၊၎င်းနှစ်သားတော်အဘယမင်း စည်းစိမ်၂၀၊သာသနာတော် ၈၈- နှစ်တွင် အနိစ္စရောက်သည်၊ ၎င်းနှစ် တူတော် ပဏ္ဍုကာဘယ မင်းပြု၍ ဘိသိက် မခံမီ ၁၈-နှစ်, ဘိသိက်ခံပြီး ၇၀-ပေါင်းစည်းစိမ် ၈၇-နှစ်၊ သာသနာတော်၁၇၅-ခုတွင်အနိစ္စရောက်သည်၊ ၎င်းနှစ်သားတော် မုဋ သိဝမင်းပြု၍ စည်းစိမ် ၆၀-နှစ်၊သာသနာတော် ၂၃၅-နှစ်တွင် အနိစ္စ ရောက်သည်။

ရှင်မဟာမဟိန္ဒမထေရ် သီဟိုဠ်သို့ကြွပုံ

၎င်းနှစ် ဒေဝါနံပိယတိဿ မင်းပြု၍ ပဌမဘိသိက် နတ်တော်လဆန်း ၁-ရက်နေ့ခံသည်၊ ထိုအခါ သိကြားမင်းသည် ရှင်မဟိန္ဒထေရ်သို့ကပ်၍

"အရှင်ဘုရား....သီဟိုဠ်ကျွန်း၌ မုဋသိဝမင်းသည် အနိစ္စရောက်ပြီ၊ ယခု သားတော် ဒေဝါနံပိယတိဿမင်းပြု၍ ရှိပြီ၊ ဘုရားသခင်လည်း အရှင်ဘုရားတို့ကိုဗျာဒိတ်ထားတော်မူသည်၊ 'နောင်သောအခါမဟိန္ဒမည်သော ရဟန်းသည်၊ သီဟိုဠ်ကျွန်းသို့ သာသနာထွန်းပရစ်အောင် ပြုလတ္တံ့' ဟု မိန့်တော်မူခဲ့သည် ဖြစ်သောကြောင့် သီဟိုဠ်ကျွန်းသို့ ကူးချိန် အခါ တန်ပြီ၊ ကျွန်ုပ်လည်း အရှင်ဘုရား၏ အပေါင်းအဘော် သဟာယ ဖြစ်ပါသည်" ဟု လျှောက်လျှင် ရှင်မဟိန္ဒမထေရ် ဝန်ခံတော်မူ၍ ပါဋလိပုတ်ပြည်မှ ယူဇနာတရာကွာသော ဥဇ္ဇေနီပြည်တွင် ခြောက်လ-ငံ့တော်မူပြန်သတည်း၊ အဘယ်သို့ ငံ့ဆိုင်းတော်မူသနည်း၊ ဒေဝါနံပိယ တိဿမင်းနှင့်ဓမ္မာသောကမင်း ဘုန်းတန်ခိုးကြီးကျယ်ပြန့်နှံ့တော်မူသည် ဖြစ်၍ တယောက်ကိုတယောက် မမြင်ဘူးသော အဆွေခင်ပွန်းဖြစ်ကြသဖြင့် ပဏ္ဏာကာရ အတုံ့အလှယ် တမန်စေ၍ရှိကြသည်၊ ဒေဝါနံပိယ တိဿမင်း ပဌမဘိသိက် ခံပြီးသည်မှနောက် ဘိသိက်ခံစိမ့်သောငှါ မင်းမြောက် တန်ဆာငါးပါးနှင့် သ-လိုက်သော ပဏ္ဏာလက်ဆောင်တွင် အထူးမှာလိုက်ပြန်သည်ကား—

"ပိယသဟာယ၊ ချစ်ကြည်ကြသော အဆွေဒေဝါနံပိယ တိဿမင်း။ အဟံ၊အကျွန်ုပ်သည်ကား။ သကျပုတ္တဿ၊ သာကီဝင် မင်းသား ဘုရားသခင်၏။ သာသနေ၊ သာသနာတော်၌။ ဗုဒ္ဓံ၊ ဘုရားကိုလည်းကောင်း။ ဓမ္မံ၊တရားကိုလည်းကောင်း။ သံဃံ၊ သံဃာတော်ကိုလည်းကောင်း။ သရဏံဂတော၊ ကိုးကွယ်ရာဟူ၍။ ဂတော၊ ဆည်းကပ်၏။ ဥပါသကတ္တံ၊ ဆည်းကပ်သော ဒါယကာ၏ အဖြစ်ကို။ ဒေသေသိံ၊ပြုလိုက်ပေ၏။

တွံပိ၊ ငါ၏အဆွေဖြစ်သောမင်းသည်သည်း။ ဥတ္တမေ၊ မြတ်သော။ဇိနသာသနေ၊ မြတ်စွာဘုရားသာသနာတော်၌။ အဟံဝိယ၊ ငါကဲ့သို့။ဣမေသု တီသု ဝတ္ထူ သု၊ ဤရတနာသုံးပါးတို့၌။ စိတ္တံ၊ စိတ်ကို။ ပသာဒေဟိ၊ကြည်စေလော့။ သဒ္ဓါ-သဒ္ဓါယ၊ယုံကြည်သဖြင့်။ သရဏံ-ပရာယဏံဂတိ၊ ကိုးကွယ်လည်းလျောင်းရာဟူ၍။ ဥပေဟိ၊ဆည်းကပ်ပါလော့"။

ဤသို့လက်ဆောင်ပဏ္ဏာများနှင့်မှာလိုက်၍ ကဆုန်လဆန်း ၂-ရက်နေ့တွင်ရောက်သည်၊ ကဆုန်လပြည့်နေ့တွင် ဒုတိယရာဇာဘိသိက် ခံသည်၊

ထိုကာလ၌ယခုတိုင်အောင် ခပ်သိမ်းသောမင်းတို့သည် ကဆုန်လပြည့်နေ့ ဘိသိက်ခံကုန်သတည်း။

ရှင်မဟိန္ဒမထေရ်သည် သာသနာတော် ၂၃၆-နှစ်ဒုတိယဘိသိက်ခံ၍ တလလွန် နယုန်လပြည့်၌ မယ်တော်အိမ်မှဆွမ်းဘုဉ်းပေးပြီးလျှင် ဥပုသ်အိမ်၌ မဟိန္ဒအမည်ရှိသော သံဃထေရ်, ဣဋ္ဋိယထေရ်,ဥတ္တိယထေရ်, ဘဒ္ဒသာလထေရ်,သမ္ဗလထေရ် အဘိညာဉ်ခြောက်ပါးနှင့် ပြည့်စုံသော သုမနသာမဏေ, အနာဂါမိမဂ်ဖြင့်ပြီးသော သစ္စာရှိသော ၇-ယောက်မြောက် ထိုမထေရ်တို့၏ ဘဏ္ဍုကသီတင်းသည်-ဤရဟန္တာမြတ်တို့သည် တိုင်ပင်ပြီးမှ သီဟိုဠ်ကျွန်းမှာလည်း ဒေဝါနံပိယတိဿမင်း ဇေဋ္ဌနက္ခတ်နှင့်ယှဉ်လျက် နယုန်လပြည့်နေ့ အနုရာဓမြို့မှထွက်၍ မိဿကတောင်သို့ တက်၍သဘင်ခံစားစဉ် ဇမ္ဗူဒိပ်ကျွန်းကောင်းကင်၌ ဟသ်ာမင်းကဲ့သို့ ပျံကြွ၍ ဣဋ္ဋိယအစရှိသည်တို့နှင့်တကွ သာသနာတော်၂၃၆-နှစ်တွင်ကူး၍ မိဿကတောင်ထိပ်၌ နေတော်မူသည်။

အရှင်မဟာမဟိန္ဒ၏တရားကိုနာ၍ မင်းနှင့်တကွ သရဏဂုံတည်ပုံ

ထိုမိဿကတောင်စောင့်နတ်သည် "မင်းအား မထေရ်တို့ကိုမြင်စေအံ့"ဟု သမင်အယောင်ဘန်ဆင်းဆောင်၍ပြလျှင် မင်းကြီး မြင်သဖြင့် "ဤဦးပြည်းကား လူလော,နတ်လော"ဟု ကြီ၍မေးသော်"မင်းကြီး···· ငါတို့ကား တရားမင်းဘုရား၏တပည့်ဖြစ်ကုန်သောရဟန်းတို့တည်း၊ သင်မင်းကြီးကိုသနားသောကြောင့်လျှင် ဤသီဟိုဠ်ကျွန်းသို့ လာကုန်သည်"ဟုဆိုလျှင် ထိုဒေဝါနံပိယတိဿမင်းသည် ကြားဘူးကာမျှ မမြင်ရသေးသည်ကို အောက်မေ့မိသည်ဖြစ်၍"ဤသူတို့ကား ဘုရားသခင်တပည့်သားတော်ဖြစ်လတ္တံ့သည်"ထိုခဏဖြင့်ပင် သန်လျက်ကိုချ၍ တင့်အပ်လျောက်ပတ်သောအရပ်၌နေလျက် နှစ်လိုဖွယ်သောစကားကို ပြောဟော၍နေသည်။

ထိုသို့နေကြသောအခါ မဟိန္ဒမထေရ်သည် ဣဋ္ဋိယ စသောတပည့်ခြောက်ယောက်တို့ကိုပြ၍ မင်းကြီးမြင်လျှင် "အရှင်ဘုရား···· ဤသူတို့ကား အဘယ်အခါ၌ လာကုန်သနည်း" ဤသို့ မေးသည် ရှိသော် "မင်းကြီး····ငါနှင့်လျှင် တကွ လာကုန်သည်"၊ "အရှင်ဘုရား····

ဇမ္ဗူဒိပါကျွန်း၌ အရှင်ဘုရားတို့မှတပါး ရဟန်းရှိကုန်သလော''ဟု မေးလျှင်''မင်းကြီး…ဇမ္ဗူဒိပါကျွန်း၌သက်နံးရောင်ဖြင့် တောက်ပသည်''ဟူ၍ ဆိုလျှင် ဒေဝါနံပိယတိဿမင်းသည် အလွန်တရာသဒ္ဓါကြည်ညိုခြင်း ပြင်းစွာရှိ၍ အခြံအရံပရိသတ်အပေါင်းတို့နှင့်လက်အုပ်ချီကာနေစဉ် ရှင်မဟာတ္တိပဒေါပမသုတ်ဟောတော်မူသည့် အဆုံး၌ လေးသောင်းသောသတ္တဝါတို့နှင့်တကွ မင်းကြီးသည် သရဏဂုံသုံးပါး၌ တည်လေသည်။

အနုဋ္ဌာဒေဝီနှင့်တကွ တရားထူးရကြပုံ

ဒေဝါနံပိယတိဿ မင်းကြီးလည်း သံဃာတော် ၇-ပါးနှင့်တကွ မိုးသောက်သောကာလ နန်းတော်သို့လာ၍ ဆွမ်းဘုဉ်းပေး ပါမည့်အကြောင်းကို လျှောက်လာပြန်လေသည်နှင့် မိုးသောက်သောကာလ မင်းသည် နန်းတွင်း၌စီရင်အပ်သော မဏ္ဍပ်ကိုဝင်၍ ဆန်းကြယ်စွာသော နေရာ၌ နေတော်မူသည်၊ ဒေဝါနံပိယတိဿ မင်းကြီးလည်း အနုဋ္ဌာဒေဝီမိဖုရားနှင့်ထွက်၍ ဆွမ်းလုပ်ကျွေးသဖြင့် ဆွမ်းဘုဉ်းပေးပြီးသော အဆုံး၌ ပရိသတ်နှင့်တကွသော မင်း, မိဖုရားကို ပေတဝတ္ထု, ဝိမာနဝတ္ထု, သစ္စသံယုတ်ကို ဟောတော်မူသည်၊ မဟိန္ဒမထေရ်၏တရားကို ကြားနာရလျှင် ငါးရာသော မောင်းမတို့နှင့်တကွ အနုဋ္ဌာဒေဝီမိဖုရား သောတာပတ္တိဖိုလ်၌ တည်လေသည်။

ဇင်းနေ့ပင် မဏ္ဍပ်ကျဉ်းပြန်သောကြောင့် ဆင်တင်းကုပ်ကိုသုတ်သင်၍ သဲဖြူကြဲပြီးလျှင် ငါးပါးသောအဆင်းရှိသော ပန်းတို့ကိုကြဲ၍ ပန်းဆိုင်းဗိတာန်တို့ကိုဆွဲထား၍ မြင့်သောနေရာကိုခင်း၍ မဟိန္ဒမထေရ်ကိုပင့်၍ သီတင်းသုံးနေစေသည်၊ ထိုအစည်းအဝေး၌ ဒေဝဒူတသုတ်ကို ဟောလျှင် တထောင်မျှလောက်သော သတ္တဝါတို့သည် သောတာပတ္တိဖိုလ်၌ တည်လေသည်။

''ဤဆင်တင်းကုပ်သည် ပရိသတ် မနေလောက်''ဟု အနုရာဓမြို့တောင်တံခါးအနီး၌ မေဃဝန်ဥယျာဉ်သို့ ပင့်ဆောင်ပြန်၍ မေဃဝန်သဘင် နန်းတော်၌ အာသီဝိသောပမ သုတ်ကို ဟောတော်မူလျှင် တထောင်မျှလောက်သော သတ္တဝါတို့သည် သောတာပတ္တိဖိုလ်၌ တည်ပြန်လေသည်၊မိုးသောက်သောနေ့၌လည်း နှစ်ထောင့်ငါးရာမျှဓမ္မာဘိသမယ ဖြစ်ပြန်သည်။

ညချမ်းသောကာလ မဟိန္ဒထေရ်သည် မိဿကတောင်သို့ သွားမည့်အဟန်ပြုရာတွင် ဒေဝါနံပိယတိဿမင်းက တောင်းပန်ပြန်၍ မေဃဝန်ဥယျာဉ်ကို နယုန်လဆုတ် ၂-ရက်နေ့ည၌ အရံအလို့ငှါ—

ရာဇာ၊ မင်းကြီးသည်။ သုဝဏ္ဏဘိင်္ကာရံ၊ ရွှေကရားကို။ ဂဟေတွာ၊ ကိုင်၍။ ထေရဿ၊ အရှင်မဟိန္ဒထေရ်၏။ ဟတ္ထေ၊ လက်၌။ ဒက္ခိဏောဒကံ၊ အလှူရေစက်ကို။ ပါတေတွာ၊ သွန်းချ၍။ မဟာမေဃဝနုယျာနံ၊ မဟာမေဃဝန်ဥယျာဉ်ကို။ အဒါသိ၊ လှူ၏။ ဥဒကပါတေ၊ ရေစက်ချသည်နှင့်။ သဟ၊ တကွ။ ပထဝီ၊ မြေသည်။ ကမ္ပတိ၊ လှုပ်၏။

ဤသို့ အလှူရေစက်ချ၍ လှူပြီးလျှင် မိုးသောက်သောနေ့၌ အနမတဂ္ဂိယသုတ်, အဂ္ဂိက္ခန္ဓောပမသုတ်များကို ၇-ရက်ပတ်လုံး ဟောတော်မူသည်၊ ရှစ်ထောင်ငါးရာသော သတ္တဝါတို့သည် ဓမ္မာဘိသမယဖြစ်ကုန်သည်။

ဤမေဃဝန် ဥယျာဉ်၌ သီတင်းသုံးနေ၍ သာသနာ တော်ကိုထွန်းတောက်ပစေသည်၊ ၇-ရက်မြောက်သောနေ့၌ မထေရ် နန်းတော်တွင်း၌ အပ္ပမာဒသုတ်ကို ဟောတော်မူပြီး၍ စေတိယဂိရိသို့ ကြွတော်မူကြောင်းကို သိသဖြင့် အလျင်တဆော မိဖုရားနှစ်ယောက်ကိုလည်း ရထားနှင့်တင်၍ လျှောက်လာသည်၊ "အရှင်ဘုရား....ဇမ္ဗူဒိပါကျွန်းသို့ ကူးတော်မူလိုသလော"ဟု မေးလျှင် "မင်းကြီး.... ငါတို့မကူးသွား၊ ဤအခါသည်ကား ရဟန်းဖြစ်သောသူသည် ဝါဆိုအံ့သော အရပ်ကို သိခြင်းငှါအပ်သည်"ဟုဆိုလျှင် ဒေဝါနံပိယတိဿမင်းကြီးလည်း ဆူးစောင်ရန်းဖြင့် စေတိယင်္ဂကိုရံ၍ ခြောက်ဆဲ့ရှစ်ခုသော လိုဏ်တို့ကိုပြု၍ ပြီးစီးလျှင်ထိုနေ့၌ အရိဋ္ဌအမည်ရှိသော အမတ်သည် မုဋသိဝမင်းကြီးသား ဒေဝါနံပိယတိဿ ညီတော်-အဘယမင်းသား,မဟာနာဂမင်းသား, ဥတ္တိယမင်းသား, မတ္တာဘယမင်းသား, သူရတိဿမင်းသား-အစရှိကုန်သော ငါးကျိပ်ငါးယောက်သော ညီအစ်ကိုယ်တို့နှင့်တကွရဟန်းပြုကြကုန်သည်၊ ဆံရိတ်သောအဆုံး၌ပင်လျှင် ရဟန္တာအဖြစ်သို့ ရောက်သည်။

ခါတ်တော်များရောက်၍ စေတီတည်ပုံ

မင်းကြီးလည်း စည်းစောင်ရန်းပြီးစီးလျှင် မြို့သို့ဝင်တော်မူလေသည်၊ ခြောက်ကျိပ်သုံးယောက်သော ရဟန်းတို့နှင့်တကွ စေတိယဂိရိ၌ ဝါဆို၍ ဝါကျွတ်ပြီးလျှင် ပဝါရဏာပြု၍ တန်ဆောင်မုန်းလပြည့်နေ့၌ "မင်းကြီး ဘုရားသခင်ကိုယ်စားတော်, ခါတ်တော်, မွေတော်တို့ကို ရအပ်သော အကြောင်း သုမနသာမဏေနှင့်တိုင်ပင်"ဟု မိန့်တော်မူပြီးလျှင် သုမန သာမဏေကို ဘိုးတော် သီရိဓမ္မာသောကမင်းသို့စေ၍ ခါတ်တော်ကို တောင်းစေလျှင် တန်ဆောင်မုန်းလပြည့်နေ့ပင် ခါတ်တော်, ညှပ်ရိုးတော်တို့ကိုရ၍ ပြန်လည်ခဲ့၍ မင်းအားအပ်၍ စေတီပုထိုးတည်ရာတွင် ခါတ်တော်,စွယ်တော်,ညှပ်ရိုးတော်တို့သည် အံ့ဘွယ်သရဲ တန်ခိုးပြာဋိဟာပြ၍ ကြည်ညိုသဖြင့် မင်း၏ညီတော်ဖြစ်သော မတ္တာဘယမင်းသားနှင့် အချင်း တထောင်,စေတရဋ္ဌရွာမှ ငါးရာသောသတို့သား,ဒွါရမဏ္ဍလရွာစသည်တို့မှ ငါးရာ ငါးရာသောသတို့သား၊ ဤသို့လျှင် မြို့တွင်းမြို့ပြင်မှထွက်၍ ရဟန်း ပြုကုန်သော သုံးသောင်းသော ရဟန်းတို့သည် ဖြစ်ကုန်သည်။

အနုဋ္ဌာဒေဝီစသူတို့ရဟန်းပြုကြပုံ

ထိုအခါ နောင်တော် အဘယမင်း၏မိဖုရား အနုဋ္ဌာဒေဝီသည် ရဟန်းပြုလိုကြောင်းနှင့် မင်းအားခွင့်တောင်းလျှင် မင်းကြီးလည်း အနုဋ္ဌာ ဒေဝီမိဖုရား၏ စကားကိုယူ၍ ရှင်မဟိန္ဒထေရ်အား လျှောက်ကြားသော် "မင်းကြီး····ငါတို့အား မင်းမိန်းမကို ရဟန်းပြုခြင်းငှါ မအပ်၊ ပါဋလိပုတ် ပြည်၌ နှမဖြစ်သော သံဃမိတ္တာ ထေရီမသည် ရှိ၏၊ ထိုသံဃမိတ္တာ ထေရီမကို ခေါ်ပင့်စေလော့၊ ဤသီဟိုဠ်ကျွန်း၌ ရှေးဘုရားသုံးဆူတို့၏ ဗောဓိတည်ရာ၌ ငါတို့ဘုရားသခင် ဗောဓိပင်ကို ယူ၍ ဤသီဟိုဠ်ကျွန်းဝယ် စိုက်၍ ကိုးကွယ်လော့"ဟု မိန့်တော်မူလျှင် မင်းကြီး၏တူတော်ဖြစ်သော အရိဋ္ဌအမတ်ကို သာသနာတော် ၂၃၇-နှစ်တွင် သီတင်းကျွတ်လဆုတ် ၁၄-ရက်နေ့ စေလွှတ်၍ရောက်လျှင် အဆွေဖြစ်သော ဒေဝါနံပိယတိဿ မင်းနှင့် အရှင်မဟိန္ဒထေရ် မှာလိုက်တိုင်း ပြန်ပြောလျှင် သီရိဓမ္မာသောက မင်းတရားက ဗောဓိပင်နှင့် သမီးတော် သံဃမိတ္တာထေရီမကို ပင့်ဆောင် စေ၍ သီဟိုဠ်ကျွန်းသို့ နတ်တော်လဆန်း ၁၀-ရက်နေ့ ရောက်သည်။

အနုဋ္ဌာဒေဝီမိဖုရားသည် မင်းမောင်းမငါးရာတို့နှင့် ဆယ်ပါးသော သီလတို့ကို ဆောက်တည်လျက် ဖန်ရည်စွန်းသောပုဆိုးကို ဖုံးလွှမ်း၍ အနုရာဓမြို့ဆိပ်ကမ်း၌ ကျောင်းကိုပြုစေ၍ သံဃမိတ္တာထေရီမ လာခြင်းကို ငံ့မြော်လျက်နေသည်နှင့် ရောက်လျှင် အနုဋ္ဌာဒေဝီနှင့်တကွ ငါးရာသော သတို့သ္မီးတို့သည်၎င်း, ငါးရာသော မင်းမိန်းမတို့သည်၎င်း သံဃမိတ္တာထေရီမ၏ အထံ၌ရဟန်းပြုကြကုန်လျှင် မကြာမြင့်မီ အခြံအရံနှင့်တကွ အရဟတ္တဖိုလ်၌တည်လေသည်၊ ဤသူတို့တွင် အချို့ရဟန္တာသော ဖြစ်သည်၊ ပဋ္ဌင်းမရသေး၊သိက္ခမာန်အကျင့်ကို ၂-နှစ်ပတ်လုံး ကျင့်ပြီးမှ လျှင် ပဋ္ဌင်းဖြစ်လတ္တံ့သတည်း၊ တူတော်အရိဋ္ဌအမတ်သည်လည်း ငါးရာ သော အခြံအရံတို့နှင့်ရဟန်းပြုလျှင် မကြာမြင့်မီ ရဟန္တာဖြစ်လေသည်။

သီဟိုဠ်တွင်သာသနာစတင်သက်ရောက်ပုံ

ဤသို့လျှင် ဒေဝါနံပိယတိဿမင်းသည် အသီးအသီး သာသနာ တော် အစဉ်ထွန်းအောင် ပြုစုတည်ထားသည်၊ ထိုတွင် လောဟပါသာဒ ပြာသာဒ်, မဟာစေတီကြီး တည်ရာအရပ်များတို့ကို မြေးတော် ဒုဋ္ဌ ဂါမဏိမင်းကြီး တည်လတ္တံ့သည်ကို ကျောက်စာကမ္ပည်း စိုက်ထားပြီး လျှင် "အရှင်ဘုရား....သီဟိုဠ်ကျွန်း၌ သာသနာတော် တည်ပါတော့ မည်လော" ဟု မေးတော်မူလျှင် "မင်းကြီး....သာသနာတော်ကား တည်ပြီ၊ ထိုသာသနာတော်၏ အမြစ်တို့သည်ကား မသက်ကုန်သေး"ဟု မိန့်တော်မူလျှင်"အရှင်ဘုရား....အဘယ်သို့ပြု၍ သက်ကုန်လတ္တံ့နည်း" ဟု မေးလျှောက်သော် "မင်းကြီး....အကြင်အခါ၌ သီဟိုဠ်ကျွန်း၌ နေကုန်သော မိဘတို့၏သားမြေးတို့သည် ရဟန်းပြု၍ သီဟိုဠ်ကျွန်း၌ပင် လျှင် ဝိနည်းကိုသင်ကုန်၍ နောက်သားတို့အားလည်း သင်စေလတ္တံ့၊ ထိုအခါ သာသနာတော်၏ အမြစ်မူလတို့သည် သက်ကုန်လတ္တံ့" ဟု မိန့်တော်မူလျှင် "အရှင်ဘုရား....ဤသို့သဘောရှိသော ရဟန်းသည် ရှိပါ၏လော" ဟု မေးလျှောက်ပြန်သဖြင့် "မင်းကြီး....ရှိ၏၊ မဟာ အရိဋ္ဌအမည်ရှိသော ရဟန်းသည် ထိုဝိနည်းကို သင်သောအမှုကို စွမ်း နိုင်၏"ဟု ဆိုပြန်သော် "အရှင်ဘုရား....ဤအရာ၌ အသို့ပြုအပ်မည် နည်း" ဤသို့မေးပြန်လျှင် "မင်းကြီး....ရဟန်းတို့၏ စည်းဝေးရာမဏ္ဍပ် ကို ပြုခြင်းငှါအပ်၏"ဟု မိန့်တော်မူသည်ကို "အရှင်ဘုရား....ကောင်း

ပြီး''ဟု ဆို၍ မေဃဝဏ္ဏအမတ်အား ပရိဝုဏ်အရာ၌ ပဋမသင်္ဂါယနာတင်သောအခါ အဇာတသတ်မင်း ပြုသောမဏ္ဍပ်နှင့် တူသောမဏ္ဍပ်ကို မင်း၏အာနုဘော်ဖြင့် ပြုစေ၍ပြီးလျှင် ခပ်သိမ်းသော ပဋ္ဌင်တူရိယာတီးမှုတ်စေလျက်''သာသနာတော်၏ အမြစ်တို့သည် သက်ကုန်သည်ကို ရှုကုန်အံ့''ဟု အထောင်မကသော ပရိသတ်အပေါင်းခြံရံလျက် သာသနာတော် ၂၃၈-နှစ်၊ သီတင်းကျွတ်လပြည့် ပဝါရဏာနေ့ ထူပါရုံကျောင်းတော်သို့ ထွက်တော်မူသည်၊ ထိုအခါ ခြောက်သောင်းရှစ်ထောင်သော ရဟန်းတို့သည်စည်းဝေးကုန်လျက် ထိုရဟန်းတို့အား လျောက်ပတ်သော နေရာကို နေစေသည်။

မဟာအရိဋ္ဌမထေရ်ကို မဟိန္ဒမထေရ် တောင်းပန်အပ်သည်ဖြစ်၍ မိမိအားလျောက်ပတ်သော တရားပလ္လင်၌ နေတော်မူသည်၊ ခြောက်ကျိပ်ရှစ်ယောက်သော မထေရ်တို့သည်လည်း ခြံရံ၍နေကုန်သည်၊ မင်းကြီး၏ညီတော်အငယ်ဖြစ်သော မတ္တာဘယမထေရ်သည်လည်း ''အကြီးပြုလျက် ဝိနည်းကိုသင်အံ့''ဟု ငါးရာသော ရဟန်းတို့နှင့်တကွ မဟာအရိဋ္ဌမထေရ်၏ တရားဟောပလ္လင်၌ ခြံရံ၍နေကြကုန်သည်၊ ကြွင်းကုန်သော ရဟန်းတို့သည်၎င်း, မင်းနှင့်တကွသော ပရိသတ်တို့သည်၎င်း မိမိတို့၏ လျောက်ပတ်သောနေရာ၌ နေကုန်သည်၊ ထိုအခါ မဟာအရိဋ္ဌမထေရ်သည်—

> ''တေန ခေါ ပန သမယေန ဗုဒ္ဓေါ ဘဂဝါ ဝေရဉ္ဇာယံ
> ဝိဟရတိ နဠေရုပုစိမန္ဒမူလေ''—

အစရှိသော ဝိနယနိဒါန်းကို ရွတ်သည်ရှိသော် တိမ်တိုက်ကင်းသော ကောင်းကင်၌ သည်းစွာသော အသံကိုပြုလျက် နတ်တို့သည် ကောင်းချီးပေးကုန်သည်၊ ရေအပိုင်းအခြားမြေတို့သည်လည်း ပြင်းစွာတုန်လှုပ်ကုန်သည်ဖြစ်၍ အံ့ဘွယ်သောတန်ခိုးတို့သည် ဖြစ်ကုန်လျက်လျှင် အရိဋ္ဌထေရ်သည် အရှင်မဟိန္ဒမထေရ် အမှူးရှိကုန်သော အသီးအသီး ဂိုဏ်းရှိကုန်သော ခြောက်ကျိပ်ရှစ်ယောက်သော ရဟန္တာမထေရ်တို့ဖြင့်လည်းကောင်း, ထိုမှတပါးသော ခြောက်သောင်းရှစ်ထောင်သော ရဟန်းအရှင်မြတ်တို့ဖြင့် လည်းကောင်း ခြံရံလျက် သီတင်းကျွတ်လပြည့် ပဝါရဏာပြုသောနေ့ ထူပါရုံကျောင်းတော်၏ အလယ်၌ ဝိနည်းပိဋကတ်ကို သင်ကြားတော်မူသည်။

ဝိနည်းပိဋကတ်ကို သင်ကြားပြသပြီး၍ အသက်အတိုင်း တည်စေ လျက် များစွာသောသူတို့အား သင်ကြားစေ၍ များစွာကုန်သော သူတို့၏ နှလုံး၌တည်စေသဖြင့် မဟိန္ဒထေရ်အမှူးရှိသော ခြောက်ကျိပ်ရှစ်ယောက် သော ဂိုဏ်းမထေရ်တို့သည် မြတ်သောအစီးအပွါးကို သိသည်ဖြစ်၍ ဒေဝါနံပိယတိဿမင်းကို ဆုံးမကုန်လျက် ဉာဏ်တည်းသော အလင်းကို ပြဦး၍ ဤသီဟိုဠ်ကျွန်း၌ မီးပုံကြီးကဲ့သို့ စတုတ္ထသင်္ဂါယနာ တင်ဟန် ပြသကဲ့သို့ သာသနာတော်ကို ထွန်းပစေသည်။

ဒေဝါနံပိယတိဿမင်းကြီးလည်း ဘုရားသခင် သာသနာတော်မြတ်ကို စောင့်မကြည့်ရှုလျက် သာသနာတော်မြတ်ကို ပွင့်လင်းစေသည်ကား နဟန္တာ၁ယောကျ်ား တသောင်းခြောက်ထောင်, ပုထုဇဉ် ရဟန်း ယောကျ်ားတသိန်း, ရဟန္တာမိန်းမတသောင်းငါးရာ, ပုထုဇဉ် ရဟန်း မိန်းမ ၇-သောင်း ဖြစ်သည်နှင့် သာသနာတော်ကို စောင့်ထိန်းပြီးမှ သီရိဓမ္မာသောကမင်းနှင့် အပြိုင် ၁၉-နှစ်, သီရိဓမ္မာသောကမင်း အနိစ္စ ရောက်ပြီးမှ ၂၁-နှစ်၊ ပေါင်း စည်းစိမ် ၄၀-စံ၍ သာသနာတော် သက္ကရာဇ် ၂၇၆-ခုတွင် အနိစ္စရောက်သည်။

ဝိနည်းကိုထွန်းပစေကြသော မထေရ်များ

ရှင်မဟိန္ဒထေရ်သည် ဇမ္ဗူဒိပ်ကျွန်းမှာ ၁၂-ဝါရသောအခါ သီဟိုဠ် ကျွန်းသို့ ကူးသည်၊ ၁၄-ဝါမြောက်သောအခါ ဝိနည်းပိဋကတ်ကို စတုတ္ထသင်္ဂါယနာ၌ တည်စေသည်၊ ၎င်းနှစ် ညီတော်ဥတ္တိယမင်းပြု၍ စည်းစိမ်ရှစ်နှစ်ရှိသောအခါ ရှင်မဟိန္ဒသည် သက်တော်၈၂၊ ဝါတော် ၆၂-ဝါ၊ သာသနာတော် ၂၀၄-ခုတွင် ပရိနိဗ္ဗာန်ပြုတော်မူသည်၊ နှမတော် သံဃမိတ္တာရဟန္တာလည်း သက်တော် ၇၉၊ ဝါတော် ၅၉၊ ထိုမင်းလက်ထက် မောင်တော် ပရိနိဗ္ဗာန်ပြုတော်မူ၍ များမကြာမီတွင် ပရိနိဗ္ဗာန်ပြုတော်မူသည်။

ထိုပရိနိဗ္ဗာန်ပြုကုန်သော အရှင်မြတ်တို့သည်လည်း တတိယသင်္ဂါ ယနာတင်သည်မှ အထက်၌ ဤသီဟိုဠ်ကျွန်းသို့ မဟိန္ဒထေရ်,ဣဋ္ဋိယထေရ်, ဥတ္တိယထေရ်, သမ္ဗလထေရ်, ဘဒ္ဒသာလထေရ်တို့ဆောင်ခဲ့၍ တပါးသော

အဘို့၌တပါးကုန်သော မထေရ်တို့၏တပည့်ဖြစ်ကုန်သော တိဿဒတ္တထေရ်, ကာဠသုမနထေရ်, ဒီဃသုမနထေရ်တို့သည်၎င်း၊ မဟာအရိဋ္ဌထေရ်နှင့်တကွ ကာဠသုမနထေရ်, နာဂထေရ်, ဗုဒ္ဓရက္ခိတထေရ်, တိဿထေရ်, ဒေဝထေရ်, သုမနထေရ်, စူဠနာဂထေရ်, ဓမ္မပါလိတထေရ်, ခေမထေရ်, ဥပတိဿထေရ်, ဖုဿဒေဝထေရ်, သုမနထေရ်, မဟာပဒုမထေရ်, မဟာသိဝထေရ်, ဥပါလိထေရ်, မဟာနာဂထေရ်, အဘယထေရ်, တိဿထေရ်, သုမနထေရ်, စူဠာဘယထေရ်, တိဿထေရ်, စူဠဒေဝထေရ်, သိဝထေရ်၊ ဤမထေရ်မြတ်တို့သည်၎င်း ဤမထေရ်ရဟန္တာ သုံးကျိပ်နှစ်ပါးတို့သည် အဆင့်အဆင့် သဒ္ဓိဝိဟာရိကချည်းဖြစ်၍ အဆက်ဆက်ဝိနည်း၌ လိမ္မာကြကုန်လျက် သီဟိုဠ်ကျွန်း၌ သာသနာတော်ကို ထွန်းပစေသည်။

ရဟန်းယောကျ်ားသာ ပရိယတ်ကိုသင်ကြား၍ သာသနာတော်ကို ထွန်းပစေသည်မဟုတ်၊ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကပင် မိန်းမဖြစ်သော မိထွေးတော်ပဇာပတိ ဂေါတမီသည်ရဟန်းပြုချင်ကြောင်းနှင့် အခွင့်တောင်း၍ ရလျှင် ရဟန်းပြုသဖြင့် ဆဋ္ဌဘိညမဟိဒ္ဓိကဖြစ်၍ မဟာပဇာပတိဂေါတမီထေရီ ရဟန်းမိန်းမ ဖြစ်တော်မူသည်။

ထို့နောက် ခေမာထေရီ, ဥပ္ပလဝဏ်ထေရီ,ပဋာစာရီထေရီ,ဓမ္မဒိန္နာထေရီ,ဓမ္မပါလိထေရီ-ဤထေရီ ရဟန္တာ ဘိက္ခုနီမတို့သည် ဇမ္ဗူဒိပ်ကျွန်း၌ အဆက်ဆက်ဝိနည်း၌ လိမ္မာကြကုန်၏၊ဤထေရီမတို့၏ အဆင့်အဆင့် သဒ္ဓိဝိဟာရိက အဆက်အနွယ် သံဃမိတ္တာထေရီ, ဥတ္တရာထေရီ, ဘဂ္ဂိမိတ္တာ ထေရီ, ပေဂ္ဂုထေရီ, သလ္လာထေရီ, ဓမ္မသာသိထေရီ—ဤငယ်ကုန်သော ဘိက္ခုနီမတို့သည် ဇမ္ဗူဒိပါမှ သီဟိုဠ်ကျွန်းသို့ကူး၍ အနုရာဓမြို့၌ ဝိနည်းကိုသင်၍ လိမ္မာကြကုန်သည်၊ ဤသို့လျှင် သူတော်ကောင်းတို့၏ အနွယ်အဆက် ဘိက္ခုနီမတို့သည် ဝိနည်းကို ဆောင်၍ ပရိနိဗ္ဗာန်ပြုကြကုန်သည်။

ဒေဝါနံပိယတိဿမင်းဆက်နှင့် ကျေးမင်း

ဒေဝါနံပိယတိဿညီတော်ဥတ္တိယမင်း စည်းစိမ် ၁၂-နှစ်တိုင်အောင် သာသနာတော်မြတ်ကို စောင့်မ၍ သာသနာတော် ၂၇၇-တွင် အနိစ္စ ရောက်သည်။

၎င်းနှစ် ညီတော်မဟာသီဝမင်း စည်းစိမ် ၁၀-နှစ်တိုင်အောင် သာသနာတော်ကို စောင့်မသည်နှင့် သာသနာတော် ၂၉၈-ခုနှစ်တွင် အနိစ္စရောက်သည်။

၎င်းနှစ် ညီတော် သူရတိဿမင်း စည်းစိမ် ၁၀-နှစ်တိုင် သာသနာတော်ကို စောင့်မသည်နှင့် သာသနာတော် ၃၀၈-နှစ်တွင် ကျေးညီနောင် ဘမ်း၍ အနိစ္စရောက်သည်။

၎င်းနှစ် ကျေးညီနောင် အလှည့်အလည် မင်းပြု၍ ၁၂၊ သာသနာတော် ၃၂၀-တွင် သူရတိဿ ညီတော်လုပ်ကြံ၍ အနိစ္စရောက်သည်။

၎င်းနှစ် အသေလမင်းပြု၍ ၁၀-နှစ်တိုင် သာသနာတော်ကို စောင့်မပြန်သည်နှင့် သာသနာတော် ၃၃၀-တွင် ဧဠာရကျေးမင်း လုပ်ကြံ၍ ဆန္ဒာဂတိအစရှိသည် မလိုက်ဘဲ ချိန်သဖွယ်ကဲ့သို့ ကျင့်လျက် မင်းစည်းစိမ် ၄၄-နှစ်၊ သာသနာတော် ၃၇၄-နှစ်တွင် ဒုဋ္ဌဂါမဏိမင်း လုပ်ကြံ၍ အနိစ္စရောက်သည်။

ဒုဋ္ဌဂါမဏိမင်း ရဟန်းတော်များကို စည်းဝေးစေခြင်း

၎င်းနှစ် ဒုဋ္ဌဂါမဏိမင်းပြု၍စည်းစိမ် ၉-နှစ်၊သာသနာတော် ၃၈၀-တွင် မဟာစေတီကို တည်အံ့သော်ငှါ အရိယာသံဃာတော်တို့ သီတင်းသုံးရန် ကျောင်းမှစ၍ မြို့ပတ်လည် ဆန်းကြယ်စွာ ဆောက်လုပ်ထားပြီးလျှင် ကဆုန်လပြည့်နေ့ ဝိသာခါနက္ခတ် မွန်းတည့်တွင် မြေကို ညီညွတ်စေပြီးလျှင် ဝါဆိုလဆန်း ၁၄-ရက်နေ့ ရဟန်းသံဃာတော်အပေါင်းတို့ကို စည်းဝေးစေ၍ "နက်ဖြန်လပြည့် ဥပုသ်နေ့ ဥတ္တရာသဠ်နက္ခတ်ဖြင့် မဟာစေတီ အုတ်ကိုစီအံ့၊ နက်ဖြန် အလုံးစုံသော သံဃာအပေါင်းတို့ကို စည်းဝေးစေလော့" ဟုမိန့်တော်မူလျှင် အမတ်တို့လည်း မြို့ကိုစည်လည်၍ နှိုးဆော်သော် လူများအပေါင်းလည်း ဥပုသ်ကိုသုံး၍ ပန်းလက်စွဲလျက် စေတီတည်ရာအရပ်သို့ လာကြကုန်သည်။

ဒုဋ္ဌဂါမဏိမင်းကြီးလည်း လေးသောင်းသောအမတ်တို့နှင့် ဥပုသ်သုံးယူ၍ များစွာသော လူအပေါင်းတို့ဖြင့်ခြံရံလျက် မဟာစေတီ တည်ရာသို့ ကပ်ရောက်သည်။

ကောင်းကင်ခရီးဖြင့်ကြွလာကြသောရဟန္တာများ

မဇ္ဈိမဒေသအရပ်မှစ၍ မိမိတို့၏နေရပ်ဒေသမှ လာရောက်ကုန်သောရဟန်းအပေါင်းတို့တွင် ရာဇဂြိုဟ်ပြည်ထက်ဝန်းကျင်မှ ဣန္ဒဂုတ္တမထေရ်သည် ရှစ်သောင်းသောရဟန်းတို့ကိုယူ၍ ကောင်းကင်ခရီးဖြင့်ကြွလာသည်။

ဗာရာဏသီပြည် ဣသိပတနဝိဟာရမှ တသောင်းနှစ်ထောင်သောရဟန်းတို့နှင့်ဓမ္မသေနမထေရ်သည် ကောင်းကင်ခရီးဖြင့်ကြွလာသည်။

သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှ ခြောက်သောင်းသောရဟန်းတို့နှင့် ပိယဒဿီမထေရ်သည် ကောင်းကင်ခရီးဖြင့် ကြွလာသည်။

ဝေသာလီပြည် မဟာဝနဝိဟာရမှ တသောင်း ရှစ်ထောင်သောရဟန်းတို့နှင့် ဗုဒ္ဓရက္ခိတမထေရ်သည် ကောင်းကင်ခရီးဖြင့် ကြွလာသည်။

ကောသမ္ဗီပြည် ဃောသိတာရုံကျောင်းမှ သုံးသောင်းသောရဟန်းတို့နှင့် ဓမ္မရက္ခိတမထေရ်သည် ကောင်းကင်ခရီးဖြင့် ကြွလာသည်။

ဥဇ္ဇေနီပြည် ဒက္ခိဏာဂိရိ မဟာဝိဟာရမှ လေးသောင်းသောရဟန်းတို့နှင့် မဟာဗုဒ္ဓရက္ခိတမထေရ်သည် ကောင်းကင်ခရီးဖြင့် ကြွလာသည်။

ပါဋလိပုတ်ပြည် အသောကာရုံကျောင်းမှ တသိန်းခြောက်သောင်းသောရဟန်းတို့နှင့်မိတ္တိကမထေရ်သည်ကောင်းကင်ခရီးဖြင့်ကြွလာသည်။

ဂန္ဓာရရဋ္ဌတိုင်းမှ နှစ်သိန်းရှစ်သောင်းသောရဟန်းတို့နှင့် အနုတ္တိဏ္ဏမထေရ်သည် ကောင်းကင်ခရီးဖြင့် ကြွလာသည်။

မဟာပလ္လဝဘောဂမှ လေးသိန်းခြောက်သောင်းသော ရဟန်းတို့နှင့် မဟာဒေဝမထေရ်သည် ကောင်းကင်ခရီးဖြင့် ကြွလာသည်။

ယောနကတိုင်း အလသန္ဒမြို့မှ သုံးသောင်းသော ရဟန်းတို့နှင့် ယောနကမဟာဓမ္မရက္ခိတမထေရ်သည် ကောင်းကင်ခရီးဖြင့် ကြွလာသည်။

ဝိဥ္ဈာဋဝိဝ ဝတ္တနိကျောင်းမှ ခြောက်သောင်းသောရဟန်းတို့နှင့် ဥတ္တရမထေရ်သည် ကောင်းကင်ခရီးဖြင့် ကြွလာသည်။

ဗောဓိမဏ္ဍလဝိဟာရမှ သုံးသောင်းသောရဟန်းတို့နှင့် မိတ္တဂုတ္တမထေရ်သည် ကောင်းကင်ခရီးဖြင့် ကြွလာသည်

ဝနဝါသီဘောဂမှ ရှစ်သောင်းသောရဟန်းတို့နှင့် စန္ဒဂုတ္တမထေရ်သည် ကောင်းကင်ခရီးဖြင့် ကြွတော်မူလာသည်။

ကေလာသမဟာဝိဟာရမှ ကိုးသောင်းခြောက်ထောင်သောရဟန်းတို့နှင့် သူရိယဂုတ္တမထေရ်သည် ကောင်းကင်ခရီးဖြင့် ကြွတော်မူလာသည်။

[သီဟိုဠ်ကျွန်း၌နေကုန်သော ရဟန်းသံဃာတို့ကား အလုံးစုံသော အရေအတွက် အပိုင်းအခြားဖြင့် ရှေးဆရာတို့သည် မဟောမဆိုနိုင်၍ မပြသည်၊ တကွလာကုန်သော အလုံးစုံသော ရဟန်းတို့၏ အစည်းအဝေး၌ ရဟန္တာတို့သည်ကား ၉-ကုဋေရှိသည်။]

ထိုရဟန်းသံဃာအပေါင်းတို့လည်း သန္တာပွတ်တိုင်ဖြင့် ခြံရံအပ်သကဲ့သို့ မင်းကိုအလယ်ထား၍ အချင်းချင်း မထိမခိုက်မူ၍ စည်းဝေးတော်မူကြကုန်သည်။

ဗုဒ္ဓရက္ခိတမထေရ်သည် မိမိနှင့် အမည်တူကုန်သော ရဟန္တာငါးရာတို့ကို ယူ၍ အရှေ့နံပါး၌ နေတော်မူသည်။

ဓမ္မရက္ခိတမထေရ်, သံဃရက္ခိတမထေရ်, အာနန္ဒာမထေရ်တို့သည် မိမိနှင့် အမည်တူကုန်သော ရဟန္တာငါးရာတို့ကိုယူ၍ တောင်,မြောက်, အနောက်နံပါးတို့၌ နေတော်မူကုန်သည်။

ပိယဒဿီမထေရ်သည် များစွာသောရဟန္တာတို့ကို ယူ၍ အရှေ့မြောက်ထောင့်၌ နေတော်မူသည်။

သိဒ္ဓတ္ထမထေရ်သည်ကား မင်္ဂလထေရ်, သုမနထေရ်, ပဒုမထေရ်, သီဝလိထေရ်,စန္ဒဂုတ္တထေရ်,ဇာန္ဒဂုတ္တထေရ်, သူရိယဂုတ္တထေရ်, သာဂရထေရ်,မိတ္တသေနထေရ်, ဇယသေနထေရ်, အစလထေရ်- ဤတကျိပ်တပါးသောမထေရ်တို့နှင့် ခြံရံလျက် အရှေ့မျက်နှာသို့ ရှေ့ရှုနေတော်မူသည်။

ဒုဋ္ဌဂါမဏိမင်းစေတီတော်တည်ခြင်း

ထိုအခါ ဒုဋ္ဌဂါမဏိမင်းကြီးသည် ထိုသို့စည်းဝေး၍နေကြကုန်သော ရဟန်းသံဃာအပေါင်းတို့ကို မြင်၍ လွန်စွာကြည်ညိုသဖြင့် လက်ျာရစ်လှည့်၍ ရှိခိုးတော်မူသည်။

သိဒ္ဓတ္ထမထေရ်ကား ''ဤမင်းကြီးသည် ကြီးစွာသောစေတီကို တည်ခဲ့ည်ကြီသည်၊စေတီတည်၍မပြီးခင် မင်းကြီးသေခဲ့သော် နောင်သောအခါ

အကျိုးမဲ့ဖြစ်လတ္တံ့”ဟု မြစ်တော်မူလျှင် ဒုဋ္ဌဂါမဏိ မင်းကြီးလည်း “ဤမထေရ်သည် ပညာရှိလှပေသည်”ဟု နှလုံးသွင်းသဖြင့် “အရှင်ဘုရား....ပမာဏကို မိန့်တော်မူပါလော့” ဟုဆိုလျှင် သိဒ္ဓတ္ထမထေရ်သည် “ငါ၏သွားရာအရပ်အရေးမှ စေတီအလုံးကို ပြုလော့”ဟု ဆိုပေသော် ဒုဋ္ဌဂါမဏိမင်းကြီးလည်း သိဒ္ဓတ္ထမထေရ်၏စကားကို လိုက်နာတော်မူသည်၊ ဤစေတီကို တည်သည်ကာလ လူအပေါင်းတို့သည် လေးသောင်းသုံးထောင် ရဟန္တာဖြစ်ခလသည်၊ လေးသောင်းသော လူတို့မှာ သောတာပန်, သကဒါဂါမိ တည်ကြကုန်သည်၊ ဤသို့ မရေမတွက်နိုင်သော ရဟန်းမိန်းမ,ရဟန်းယောကျာ်း သံဃာတော် အပေါင်းတို့ကို အလှူကြီးကိုပေး၍ စေတီမပြီးမီ ပြင်းပြစွာသော ဝေဒနာရှိသောအခါ “မဟာစေတီဘုရားရင်ပြင်တော်သို့ ပို့ပါ”ဆိုသဖြင့် ထမ်းစင်ဖြင့် ဆောင်၍ စေတီကိုလက်ျာရစ်ပြု၍ တောင်တံခါး၌ နေရာကိုခင်း၍ ထိုအိပ်ရာ၌ လက်ျာနံပါးဖြင့် လျောင်းလျက် စေတီကိုရှုသည်ရှိသော် အလွန်ကြည်ညိုသောစိတ်ဖြင့် ပူဇော်သက္ကာရပြုသည်။

ထိုအခါ ဒုဋ္ဌဂါမဏိမင်းကြီးသည် သာသနာတော်၏ ကျေးဇူးရှိသောအဖြစ်ကို ရည်မှတ်၍ နာသောအခြင်းအရာကို မေးအံ့သောငှါ ထိုထိုသို့သော အရပ်မှ လာကုန်သော ၉-ကုဋေသော ရဟန်းတို့သည် မင်းကိုခြံရံ၍ နေကြကုန်လျက် အစုစုသော သံဃာကိုပြု၍ အပေါင်းသရဇ္ဈာယ်ခြင်းကို ပြုကြကုန်သည်၊ မင်းကြီးလည်း “ထိုအစည်းအဝေး၌ ဋ္ဌောရကျေးမင်းကိုသတ်၍ အောင်ပြီးသောအခါ၌ ဆုလာဘ်ပေး၍ မယူဘဲ ရဟန်းအဖြစ်ကိုသာ အခွင့်ပန်၍ ရဟန်းပြုသော ထေရပုတ္တအဘယထေရ်ကို မမြင်”ဟု ဆိုတည့်သောခဏ၌ အကြံကို သိတော်မူသော ထေရပုတ္တ အဘယမထေရ်သည် ရဟန္တာငါးရာခြံရံလျက် ကောင်းကင်ဖြင့်လာ၍ မင်းကြီး၏ရှေ့တော်၌ ထင်ရှားပြ၍ နေတော်မူသည်၊ ယင်းသို့မြင်စဉ်ခဏ ဒုဋ္ဌဂါမဏိမင်းကြီးသည် “အရှင်ဘုရား.... တကျိပ်သောသူရဲကောင်းနှင့်ယှဉ်၍ ကျေးမင်းအပေါင်းကို စစ်ထိုး၍ အောင်မြင်ပြီးစီးပါသည်၊ ယခုမှာမူကား အကျွန်ုပ်တယောက်ထည်း သေမင်းနှင့်စစ်ထိုးအံ့သောငှါ အားထုတ်ပါသော်လည်း မတတ်နိုင်”ဟု လျှောက်လျှင် “မင်းကြီး....မကြောက်လင့်၊ ကိလေသာတည်းဟူသော ရန်သူတို့ကို မအောင်မြင်သမျှ သေမင်းရန်သူတို့ကို မအောင်မြင်နိုင်၊ သေခြင်းတရား

သည် အရိယာစသော သူတို့ကိုပင် နှိပ်စက်နိုင်ပလေသည်''ဟူ၍ များစွာသော တရားစကားတို့ဖြင့် ဟောပြောဆုံးမလျှင် တရားသံဝေဂကိုရသဖြင့် သက်သာခြင်းသို့ရောက်၍ စည်းစိမ် ၂၄-နှစ်၊ သာသနာတော် ၃၉၀-နှစ်တွင် အနိစ္စရောက်သည်။

ထိုမှပြန်ခဲ့သော မထေရ်အပေါင်းတို့သည် ဘုရားသခင်သာသနာတော်ကို စောင့်မလျက် ဆရာအဆက်ဆက် တပည့်အဆက်ဆက် ဝိနည်းပရိယတ်တို့ကိုသင်ကြားရွက်ဆောင်ကြသည်ဖြစ်၍ မကွဲမပြား ဝိဘဇ္ဇဝါဒ, ဝိနယခံရ, ပဝေဏီပါလက ဖြစ်ကြကုန်သည်။

ဒုဋ္ဌဂါမဏိမင်းဆက်နှင့်ကျေးမင်းများ

ဝင်းနှစ်တွင် ညီတော်သဒ္ဓါတိဿ မင်းပြုသည်၊ ထိုမင်းလက်ထက်ဝင်းတိဿမထေရ်သည် လောဟပါသာဒပြာသာဒ်၌ ရဟန်းသံဃာသုံးထောင်တို့အား ဝိနည်းပိဋကတ်ကို ပို့သသင်ကြား၍ ဆောင်ရွက်စေသည်။ထိုမင်း သာသနာတော်ကိုစောင့်မကြည့်ရှု၍ စည်းစိမ် ၁၈-နှစ်၊ သာသနာတော် ၄၁၆-နှစ်တွင် အနိစ္စရောက်သည်။

ဝင်းနှစ် သားတော်အကြီး လဇ္ဇတိဿသည် ဒီဃဝါပိအရပ်မှာ ရှိကိုက်ညီတော်အငယ်ဆုံး စူဠဓနမင်းသားကို ပြည်သူတို့နှင့်တကွ သခင်အရိယာတို့ စိတ်ညီလေသဖြင့် အရက်နှစ်ဆယ်မင်းပြုနှင့်သည်ကို နောင်တော် လဇ္ဇတိဿမင်းသား လုပ်ကြံ၍ မင်းပြုသည်၊ မင်းဖြစ်လျှင် "သခင်တို့မတရား၊ ငါ့အစ်ကိုကြီးရှိလျက် သင်တို့ညီ၍ မင်းမြှောက်လေသည်၊ သင်တို့ကျင့်နည်းကိုလိုက်၍ ကျောင်းကြီး,ကျောင်းငယ် ဆောက်ပြီးလျှင် သခင် အကြီးကို ကျောင်းငယ်,သခင် အငယ်ကို ကျောင်းကြီး၊ အလှူပေးတိုင်းလည်းအငယ်ကိုသာ အလျှင်လှူသည်၊ အကြီးကို နောက်လှူသည်။ ဤသို့ စီရင်၍ လှူသည်ကား သုံးနှစ်တိုင်တိုင်ရှိသည်၊ နောက်ကို သခင်ကြီးတို့အား ကန်တော့၍ ကြီးစဉ်ငယ်လိုက် လှူပြန်သည်၊ စည်းစိမ် ၉-နှစ်၊ သာသနာတော် ၄၂၅-နှစ်တွင် အနိစ္စရောက်သည်။

ဝင်းညီတော်ခလ္လာဋနာဂ မင်းပြုတော်မူသည်၊ မဟာစေတီအရှေ့၌ ပရန္တဝါသီသမုတ်၍ ကျောင်းဆောက်၍ လှူသည်၊ စည်းစိမ် ၆-နှစ်၊ သာသနာတော် ၄၃၁-နှစ်တွင် ကမ္မဟာရဏ္ဍ အမတ်လုပ်ကြံ၍ တလမင်းပြုသည်။

ထိုအမတ်ကို ညီတော်ဝဋ္ဋဂါမဏိမင်း လုပ်ကြံ၍ ငါးလရှိသောအခါ ထိုလတွင် ကျေးကုလားသုံးယောက်တို့နှင့် စစ်ပြိုင်သဖြင့် ဝဋ္ဋဂါမဏိရှုံး၍ ဝနတိဿအရပ်၌ ပုန်းကွယ်ရှောင်ရှား၍ ၁၄-နှစ်နေရလေသည်၊ ထိုနှစ်ထိုလတွင်ပင် ကျေးကုလား သုံးယောက်တို့တွင် ပုဠဟတ္ထကျေးမင်း သုံးနှစ်၊ သာသနာတော် ၄၃၄-နှစ်တွင် လုပ်ကြံ၍အနိစ္စရောက်သည်။

၎င်းနှစ် ဗာဟိကျေး မင်းပြုသည်၊ စည်းစိမ် ၂-နှစ်၊ သာသနာတော် ၄၃၆-နှစ်တွင် မလယကျေးအမတ်လုပ်ကြံ၍ အနိစ္စရောက်သည်။

၎င်းမလယကျေးမင်းပြု၍ စည်းစိမ် ၇-နှစ်ရှိသောအခါ သာသနာတော်၄၄၃-နှစ်တွင် ဒါဌိယကျေးအမတ် လုပ်ကြံ၍ အနိစ္စရောက်သည်။

ဝဋ္ဋဂါမဏိမင်း စတုတ္ထသင်္ဂါယနာတင်ခြင်း

၎င်းနှစ် ဒါဌိယကျေးမင်းပြု၍ ၂-နှစ်ရှိသောအခါ သာသနာတော် ၄၄၅-နှစ်အတွင်း မဟာဝိဟာရဝါသီကျောင်း၌ မဟာတိဿမထေရ်သည် ဗဟုဿုတနှင့်ပြည့်စုံသည်ဖြစ်၍ ဘုရားပညတ်တော်နှင့် မလျော်မလျောက်ပတ်သော ကုလသံသဂ္ဂ ကုလသံသဋ္ဌဖြစ်၍ မဟာဝိဟာရဝါသီအရှင်ကောင်းတို့ ရှုံ့ရှာစက်ဆုပ်သဖြင့် နှင်ထုတ်လိုက်လေသော် ထိုမဟာတိဿမထေရ်သည် မဟာဝိဟာရဝါသီဂိုဏ်းမှခွဲ၍ ကျေးစွန် ဝနတိဿအရပ်၌ သီတင်းသုံးနေရာတွင် ဝဋ္ဋဂါမဏိမင်းသည်လည်း အမတ် ၇-ယောက်တို့နှင့်မညီမညွတ်ရှိကြလေသည်ကို ဆုံးမပဲ့ပြင်လျှင် အဆုံးအမကိုနာခံကြသဖြင့် အညီအညွတ် ရှိပြီးသော် ၎င်းနှစ် ဒါဌိယကျေးမင်းပြု၍၂-နှစ်ရှိသောအခါ သာသနာတော် ၄၄၅-နှစ်တွင် ဝဋ္ဋဂါမဏိမင်းသည် ဝနတိဿအရပ်က အမတ် ၇-ယောက်နှင့် လာ၍ ဒါဌိယကျေးမင်းကိုစစ်ပြု၍အောင်ပြန်လျှင် မင်းအဖြစ်သို့ရောက်လေသတည်း။

မင်းပြု၍စည်းစိမ် ၅-နှစ်၊ သာသနာတော် ၄၅၀-ပြည့်တိုင်အောင် ပုထုဇဉ်,ရဟန္တာအရှင်မြတ်တို့သည် ပိဋကတ်သုံးပုံကို ပေ၌မရေးမသားဘဲ နှုတ်နှင့်အာဂုံကိုသာဆောင်ရွက်ကြကုန်သည်၊ သာသနာတော်၄၅၀-ပြည့်ပြီးသည့်နောက် ပညာဆုတ်ယုတ်၍ နှုတ်အာဂုံ မဆောင်မရွက် နိုင်မည်ကို ရဟန္တာအရှင်မြတ်တို့မြင်တော်မူ၍ “မြတ်စွာဘုရားနှုတ်တော်နက်ပိဋကတ်သုံးပုံကိုအရှည်တည်စိမ့်သောငှါ ရဟန္တာငါးရာ အရှင်မြတ်တို့

သည် ပေ၌ရေးထားတော်မူခဲ့ကုန်အံ့” ဟု မလယရွာ၌ အာလောက လိုဏ်တွင် နေတော်မူလျက် မလယဇနပုဒ်ကို အစိုးရသောမင်းသည် သုဓမ္မာစရပ်သဘင်ကဲ့သို့ပြုအပ်သော တန်ဆောင်းမဏ္ဍပ်၌ ပစ္စည်းဖြင့်ချီး မြှင့်ခြင်းရှိသည်ဖြစ်၍ တပါးသော မဟာသံဃိကအနွယ်စသော နိကာယ် အယူတို့နှင့်မရောစပ်သော၄ါ အဋ္ဌကထာနှင့်တကွသော ပိဋကတ်သုံးပုံ ကိုရေးထားတော်မူခဲ့ကုန်သည်၊ ဤရေးထားခြင်းကို ရည်၍ ပေထက် အက္ခရာတင်သဖြင့် ပေါင်းညှိခြင်းသည် စတုတ္ထသင်္ဂါယနာ ဟူ၍လည်း ဆိုကြကုန်သည်။

ဘုရားသခင် ပရိနိဗ္ဗာန်လွန်တော်မူသည်မှ သာသနာတော် ၂၃၆- နှစ်တွင် ပါဋလိပုတ်ပြည် ဓမ္မာသောကမင်းလက်ထက် သားတော်ရှင် မဟိန္ဒမထေရ်သီဟိုဠ်ကျွန်းသို့ကူး၍ သာသနာတော်တည်စေသည်၊ ထို အခါ ဒေဝါနံပိယတိဿမင်းသည် မထေရ်၌ကြည်ညိုသည်ဖြစ်၍ မဟာ ဝိဟာရကျောင်းကို ဆောက်လှူသည်၊ မဟာဝိဟာရကျောင်း ဆောက် လှူသည်နေ့မှစ၍ ၂၁၇-နှစ်ပတ်လုံး သာသနာတော်သန့်ရှင်းစင်ကြယ် စွာ မဟာဝိဟာရဝါသီဂိုဏ်း တခုတည်းသာရှိသည်။

ဝဋ္ဋဂါမဏိမင်းလက်ထက် ဂိုဏ်းကွဲခြင်း

ဝဋ္ဋဂါမဏိမင်းကြီးလက်ထက်၌သော်ကား ယခင် ရှင်မဟိန္ဒမထေရ် သီဟိုဠ်ကျွန်းကိုကူးသောသာသနာတော် ၂၃၆-နှစ်နှင့် သာသနာသန့် ရှင်းစွာတည်သော ၂၁၇-နှစ်ပေါင်းသော် သာသနာတော် ၄၅၄-ခု တွင် ဝဋ္ဋဂါမဏိမင်းသည် အဘယဂိရိကျောင်းကိုဆောက်လုပ်၍ ရှေး အကြောင်းကိုအောက်မေ့သဖြင့် ငယ်ဆရာဖြစ်သော မဟာတိဿမထေရ် ကို ကပ်လှူလေသတည်း၊ မဟာတိဿမထေရ်သည်လည်း မဟာဝိဟာရ ဝါသီဂိုဏ်းသံဃာကိုခွဲ၍ အသီးအခြား သံဃကံကို ပြုလေသတည်း။

ထိုအဘယဂိရိကျောင်း တင်လှူသည်မှစ၍ သီဟိုဠ်ကျွန်းတွင် မဟာ ဝိဟာရဝါသီဂိုဏ်း, အဘယဂိရိဝါသီဂိုဏ်း ၂-ဖြာကွဲ၍ ရှိလေသတည်း၊ ဤကဲ့သို့ ကွဲပြားရာ၌ ထေရဝါဒမှာ ရဟန္တာအရှင်မြတ်တို့ အခြားမယူ၊ ပုထုဇဉ်ရဟန်းသံဃာတို့သာ ယူလေကုန်သတည်း၊ ဝဋ္ဋဂါမဏိမင်းသည် အဘယဂိရိကျောင်းကို မဟာတိဿမထေရ်အား တင်လှူသည့်နောက်

၄-နှစ်- ခပါင်း စည်းစိမ် ၁၂-နှစ်၊ သာသနာတော် ၄၅၀-နှစ်တွင် အနိစ္စရောက်သည်။

၎င်းနှစ် ညီတော်စူဠတိဿ မင်းပြုသည်၊ ရဟန္တာ သံဃာတော်များကို ပစ္စည်းလေးပါးဖြင့် မညှိုးမနွမ်းရအောင်ထောက်ပံ့၍ စည်းစိမ် ၁၄၊ သာသနာတော် ၄၇၂-ခုတွင် အနိစ္စရောက်သည်။

စောရနာဂမင်းလက်ထက် သီဟိုဠ်ဒုဗ္ဘိက္ခကပ်ဆိုက်ခြင်း

၎င်းနှစ်ဝဋ္ဋဂါမဏိမင်း့သား စောရနာဂမင်းပြုသည်၊စောရနာဂမင်းမပြုမီ ဘထွေးတော် လက်ထက် ၁၄-နှစ်တိုင် ခိုးမှူးပြု၍နေသည်၊ ရဟန်းသံဃာထံသို့ ရောက်၍ တည်းခိုအိပ်နေသည်ကို သံဃာတော်တို့ မတည်းမဝင်မခိုရ- နှင်လေသည်ကို ရန်ငြိုးဖွဲ့၍ မင်းဖြစ်သော အခါ ကျောင်းကြီး ၁၈-ရပ်တို့ကို ဖျက်ဆီး၍ ပစ်လေသည်။

စောရနာဂမင်း လက်ထက် ၁၂-နှစ်ပတ်လုံး သီဟိုဠ်ကျွန်းအလုံးလျှင် ဝတ်မွတ်ရှားပါးခြင်းကြောင့် လင်နှင့် မယားပင် ဖြစ်သော်လည်း တခဏမျှချစ်ကြည်ခြင်းမဖြစ် ၊ လူမိုက်လူပျက်တို့သည် အရိယာအရှင်မြတ်တို့ ဝမ်းကိုဖောက်၍ ဝမ်းတွင်းရှိသော ထမင်းကိုဆေး၍ စားကြကုန်သည်၊ ရဟန္တာအရှင်မြတ်တို့လည်း ဇမ္ဗူဒိပ်ကျွန်းသို့ ကူးကုန်သည်၊ အချို့သောရဟန်းသံဃာတို့သည်လည်း သိကြားကစေ၍ ဝိသုကြံနတ်သား ဘောင်လှေဘန်ဆင်း၍ ဇမ္ဗူဒိပ်ကျွန်းသို့ ပို့ရသည်၊ ထိုအခါ သီဟိုဠ်ကျွန်းတွင် ကျန်ရစ်သော မထေရ်တို့သည် ဘုရားစကားတော် ပိဋကတ်သုံးပုံကို မကျိုးမပျက်ရအောင် ဝစီဒွါရ မဖြစ်နိုင်သည် ဖြစ်၍ မနောဒွါရဖြင့်သာ ဆင်ခြင်ရကြကုန်သည်။

အနုရုဒ္ဓဒေဝီတင်မြောက်သောမင်းများ

ထိုစောရနာဂမင်းသည် မကောင်းသောအမှုဖြင့် မင်းမှု၍ ထိုမင်း စည်းစိမ် ၁၂၊ သာသနာတော် ၄၈၄-နှစ်တွင် အနုဠာဒေဝီ သေဆေးဖြင့်သတ်၍ အနိစ္စရောက်သည်။

၎င်း စူဠတိဿမင်း၏သား ရာဇတိဿမင်းသားကို နန်းတင်၍ လင်ပြုလေသည်၊ စည်းစိမ် ၃-နှစ်၊ သာသနာတော် ၄၈၇-ခုတွင် အနုဠာဒေဝီ သေဆေးဖြင့်သတ်၍ အနိစ္စရောက်သည်။

ဎင်းနှစ်အတွင်း တံခါးမှူးသိဝလုလင်ကို နန်းတင်၍လင်ပြုသည်၊စည်းစိမ်တနှစ်၊ သာသနာတော် ၄၀၀-ခုတွင် အနုဠာဒေဝီ သေဆေးဖြင့် သတ်၍ အနိစ္စရောက်သည်။

ဎင်းနှစ် တစည်းသမားလုလင်ကို နန်းတင်၍လင်ပြုသည်၊ စည်းစိမ်တနှစ်၊ သာသနာတော် ၄၀၈-ခုတွင် အနုဠာဒေဝီ သေဆေးဖြင့်သတ်ပြန်၍ အနိစ္စရောက်သည်။

ဎင်းနှစ် ထင်းထမ်းသမား ဒါရုဘာတိကကို နန်းတင်၍လင်ပြုသည်။ စည်းစိမ်တနှစ်၊ သာသနာတော် ၄၉၀-ပြည့်တွင် အနုဠာဒေဝီ သေဆေးဖြင့်သတ်၍အနိစ္စရောက်ပြန်သည်၊

ဎင်းနှစ် နိလိယပုရောဟိတ်ကို နန်းတင်၍လင်ပြုသည်၊ စည်းစိမ်ခြောက်လ ရှိပြန်သောအခါ အနုဠာဒေဝီ သေဆေးဖြင့်သတ်ပြန်၍ အနိစ္စရောက်သည်။

ဎင်းနှစ်တွင် ဆင်မှူးသုံးကျိပ်နှစ်ယောက်သားတို့နှင့် အလှည့်အလည်တပြိုင်နက် ရာဂစည်းစိမ်ကိုခံ၍ ခြောက်လရှိသောအခါ သာသနာတော် ၅၀၀-ပြည့်တွင် စူဠမဟာတိဿမင်း၏သား ရာဇတိဿညီတော် အနုဠာဒေဝီမိန်းမ၏တူ ကုဋကဏ္ဏတိဿမင်းသားသည် လင်များသော အနုဠာဒေဝီမိန်းမကိုသတ်၍ အနိစ္စရောက်သည်။

ဗုဒ္ဓသာသနာပြန်လည်ထွန်းပခြင်း

ဎင်းကုဋကဏ္ဏတိဿမင်းပြု၍ စောရနာဂမင်းကစ၍ ခုနစ်ဆက်တိုင် သာသနာတော် ညစ်နွမ်းလေသည့်အရာကို ပြင်ဆင်လုပ်ဆောင်ခြင်းစသော ကုသိုလ်ကောင်းမှုတို့ကိုပြုတော်မူသည်၊ စောရနာဂမင်းလက်ထက် ဝတ်မွတ်ခေါင်းပါး၍ အချို့သော ပုထုဇဉ်,ရဟန္တာတို့သည် ဇမ္ဗူဒိပ်ကျွန်းသို့ကူးသွားကုန်သဖြင့် ကုဋကဏ္ဏတိဿ မင်းသည် သာသနာတော်၌ လွန်စွာကြည်ညိုကြောင်းကိုသိ၍ သီဟိုဠ်သို့ ကူးလာကုန်သဖြင့် သီဟိုဠ်ကျွန်းတွင် ပရိယတ္တိကို အစာပင်ခေါင်းပါးသော်လည်း ရွတ်ဘတ်သရဇ္ဈာယ်ကြကုန်သည်၊ သို့ပင်ဖြစ်သော်လည်း "ဘုရားသခင်နှုတ်တော်စာပေတို့ကို မေ့လေသလော" ဟု ဇမ္ဗူဒိပ်ကကူးလာသော ရဟန်းတို့ထံပြန်သည်၊ အက္ခရာတလုံးမျှ မယွင်းရှိကြကုန်သည်၊ ကုဋကဏ္ဏတိဿမင်း စည်းစိမ် ၂၂၊သာသနာတော် ၅၂၂-ခု နှစ်တွင် အနိစ္စရောက်သည်။

ဂုင်းနှစ် သားတော် ဘာတိကာဘယ မင်းပြုသည်၊ ဤမင်းလက်ထက် မဟာဝိဟာရကျောင်း၌ သီတင်းသုံးနေသော စူဠသုမနထေရ်, အဘိဓမ္မ ဂေါဒတ္တထေရ်, မဟာပဒုမထေရ်, မဟာသုမနထေရ်တို့သည် သဗ္ဗပရိ ယတ္တိ ဝိနယဖြစ်သည်၊ ထိုမထေရ်ရဟန္တာတို့တွင် အဘိဓမ္မဂေါဒတ္တ ထေရ်ကို ဘာတိက မင်းသည် "ရဟန်းယောကျ်ား, ရဟန်းမိန်းမ, လူ ယောကျ်ား, လူမိန်းမတို့၏ အဓိကရုဏ်းငြိမ်းစိမ့်သော ဆုံးဖြတ်တော် မူပါ"ဟု တောင်းပန်သည်၊ ထိုအရှင်ဘုရား၏ ဆုံးဖြတ်ရာ၌ မတည်သော သူကို မင်းအာဏာထားတော်မူသည်၊ ထိုအရှင်မြတ်တို့လည်း အာစရိယ ပရံပရ, ထေရပရံပရ အယူဝါဒဖြင့် ဝိနည်းပရိယတ်ကိုသာလျှင် အလေး ပြု၍ ဆုံးဖြတ်စီရင်တော်မူသည်၊ အဓိကရုဏ်း ငြိမ်းစေသည်၊ ဤသို့လျှင် ဘာတိကာဘယမင်းသည် စည်းစိမ် ၂၀၊ သာသနာတော် ၅၅၀-တွင် အနိစ္စရောက်သည်။

ဂုင်းနှစ် ညီတော် မဟာဒါဌိက မည်သော မဟာနာဂမင်းသည် မင်းပြုသည်၊ ထိုမင်းသည် သာသနာတော်၌ ကိုယ်တော်, မိဖုရား, သား သမီး,ဆင်,မြင်း- ဤငါးပါးတို့ကို ရဟန္တာအရှင်မြတ်တို့အား ဆောင် နှင်းပြီးမှ ရွှေခြောက်သောင်း, ငွေတသောင်းထိုက်သော ပရိက္ခရာ ရှစ်ပါး အရေအတွက်ဖြင့် ရွေးပြန်သည်၊ ဤသို့သော ကောင်းမှုကိုပြု၍ စည်းစိမ် ၁၂-နှစ်၊ သာသနာတော် ၅၆၂-တွင် အနိစ္စရောက်သည်။

ဂုင်းနှစ် သားတော်အာမဏ္ဍဂါမဏိမင်းပြုသည်၊ထိုမင်းသည် အသက် ရှိသော သတ္တဝါကို သနားကရုဏာ ရှိသည်ဖြစ်၍ မသတ်ရမြစ်တားသည်၊ စည်းစိမ် ၉-နှစ်၊ သာသနာတော် ၅၇၁-နှစ်တွင် အနိစ္စရောက်သည်။

ဂုင်းနှစ် ညီတော် ကဏိကတိဿ မင်းပြုသည်၊ ထိုမင်းသည် စေတိယ ပဗ္ဗတသိမ်ကို ဖျက်ဆီး၏၊ သီလမှကင်းသည်ဖြစ်၍ စည်းစိမ်သုံးနှစ်၊ သာသနာတော် ၅၇၄-နှစ်တွင် အနိစ္စရောက်သည်။

ဂုင်းနှစ် အာမဏ္ဍဂါမဏိသား စူဠာဘယမင်းပြုသည်၊ စည်းစိမ်တနှစ်၊ သာသနာတော် ၅၇၅-နှစ်တွင် အနိစ္စရောက်သည်။

ဂုင်းနှစ် မိဖုရား သီလဝမင်းသမီး မင်းပြုသည်၊ စည်းစိမ် ၄-လစံ၍ ရှိခိုက် တူဖြစ်သော ဣဠနာဂ မင်းသားသည် မိထွေးတော်ကိုပယ်၍ မင်းပြုသည်၊ဂုင်းနှစ်ပင် လမ္ဗကဏ္ဏကျေးတို့ ဘမ်း၍ နှောင်အိမ်၌သွင်းထား သည်၊ နှောင်အိမ်ကထွက်ပြေး၍ မလ္လာဇနပုဒ်သို့သွား၍ သုံးနှစ်နေလေ၏၊

ထိုအရပ်၌ သီတင်းသုံးနေသော မဟာပဒုမထေရ်သည် မဟာကပ္ပိန သုတ်ကို ဟောတော်မူ၍ နာပြီးမှ ဗိုလ်ပါခြံရံ၍ လာခဲ့သည်ရှိသော် လမ္ဗကဏ္ဏကျေးတို့နှင့် စစ်ပြိုင်၍နိုင်သဖြင့် သာသနာတော် ၅၇၈-နှစ်တွင် မင်းအဖြစ်သို့ ရောက်ပြန်သည်၊ ၎င်းနှစ် မင်းပြု၍ သာသနာတော် စောင့်မ၍ စည်းစိမ် ၆-နှစ်၊ သာသနာတော် ၅၈၄-နှစ်တွင် အနိစ္စရောက် သည်။

၎င်းနှစ် သားတော် စန္ဒဂုတ္တမင်းပြု၍ သာသနာတော်ကိုစောင့်မသည်၊ စည်းစိမ် ၈-နှစ်, ခုနစ်လ၊ သာသနာတော် ၅၉၂-နှစ်တွင် အနိစ္စရောက် သည်။

၎င်းနှစ် ညီတော်ယသလာလကတိဿ မင်းပြုသည်၊ ထိုမင်းသည် ဘောက်ပြန်သော အပြုအမူရှိသည်၊ ထိုမင်းနှင့် အရုပ်အဆင်းတူသော တံခါးမှူးသုဘကို ရာဇပလ္လင်၌နေစေ၍ မင်းအသွင်ယူစေသည်၊ ထိုမင်း ပျက်စီးချိန်ရောက်၍ စည်းစိမ် ၆-နှစ်၊ သာသနာတော် ၅၉၈-နှစ်တွင် အမတ်တို့ လုပ်ကြံ၍ အနိစ္စရောက်သည်။

၎င်းနှစ် တံခါးမှူး သုဘမင်းလက်ထက် ကျေးညီနောင်သား ဝသဘ မည်သောသူသည် ဦးရိုးကိုခစားလေသည်နှင့် ''ဝသဘမည်သောသူသည် မင်းဖြစ်လတ္တံ့''ဟု ကျော်စောထင်ရှားသည်ကို အကြောင်းပြု၍ ဝသဘ အမည်ရှိတိုင်း သတ်လေသည်နှင့် ဝသဘလုလင်ကို စစ်သူကြီးမယားက သွန်သင်လိုက်၍ ထွက်ပြေးပုန်းလေသည်၊ လူသူပြည့်စုံလျှင် ချီလာ၍ စစ်ပြိုင်ကြလျှင် သုဘစည်းစိမ် ၆-နှစ်၊သာသနာတော် ၆၀၄-နှစ်တွင် အနိစ္စရောက်သည်။

အသက်ရှည်ကြောင်း တရားကိုဟောခြင်း

၎င်းနှစ် ဝသဘ မင်းပြုသည်၊ ဗေဒင်တတ် ပုရောဟိတ် ပုဏ္ဏားတို့က စည်းစိမ် ၁၂-နှစ်မျှသာ စံနေရမည်ကို ဟောသောကြောင့် အသက်ရှည် ကြောင်း ရဟန္တာအရှင် ဘုရားများကို မေးရာတွင်—

''ပဋ္ဌသီ,အဋ္ဌသီ,ဒသသီစောင့်ခြင်း၊ပျက်စီးယိုယွင်းသော ဘုရား ပုထိုးစေတီ,ကျောင်း,ကန် စသည်တို့ကို ပြုပြင်လုပ်ဆောင်ခြင်း''

တို့ကိုပြုလျှင် အသက်ရှည်ကြောင်းဟု ဟောသောကြောင့် ထိုဝသဘ မင်း ကုသိုလ်ကောင်းမှု, သီလ သီတင်းတို့၌ အားထုတ်လျှင် စည်းစိမ်

၄၄-နှစ်တို့ပတ်လုံး သာသနာတော်ကိုစောင့်မ၍ သာသနာတော် ၆၄၀-နှစ်တွင် အနိစ္စရောက်သည်။

ထိုနှစ် သားတော်ဝက်နာသိကတိဿမင်းပြု၍ စည်းစိမ် ၃-နှစ်၊သာသနာတော် ၆၅၁-နှစ်တွင် အနိစ္စရောက်သည်။

ငင်းနှစ် သားတော် ဗာဟုကမန မင်းပြုသည်၊ စည်းစိမ် ၁၂-နှစ်၊ သာသနာတော်စောင့်မ၍သာသနာတော် ၆၆၃-ခုနှစ်တွင် အနိစ္စရောက်သည်။

ငင်းနှစ် ယောဂ္ဂမဟလ္လကမင်းသည် ကာမဂုဏ်ဟူသောအကြောင်းကြောင့် များစွာသော မကောင်းမှုကိုပြု၍ စည်းစိမ် ၆-နှစ်၊ သာသနာတော် ၆၆၉-နှစ်တွင် အနိစ္စရောက်သည်။

ငင်းနှစ် သားတော် ဘာတိကတိဿ မင်းပြုသည်၊ ထိုမင်းသည် ဥဘတောသံဃာကို များစွာအလှူကြီးကို ပေးတော်မူသည်၊ စည်းစိမ် ၂၄-နှစ်၊သာသနာတော် ၆၉၃-နှစ်တွင် အနိစ္စရောက်သည်။

ငင်းနှစ် ညီတော် ကနိဋ္ဌတိဿ မင်းပြုသည်၊ ထိုမင်း လက်ထက်ပျက်စီးယိုယွင်းသမျှ ကျောင်း, ကန်, ပုထိုး, စေတီများကို ပြင်ဆင်လုပ်ဆောင်သည်၊စည်းစိမ် ၁၀-နှစ်၊ သာသနာတော် ၇၀၁-နှစ်တွင် အနိစ္စရောက်သည်။

ငင်းနှစ် သားတော်ခုဋ္ဌနာဂ မင်းပြုသည်၊ မပြတ် ရဟန်း ငါးရာတို့ကို ဆွမ်းလုပ်ကျွေးတော်မူသည်၊ စည်းစိမ် ၂-နှစ်၊ သာသနာတော် ၇၀၃-နှစ်တွင် အနိစ္စရောက်သည်။

ငင်းနှစ် ညီတော်ကုဥ္စနာဂ မင်းပြုသည်၊ စည်းစိမ် ၁-နှစ်၊ သာသနာတော် ၇၀၄-နှစ်တွင် အနိစ္စရောက်သည်။

ငင်းနှစ် ကုဥ္စနာဂယောက်ဖ သိရိနာဂမင်းပြုသည်၊သာသနာတော်ကိုစောင့်မလျက် စည်းစိမ် ၁၀-နှစ်၊ သာသနာတော် ၇၃၂-နှစ်တွင် အနိစ္စရောက်သည်။

ငင်းနှစ် သားတော် ဝေါဟာရတိဿ မင်းပြုသည်၊ ထိုမင်းလက်ထက်ကျောင်းကြီး ၀-ကျောင်း ဆောက်သည်၊ ကပ္ပကဂါမဝါသီ၌ နေသော ဒေဝတ္ထေရ်တရားကိုနာ၍ ၅-နှစ်တိုင်တိုင် ကုသိုလ်နှင့်စပ်သော အမှုကိုပြုသည်၊အနုရာဂါမ၌နေသော မဟာတိဿမထေရ်ရဟန္တာအား ကြည်

ညီသည်ဖြစ်၍ ဒါနဝတ်ကိုလှူသည်၊ စည်းစိမ် ၁၂-နှစ်၊ သာသနာတော် ၇၄၄-နှစ်တွင် အနိစ္စရောက်သည်။

သာသနာ့ အညစ်အကြေးပေါ်၍ သုတ်သင်ခြင်း

ဝ၆းနှစ် ညီတော်အဘယ မင်းပြုသည်၊သာသနာတော် စောင့်မသည်နှင့် ဒေဝတ္တမထေရ်၏ ဟောသောဂိလာနသုတ်ကို ကြား၍ ငါးရပ်သော ကျောင်းကို သူနာဆေးလှူဒါန်းသည်၊ဘေးလောင်းတော် ဝင္ဂါမဏိမင်း လက်ထက် အဘယဂိရိကျောင်းကို ဆောက်၍တင်လှူသော မဟာတိဿ မထေရ်၏ ဂိုဏ်းသံဃာ အဆက်အနွယ်တို့သည် အဓမ္မဝါဒီကိုသာ ယူ၍ အစဥ်သဖြင့် ၂၉ဝ-တိုင်ပွါးများ၍ အဘယမင်းလက်ထက် အကပ္ပိယ ဝတ္ထုကို ရဟန်းတို့များစွာပြု၍ ဆည်းပူးကုန်သည်၊ အချို့လည်း ဝိတဏ္ဍာ ဝါဒီကိုပြု၍ ထိုမင်းလက်ထက် အကပ္ပိယဝတ္ထုကို ရဟန်းတို့များစွာပြုကုန်သည်၊ ဝိတဏ္ဍာဝါဒီကိုပြု၍ ဘုရားသခင် သာသနာတော်ကို ဖျက်ဆီးသော ပါပရဟန်းတို့ကို အဘယမင်းမြင်၍ ကပိလာအမတ်ကိုခေါ်၍ "ပါပ ဘိက္ခုရဟန်းများတို့ကို နှိပ်နင်းခြင်းကိုပြုချေ"ဟု စေသည်၊ ဝိတဏ္ဍာဝါဒီ နှိပ်နင်း၍ လက်ခြေတို့ကို စီရင်၍ သာသနာတော်ကို ထွန်းလင်းစေသည်၊ ထိုအဘယမင်းသည် စည်းစိမ် ဂ-နှစ်၊ သာသနာတော် ၇၅၂-ခုနှစ်တွင် အနိစ္စရောက်သည်။

ဝ၆းနှစ် အဘယမင်း နောင်တော်သား သီရိနာဂ မင်းပြုသည်၊ရဟန်းတော် ၄ဝဝဝ-ကို ဆွမ်းလုပ်ကျွေးတော်မူ၍ မဟာဒေဝထေရ်ရဟန္တာ မြွက်ဟောသော အန္ဓကသုတ်ကို နာရသဖြင့် စတုမဓုယာဂုကို စီရင်၍ လှူတော်မူသည်၊ စည်းစိမ် ၂-နှစ်၊ သာသနာတော် ၇၅၄-ခုနှစ်တွင် အနိစ္စရောက်သည်။

ဝ၆းနှစ် သားတော်ဝိဇယ မင်းပြုသည်၊ စည်းစိမ် ၂-နှစ်ရှိလျှင် သာသနာတော် ၇၅၆-ခုနှစ်တွင် အမတ်သင်္ခတိဿလုပ်ကြံ၍ အနိစ္စ ရောက်သည်။

ဝ၆းနှစ် အမတ်သင်္ခတိဿ မင်းပြု၍ မဟလ္လကရွာ၌နေသော မဟာ ဒေဝထေရ်သည် အန္ဓကဝိန္ဒသုတ်၌ ယာဂုအာနိသံသကို ဟောတော်မူ

သည်ရှိသော် သံဃာတော်အား မွန်မြတ်သောယာဂုကို စီရင်၍ နေ့တိုင်း မပြတ်လှူသည်၊ ၂၀၀၀၀-သော ရဟန်းသံဃာတို့ကိုလည်း သင်္ကန်း ၆-ထည်စီ လှူဒါန်းသည်၊ စည်းစိမ် ၃-နှစ်ရှိသောအခါ သီရိသံဃဗောဓိ အမတ်သည် အဆိပ်ရေဖြင့်နှော၍ သပြေသီးကို ဆက်ပေးရာတွင် သာသနာတော် ၇၅၉-ခုနှစ်၌ အနိစ္စရောက်သည်။

မိုယ်းရွာအောင်သစ္စာပြုသောမင်း

ငင်းနှစ် အမတ်သီရိသံဃဗောဓိ မင်းပြုသည်၊ထိုမင်းလက်ထက် သီဟိုဠ်ကျွန်းအလုံး မိုးခေါင်၍ ငတ်မွတ်ရှားပါးသည်၊ မင်းလည်း ပြည်သူတို့အား သနားခြင်းဖြစ်၍ မိုယ်းရွာအောင်သစ္စာပြု၍ အိပ်နေသည်၊ မိုယ်းရွာ၍ လုပ်ဆောင်တိုင်းကောင်းသဖြင့် ဝပြောသာယာစည်ပင်ပြန်သည်၊ ပြည်သူပြည်သား အပေါင်းတို့ကို ဆင်းရဲကျဉ်းမြောင်းအောင်မရှာ၊ ချမ်းသာအောင်သာရှာ၍ စည်းစိမ် ၂-နှစ်၊ သာသနာတော် ၇၆၁-ခုတွင် ဂေါဓာဘယအမတ် လုပ်ကြံ၍ အနိစ္စရောက်သည်။

ပါပဘိက္ခုများပေါ်၍သုတ်သင်ခြင်း

ငင်းနှစ် ဂေါဓာဘယအမတ် မင်းပြုသည်၊ မြို့တော်လေးမျက်နှာ မဏ္ဍပ်ကြီးစွာဆောက်၍ သံဃာတော် ၂၀၀၀၀-တို့ကို ဆွမ်းပစ္စည်းလှူတော်မူသည်၊ နှစ်တိုင်းလည်း ပစ္စည်းလေးပါး လှူတော်မူသည်၊ အဘယမင်း သာသနာတော်ကို သုတ်သင်ရှင်းလင်းသည်နောက် ၁၉၂-နှစ်မျှ ကြာခဲ့၍ ဂေါဓာဘယမင်းလက်ထက် ပါပရဟန်းပေါ်ရှိပြန်လျှင် ပါပရဟန်းယုတ်တို့ကိုနှိမ်နှင်းပြန်၍ သာသနာတော်ကို သုတ်သင်ရှင်းလင်းသည်၊ အဘယဂိရိကျောင်းတို့နှင့်တူသောအယူပြု၍ သာသနာတော်ဘေးရန်ဆူးငြောင့်သဘွယ်နေကုန်သော ပါပရဟန်း ၆-ကျိပ်တို့ကိုနှင်ထုတ်၍ သမုဒ္ဒရာကိုကူးစေသည်၊ ထိုပါပရဟန်းတို့တွင် သံဃမိတ္တဟူသောရဟန်းသည်မန္တရားမန္တန်၌ လိမ်မာသည်ဖြစ်၍ မဟာဝိဟာရကျောင်းရဟန်းကောင်းတို့နှင့်ဥပုသ်ပဝါရဏာရောနှော၍ပြုသည်၊ မင်းကြီးလည်း ရဟန်းကောင်းမှတ်၍မင်းဆရာပြုပြန်သည်၊စည်းစိမ် ၁၃-နှစ်၊ သာသနာတော် ၇၇၄-နှစ်တွင်အနိစ္စရောက်သည်။

ဇင်းနှစ် သားတော်ဇေဋ္ဌတိဿ မင်းပြုသည်၊ မကောင်းသောအမတ် ကွပ်ညှပ်သည်နှင့် သံဃမိတ္တဟူသောရဟန်းသည် မင်းကိုကြောက်သည် ဖြစ်၍ သမုဒ္ဒရာတဘက်သို့ကူးလေသည်၊ ထိုမင်းသည် များစွာသော ကုသိုလ်ကောင်းမှုပြု၍ စည်းစိမ် ၁၀၊ သာသနာတော်၇၀၄-ခုတွင်အနိစ္စ ရောက်သည်။

သာသနာဖျက်ဇေတဝနဝါသီဂိုဏ်းပေါ်လာခြင်း

ဇင်းနှစ် ညီတော်မဟာသေန မင်းပြုသည်၊ ထိုမင်း၏ ဘိသိက် သွန်း ခြင်းကိုပြုအံ့သောငှါ သမုဒ္ဒရာတဘက်မှ သံဃမိတ္တရဟန်းသည် အခါကို သိ၍ သီဟိုဠ်ကျွန်းသို့ကူးလာပြန်သည်၊ ထိုမထေရ်သည် လောကီအတတ် နှင့်ပြည့်စုံ၍မင်းယုံကြည်သဖြင့် မင်းအား ဘိသိက်သွန်းခြင်းကို ပြုစေပြီး၍ တပါးသော ကိစ္စများကိုပြု၍ ပြီးပြန်သည်ရှိသော် မဟာသေနမင်းကြီး လည်း သံဃမိတ္တထေရ်၏ လောကီအတတ်ကို ယုံကြည်၍ ဆရာပြု၍ကိုး ကွယ်လျှင် ဇေတဝန်ကျောင်းကိုဆောက်လုပ်၍ ဒက္ခိဏဝိဟာရ၌ နေ သောကောက်ကျစ်သောနှလုံးရှိသော မစောင့်စည်းသောသံဃမိတ္တအား တင်လှူလေသည်၊ ထိုအခါမှစ၍ ဇေတဝနဝါသီဂိုဏ်းဖြစ်၍ ပွါးပြန်လေ သည်။

သံဃမိတ္တထေရ်လည်း မဟာဝိဟာရကျောင်းများကို ဖျက်ဆီးလို သည်ဖြစ်၍''မင်းကြီး....မဟာဝိဟာရ၌ နေကုန်သော ရဟန်းတို့သည် အဝိနယဝါဒီအယူရှိကုန်သည်၊ ငါတို့ကား ဝိနယဝါဒီအယူကိုသာ ယူ ကုန်သည်၊ ထိုမဟာဝိဟာရမှာနေသော ရဟန်းတို့အား လှူသောသူ တို့ကို လျှော်ကြေးစေ၊ မင်းဒဏ်တရာ ပေးမည်ဟုဆိုစေ၊ အာဏာနှင့်မြစ် ပါ''ဟု ဆိုလျှင် မဟာသေနမင်းသည်လည်း မင်း၏ အာဏာဖြင့် မြစ် သော် တစုံတယောက်သောသူမျှ မလှူဝံ့ကုန်၊ မဟာဝိဟာရဝါသီ ကျောင်းမနေ ရဟန်းတို့လည်း နှိပ်စက်မှန်းကိုသိသဖြင့် မဟာဝိဟာရ ကျောင်းကို စွန့်၍ နိဂုံးဇနပုဒ်မှာနေလေသည်၊ မဟာဝိဟာရကျောင်း မှာနေမည့်သူမရှိ၊ ဆိတ်ငြိမ်လေသည်။

ပါပရဟန်းတို့လည်း''မဟာဝိဟာရကျောင်းနေ ရဟန်းတို့ပြေးလေ၍ လပ်တော့သည်၊အချည်းနှီးရှိသည်ထက် ငါ့ကိုလှူတော့''ဟုဆို၏၊ မင်း

လည်း''ယူလော့''ဟုဆိုလျှင် မဟာဝိဟာရကျောင်းကိုဖျက်၍မိမိတို့အရံ မှာချည်း ဆောက်စေသည်၊ မဟာသေနမင်းကြီးလည်း ပါပရဟန်းတို့၏ အပင်းအသင်းဖြစ်သဖြင့် ရှေးကောင်းမှု ဟောင်းများကို ဖျက်စေ၍ ပါပရဟန်းတို့အရံမှာချည်း ဆောက်စေသည်။

ပါပရဟန်းတို့ကို စစ်၍သုတ်သင်ခြင်း

ဤသို့ပြုဘိရကား မကောင်းမှုများစွာ ဖြစ်သည်နှင့် နောက်လောဟ ပါသာဒပြာသာဒ်ကို ဖျက်မည်ကြံပြန်လေသော် မဟာသေနမင်းကြီးနှင့် ကြီးပေါင်းငယ်ဘော်ဖြစ်သော မေဃဝဏ္ဏအမတ်သည် ''ဤသို့သော သာ သနာတော်ကို ဖျက်ဆီးရမည်လော''ဟု အစုအရုံးဖွဲ့၍ ခြားလေသော် မဟာသေနမင်းကြီးလည်း အချင်းယောကျ်ားတယောက်ကိုစေ၍ မေဃ ဝနအမတ်ကိုမေးစေသော် ''အမတ်ကလည်း ငါသည် စည်းစိမ်ကိုလို၍ လည်း စစ်မပြု၊ သာသနာတော်ကို ဖျက်သောကြောင့်သာ စစ်ပြုသည်၊ မင်းကြီးလည်း ပါပရဟန်းတို့၏ စကားကို နားထောင်၍ မပြုအပ်သော အရာကို ပြုကျင့်သည်၊ မသင့်''ဟု စာပြန် လိုက်သော် မင်းလည်း အမတ်၏စကားကိုကြားလျှင် နောင်တပြင်းစွာဖြစ်သည်၊ ယင်းသို့ဖြစ်ပြီး မှ မင်းနှင့်အမတ် ကတိကဝတ်ပြု၍ မြှို့သို့ပြန်ခဲ့ကြပြီးလျှင် မင်းကြီး ကြံ တော်မူသည်မှာ သာသနာတော်၌ ရဟန်းနှစ်ဦးတို့တွင်—

> ''ဓမ္မဝါဒီဖြစ်သောရဟန်းကား အဘယ်နည်း၊ အဓမ္မဝါဒီဖြစ် သောရဟန်းကား အဘယ်နည်း။ လဇ္ဇီဖြစ်သော ရဟန်းကား အဘယ်နည်း၊ အလဇ္ဇီဖြစ်သော ရဟန်းကား အဘယနည်း''—

ဟု ကြံစည်လို့လပြု၍ ရှာကြံလျှင်''ဓမ္မဝါဒီ အယူရှိသောသူကိုရဟန်း မဟုတ်''ဟုဖျက်ဆီးတတ်သော ပါပရဟန်းများကိုသာ မြင်လေသည်နှင့် တရားဟုတ်သည်ကို တရားမဟုတ်ဟု ပြတတ်သော ရဟန်းတို့ကို စစ်ပြီး လျှင် သာသာနာကိုဖျက်သော ပါပရဟန်းတို့ကို မသတ်သာ၍ ကျောင်း ကိုဖျက်သော သူတို့နှင့်တကွ တံစိုးစား၍ ဖျက်ဆီးသမျှ ပါပရဟန်းတို့ ကို ပျက်စီးစေ၏၊ကိုယ်,နှုတ်,နှလုံးကို မစောင့်သော သံဃမိတ္တ ရဟန်း, ပါပရဟန်း၏ အပင်းအသင်း ဖြစ်သောအမတ်များတို့တို့ သုတ်သင် ရှင်း လင်းပြီးမှ ပါပရဟန်း ဖျက်ဆီးလေသမျှတို့ကို မေဃဝနအမတ် ပကတိ

ရှိအောင် ကျောင်းအရိပ်အာဝါသတို့ကို ပြုပြင်လုပ်ဆောင်၍ ဝိနယဝါဒီ အယူရှိသော မဟာဝိဟာရဂိုဏ်း သံဃာတို့ကို အပ်၍ သီတင်းသုံးနေ စေတော်မူသဖြင့် သာသနာတော်ကို ထွန်းပစေသည်။

သာသနာတော်ကို ထွန်းပစေပြီးသည်နောက် မဟာသေနမင်းသည် စည်းစိမ် ၂၇၊ သာသနာတော် ၈၁၁-ခုတွင်အနိစ္စရောက်သည်၊ သီဟိုဠ်ကျွန်း၌ သာသနာတော် တည်သည်မှ အနှစ် ၆၀၀-စိုးစဉ်းမပြည့်မီ ၄,၅-နှစ်က ရဟန်းသံဃာတို့သည် သုံးဖြာကွဲလေသောကြောင့် သုံးဂိုဏ်း ဖြစ်လေကုန်သတည်း။

သီဟိုဠ်သို့စွယ်တော်မြတ်ရောက်လာခြင်း

၎င်းနှစ် သားတော် ကိတ္တိသီရိမေဃ မင်းပြုသည်၊ ၂၀-နှစ်တွင် ဘိသိက်ခံ၍ ၂၄-နှစ်၊ သာသနာတော် ၈၃၅-နှစ်ရှိသောအခါ ကလိင်ရာဇ်ပြည်မှ မင်း၏သမီးတော် ဟေမမာလာဒေဝီနှင့် သမက် ဒန္တမင်းသားတို့ သဘော်နှင့် ဘုရားသခင်စွယ်တော်ကို ဆောင်ခဲ့၍ သီဟိုဠ်ကျွန်းသို့ရောက်လာသတည်း၊စွယ်တော်ရောက်ပြီးသည့်နောက် ၂-နှစ်၊သာသနာတော် ၈၃၇-နှစ်တွင် အနိစ္စရောက်သည်။

၎င်းနှစ် သားတော်အကြီး ဇေဋ္ဌတိဿနှင့် သားတော်အငယ် ကနိဋ္ဌတိဿ အချင်းချင်းနန်းလုကြ၍ မင်းမပြုဘဲ ပြည်သားတို့ကို နှစ်ဘက်ဆောင်၍ ကွပ်ညှပ်ဆုံးမကြသည်နှင့် သာသနာတော် ၈၄၂-နှစ်တွင် ညီနောင် ၂-ယောက် အနိစ္စရောက်သည်။

၎င်းနှစ် နောင်တော်သား ဗုဒ္ဓဒါသသည် သာသနာတော်ကိုစောင့်မသည်၊ ဤမင်းလက်ထက် တရားကျမ်းဂန်ကို ဟောတတ်သော မဟာထေရ်တပါးသည် ဝိနည်း, အဘိဓမ္မာမှ တပါး သုတ္တန် ပိဋကတ်ကို သီဟိုဠ်ဘာသာဖြင့် ပြန်သောဟူ၏၊ဗုဒ္ဓဒါသမင်းသည် စည်းစိမ် ၂၉-နှစ်၊ သာသနာတော် ၈၇၁-နှစ်တွင် အနိစ္စရောက်သည်။

၎င်းနှစ် သားတော်တော် ဥပတိဿ မင်းပြုသည်၊ စည်းစိမ် ၄၄-နှစ်၊ သာသနာတော် ၉၁၅-နှစ်တွင် အနိစ္စရောက်သည်။

ရှင်မဟာ ဗုဒ္ဓဃောသ ပိဋကတ်တော်နှင့် သထုံရောက်လာခြင်း

ဂုဏ်နှစ် သားတော်မဟာနာမ မင်းပြုသည်၊ စည်းစိမ် ၂၂-နှစ်အနက်တွင် ဘိသိက်ခံ၍ ၁၅-နှစ်ရှိသောအခါ သာသနာတော် ၉၃၀-ပြည့် မင်း ၆၆-ဆက်၌ ဇမ္ဗူဒိပ်ကျွန်း သုဝဏ္ဏဘုမ္မိ ဗုဒ္ဓဃောသရွာက ရှင်ဗုဒ္ဓဃောသရဟန်းသည် သီဟိုဠ်ကျွန်းသို့ ရောက်လျှင် ပေထက်အက္ခရာ သီဟိုဠ်ဘာသာနှင့် ရေးထားခဲ့သည့်အရာကို မဂဓဘာသာဖြင့် ရေးဆောင်တော်မူခဲ့၍ သုဝဏ္ဏဘုမ္မိတိုင်း သထုံပြည်သို့ ပရိယတ္တိသာသနာရောက်သဖြင့် ပဋိပတ္တိ, ပဋိဝေဓသာသနာတော် လွန်ကဲစွာ ဖြစ်တော်မူသည်၊ ထိုပရိယတ္တိသာသနာတော်ကို ဆောင်ရွက်ကုန်သော ရဟန်းသံဃာတို့သည်လည်း သီဟိုဠ်ကျွန်း ဒေဝါနံပိယတိဿမင်း လက်ထက်မှစ၍ မဟာနာမမင်းလက်ထက်တိုင် မဟာဝိဟာရဝါသီ အရှင်မြတ်တို့အနွယ်အဆက် ထေရဝါဒ မကွဲမပြား ရဟန်းသံဃာတို့နှင့်- သုဝဏ္ဏဘုမ္မိတိုင်း သထုံပြည် သာသနာတော်ပြု သောဏထေရ်, ဥတ္တရထေရ်တို့၏ အနွယ်အဆက် ရဟန်းသံဃာတို့ ထေရဝါဒ မကွဲမပြား ရှိကြလေသတည်း။

ဗာဟုမင်း၄-ဆက် သာသနာ့အညစ်အကြေးသုတ်သင်ခြင်း

ဤသို့လျှင် သီဟိုဠ်ကျွန်း၌ သာသနာတော် တည်သည့်အနှစ် ၆၀၀-စိုးစဉ်းမပြည့်မီ လေး, ငါးနှစ်က ရဟန်းသံဃာတို့သည် သုံးဖြာကွဲသောကြောင့် သုံးဖြာသော ဂိုဏ်းတို့သည် ဖြစ်ကုန်သတည်း၊ ထိုသုံးဖြာသော ဂိုဏ်းတို့တွင် မဟာဝိဟာရဝါသီဂိုဏ်းသာလျှင်စင်စစ်စင်ကြယ်သော အယူသီလရှိသော ဓမ္မဝါဒီသာဖြစ်သည်၊ ကြွင်းကုန်သော နှစ်ပါးသော ဂိုဏ်းတို့သည် မစင်ကြယ်ကုန် အဓမ္မဝါဒီသာ ဖြစ်ကုန်သည်၊ အထက်အထက် မင်းတို့လက်ထက် သာသနာတော် ထွန်းပအောင်သုတ်သင်ရှင်းလင်းသော်လည်း အမြစ်အရင်း မကုန်မစင် ကြွင်းကျန်လေသဖြင့် ထိုအဓမ္မဝါဒီ ပုဂ္ဂိုလ်များစွာ ရှိပြန်ကုန်သည် ဖြစ်၍ ဓမ္မဝါဒီပုဂ္ဂိုလ်တို့ အားနည်းစွာရှိကုန်၍ မထွန်းပနိုင်၊ ထိုအဓမ္မဝါဒီ ရဟန်းတို့သည် အထူးထူး အပြားပြား ရှိကုန်သော အပ္ပဋိပတ္တိတည်းဟူသော ဒုတိယသင်္ဂါယနာ မတင်မီ၌ ဝဇ္ဇီတိုင်းသားရဟန်းတို့၏ အကျင့်ကဲ့သို့ ပညတ်

တော်မှ တပါးတခြား မှညတ်၍ ယူခြင်းဟူသော အယူအကျင့် ဥပ္ပဋိပတ္တိ
တည်းဟူသော တခြားပညတ်ဖဲ၍ ဘုရားပညတ်တော်ကို ကျော်နင်း၍
ကျင့်သော အကျင့် ရှိကြကုန်သဖြင့် သာသနာတော်၏ အညစ်အကြေး
ဆူးငြောင့်ဘေးရန်တို့ကို ပြုကြကုန်လျက် အနှစ်ရှည်ကြာစွာ ပေါ်ရှိပြန်၍
ဖြစ်ခဲ့သော် မဟာနာမမင်းနောက် ဆယ်ဆက်သော မင်းတို့၏ အဆုံး
သီဟိုဠ်ကျွန်း သာသနာတော် တည်သည်မှ ၁၄၇၂၊ ဘုရားပရိနိဗ္ဗာန်ပြု
တော်မူသည်မှ ၁၇၀၀-နှစ်တွင် သိရိသင်္ဃဗောဓိပရက္ကမဗာဟု မင်း
ကြီး အုပ်စိုးတော်မူသည်။

ထိုမင်းဘိသိက်ခံ၍ ၁၁-နှစ်မြောက်တိုင်အောင် ဝဋ္ဋဂါမဏိမင်းလက်
ထက် ရဟန္တာငါးရာတို့ ပိဋကတ်ပေထက်တင်၍ လေးနှစ်အလွန်လျှင်
သာသနာတော်အညစ်အကြေး ဆူးငြောင့်ဘေးရန်များ၍ ဂိုဏ်းကွဲလေ
သော အခါမှစ၍ ၁၂၅၄-နှစ်တိုင်တိုင် သာသနာတော် မစင်မကြယ်
ဂိုဏ်းကွဲ၍ အဓမ္မဝါဒီ အယူဖြင့်သာ သီဟိုဠ်ကျွန်း၌ တည်လေသော်
သိရိသင်္ဃဗောဓိပရက္ကမ ဗာဟုမင်းသည် မဟုတ်သောအကျင့်, မကောင်း
သောအကျင့်တို့ကို ကျင့်ကုန်သော ရဟန်းသံဃာတို့ကိုမြင်သဖြင့် သာသ
နာတော်၏ ဆူးငြောင့်ဘေးရန် ရှိသည်၏အဖြစ်ကိုသိသည်ဖြစ်၍ "ငါသို့
သောမင်းသည် သာသနာ၏အညစ်အကြေး ဆူးငြောင့်ဘေးရန် ရှိသောအ
ဖြစ်ကိုသိလျက် အကြင်အခြင်းဖြင့် လုံ့လပြုသည်ရှိသော် သာသနာတော်
စင်ကြယ်သည် ဖြစ်ရာ၏၊ ထိုအခြင်းဖြင့် လုံ့လကြောင့်ကြသို့မရောက်မူ၍
သာလျှင် လျစ်လျူရှုသည်ဖြစ်၍ အကယ်၍နေချေအံ့၊ ထိုသို့ ကြောင့်ကြမဲ့
နေသည်ရှိသော် ငါသည် မြတ်စွာဘုရား၌ ကောင်းစွာချစ်မြတ်နိုးခြင်း, အ
ရိုအသေ အလေးအမြတ် ပြုခြင်းများသည် မဖြစ်ရာ၊ စင်စစ်လျှင် ငါသည်
ဥဒုမ္ဗရကျောင်းနေ မဟာကဿပမထေရ်လျှင် အမှူးရှိသော သမ္မာပဋိပတ်
အကျင့်ကိုကျင့်သော မဟာဝိဟာရဝါသီကျောင်းနေ အပင်းအသင်း
သံဃာအား ပစ္စည်းတို့ဖြင့်ထောက်ပံ့၍ ဓမ္မာသောကမင်းသည် ခြောက်
သောင်းမျှလောက်သော ပါပရဟန်းတို့ကို လူထွက်စေ၍ သာသနာတော်
ကို သုတ်သင်ခြင်းကို ပြုသကဲ့သို့ ထို့အတူလည်းကောင်း ငါသည်လည်း
မဟုတ်သောအကျင့်, မကောင်းသောအကျင့်ကို ကျင့်ကုန်, မစင်ကြယ်
ကုန်သော အဓမ္မကို ယူလေ့ရှိကုန်သော ပါပဘိက္ခု ရဟန်းသံဃာတို့ကို
လူထွက်စေ၍ မဟာဝိဟာရဝါသီတို့၏ အပေါင်းဖြစ်သော တခုတည်း

သောဂိုဏ်းကိုသာလျှင် ကြွင်းစေအံ့''ဟု သာသနာတော်ကို သုတ်သင်ခြင်းကိုပြု၍ ရဟန်းသံဃာတို့အားလည်း ကတိကဝတ်ကို ပြုစေသည်။

ထိုမင်းနောက်၌ ဝိဇယဗာဟုမင်းသည် သာသနာ ၁၇၄၀-ခုတွင် မင်းပြုသည်၊ ထိုမင်းလက်ထက်တွင်လည်း မကောင်းသော အကျင့်ရှိကုန်သော များစွာကုန်သော အဓမ္မဝါဒီ ရဟန်းယုတ်တို့ကို လူထွက်စေ၍ သာသနာတော်ကို သုတ်သင်ရှင်းလင်းသဖြင့် မဟာဝိဟာရကျောင်းသားရဟန်းတို့၏ အနွယ်အဆက် တဂိုဏ်းတည်းသာထား၍ သာသနာတော်ကို သုတ်သင်ခြင်းကို ပြုတော်မူသည်။

ထိုမင်းနောက် ပရက္ကမ ဗာဟုမင်းသည် သာသနာ ၁၇၅၀-ခုတွင် မင်းပြုတော်မူသည်၊ ထိုမင်းလက်ထက် သာသနာတော်၏ အညစ်အကြေးဘေးရန်ဆုံးခြောင့် ပြု၍နေကုန်သော အဓမ္မဝါဒီ ပါပရဟန်းသံဃာတို့ကိုလူထွက်စေ၍ သုတ်သင်ရှင်းလင်းသဖြင့် မဟာဝိဟာရကျောင်း ရဟန်းတို့၏ အနွယ်အဆက် တဂိုဏ်းတည်းသာထား၍ သာသနာတော်ကို သုတ်သင်ခြင်းကို ပြုတော်မူသည်။

သီရိသင်္ဃဗောဓိ ပရက္ကမဗာဟုမင်း သာသနာတော်ကို သုတ်သင်ရှင်းလင်းပြီးသည်မှ ဘုဝနေက ဗာဟုမင်း လက်ထက်တိုင် ၂၉၄-နှစ်ပတ်လုံး မဟာဝိဟာရဝါသီ ဂိုဏ်း တခုတည်းသာ၊ ဟံသာဝတီ ရာမာဓိပတိမင်းလက်ထက် ရာမညတိုင်း တလိုင်းသုံးရပ်တွင်လည်း မဟာဝိဟာရဝါသီဂိုဏ်းတခုတည်းသာ သက္ကရာဇ် ၈၄၀-ခု၊ သာသနာတော် ၂၀၀၀-ခုနှစ်တိုင်အောင် သာသနာတော် သန့်ရှင်းစင်ကြယ်စွာ ဘုရားပညတ်တော်နှင့်အညီ ထွန်းပလေသတည်း။

ဓမ္မပတိမထေရ်နှင့် သထုံသာသနာ

ယခင် သုဝဏ္ဏဘူမိတိုင်း သထုံပြည်သို့ သာသနာတော် ရောက်ရှိကြောင်း အဆက်အနွယ်ကား အဝန်းကိုးရာ မဇ္ဈိမဒေသဖြင့် ပစ္စန္တဂါမ သုဝဏ္ဏဘူမိတိုင်းဝယ် ဘုရားအလောင်းတော် မင်းသိဒ္ဓတ် ဘုရားမဖြစ်မီက သမိပကဏ္ဍမြို့၌ တိဿရာဇာမင်း၏ သားတော် သီဟနုမင်းသားရသေ့ရဟန်းပြု၍ မဏိအဉ္ဇုဂိရိတောင်၌ နေရာတွင် ဝိဇ္ဇာမိုရ်လုလင်နှင့် နဂါးမ ယဉ်ပါးရှိရာတွင် ဘွားမြင်သော ဥနှစ်လုံးကို ရှင်ရသေ့ရ၍

ကောက်ယူမွေးရာတွင် လုလင်နှစ်ယောက်ဖြစ်၍ ၁၀-နှစ်အရွယ်သို့ရောက် ကြလျှင် ညီတော် ကျောက်နာနှင့်ကံကုန်၍ မဇ္ဈိမဒေသ ဗာရာဏသီ ပြည်မှာ ဖြစ်လေသည်။ နောင်တော်မှာ ၁၇-နှစ်အရွယ်သို့ ရောက်လျှင် သီဟရာဇာဟူသော အမည်ကို ခံစေလျက် ဘုရားလောင်း မင်းသိဒ္ဓတ် ရှေ့နန်းစံ၍ဆယ်နှစ် ဘိုးတော်အဥ္စနမင်းကြီး ပြုပြီးသော သက္ကရာဇ် ၉၄-ခုတွင် အဝန်းသုံးယူဇနာရှိသော မြို့ကိုတည်၍ စံနေတော်မူသည်။

သက္ကရာဇ် ၉၇-ခုတွင် မင်းသိဒ္ဓတ် တောထွက်တော် မူသည်။ သက္ကရာဇ် ၁၀၃-ခုတွင် ဘုရားဖြစ်တော်မူသည်၊ ဘုရားဖြစ်တော်မူ၍ ငါးဝါမြောက်သက်တော် ၄၀-ပြည့် ဂဝံပတိရဟန္တာ အသက် ၁၁-နှစ် ဝါ ၄-ဝါရှိသော သာမဏေသည် ဘုရားသခင်ကိုပင့်ဖိတ်၍ သက္ကရာဇ် ၁၀၈-ခုတွင် သီဟရာဇာမင်းလက်ထက် သုဝဏ္ဏဘုမ္မိမြို့သို့နှစ်သောင်းသော ရဟန္တာ အရှင်မြတ်တို့နှင့် ဒေသစာရီကြွတော်မူလာ၍ ကျွတ်ဆုပေး တော်မူသည်၊ ထိုကစ၍ ဘုရားသခင်တပည့် အရိယာသံဃာတော်တို့ များစွာရှိနှင့်သည်။

သက္ကရာဇ် ၁၄၈-ခု ကဆုန်လတွင် ပရိနိဗ္ဗာန်စံဝင်တော် မူပြီးသည် နောက် ဂဝံပတိကို ''သွားတော် ၃၃-ချောင်းယူ၍ သုဝဏ္ဏဘုမ္မိတိုင်းမှာ နေရမည်''ဟု ဗျာဒိတ်ထားတော်မူခဲ့သည်နှင့် ရှင်ဂဝံပတိရဟန္တာမထေရ် သည် သုဝဏ္ဏဘုမ္မိမြို့မှာ သီတင်းသုံးနေ၍ သာသနာတော်ကို ထွန်းလင်း စေသည်၊ အဇာတသတ်မင်းလက်ထက် ၁၄၈-ခုကိုဖြို၍ အတိုတခု ထားပြီးသည်နောက် သီဟရာဇာမင်း စည်းစိမ် ၅-နှစ်, ဘုရားထင်ရှား ရှိစဉ် ၅၅-နှစ်၊ ပေါင်း စည်းစိမ် ၆၀-စံနေ၍ အနိစ္စရောက်သည်၊ ထိုမင်းလက်ထက် ဂဝံပတိမထေရ်နှင့် သာသနာတော်ကို အစတည် ထောင်သည်။

နောက် မင်းလေးဆက်တိုင် သာသနာပွင့်လင်းသည်နှင့် သာသနာ တော် ၁၃၇-ခုတွင် သားတော်အကုံရမင်းသားသည် ခမည်းတော် ဓမ္မဓဇမင်းကြီးကို မတရားသော အဓမ္မများနှင့် ညှဉ်းဆဲပုတ်ခတ်လေ သောကြောင့် သိကြားမင်းသည် ဘန်ဆင်း၍ပေးသော သုဝဏ္ဏဘုမ္မိမြို့ကို သမုဒ္ဒရာစောင့်နတ်တို့ ဖျက်ဆီးလေသဖြင့် ကမ်းပြို၍ မြို့ပျက်စီးလေသည် နှင့် သာသနာတော်လည်း တိမ်မြုပ်ပြန်လေ၏။

သောဏထေရ်,ဥတ္တရထေရ်နှင့် သထုံသာသနာ

သုဝဏ္ဏဘုမ္မိ ပျက်စီးသည့်နောက် ၆-နှစ်တိုင်တိုင် လူမရှိလပ်လျှား လေသည်နှင့် ဓမ္မဇေမင်းကြီး သားတော်အငယ် ဥပဒေဝမင်းသည် ထွက်ပြေးပုန်းရှောင်လေသမျှ လူအပေါင်းတို့ကိုစုရုံး၍ သာသနာတော် ၁၄၄-ခုနှစ်တွင် မြို့ရာဟောင်းတောင် သုဓမ္မဝတီမြို့သမုတ်၍ တည်ထောင် စံနေသည်၊ ထိုမင်းမြစ် သိရိဓမ္မာသောကမင်းပြု၍ စည်းစိမ် ၁၆-နှစ် ရှိသောအခါ သာသနာ ၂၃၆-ခုတွင် ပါဋလိပုတ်ပြည်က ဓမ္မာသောကမင်း လက်ထက် ထိုမင်းတောင်းပန်၍ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ် သာသနာပြု အသီးအသီး စေလွှတ်သည်တွင် သုဝဏ္ဏဘုမ္မိတိုင်း သထုံတွင် သော သုဓမ္မဝတီမြို့သို့ သာသနာပြု သောဏမထေရ်, ဥတ္တရမထေရ်, တပည့် အနုရုဒ္ဓါ,တိဿဂုတ္တ,သောဏောယျအမည်ရှိသော ပဉ္စာသမဏ သုံးပါး,မထေရ်နှစ်ပါး၊ ပေါင်း ၅-ပါး ကြွတော်မူလာသည်။

ထိုသထုံမြို့မှာတုံသော်လည်း သမုဒ္ဒရာနားက ဘီလူးအပေါင်းတို့ နှိပ်စက်ခိုက် သာသနာတော်လည်း တိမ်မြုပ်၍ ရဟန်းသံဃာမှန်း မသိ ခိုက် ကြွရောက်လာသဖြင့် ထိုပြည်သူပြည်သား အပေါင်းတို့သည် လေး မြှားကိုင်လျက် ထိုးပစ်မည်ပြုစဉ် ရဟန္တာအရှင်မြတ်တို့လည်း ဤသို့ မိန့်တော်မူသည်။

"ဒါယကာတို့....ငါတို့ကား ရဟန်း၊ ဘေးမဲ့ကိုသာပြုတတ် ကုန်၍ မကောင်းမှုကို ရှောင်သည့် သာကီဝင်မင်းမျိုးမှထွက်၍ ရဟန်းပြုတော်မူသော လူ့,နတ်,ဗြဟ္မာ သတ္တဝါအပေါင်းတို့ကို ကယ်ချွတ်တော်မူတတ်သော ဓမ္မရာဇာအမည်ရှိသော ဘုရား တပည့်ဖြစ်သည်"—

ဟု ပြောဆိုမှ သိရိဓမ္မာသောကမင်းမှစ၍ ပြည်သူအပေါင်းတို့လည်း ရှေးရှေ့စာကမ္ပည်းနှင့် သုံးလူ့ထွဋ်တင် ဘုရားသခင်သည် ဘုရားဖြစ်၍ ငါးဝါမြောက် သက်တော် ၄၀-တွင် ရှင်ဂဝံပတိပင့်ဘိတ်၍ ကြွတော် မူလာဘူးကြောင်း, ဘုရားသခင် ပရိနိဗ္ဗာန်ပြုတော်မူသည့်နောက် ဂဝံပတိ ရဟန္တာထေရ်မြတ်သည် သွားတော် ၃၃-ချောင်းကိုယူခဲ့၍ စေတီတည် ထားကိုးကွယ်ကြောင်းများနှင့် ရေးသားသည့် ကမ္ပည်းစာကို ကြားဘူး သည်နှင့် ရဟန်းဖြစ်ကြောင်းကို သိကြကုန်၍ သဒ္ဓါကြည်ညိုကုန်ကြ၍

ရဟန္တာအရှင်မြတ်တို့လည်း ကောင်းကင်မှဆင်းသက်တော်မူ၍ ကျောက်တောင်မှာ နေတော်မူသည်။

ယင်းသောအခါ လူအပေါင်းတို့ အစည်းအဝေးပြုခိုက် ဘီလူးတို့သည် သမုဒ္ဒရာမှ တက်လာကုန်သည်ဖြစ်၍ လူအပေါင်းတို့ကို မြစ်ကုန်ဟစ်ကြော်ခြိမ်းချောက်ကုန်သည်၊ ရဟန္တာအရှင်မြတ် ငါးပါးတို့လည်း တန်ခိုးကြီးသော နတ်ရုပ်ဘန်ဆင်းနင်းဖြုပြီး၍ ဘီလူးအပေါင်းတို့ မလာမရောက်ဝံ့သဖြင့် ချမ်းငြိမ်းလေသည်၊ ထိုနေ့မှစ၍ သူငယ်ဘွားမြင်သမျှကို သောဏုတ္တရကျွန်-ဟူ၍ အမည်မှည့်ကြကုန်သည်။

ထိုအစည်းအဝေးတွင် ဗြဟ္မဇာလသုတ်ကို ဟောတော်မူလျှင် ခြောက်သောင်းသော ယောကျ်ားတို့သည် ရဟန္တာချည်း ဖြစ်ကြကုန်သည်၊ သုံးထောင်ငါးရာ ရဟန်းပြုကြသည်၊ တထောင့်ငါးရာသော မိန်းမတို့သည် သောတာပန်,သကဒါဂါမ်,အနာဂမ်တည်ကြလေကုန်သည်၊နောက်ကိုရဟန်းပြုကြကုန်သဖြင့် ရဟန္တာထေရီမချည်း ဖြစ်ကြကုန်သည်။

ယင်းသည့်နောက်ကို ယောကျ်ား,မိန်းမ ရဟန်းပြုကြကုန်၍ အသီးအသီး မဂ်,ဖိုလ်ရသည်ကား မရေတွက်နိုင်၊ ယင်းကသည် အဆက်အနွယ် ရဟန္တာမိန်းမ, ပုထုဇဉ်ရဟန်းမိန်းမတို့သည် သီရိခေတ္တရာရာမတိုင်း, သီရိခေတ္တရာမကကို အရိမဒ္ဒနာပေါက္ကံရာမတိုင်း သမုဒ္ဒရာဇ ဖြူစောထီးမင်းတို့ လက်ထက်တိုင်အောင် ရဟန်းမိန်းမခေတ်တထောင်ဆိုသောကြောင့် ရှိလေသေးသတည်း။

ထိုသောဏထေရ်, ဥတ္တရထေရ် အရှင်မြတ်တို့က ဆင်းသက်၍ ဝိနယဓရပရိယတ္တိအာစရိယပရံပရထေရဝါဒမှ မကွဲမပြား တသမတ်ထည်းရှိ၍ သီရိဓမ္မာသောကမင်းကကို မနုဟာမင်းတိုင်အောင် ၄င်း ၃၁-ဆက်တွင် မနုဟာမင်းသည် မင်းတို့ကျင့်ရိုးလမ်းကိုမလိုက် အဓမ္မတရားများလေသောကြောင့် ကျေးလက်ရွာပြည်မှ မုဒိမ်းတန္တုထူထပ်သဖြင့် မိုးလေးနှစ်ခေါင်၍ငတ်မွတ်ရှားပါးသဖြင့် အရိယာသံဃာတော်တို့လည်း လွင့်ပြေး၍ တရပ်တပါးသို့ သွားကြလေကုန်သည်။

ရှင်အရဟံထေရ်နှင့်ပုဂံသာသနာ

ထိုအခါ သုနာပရန္တတိုင်း,တမ္ဗဒီပတိုင်းတို့၌ သာသနာတော် တည်ပြီးသည့်နောက် ပျက်စီးပြန်၍ သာသနာတော် ညှိုးနွမ်းလေသည်နှင့်

ဘုရားသခင်ဗျာဒိတ်ထားခဲ့သည်နှင့်အညီ "သုနာပရန္တ,တမ္ဗဒီပတိုင်းတို့၌ သာသနာတော် မရောက်ချေသေး"ဟု ရဟန္တာအရှင်မြတ်တို့က အောက်မေ့တော်မူပြီးသော် သိကြားမင်းအထံသို့ သွား၍ "သိကြားမင်း…. သာသနာတော်မြတ်ကို ပြုနိုင်မည့်သူအား ကူညီ၍ထောက်ပံ့ပါ"ဟု ဆိုလျှင် သိကြားလည်း တာဝတိံသာနတ်ပြည်၌ နတ်သားဘယောက်သည် သီလအာစာရနှင့် ပြည့်စုံသည်ကိုမြင်၍ "အချင်းနတ်သား….သုဝဏ္ဏဘုမ္မိတိုင်း၌ သန့်ရှင်းစင်ကြယ်သော ပုဏ္ဏားမဝမ်း၌ ပဋိသန္ဓေနေ၍ သာသနာတော်မြတ်ကို ချီးမြှင့်ပါ"ဟုဆိုလျှင် ဝန်ခံသဖြင့် သန့်ရှင်းစင်ကြယ်သော ပုဏ္ဏားမဝမ်း၌ ပဋိသန္ဓေနေ၍ နေ့လစေ့သဖြင့် ဘွားမြင်သည်ရှိသော် သီလဗုဒ္ဓိအမည်ရှိသော ရဟန္တာအရှင်မြတ်သည် စောင့်မ၍ ၁၅-နှစ်အရွယ်သို့ရောက်လျှင် အမိပုဏ္ဏေးမကို တောင်း၍ ရဟန်း, သာမဏေပြုလျှင် ပိဋကတ်ကျမ်းဂန်တို့ကို တတ်သိလိမ္မာခြင်းသို့ ရောက်သဖြင့် အသက်နှစ်ဆယ် ပြည့်သောကာလ ပဥ္စင်းခံလျှင် ရဟန္တာအဖြစ်သို့ ရောက်လေသည်။

ပဥ္စင်းခံ၍ ငါးဝါရသောကာလ ဆရာသီလဗုဒ္ဓိမထေရ်က—

"ချစ်သား အရဟံ….သုနာပရန္တတိုင်း, တမ္ဗဒီပတိုင်းတို့၌ သာသနာတော် မတည်ချေသေးဖြစ်သည်၊ ပေါက္ကံရာမပြည်၌ အနုရုဒ္ဓါဒေဝအမည်ရှိသော နော်ရထာစောသည် ရှေးမင်းတို့လက်ထက် ရှင်အရည်း ရဟန်းတို့သည် ဘုရားသခင်ဟောတော်မူသော တရားမဗ္ဗက္ခန်ကို ပယ်၍ မိမိတို့အယူဖြင့် အသီးအသီးဆန္ဒအားလျော်စွာ ကျမ်းဂန်ပြု၍ လူတို့အား လှည့်ပတ်ဖြားယောင်းသည်ကို နာယူကြလျက်'သားသမီးကို ထိမ်းမြားမင်္ဂလာ မပြုမီ ပန်းဦးပေးရမည်'ဟူ၍ ညဦးက အရည်းရဟန်းတို့ထံ အိပ်နေပြီး၍ မိုးသောက်မှ လွှတ်လိုက်ပြီးမှ ထိမ်းမြားရမည်၊'ပဥ္စသီငါးပါးတွင် တပါးပါးပျက်လျှင် အရည်းရဟန်းတို့ပြုသော ပရိတ်တစောင်ရွတ်လျှင် အပါယ်မလားဖြစ်သည်'ဟု ဟောပြော၍ ယူကြသည်များကို နောရထာစော မနှစ်သက်၍ နှလုံးဒွိဟရှိသည်၊ ထိုမင်း၏နှလုံးဒွိဟကို ဘုရားသခင် ပညတ်တော်လာတိုင်းဟော၍ ငြိမ်းချမ်းစေပြီးမှ သာသနာတော် ထွန်းလင်းအောင်ပြုချေ"—

ဟုစေတော်မူသည်၊ ရှင်အရဟံလည်း ဝန်ခံ၍ ဂိုဏ်းတပည့်သံဃာနှင့် ပေါက္ကံရာမပြည်သို့ သာသနာတော် ၁၅၅၁-ခု ကောဇာသက္ကရာဇ် ၃၆၉-ခုတွင် ကြွတော်မူလာသည်၊ ယင်းသောအခါ ရှင်အရဟံ အသက် ၂၅၊ ဝါ ၅-ဝါ ရှိပြီးဟူ၏။

ရှင်အရဟံသည် ပုဂံမြို့သို့ရောက်လျှင် နော်ရထာမင်းစောအား အပ္ပမာဒသုတ်ကို ဟော၍ သာသနာတော်ကိုကြည်ညိုစေပြီးလျှင် ဘုရားအယူတော်ကို ခွဲခြမ်းစိတ်ဖြာပြသ၍ တရားကျပြီးသော် အရည်းရဟန်းအကြီးသုံးကိုပ်နှင့် တပည့်ခြောက်သောင်းတို့ကို လူဝတ်လဲစေ၍ အဲမောင်း လှံကိုင်, ဆင်ချေးကျုံး,မြင်းချေးကျုံး ထားတော်မူသည်၊ ဤသို့လျှင် သာသနာတော်၏ ဆူးငြောင့်သဖွယ် ဖြစ်သောသူအပေါင်းတို့ကို သုတ်သင်ရှင်လင်း၍ ရှင်အရဟံကို သာသနာပြု အပ်တော်မူသည်။

ရှင်အရဟံလည်း လာသမျှသော အမျိုးလေးပါးတို့ကို ရှင်ရဟန်းပြုတော်မူသည်ကား များစွာမရေတွက်နိုင် ဖြစ်သည်၊ ရှင်အရဟံမထေရ်သည်လည်း ရှေးသထုံပြည် သာသနာတော်ပြု ၂၃၆-ခုတွင် ကြွရောက်ပေသော သောဏထေရ်,ဥတ္တရထေရ် အရှင်မြတ်တို့၏ အနွယ်အဆက်ထေရဝါဒမ ကွဲမပြား ရှင်အရဟံတိုင်အောင် ဖြစ်၍ သာသနာတော်ကို စောင့်မကြည့်ရှုတော်မူကြ၍ ဆက်နွယ်ကြောင်း ပြဆိုခဲ့သည်။

မဟာပုဏ်ထေရ်နှင့် သုနာပရန္တသာသနာ

သုနာပရန္တတိုင်း, သီရိခေတ္တရာမတိုင်းတို့၌ သာသနာတော်ဆက်နွယ်သောအကြောင်းသည်ကား ဘုရားသခင် ဘုရားအဖြစ်သို့ ရောက်လျှင်သက်တော် ၅၅၊ ဝါတော် ၂၀-တို့ ပတ်လုံး မြို့, ရွာ, နိဂုံး, ဇနပုဒ်တို့၌ မမြဲသောဝါဆိုတော်မူ၍ ဝေနေယျတို့ကို ချွတ်တော်မူသည်၊ ဝါတော် ၂၆-ဝါမှာမူကား သာဝတ္ထိပြည်တွင်သာ အမြဲဝါဆိုတော်မူ၍ စူဠမဏ္ဍလ, မဇ္ဈိမ မဏ္ဍလ, မဟာမဏ္ဍလ ခရီးသုံးကြောင်းဖြင့် တပါးပါးသော ခရီးမြို့ပြတို့၌ ကျွတ်ထိုက်သော သတ္တဝါတို့ကို မြင်တော်မူလျှင် ကြွတော်မူ၍ ချွတ်တော်မူသည်တွင် မဇ္ဈိမဒေသနှင့် ယူဇနာသုံးဆယ် ကွာသော ပစ္စန္တရစ် သုနာပရန္တတိုင်း လယ်ကိုင်း ကောသမ္ဗိပြည်သား စူဠပုဏ်,

မဟာပုဏ်ညီနောင်ကုန်သည် ၂-ယောက်တို့ လှည်းငါးရာကိုအကြီးအမှူး ပြု၍ သာဝတ္ထိပြည်သို့ ရောက်ရာတွင် ဘုရားသခင်၌ ကြည်ညိုခြင်း ပြင်းစွာ ရှိသဖြင့် နောင်တော်မဟာပုဏ်ဝင်၍ဘုရားသခင်ကိုလျှောက်၍အခွင့်ရလျှင် ရဟန်းပြု၍ မျှားမကြာမီ ရဟန္တာအဖြစ်သို့ ရောက်သဖြင့် သီရိဂုတ္တ တောင်ခြေရင်းတွင် သီတင်းသုံးနေ၍ ဆွေမျိုးဉာတကာတို့ကို တရား ညွှတ်နူးအောင်ပြသနိုင်ပြီးမှ ညီတော်စူဠပုဏ်နှင့်တကွ ကုန်သည်ငါးရာတို့ စန္ဒကူးနံ့သာကျောင်း ဆောက်လုပ်၍ ဘုရားသခင်အား ကပ်လှူတင်လို ကြောင်းနှင့် မဟာပုဏ္ဏမထေရ်ကို အကြောင်းဆိုလျှင် မဟာပုဏ္ဏမထေရ် လည်း မဇ္ဈိမဒေသ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ဘုရား သခင်အား"သုနာပရန္တတိုင်းသားတို့က ကိုယ်တော်မြတ်ကို ရည်မှတ်၍ စန္ဒကူးနံ့သာကျောင်း ဆောက်လုပ်ခြင်းကြောင့် အလှူခံတော်မူပါမည့် အကြောင်း"ကို နားတော်လျှောက်လျှင် သုနာပရန္တတိုင်း,တမ္ဗဒီပတိုင်း တို့၌ သာသနာတော် ထွန်းတောက်ပလတ္တံ့သည်ကို မြင်တော်မူသဖြင့် ဝန်ခံတော်မူလိုက်လျှင် မဟာပုဏ္ဏမထေရ် ပြန်လည်တော်မူခဲ့၍ သုနာ ပရန္တတိုင်း လယ်ကိုင်း ကောသမ္ဗိပြည်သားတို့ကို ဘုရားသခင် ဗျာဒိတ် စကားအကြောင်းများတို့ကို ပြန်ပြောတော်မူလျှင် ကုန်သည်တကာတစု တို့လည်း ဝမ်းသာအားရ စန္ဒကူးနံ့သာကျောင်းကို ဆောက်လုပ်ကြ ကုန်သည်။

ယင်းသို့ ဆောက်လုပ်စဉ် ဘုရားသခင် အကြိမ်ကြိမ်အခေါက်ခေါက် ကြွလာတော်မူ၍ သီတင်းသုံးနေသည်၊ စန္ဒကူးနံ့သာကျောင်းပြီး၍ ကပ်လှူ တင်လို၍ပင့်ဖိတ်သောအခါလည်း ပြာသာဒ်ယာဉ်ပုံငါးရာတွင်ပြာသာဒ် တဆူ ချန်ထားစေ၍ သံဃာတော်တပါးယုတ်ငါးရာနှင့် ဒေသစာရီ ဖြန့်ချီတော်မူလာသဖြင့် နမန္တာမည်သော မန်းချောင်းနား၌ သစ္စဗန္ဓ ရသေ့နေရာ တောင်ထိပ်သို့ရောက်လျှင် သစ္စဗန္ဓရသေ့ မိစ္ဆာဒိဋ္ဌိအယူကို ပယ်ရှင်းစေ၍ သမ္မာဒိဋ္ဌိအယူကို ဖြစ်စေလျက် ရဟန္တာအဖြစ်သို့ ရောက်လျှင် သစ္စဗန္ဓရဟန္တာကို အရံနောက်တော်ပါအောင် ခေါ်ခဲ့၍ သံဃာတော်ငါးရာနှင့်တကွ စန္ဒကူးနံ့သာကျောင်းတော်သို့ ရောက်သဖြင့် နံ့သာကျောင်းကို ခံတော်မူသည့်နေ့ ကျောင်းအနုမောဒနာအဆုံး၌ ဓမ္မာ ဘိသမယ တရားအထူးကိုရကြသည်ကား ရှစ်သောင်းလေးထောင်ဖြစ် သည်၊ ဘုရားသခင်လည်း နံ့သာကျောင်း၌ ခုနစ်ရက်ပတ်လုံး သီတင်း

သုံးနေတော်မူသည်၊ ရှေးနှင့်တူစွာ ရှစ်သောင်းလေးထောင် အကျွတ်တရားကို ရကြကုန်သည်။

ခြေတော်ရာနှစ်ဆူ ချတော်မူခြင်း

ခုနစ်ရက်စေ့ပြီးလျှင် သာဝတ္ထိပြည်သို့ ပြန်လည်တော်မူသောအခါ ခရီးစပ်ကြား နမ္မဒာမည်သော မြစ်နား၌ နဂါးမင်း တောင်းပန်၍ နဂါးပြည်သို့ ဝင်တော်မူသည်၊ နဂါးပြည်မှ ထွက်ခဲ့၍လည်း နဂါးမင်းတို့ တောင်းပန်သောကြောင့် "နောင်လာလူအပေါင်းတို့ ငါဘုရားထင်ရှား ရှိစဉ် ဒေသစာရီ လာဘူးကြောင်းကို သိစေ ကိုးကွယ်စေ"ဟု ခြေတော်ရာကို ချနင်းနှိပ်တော်မူခဲ့သည်။

သစ္စဗန္ဓရသေ့ နေရာတောင်ထိပ်သို့ ရောက်တော်မူပြန်လျှင်လည်း သစ္စဗန္ဓရဟန္တာက နောင်လာလူအပေါင်းတို့ အကျိုးငှါ ကိုးကွယ်စရာကို တောင်းပန်ပြန်လျှင် သစ္စဗန္ဓတောင်ထိပ်တွင် ခြေတော်ရာကို ချနင်းနှိပ်တော်မူခဲ့သည်။

ဤသို့လျှင် မဟာပုဏ်,စူဠပုဏ် ညီအစ်ကိုနှစ်ယောက်ကို အစပြု၍ ငါတို့အရပ်သား ရှစ်သောင်းလေးထောင်သောပရိသတ် အကျွတ်တရား ရ၍ ထိုအရပ်၌ဘုရားသခင်လက်ထက်ကပင်လျှင် သာသနာတော်ပွင့်လင်းသည်၊ သာသနာတော်နှင့် မကွာမကင်းလျက်ပင် အပြည့်အစုံ ဖြစ်လို၍ မဟာပုဏ္ဏထေရ်လျှင် ရှေးဦးတည်သော ပုဗ္ဗနိမိတ်လည်း ကောင်းစွာ ဖြစ်သည်၊ သီဟိုဠ်ကျွန်း၌ သာသနာတော် အရှည်တည်ရာ ပြည်ထောင် ဦးအစ ဝိဇယမင်းဟူ၍ ပုဗ္ဗနိမိတ် ကောင်းစွာဖြစ်သည်၊ သီဟိုဠ်၌ ဘုရားသခင် ပရိနိဗ္ဗာန်စံဝင်ပြီးသည့်နောက် သာသနာတော် ၂၃၆-နှစ်အခါမှ အစတည်ခြင်း ဖြစ်သည်။

ငါတို့အရပ်၌ သာသနာတော်ကား မြတ်စွာဘုရားသည် စန္ဒကူးနံ့သာကျောင်းတော်ကို ဆောက်စဉ်ဆဲဆဲ အကြိမ်ကြိမ် အခေါက်ခေါက် ကြွတော်မူလာသည်၊ ကျောင်းဆောက်ပြီး၍ လည်း ၇-ရက် သီတင်းသုံးနေတော် မူပြီးသည့်နောက် မဟာပုဏ္ဏထေရ် သာသနာတော်ကို ထွန်းလင်းအောင် ပြုတော်မူသည့် ရဟန်းသံဃာ အဆက်အနွယ်တို့နှင့် သာသနာတော် ၁၀၁-ခု ဒွတ္တပေါင်မင်းလက်ထက် သုဝဏ္ဏဘုမ္မိတိုင်း ရှင်ဂဝံပတိ

မထေရ်တပည့် အဆက်အနွယ် ရဟန်းသံဃာတို့သည်ငှင်း, သာသနာတော် ၂၃၆-ခု သီရိဓမ္မာသောကမင်းလက်ထက် သောဏထေရ်တပည့် အဆက်အနွယ် ရဟန်းသံဃာတို့သည်ငှင်း ဆက်မိပြန်၍ ထေရဝါဒ မကွဲမပြား ရှိကြသည်။

ရှိကြကြောင်းကိုကား သာသနာတော်၏ တည်ရာဖြစ်သော ငါတို့မြန်မာပြည်၌ ဘုရားမြတ်စွာ ဖြစ်တော်မမူမီ မဇ္ဈိမဒေသ သက်ဿနဂိုရ်ပြည့်ရှင် မင်းကြီး၏သားသည် ဘိုးတော်အဘိရာဇာမင်းကြီး မဖြစ်မီ မဟာသက္ကရာဇ် ၇၇၀၀-ကျော်ကပင် သံကဿယရဋ္ဌသင်းတွဲမြို့ကို တည်ထောင်စံနေတော်မူသည်၊ ထိုမင်းက ဆက်နွယ်ခဲ့၍ မင်း ၇၇-ဆက်ဝယ် မဟာသက္ကရာဇ် ဝ၆၇၇-ခုကို ဘိုးတော် အဘိရာဇာမင်းကြီး ဖြစ်ပြီးသည့်နောက် သက္ကရာဇ် ၂၀-တွင် အနိစ္စရောက်သည်။

ထိုမင်းလက်ထက် ဘုရားသခင် ဒေသစာရီ ကြွလာသောအခါကာလ တွေ့မြင်လိုက်သည်နှင့် မဟာပုဏ္ဏထေရ်မှစ၍ ရှစ်သောင်းလေးထောင်သော ဓမ္မာဘိသမယ ရဟန္တာအရှင်မြတ်တို့သည် သုနာပရန္တတိုင်း,တမ္ဗဒီပတိုင်းတို့၌ အနှံ့အစပ် ရွာပြည်တို့ဝယ် သီတင်းသုံးနေ၍ ပရိနိဗ္ဗာန်ယူတော်မူကြလေကုန်သည်။

ငှင်း သာသနာတော်သက္ကရာဇ် ၂၀-ပြည့်တွင် သတိုးဇမ္ဗူဒီပဓဇမင်းကြီး အနိစ္စရောက်၍ သားတော် အိမ်ရှေ့ သတိုးရွှေရာဇ် ဆက်စံနေသည်။

သီရိခေတ္တရာသာသနာ

စည်းစိမ် ၁၂၊ သာသနာတော် ၃၂-နှစ်ရှိသောအခါ သတိုးရွှေရာဇ်ယောက်ဖ ဝက်ကြီးကိုလိုက်၍ သီရိခေတ္တရာရာမပြည်တည်ရာသို့ရောက်လျှင် ရသေ့ရဟန်းပြု၍ နေလေသည်၊ သာသနာတော် ၄၀-ပြည့်မှာ နှစ်မတော်မိဖုရား၌ မဟာသမ္ဘဝ,စူဠသမ္ဘဝ-သတို့သား ၂-ယောက် မျက်မမြင်ကို အမြွာမွေးမြင်သည်၊ညီနောင် ၂-ယောက် အသက် ၁၉-နှစ်၊ သာသနာတော် ၅၉-ခုတွင် စူဠသမ္ဘဝ,မဟာသမ္ဘဝ ညီအစ်ကိုကို ဘောင်နှင့်မျှောလိုက်လျှင် ရှေးကံတံဆိပ်ကြောင့် စန္ဒမုခီဘီလူးမသည် ညီနောင်

၂-ယောက် မျက်မမြင်ကို ကုမ၍ မျက်စိပွင့်လင်းသည်နှင့် ဝရီးတော်ရှင် ရသော့ထံ ရောက်လျှင် သမီးတော်ဘေဒါရီနှင့် တူတော် မဟာသမ္ဘဝကို သာသနာတော် ၆၀-ပြည့်တွင် စုံဘက်သည်။

နောက်လည်း ပြူမိဖုရားနှင့် နေပြန်၍ ဂုဏ်းနှစ်တွင်ပင် မင်းပြုသည်၊ ဘေဒါရီမိဖုရားတွင် ဒွတ္တပေါင်ပဋိသန္ဓေ ၃-လရှိသောအခါ မဟာသမ္ဘဝ မင်းကြီး စည်းစိမ် ၆-နှစ်၊ အိမ်နိမ့် ၂၀၊ သက်တော် ၂၆၊ သာသနာ တော် ၆၆-ခုတွင် အနိစ္စရောက်သည်။

ဂုဏ်းနှစ် ညီတော်စူဠသမ္ဘဝ မင်းပြုသည်၊ မရီးတော်ဘေဒါရီကို နန်း တင်၍ မင်းပြုတော်မူသည်၊ စည်းစိမ် ၃၅-နှစ်၊ အိမ်နိမ့် ၂၆-နှစ်၊ သက်တော် ၆၁-နှစ်၊ သာသနာတော် သက္ကရာဇ် ၁၀၁-ခုတွင် အနိစ္စ ရောက်သည်။

စူဠသမ္ဘဝအနိစ္စမရောက်မီ သာသနာတော် အနှစ်တရာတွင် ဝေ သာလီပြည်၌ ကာဠာသောကမင်း လက်ထက် ဒုတိယသင်္ဂါယနာ တင် တော်မူသည်။

ဘထွေးထော် စူဠသမ္ဘဝမင်းမရှိလျှင် သားတော်ဒွတ္တပေါင်မင်းဆက် ခံ၍ သာသနာတော် ၁၀၁-ခုတွင် ရွှေနန်းတက်တော်မူသည်၊ ဇမ္ဗူဒိပ် တကျွန်းလုံးကို အစိုးရတော်မူသည်၊ ထိုမင်းလက်ထက် မဇ္ဈိမဒေသက ရဟန္တာအရှင်မြတ် အမြောက်အများ၊ သုဝဏ္ဏဘုမ္မိတိုင်း ရှင်ဂဝံပတိ ထေရ်တပည့် ပုထုဇဉ်, သောတာပန်, သကဒါဂါမ်,အနာဂါမ်,ရဟန္တာ အများအမြောင်ရှိကြသဖြင့် သာသနာတော် မတိမ်းမယိမ်း ထွန်းလင်း တောက်ပသည်။

ဒွတ္တပေါင်မင်းကြီး လက်ထက်မှစ၍ သာသနာတော်ကို စောင့်ရှောက် ထိန်းသိမ်းကြသည်နှင့် မြေးတော်ရန်ဘောင်မင်း စည်းစိမ် ၄၂၊သာသနာ တော် ၂၃၅-နှစ်တွင် ပါဋလိပုတ်ပြည်၌ ဓမ္မာသောကမင်းလက်ထက် တတိယသင်္ဂါယနာတင်သောနှစ်တည်း၊ ထိုမင်းလက်ထက် ဓမ္မာသောက မင်းကိုအခွန်ဆက်သွင်းရချေသည်၊ ဒွတ္တပေါင်မင်းကြီးကကို ဆယ်ဆက်၊ တေပါးမင်းလက်ထက် စည်းစိမ် ၁၇-နှစ်ရှိသောအခါ သာသနာတော် သက္ကရာဇ် ၄၅၀-ပြည့် သီဟိုဠ်ကျွန်း၌ ရဟန္တာ အရှင်မြတ်တို့ ပိဋကတ် သုံးပုံကို ပေထက်အက္ခရာ တင်သောနှစ်တည်း။

သီရိခေတ္တရာရာမညသေ့မြို့၌ ဒွတ္တပေါင်မင်းကသည် အဆုံး သုပညာ နဂရမင်းတိုင် နှစ်ကျိပ်ငါး၊သာသနာတော် ၆၃၈-ခုတိုင် သာသနာတော် မတိမ်းမပါး ပုထုဇဉ်,သောတာပန်စသော ရဟန်းယောကျာ်း,မိန်းမတို့ သည် ထေရဝါဒမှ မကွဲမပြား ယူကြကုန်သဖြင့် တရားကိုကျင့်ဆောင်ကုန် သည်၊ သီဟိုဠ်ကျွန်းမှာမူကား သာသနာတော် အနှစ် ၆၀၀-မပြည့်မီက ပင် ဂိုဏ်းသီးဂိုဏ်းခြား အယူဝါဒ ကွဲကြလေသတည်း၊ အဆုံးသုပညာ နဂရမင်းလက်ထက် ပြည်ရွာပျက်စီးပြန်သော်လည်း တူတော်သမုဒ္ဒရာဇ် မင်းသည် သာသနာတော် ၆၅၁-ခုတွင် ပေါက္ကံပြည်ကို တည်ထောင် စံနေသည်၊

ပရိယတ္တိ သာသနာတော်လည်း သထုံပြည်, သီရိခေတ္တရာ ရာမပြည်တို့ သို့ မရောက်မပေါက်သေးသည်နှင့် နှုတ်အာဂုံပင် ဆောင်ရွက်ပါသော် လည်း ပြည်ရွာပျက်စီးနှောင့်ရှက်၍ မဆောင်ရွက်နိုင်ကြသဖြင့် ပုထုဇဉ် ရဟန်းသံဃာတို့သည် ဝိနည်းကို အမှန် မကျင့်နိုင်ကြသည် ဖြစ်၍ သာသနာတော် တိမ်းယိမ်းပြန်ချေသည်။

သမုဒ္ဒရာဇ်မင်းကစ၍ သေဥ္စလည်ကြောင်မင်းတိုင် ၆-ဆက်၊ သေဥ္စ လည်ကြောင်မင်းလက်ထက် သာသနာတော် ၉၀၀-ပြည့်တွင် သထုံပြည့် ရှင် ဘုမ္မိရာဇာမင်းသည် ဆင်ဖြူလက်ဆောင်ပေးလိုက်၍ သထုံပြည်တွင် ရှင်ဗုဒ္ဓဃောသမထေရ်သည် သီဟိုဠ်ကျွန်းသို့သာသနာတော်၉၂၇-ခုတွင် ကူးတော်မူ၍ မဟာနာမမင်းအား မင်းချင်းတို့ လက်ဆောင်ကို ဆက်စေ ပြီးလျှင် ၃-နှစ်နေ၍ ပိဋကတ်သုံးပုံကို ရေးကူးတော်မူ၍ ဇမ္ဗူဒီပါ ကျွန်း သထုံပြည်သို့ဆောင်ယူခဲ့သောနှစ်တည်း၊၍တွင်မှာလည်းသထုံပြည် တွင် ပရိယတ္တိသာသနာ ထွန်းတောက်ပ၍ သာသနာတော်အလွန်စည်ပင် ၍ ထေရဝါဒချည်းဖြစ်ကြလေသည်။

အရည်းကြီးများနှင့် ပုဂံပြည်

ပေါက္ကံပြည်သို့ ပရိယတ္တိသာသနာတော် မရောက်ချေသေးသည်နှင့် ရဟန်းအယောင်မျှသာ သက်န်းနီနီဝတ်သသူ အရည်းရဟန်းတို့သာ ရှိချေ သည် ၊သာသနာတော် ၁၄၆၁-ခု ပုပ္ပါးစောရဟန်းမင်း ဖြစ်ပြီးသော သက္ကရာဇ် ၂၇၉-ခုတွင် တောင်သူကြီး စောရဟန်း မင်းအဖြစ်သို့ ရောက်လျှင် "နဂါးတို့သည် လူတို့ထက်မြတ်သည်၊ ကိုးကွယ်ရသော်

အကျိုးရှိမည်'' ဟု မှတ်မှား၍ ကိုးကွယ်သည်၊ ရသေ့ပြည်, သထုံပြည်တို့မှာ စည်းခံ, ပုထိုးအစရှိသည်တို့ကို အကြောင်းပြု၍ အယူမှားသောရှင်အရည်းတို့နှင့်တိုင်ပင်၍ ပုထိုးလေးလုံးတည်သည်၊ ထိုပုထိုးတို့၌ နတ်ရုပ်လည်းမမည်,ဘုရားလည်းမမည်လုပ်၍ ညနံနက် ထမင်းဟင်းစောစွာတင်၍ကိုးကွယ်သည်၊ အစသမုဒ္ဒရာဇ်မင်းကသည် နော်ရထာစောနောင်တော် စုက္ကတေးမင်းတိုင် ၄၄-ဆက်သော မင်းတို့လက်ထက်ပရိယတ္တိသာသနာတော်မရှိချေသဖြင့် ရဟန်းသံဃာတို့သည် အမှန် အကန်မသိ၍ ပဋိပတ္တိသာသနာတော် ကွယ်ပျောက်၍ ရှင်အရည်းတို့၏အယူသာထွန်းပ၍ သာသနာတော် ၇၉၅-နှစ်တိုင်တိုင် မှေးမှိန်လျက်ရှိချေသေးသည်။

သာသနာတော် ၁၅၄၆-ခု၊ကောဇာသက္ကရာဇ် ၃၆၄-ခု၊ အနုရုဒ္ဓါဒေဝအမည်ခံသောနော်ရထာစောမင်းသားသည် နောင်တော်စုက္ကတေးကိုပယ်ရှား၍နန်းတက်တော်မူသည်၊ ထိုမင်းလက်ထက်တိုင် သာသနာတော်နှင့်မညီမညွတ် သာသနာတော်၏ ဘေးရန် ဆူးငြောင့်သဘွယ် အရည်းကြီး ၃-ကျိပ်နှင့် တပည့်ခြောက်သောင်းတို့၏ အဆုံးအမကိုသာ နာခံ၍ မှားသောအယူကိုသာ တည်ကြကုန်သဖြင့် မင်းမျိုး, စိုးမျိုး, မှူးမတ်မှစ၍ ရှိကြကုန်သည်။

ရှင်အရှဟံနှင့်ဗုဂံသာသနာ

ထိုအခါ နော်ရထာစောသည် ကြားသိတော်မူလျှင်''ယခုရဟန်းခေါ်ဝေါ်ကြသော အရည်းတို့၏အယူသည် တရားဟုတ်မှန်ဟန်မရှိ မလျောက်ပတ် မဖွယ်ရာ၊ ပန့ဦးပေးရသောအမှုများလည်း ရှိခဲ့သည်''ဟု စိတ်ထဲကသာအောက်မေ့၍နေလေသည်နှင့် သီလဗုဒ္ဓိအမည်ရှိသော မထေရ်ဆရာက ပေါက္ကံရာမပြည်သို့ တပည့်ရှင်အရဟံကို ဂိုဏ်းပြည့်သံဃာနှင့်တကွလွှတ်လိုက်သဖြင့် ပေါက္ကံရာမမြို့ကျေး တူရွင်း တောင်ခြေရင်းတွင် နေတော်မူသည်၊ ထိုတောင်စောင့်နတ်သည် မုဆိုးကို လှည့်ပတ်၍ ရှင်အရဟံကိုတွေ့စေလျှင် အရိုင်းအစိုင်းဟူသော အမှတ်ဖြင့် နော်ရထာစောမင်းအား ဆက်လေသည်။

နော်ရထာစောမင်းလည်း ရတနာ့သုံးပါးကို မြင်ကတည်းကလျှင်ကြည်ညိုခြင်းပြင်းပြစွာ ဖြစ်လေသည်၊ သို့ပင်ဖြစ်သော်လည်း မင်းတို့မာ

ယာဖြင့် အယုတ်အမြတ်ကို သိလို၍ စမ်းလိုသောအခါ "အချင်း သူတော်ကောင်း....လျှောက်ပတ်သောနေရာ၌ နေတော်မူလော့"ဟု ဆိုလျှင် ရှင်အရဟံလည်း မြတ်သောအဖြစ်ကို သိစေလို၍ မြတ်သောရာဇပလ္လင်ကို တက်နေတော်မူသည်ကို မြင်တော်မူလျှင် "ဤသူကား ကိုယ်တွင်း၌ သူတော်ကောင်းတရားရှိသဖြင့် မြတ်သောသူမုချစင်စစ် မှန်ပြီ" ဟု နေရောင်ဖြင့် တွေ့သော ရွှေကြာကဲ့သို့ ရွှင်သောစိတ် ရှိသည်ဖြစ်၍ "အရှင်ကား အဘယ်သူ၏ အမျိုးအနွယ်ဖြစ်သနည်း၊ အဘယ်သူ၏ အဆုံးအမကိုခံသနည်း၊ အဘယ်အရပ်က ကြွတော်မူလာသနည်း"ဟု မေးတော်မူသော် ရှင်အရဟံလည်း "အရှင်မင်းကြီး....ငါ၏ အမျိုးအနွယ်သည်ကား မရေမတွက်နိုင်သော အစိန္တေယျလေးပါးနှင့် ပြည့်စုံတော်မူသော သမ္မာသမ္ဗုဒ္ဓ အမျိုးအနွယ်ဖြစ်သည်"။ ။"သမ္မာသမ္ဗုဒ္ဓ အမည်ရှိတော်မူသော ဘုရားသခင်ဟောတော်မူအပ်သော နက်နဲ သိမ်မွေ့လှစွာသော အာဏာဒေသနာတော်မှ လာသော အဆုံးအမကိုခံသည်"။ ။ "သထုံမြို့ ကျေးစွန်တောအရပ်၌ သီတင်းသုံးနေသော သီလဗုဒ္ဓိ အမည်ရှိသော ဆရာက ပေါက္ကံရာမပြည်၌ သာသနာပြုချေဟု စေလွှတ်တော်မူသောကြောင့် ထိုအရပ်က လာခဲ့သည်"ဟု မိန့်တော်မူလျှင် မင်းကြီးလည်း ပီတိသောမနဿဖြစ်၍ ဤသို့လျှောက်ပြန်သည် "အရှင်အရဟံဆရာတော်....ဘုရားသခင်သည် ဟောတော်မူအပ်သော တရားတော် တစိတ်တဒေသမျှ အကျွန်ုပ်အား ဟောတော်မူပါ"ဟု တောင်းပန်လျှင် ဓမ္မာသောကမင်းကြီးကို နိဂြောဓသာမဏေဟောသော အပ္ပမာဒအစရှိသော တရားတော်ကို ဟောလေသည်၊ ဟောတော်မူသောတရားတော်ကို ကြားနာရလျှင် "အရှင်ဘုရားမှတပါး အခြားကိုးကွယ်စရာမရှိပြီ၊ ဤနေ့မှစ၍ ငါ၏ကိုယ်, အသက် ၂-ပါးကို အရှင်ဘုရားအား ဆောင်နှင်းတော့သည်၊ အရှင်ဘုရား အဆုံးအမကို ငါခံတော့သည်" ဟု မိန့်တော်မူ၍"အရှင်ဘုရားနှင့် အဘော်တပည့်မပါလော"ဟု မေးတော်မူသောအခါ "ဒါယကာမင်းကြီး....ငါ့ပြင် လေးပါး မထေရ်ကြီးများ ပါသေးသည်"ဟု မိန့်တော်မူလျှင် "အရှင်ဘုရားတို့ ငါးပါး အကျွန်ုပ်နန်းတော်သို့ဆွမ်းဘုဉ်းပေးကြွတော်မူပါ၊အလိုရှိသမျှ ပစ္စည်းကို တောင်းတော်မူပါ"ဟု လျှောက်လိုက်၍ သင့်တင့်သောအရပ်၌ တည်နေစေပြီးမှ အရည်ကင် ရသောအရပ်၌ သာယာလှစွာသော ရတနာ

အတိပြီးသော ကျောင်းကိုဆောက်လုပ်၍ လှူသည်၊ထိုကျောင်းကို "အရဟံကျောင်း"ဟု တွင်သည်။

နော်ရထာစောမင်းလည်း နန်းတော်သို့ ရှင်အရဟံနှင့် တကွ မထေရ်တို့ရောက်လျှင် ဘုရားအလိုတော် မေးလျှောက်သည်၊ အရှင်ကောင်းတို့လည်း "ရဟန်းကောင်းတို့၏ ဝိနည်းသိက္ခာပုဒ်တို့နှင့် ညီစွာ ကျင့်ဆောင်မှ ဘုရားအလိုတော်နှင့် ညီချေသည်"ဟု မိန့်တော်မူပြီးလျှင် ဘုရားသခင်ပညတ်တော်မူသော ဝိနည်းသိက္ခာပုဒ်များကို ပြောဟော၍ သင်ကြားနားထောင်စေသဖြင့် သိပြီးလျှင် မင်းမှူး,စိုးမှူး,စိုးမတ်မှစ၍ ပြည်သူလူအပေါင်းတို့ကို တိတ္ထိ ရှင်အရည်းတို့၏ အယူကိုစွန့်ပစ်စေလေသည်၊ ထိုအခါမှစ၍ ရှင်အရည်းတိတ္ထိရဟန်းတို့သည် လာဘ်လာဘဆုတ်ယုတ်လေသဖြင့် ရန်ငြိုးထား၍ ပျက်စီးအောင် ကြံကြကြောင်းကိုသိ၍ အစောင့်အရှောက် လုံခြုံအောင် ထားတော်မူသည်၊ အရည်းကြီးသုံးကျိပ်နှင့်တကွ ခြောက်သောင်းတို့ကို အဝတ်လဲ၍ အုံမောင်းလှံကိုင်,ဆင်ချေကျုံး,မြင်းချေးကျုံး ထည့်တော်မူသည်။

သထုံမှပုဂံသို့ ပိဋကတ်တော်ပင့်ဆောင်ခြင်း

"အရှင်ဘုရား....သာသနာတော်၏ အညစ်အကြေး ဘေးရန်ဆူးငြောင့်တို့ကို သုတ်သင်ရှင်းလင်းပြီးသော် သာသနာတော်၌ ချစ်မြတ်နိုးသောသူတို့ကို ရဟန်းသာမဏေ ပြုလိုပါသည်ဟု လျှောက်လာလျှင် ရဟန်းသာမဏေပြုပါ"ဟုလျှောက်ထားသည်၊ရှင်အရဟံမထေရ်လည်း ရောက်လာသမျှသော လူအပေါင်းတို့ကို ရဟန်းသာမဏေပြုသည်ကား မြို့ကျေးလက်ကိုမဆို မြို့တွင်းမြို့ပြင် သုံးသောင်းမျှလောက် ရသောဟူ၏၊ ရှင်အရဟံမထေရ်လည်း နော်ရထာစောမင်းကို ဤသို့မိန့်တော်မူသည်၊

> "မင်းကြီး....အမြစ်ရှိမှ ပင်စည်အရွက်, အပွင့်, အသီးတို့ ဖြစ်နိုင်ကုန်သည်၊ အမြစ်မရှိက ပင်စည်,အရွက်, အပွင့်, အသီးတို့ မရှိနိုင်ချေ၊ ထိုနှင့်တူစွာ သာသနာတော် ထွန်းတောက်ပခြင်းသည်ကား ပရိယတ္တိသာသနာတော်ရှိမှ ပဋိပတ္တိသာသနာတော် ဖြစ်နိုင်သည်၊ ပဋိပတ္တိသာသနာတော်ရှိမှ ပဋိဝေဓသာသနာတော် ဖြစ်နိုင်သည်၊ ယခုပရိယတ်ဟူသော ပိဋကတ်သုံးပုံသည်

မရှိချေဖြစ်သည်၊ ဘုရားသခင် သရီရဓာတ်တော်,မွေတော်မြတ် လည်း မရှိချေသေး ဖြစ်သည်၊ မွေတော်, ဓာတ်တော်, ပိဋကတ် ကျမ်းဂန်ရှိသော ပြည်ရွာတိုင်းကားနိုင်ငံသို့ လက်ဆောင်ပဏ္ဏာ ကာရဖြင့် တောင်းစေ၍ရသည်ဖြစ်မှ သာသနာတော် အစဉ်ရှည် စွာ တည်ရာဖြစ်မည်"–

ဟူ၍ မိန့်တော်မူလျှင် နော်ရထာစောမင်းကြီးလည်း"အဘယ်တိုင်း နိုင်ငံ၌ တောင်းရသော် ရလတ္တံ့နည်း"ဟုမေးလျှောက်ပြန်သော် ရှင် အရဟံလည်း "သထုံပြည်၌ ပိဋကတ်သုံးပုံတွင် တပုံလျှင် အစုံသုံးဆယ် ရှိသည်၊ မွေတော်,ဓာတ်တော်လည်း များစွာဖြစ်သည်"ဟု မိန့်တော် မူလျှင် နော်ရထာစောမင်းကြီးလည်း လက်ဆောင်ပဏ္ဏာကာရများနှင့် စာစီတော်မူ၍ လိမ္မာသော အမတ်တယောက်ကို သာယာချေငံစွာသော စကားဖြင့် သထုံပြည်သို့ စေ၍တောင်းစေလေသော် သထုံမင်း မနူဟာ လည်း မချေမငံသောစကားဖြင့် ဆိုလိုက်လျှင် သံတမန်တို့ ပြန်၍လျှောက် ကြားသဖြင့်နော်ရထာစောသည်"ငါ့သို့သောမင်းကိုစင်လျက်ဤသို့သော စကားကိုဆိုရမည်လော"ဟု သက္ကရာဇ် ၃၆၇-ခုတွင် စစ်သည်သူရဲ သုံးကုဋေခြောက်သန်းနှင့် သထုံပြည်ကိုချီ၍ လုပ်ကြံလျှင် အောင်မြင် တော်မူ၍ မနူဟာမင်းနှင့်တကွ မင်းအဆက်ဆက် ကိုးကွယ်သော ရတနာပန်းတောင်းနှင့်ထားသော မွေတော်မြတ်ကိုဎင်း, အစုံသုံးဆယ် သော ပိဋကတ်တို့ကိုဎင်း ၃၆-စီးသော ဆင်ဖြူရတနာတွင် တင်ယူတော် မူခဲ့သည်။

ပိဋကတ်စာပေတို့၌ တတ်လိမ္မာသော အရိယာသံဃာတို့ကိုလျှောက် ပတ်စွာ တောင်းပန်ပင့်ဆောင်တော်မူ၍ ပေါက္ကံရာမသို့ရောက်လျှင် အရိ ယာသံဃာတော်တို့ကို လျှောက်ပတ်သင့်တင့်သောအရပ်၌ကျောင်းအရိပ် အာဝါသကို ဆောက်လုပ်စေ၍ သီတင်းသုံးနေစေသည်၊ ပိဋကတ်စာပေ တို့ကိုလည်း ပြာသာဒ်တန်ဆောင်း ဆောက်ထား၍ ရှင်အရဟံထေရ် အား အပ်နှံထားသဖြင့် ထုတ်ယူ၍ပို့သ သင်ကြားစေသည်၊ ပေါက္ကံ နော်ရထာစောလက်ထက် သက္ကရာဇ် ၃၆၉-ခု ပိဋကတ်စာပေရောက် သည်မှစ၍ ပေါက္ကံပြည်၌ နောက်မင်းအဆက်ဆက် လက်ထက်တိုင် ပရိ ယတ္တိသာသနာတော် ထွန်းတောက်ပသဖြင့် ဘုရားသခင် သာသနာတော် လွန်စွာထွန်းတောက်ပသည်။

ဤသို့လျှင် နော်ရထာစောမင်းသည် သာသနာတော် အညစ်အကြေး ဘေးရန်ဆူးငြောင့်တို့ကို သုတ်သင်ရှင်းလင်း၍ သာသနာတော်မြတ်ကို ရှင်အရဟံပုဂ္ဂိုလ်ထေရ်မြတ်နှင့် စောင်မကြည့်ရှု၍ ကုသိုလ်ကောင်းမှုများ စွာတည်ထောင်ပြီးလျှင် စည်းစိမ်-၃၃၊ အိမ်နိမ့်-၃၃၊ သက်တော်-၆၆၊ သာသနာတော် ၁၅၇၉-ခုနှစ်၊ ကောဇာ သက္ကရာဇ် ၃၉၇-ခုတွင် အနိစ္စ ရောက်သည်။

ရှင်အရဟံ ပရိနိဗ္ဗာန်ပြုခြင်း

၎င်းနှစ် သားတော်စောလူး မင်းပြုသည်၊ စောလူးမရှိလျှင် သက္ကရာဇ် ၄၂၅-ခု ကျန်စစ်သား မင်းပြုသည်၊ ထိုမင်းလက်ထက် ဂန္ဓမာဒန တောင်က လောကီဈာန်ကိုရသော မထေရ်ရှစ်ပါး ကြွတော်မူလာ၍ နန်း တော်တွင် ဆွမ်းလုပ်ကျွေးတော်မူရသည်၊ ထိုမထေရ် ရှစ်ပါးကိုလည်း ရဟန္တာဆိုကြကုန်သည်၊ ထိုမထေရ်ရှစ်ပါးနှင့် တရားဆွေးနွေး မေးမြန်း ပြောဟောတော်မူကြသဖြင့် တလခန့်နေတော်မူ၍ ဂန္ဓမာဒနတောင်သို့ ပြန်တော်မူလေသည်၊ ကျန်စစ်သားမင်းသည် သာသနာတော်ကို စောင် မတော်မူ၍ အနိစ္စရောက်လျှင် သက္ကရာဇ် ၄၅၀-ပြည့်တွင် မြေးတော် အလောင်းစည်သူ မင်းပြုတော်မူသည်၊ ထိုမင်းလက်ထက် ရှင်အရဟံ သက်တော် ၈၁-နှစ်တွင် ပရိနိဗ္ဗာန်ပြုတော်မူသည်။

ပံ့သကူမထေရ်နှင့် ပုဂံသာသနာ

ရှင်အရဟံ ပရိနိဗ္ဗာန်ပြုတော်မူလျှင် ထိန်ညက်မင်း သားတော်ဆရာ ပံ့သကူမဟာထေရ်ကို သာသနာရေး အပ်နှင်းတော်မူ၍ ပြုစုရသည်၊ သီလဝန်၊ ဂုဏဝန်နှင့် ပြည့်စုံသော ရှင်အာနန္ဒာမထေရ်၊ ဗောဓိမထေရ်တို့ ကိုအစပြု၍ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းကိုဆောင်သော ရဟန်းသံဃာ တို့ကို ပင့်ဖိတ်၍ ကျမ်းဂန်များစွာ ပြုစုပြီးလျှင် ပို့သသင်ကြား တော်မူ လေသည်၊ ထိုမင်းလက်ထက် သာသနာတော် လွန်စွာ တောက်ပတော် မူသည်။

အလောင်းစည်သူမရှိလျှင် သားတော်ကုလားကျ သက္ကရာဇ်-၅၂၀- ခုတွင် မင်းပြုသည်၊ ထိုမင်းသည် ရက်ရောကြမ်းကြုတ် သော့သွမ်းသော ကြောင့် ရဟန်းတို့ကို လူချည်းထွက်စေသည်၊ အချို့သော ရဟန်းမြတ်

တို့လည်း လှူပြုရမည်ကို ကြောက်၍ သီဟိုဠ်ကျွန်းသို့ချည်း ကြွတော်မူလေကုန်သည်၊ ပုံ့သကူမဟာထေရ်လည်း မင်းဆိုးမင်းညစ်ဆို၍ သီဟိုဠ်ကျွန်းသို့ ကြွသွားတော်မူလေသည်။

ကုလားကျမင်း စည်းစိမ် ၃-နှစ်စံ၍ အနိစ္စရောက်လျှင် သားတော်နရပတိစည်သူ သက္ကရာဇ် ၅၂၃-ခုတွင် မင်းပြုလေသည်၊ ထိုမင်းလက်ထက်တွင်မှ ပုံ့သကူမထေရ် သီဟိုဠ်ကျွန်းက ကြွလာပြန်သည်၊ ရောက်လျှင် နရပတိစည်သူမင်းကြီးသည် အလွန်သဒ္ဓါကြည်ညိုတော်မူ၍ သာသနာတော် ပြုစုရန်အပ်ပြန်သည်၊ထိုမထေရ်သည်လည်း နော်ရထာစောလက်ထက် သထုံပြည်ကပင့်ဆောင်ခဲ့၍ ရောက်လာသော ရှေးမထေရ်တို့၏အနွယ်အဆက် ထေရဝါဒ မကွဲမပြားဖြစ်သတည်း။

သာသနာတော် သက္ကရာဇ် ၂၃၆-ခုတွင် သထုံပြည် သုဝဏ္ဏဘုမ္မိတိုင်းသို့ ကြွလာသော သောဏမထေရ်, ဥတ္တရမထေရ် အရှင်မြတ်တို့၏ အနွယ်အဆက် သီလဗုဒ္ဓိအမည်ရှိသော ရဟန္တာအရှင်မြတ် တပည့်ထေရဝါဒမပျက်သော ရှင်အရဟံ မထေရ်သည် သီလဗုဒ္ဓိ မထေရ်ထံ ဝိနည်းပရိယတ်ကို သင်ကြားရွက်ဆောင်ခဲ့၍ ပေါက္ကံရာမပြည် နော်ရထာမင်းစောလက်ထက်သာသနာပြု ကြွတော်မူလာ၍ တပည့်အဆက်ဆက် ပရိယတ်ကို သင်ကြားရွက်ဆောင်စေသည်၊ တပည့်အဆက်ဆက် ဆရာအဆက်ဆက်တို့လည်း ထေရဝါဒ မကွဲမပြားသဖြင့် တည်စေသည်။

ဥတ္တရာဇီဝမထေရ်

ငါတို့ ပေါက္ကံရာမပြည်မှာ နော်ရထာစော သာသနာတော် သုတ်သင်ရှင်းလင်းသည်မှ ၁၅၇-နှစ်၊သက္ကရာဇ် ၅၂၆-ခုတွင် သီဟိုဠ်ကျွန်းမှာ သီရိသင်္ဃဗောဓိပရက္ကမဗာဟု မင်းသည် သာသနာတော်ကို သုတ်သင်ရှင်းလင်းသည်၊ ထိုသို့ရှင်းလင်းပြီးသည့်နောက် ၆-နှစ်၊သက္ကရာဇ် ၅၃၂ ခုတွင် နော်ရထာစောမြစ် ၆-ဆက်မြောက် နရပတိ စည်သူခံမင်းတရား စည်းစိမ် ၆-နှစ် ရသောခါ သီဟိုဠ်ကျွန်း၌ စေတီတော်များကို ရှိခိုးပူဇော်အံ့သောငှါ နရပတိ စည်သူဆရာတော် ဥတ္တရာဇီဝမထေရ်သည် များစွာသော ရဟန်းအပေါင်းခြံရံလျက် သင်္ဘောစီးမည်ဟူ၍ ကုသိမ်မြို့သို့ ကြွလာသည်။

ဥတ္တရာဇီဝမထေရ်သည်လည်း ရာမညတိုင်းသား အရိယာဝံသမထေရ်တပည့်တည်း၊ အရိယာဝံသ မထေရ်သည်လည်း ကမ္ဘုဇ္ဇမြို့နေ မဟာကာဠမထေရ်တပည့်တည်း၊ မဟာကာဠမထေရ်သည်လည်း သထုံမြို့နေ ပြာနဒဿီမထေရ် တပည့်တည်း၊ ဤပြာနဒဿီမထေရ်သည်လည်း လောကီစျာန်အဘိညာဏ်ကို ရသောသူတည်း၊ ဤမထေရ်ကို ရှင်အရဟံဟူ၍ ဆိုကုန်သည်။

ထိုပြာနဒဿီမထေရ်သည်လည်း နံနက်စောစော သထုံမြို့ကကြွ၍ မဂဓရာဇ်တိုင်း ဥရုဝေဠတော၌ မဟာဗောဓိကို တံမြက်လှည်း၍ သထုံပြည်၌ နံနက်ဆွမ်းခံသည်၊ ထိုအကြောင်းကို မဂဓရာဇ်တိုင်းသား ဥရုဝေဠကုန်သည်တို့လည်း နံနက်စောစော ဗောဓိပင်၌ တံမြက်လှည်းသည်ကို မြင်ခဲ့၍ သထုံပြည်သို့ ကုန်ရောင်းကုန်ဝယ်လာရာတွင် သထုံပြည်သားတို့အား ပြော၍သိသတည်း။

ထိုလောကီစျာန်, အဘိညာဏ်ရသော ပြာနဒဿီမထေရ်၏ အနွယ်အဆက် တပည့်အဆက်ဖြစ်သော ဥတ္တရာဇီဝမထေရ်သည်လည်း ကုသိန်မြို့သို့ရောက်၍ များစွာသော ရဟန်းအပေါင်းခြံရံလျက် အသက်-၂၀ ပြည့်ပြီးသော ဆပဒအမည်ရှိသော သာမဏေနှင့်တကွ သင်္ဘောစီး၍ သီဟိုဠ်ကျွန်းသို့ သက္ကရာဇ် ၅၂၆-ခုတွင် ကူးတော်မူသည်။

ထိုဆပဒအမည်ရှိသော သာမဏေသည်ကား ကုသိန်မြို့ကျေးလက် ဆပဒရွာ၌ နေသောသူ၏ သားဖြစ်၍ ဆပဒသာမဏေဟု တွင်သည်၊ ဥတ္တရာဇီဝမထေရ်၏ တပည့်ရင်း ဖြစ်သည်။

ဥတ္တရာဇီဝမဟာထေရ်လည်း သင်္ဘောစီး၍ သီဟိုဠ်ကျွန်းသို့ ရောက်လေသော် သီဟိုဠ်ကျွန်း၌ရှိသော မထေရ်တို့သည် ဥတ္တရာဇီဝမဟာထေရ်နှင့် တရားစကား ဆွေးနွေးပြောဟောကြ၍ တတ်ရည်လိမ္မာရည်ရှိသည်နှင့် သဒ္ဒနယ, အတ္ထနယ သဘောကျအောင် ပြောဆိုနိုင်ကြသည်ဖြစ်၍ တယောက်သည်တယောက်အား အလွန်မြတ်နိုးကြသဖြင့် ''ငါတို့သည် သီဟိုဠ်ကျွန်း၌ သာသနာပြု မဟာမဟိန္ဒထေရ်၏ အနွယ်အဆက် တပည့်ဖြစ်တော့သည်၊ အရှင်တို့လည်း သုဝဏ္ဏဘူမိတိုင်း၌ သာသနာပြု သောဏမထေရ်, ဥတ္တရမထေရ်နှစ်ဦးတို့၏ အနွယ်အဆက် တပည့်အဆက်ဆက် ဖြစ်တော့သည်၊ တခြားမဟုတ်ပြီ၊ ငါတို့အားလုံးသည်

တပေါင်းတည်း သံဃကံကို ပြုကုန်အံ့''ဟု ဆို၍ အညီအညွတ် အသက် ၂၀-ပြည့်ပြီးသော ဆပဒသာမဏေကို ပဉ္စင်းခံကုန်သည်။

ထိုနောက်မှ ဥတ္တရာဇီဝမဟာထေရ်သည် သီဟိုဠ်ကျွန်း၌ စေတီကို ရှိခိုးခြင်း အစရှိသော အလုံးစုံပြုဘွယ်ကိစ္စ ဟူသမျှတို့ကို ပြီးစေ၍ ၂-နှစ် ရှိပြီးမှ ပေါက္ကံမြို့သို့ တဖန်ပြန်လည်တော့မည် ပြုသည်တွင် ဆပဒပဉ္စင်း ငယ်သည်ကား ''ငါသည် ဆရာနှင့်အတူ လိုက်ချေသော် ထိုဇမ္ဗူဒီပါ ကျွန်း၌ ဆွေမျိုးဉာတိ ပလိဗောဓနှောင့်ရှက်၍ ကျမ်းဂန် အဟုတ်မသင် ရချေ၊ ဤသီဟိုဠ်ကျွန်း၌ နေပြီးသော် အဋ္ဌကထာနှင့်တကွ ပိဋကတ် သုံးပုံကို သင်ပြီးမှ ပြန်တော့မည်''ဟု အကြံရှိ၍ ဆရာဥတ္တရာဇီဝမထေရ် ကို ပန်ကြား၍ သီဟိုဠ်ကျွန်း၌ နေရစ်လေ၏၊ ဥတ္တရာဇီဝမဟာထေရ်လည်း များစွာသော ရဟန်းအပေါင်းခြံရံလျက် သင်္ဘောစီး၍ ကုသိန်မြို့သို့ ရောက်လာသည်၊ ကုသိန်မြို့မှ ပေါက္ကံပြည်သို့ကြွ၍ သီတင်းသုံးနေသည်။

ဂိုဏ်းသီးထောင်သော ဆပဒထေရ်

ဆပဒပဉ္စင်းပျိုသည်လည်း အဋ္ဌကထာနှင့်တကွ ပိဋကတ်သုံးပုံကို သင်၍ ဆယ်ဝါရှိပြီးသော် ထေရသမုတိကိုရ၍ ပေါက္ကံပြည်သို့ ပြန်မည်ကို ကြံအောက်မေ့သည်၊ ''ငါတယောက်တည်း ပြန်ချေသည်ဖြစ်အံ့၊ ငါတို့ ဆရာဉပဇ္ဈာယ် ဥတ္တရာဇီဝမထေရ်သည် သေလွန်နှင့်၍ ပေါက္ကံမြို့သား မြန်မာရဟန်းတို့နှင့် တပေါင်းတချက်တည်း သံဃကံကြီးကံငယ်ကို မပြု လိုသော် အဘော်မရှိခြေသည်သာဖြစ်၍ မတတ်နိုင်ရာချေ၊ ငါ့ကိုယ်မှ တပါးလည်း အပေါင်းအဘော် လေးယောက်ရမှ ဥပသမ္ပဒကံကို ဆောင်နိုင်ရာချေသည်''ဟု ကြံ၍–

(၁) တေမလိတ္တရွာသား သီဝလိမထေရ်၊

(၂) ကမ္ဘောဇရွာသား တာမလိန္ဒမထေရ်၊

(၃) ကိဉ္စိပူရရွာသား အာနန္ဒာမထေရ်၊

(၄) လင်္ကာဒီပရွာသား ရာဟုလာမထေရ်-

ဤသူလေးယောက်တို့နှင့် တိုင်ပင်ပြီးသော် သင်္ဘောစီး၍ ကြွလေသည်၊ ဆပဒမထေရ်နှင့်တကွ မထေရ်ငါးဦးတို့လည်း ပိဋကတ်သုံးပုံကို ဆောင် ရွက်သည်၊ တတ်ရည်လိမ္မာရည်နှင့် ပြည့်စုံကြသည်၊ ထိုမထေရ်ငါးဦးတို့ တွင် ရာဟုလာမထေရ်သည် အထူးအားဖြင့် တတ်ရည်လိမ္မာရည်ရှိသည်။

ထိုမထေရ်ငါးဦးတို့သည် သင်္ဘောစီး၍ ကြွသည်ရှိသော် ဝါကပ်ရာ အချိန်ကာလနီးသောကြောင့် ပေါက္ကံပြည်သို့ မရောက်နိုင်၊ကုသိန်မြို့၌ ဝါကပ်ကြကုန်သည်၊ ထိုမဟာထေရ်ငါးဦးတို့ ဝါကပ်သော ကျောင်းရာ တံတိုင်းသည် ကုသိန်မြို့တောင်ဘက်၌ ယနေ့ထက်တိုင်အောင်ထင်ရှား ရှိသည်၊ ဝါကျွတ်ပြီးသော် ဆပဒမထေရ်သည် မထေရ်လေးပါးနှင့် ပဝါရဏာပြုပြီးလျှင် အဘော်မထေရ်လေးဦးတို့နှင့်တကွ ပေါက္ကံပြည်သို့ ကြွလာသည်၊ ဆပဒမထေရ် ပေါက္ကံမြို့သို့ မရောက်မီ လေးရက်ငါးရက် အတွင်းဝယ် ဆရာဥတ္တရာဇီဝမထေရ် အနိစ္စရောက်၍ သဂြိုဟ်လေသည်။

ဆပဒမထေရ်လည်း ပေါက္ကံမြို့သို့ နရပတိစည်သူ လက်ထက်ပင် ပေါက္ကံမြို့၌ သာသနာတော် တည်ပြီးသည်မှ ၁၇၄-နှစ်၊ သက္ကရာဇ် ၅၄၃-ခုတွင် ရောက်၍ ငယ်ဆရာရှင်ဥတ္တရာဇီဝမထေရ် သေလွန်ကြောင်း ကိုသိ၍ သုသာန်သင်းချိုင်းသို့ ကြွလေပြီးသော် ရှိုးပူဇော်ကန်တော့ခြင်း ကို ပြုပြီးလျှင် ဆပဒမထေရ်သည် မထေရ်လေးဦးတို့နှင့် တိုင်ပင်ပြန် သည်။

"အရှင်တို့···· ငါတို့ဆရာ ဥတ္တရာဇီဝမထေရ်နှင့် သီဟိုဠ် ကျွန်းသား မထေရ်များသည် တပေါင်းတချက်တည်း သံဃကံကို ပြုကြသည်၊ ငါတို့လည်း ယခုသောဏမထေရ်, ဥတ္တရမထေရ် အနွယ်အဆက် တပည့်ဆက်ဖြစ်သော ပေါက္ကံမြို့သား မြန်မာ ရဟန်းတို့နှင့် တပေါင်းတချက်တည်း သံဃကံကိုပြုသင့်၏၊ ထိုသို့ ပြုသင့်သော်လည်း ရှေးအခါမူကား ငါတို့ဆရာ ရာမညတိုင်းသား ဥတ္တရာဇီဝမဟာထေရ် အစိုးရသည်၊ယခုမူကား မြန်မာရဟန်း တို့ အစိုးရလေသည် ဖြစ်သောကြောင့် တပေါင်းတချက်တည်း သံဃကံကို မပြုပြီ"–

ဟု တိုင်ပင်၍ ဆပဒမထေရ်သည် မာနအားဖြင့် ပေါက္ကံမြို့သား ရဟန်းတို့နှင့်ခွဲ၍ အသီးအခြား သံဃကံကို ပြုလေသည်၊ဤတွင် ဂိုဏ်းကွဲစ ဖြစ်သတည်း။

ဤသို့လျှင် ရာမညတိုင်း သထုံပြည်မှ ရှင်အရဟံ မထေရ်သည် နော်ရထာမင်းစောလက်ထက် သာသနာတော်ကို ကျင်းဆောင်ခဲ့သဖြင့် မြန်မာတို့အရပ် ပေါက္ကံရာမပြည်၌ သာသနာတော် တည်ထွန်းပြီးမှ

၁၇၄-နှစ်၊ သက္ကရာဇ် ၅၄၃-ခုတွင် သီဟိုဠ်ကျွန်းမှ သာသနာတော် ရောက်ပြန်၍ သာသနာတော် အလွန်စည်ပင်ပြန့်ပွါးသတည်း။

မဟာထေရ်ငါးဦးတို့ ရောက်သောအခါ နရပတိစည်သူမင်းကြီးသည် မထေရ်ငါးဦးတို့၌ လွန်စွာသဒ္ဓါကြည်ညိုခြင်း ရှိသည်ဖြစ်၍ ဧရာဝတီမြစ်၌ ဖေါင်ဖွဲ့စေ၍ များစွာသော ပဉ္စင်းလောင်းတို့ကို ပဉ္စင်းခံစေသည်၊ ထိုသို့ ဖြစ်၍ များမကြာမီ မိမိတို့မှာ သံဃာပွါးများ၍ အပေါင်းဂိုဏ်းသံဃာ များ စည်ပင်ပြန့်ပွါးသည်။

တရံရောအခါ နရပတိ စည်သူမင်းကြီးသည် "မထေရ်ငါးဦးတို့အား အလှူကြီးပေးမည်"ဟု ပွဲသဘင်ခံနေသည်၊ ထိုအခါ ရာဟုလာမထေရ် သည် "အရည်အပြင် အဆင်းအင်္ဂါလက္ခဏာနှင့် ပြည့်စုံသော ကခြေ သည်မတယောက်ကို မြင်ရာတွင် တပ်သော စိတ်ရှိသည်ဖြစ်၍ ရဟန်း အဖြစ်၌ မမွေ့လျော်သဖြင့် လူထွက်မည်" ဟူ၍ အကြံရှိသည်၊ ထိုအ ကြောင်းကို မဟာထေရ်လေးဦးတို့သိ၍အထူးထူးသောဝိနည်းတို့ဖြင့်ငင်း ဆန်းကြွယ်စွာ အသွယ်သွယ်သော တရားစကားတို့ဖြင့်ငင်း ဆိုဆုံးမကုန် သော်လည်း မတတ်နိုင်ခဲ့၍"အရှင်သည် လူပြုလိုခဲ့သော် သည်အရပ် တွင်မပြုနှင့် ရာမညတိုင်းသို့သွား၍ သင်္ဘောစီးပြီးလျှင် မလယကျွန်းသို့ သွား၍ မလယကျွန်းသို့ရောက်မှ လူပြုပါတော့"ဟု ဆိုကုန်သည်ရှိသော် ရာဟုလာမထေရ်လည်း ထိုရဟန်းတို့ဆိုတိုင်း ရာမညတိုင်းသို့သွား၍ သင်္ဘောစီးပြီးလျှင် မလယကျွန်းသို့ ရောက်လေသည်၊ မလယကျွန်း မင်းလည်း "ဝိနည်း သိက္ခာပုဒ်တော်ကို သိချင်သည်၊ သင်တော်မူပါ" ဟု တောင်းပန်လျှင် ခုဒ္ဒသိက္ခာကျမ်းဋီကာနှင့်တကွ သင်စေသည်၊ သင်၍ ကုန်လျှင် မင်းကြီးလည်း ကြည်ညို၍ အထူးထူးသော ကျောက်သံပတ္တမြား ရတနာတို့ဖြင့် သပိတ်အပြည့်ထည့်၍ ပူဇော်သည်၊ ရာဟုလာထေရ် သည်လည်း ပူဇော်သက္ကာရကိုရ၍ လူထွက်ပြီးလျှင် အိမ်ရာထောင်ခြင်းကို ပြုလေသည်။

ကြွင်းရစ်သည့် မဟာထေရ် လေးဦးတို့တွင် ဆပဒမဟာထေရ်သည် ရှေးဦးစွာ အနိစ္စရောက်၍ သီဝလိထေရ်,တာမလိန္ဒထေရ်,အာနန္ဒာထေရ်-၌မထေရ် သုံးဦးတို့သည်သာ ပေါက်ကံပြည်၌ သာသနာတော် စီးပွါးကို ပြုကုန်သည်။

မထေရ်သုံးပါး ဂိုဏ်းကွဲပြန်ခြင်း

တရံရောအခါ နရပတိစည်သူမင်းကြီးသည် သဒ္ဓါကြည်ညို၍ မထေရ် သုံးဦးအား ဆင်သုံးစီးလှူသည်၊ သီဝလိထေရ်, တာမလိန္ဒထေရ်တို့မှာ ရသည့်ဆင်ကို တောမှာလွှတ်လိုက်သည်၊ အရှင်အာနန္ဒာမှာမူကား "ကိဥ္စိပူရပြည်၌ ဆွေမျိုးတို့အားပေးမည်"ဟူ၍ ကုသိန်မြို့သို့ပို့၍ ဆင်ကို သင်္ဘောမှာ တင်စေသည်၊ ထိုအကြောင်းကို မထေရ်နှစ်ဦးတို့သိ၍ "အရှင်အာနန္ဒာ.... ငါတို့မှာ ရသည့်ဆင်ကို တောမှာလွှတ်စေသည်၊ အရှင်မှာမူကား တိရစ္ဆာန်ဆင်းရဲလေအောင် ဆွေမျိုးတို့အား ပေးခြင်း သည် မသင့်"ဟူ၍ ဆိုကြကုန်သည်၊ အာနန္ဒာထေရ်လည်း "အရှင် ဘုရားတို့.... အဘယ့်ကြောင့် ဤစကားကို ဆိုဘိသနည်း၊ ထိုဆွေမျိုး တို့အား သင်္ဂြိုဟ်ထောက်ပံ့ခြင်းသည် 'ဉာတကာနံ သင်္ဂဟော' မင်္ဂလာ တပါးဟု ဘုရားသခင်ဟောသည် မဟုတ်တုံလော"ဟူ၍ ဆိုသည်၊မထေရ် နှစ်ဦးတို့ကလည်း "အာနန္ဒာ....သင်သည် ဆိုဆုံးမ ခက်သည်၊ သီတင်း သုံးဘော် သိက္ခာကြီးဝါကြီးတို့က ဆိုဆုံးမသည်ကို မယူမနာ၊ ယနေ့မှစ၍ သင့်မှာလည်း အသီးသံဃကံကို ပြုလေတော့၊ငါတို့မှာလည်း အသီးသံဃ ကံကို ပြုတော့မည်"ဟု ဆို၍ ထိုနေ့မှစ၍ မထေရ်နှစ်ဦးတို့သည် အသီး အခြား သံဃကံကို ပြုကုန်သည်၊ အာနန္ဒာထေရ်မှာလည်း အသီးအခြား သံဃကံကို ပြုလေသည်။

မထေရ်နှစ်ဦးတို့တွင် တာမလိန္ဒမထေရ်သည် တရံရောအခါ ကျမ်းဂန် ဗဟုသုတနှင့် ပြည့်စုံသော တတ်ရည် လိမ္မာရည်ရှိသော တပည့်တို့ကို အထံသို့ရောက်လာသော မင်းအစရှိသော တကာတို့ကိုပစ္စည်းနှင့်စပ်သော စကားကိုဆိုသည် "ဒါယကာတို့.... ယခုငါ့တပည့် ရဟန်းများသည် ကျမ်းဂန်ဗဟုသုတနှင့် တတ်ရည် လိမ္မာရည် ရှိပါလျက် ပစ္စည်းလေးပါး မလောက်မငသောကြောင့် ပရိယတ်,ပဋိပတ် အဟုတ်မဖြည့်နိုင်ဖြစ်သည်၊ ဒါယကာတို့ ပစ္စည်းထောက်ပံ့လျှင် ပရိယတ်, ပဋိပတ်ကို အဟုတ်ဖြည့် နိုင်လတ္တံ့"ဟု ဝစီဝိညတ်ဖြင့် ပစ္စည်းကို ရှာလေသည်၊ ထိုအကြောင်းကို သီဝလိထေရ်သိ၍ "အရှင်တာမလိန္ဒ.... မြတ်စွာဘုရားသည် ဝစီဝိညတ် ကြောင့် ဖြစ်သောပစ္စည်းကို ကဲ့ရဲ့စက်ဆုပ်တော်မူသည်၊ အရှင်သည် အဘယ့်ကြောင့် ဝစီဝိညတ်ဖြင့် ပစ္စည်းကိုရှာဘိသနည်း၊ အရှင်၏ အမူ အရာ အကျင့်သည် မသင့်"ဟူ၍ ဆိုဆုံးမသည်၊ တာမလိန္ဒမထေရ်

ကလည်း "အရှင်…ကိုယ်တို့ရည်၍ ဝစီဝိညတ်ကိုပြုသော ပစ္စည်းကိုသာ ဘုရားသခင်ကွဲရဲ့ စက်ဆုပ်တော်မူသည်၊ ကျွန်ုပ်မှာမူကား ကိုယ်တို့ကို ရည်၍ ဝစီဝိညတ်ကို ပြုသည်မဟုတ်၊ ကျမ်းဂန်ဗဟုသုတ တတ်ရည် လိမ္မာရည်ရှိသော တပည့်များသည် ပစ္စည်းလုံလောက်မှ ပရိယတ်, ပဋိပတ်ကို ဖြည့်နိုင်မည်၊ ပရိယတ်, ပဋိပတ် ဖြည့်နိုင်မှ သာသနာတော် စည်ပင်ပြန့်ပွား များမည်ကို နှလုံးထား၍ တပည့်များတို့ဝစီဝိညတ် ပြုပါ သည်"ဟုဆိုသည်၊ သီဝလိထေရ်ကလည်း"အရှင်တာမလိန္ဒ…အရှင် ကဲ့သို့ ယူသည်ရှိသော် အရှင်မှာလည်း အသီးအခြား သံဃာကိုပြုလေ တော့၊ငါ့မှာလည်း အသီးအခြား သံဃာကို ပြုတော့မည်"ဟု ဆို၍ ထိုနေ့မှစ၍ မထေရ်နှစ်ဦးတို့သည် အသီးအခြား သံဃာကို ပြုကုန်သည်၊ ထိုအခါ ပေါက်ပွားပြည်၌—

(၁) သထုံပြည်မှလာသော သာသနာဆက် ရဟန်းသံဃာ တဂိုဏ်း၊

(၂) သီဝလိထေရ်တပည့် ရဟန်း သံဃာတဂိုဏ်း၊

(၃) တာမလိန္ဒထေရ်တပည့် ရဟန်းသံဃာတဂိုဏ်း၊

(၄) အာနန္ဒာထေရ်တပည့် ရဟန်းသံဃာတဂိုဏ်း—

ဖြစ်၍ လေးဂိုဏ်းပြားလေသည်၊ ထိုလေးဂိုဏ်းတို့တွင် သထုံပြည်မှ လာသော သာသနာဆက် ရဟန်းသံဃာကို ရှေးဦးစွာလာသောကြောင့် ရှေးသံဃာဟူ၍ ခေါ်ဝေါ်ကုန်သည်၊ ကြွင်းသော သုံးဂိုဏ်းသံဃာကို သီဟိုဠ်ကျွန်းမှလာသော သာသနာဆက်ဖြစ်သောကြောင့် သီဟိုဠ်ဂိုဏ်း ဟူ၍ ခေါ်ဝေါ်ကုန်သည်။

ဤသို့လျှင် နရပတိစည်သူမင်းသည် သာသနာတော်ကို စောင်မ၍ စည်းစိမ် ၃၃-နှစ်စံ၍ အနိစ္စရောက်လျှင် သားတော်နန်းတောင်ပျားမင်းပြု သည်၊စည်းစိမ် ၂၂-နှစ်စံ၍အနိစ္စရောက်လျှင်သားတော်ကျစွာ မင်းပြုတော် မူသည်၊ ပိဋကတ်သုံးပုံကို ၉-ခေါက်သင်သော ဟူ၏၊ အရိယာသံဃာ တော်တို့အား တနေ့သုံးဝါ စာပို့တော်မူစေ၍ ကျမ်းဂန်သိမြင်သော ပုဏ္ဏားလိတ်တို့နှင့်လည်း ပါဠိ,အဋ္ဌကထာတို့ကို နှီးနှောမေးမြန်းတော်မူသည်၊ သာသနာတော်ကို ပြုစုစောင်မတော်မူ၍ အဋ္ဌကထာ, ဋီကာကျနသော ရဟန်း အမြားအမြောင်ရှိသည်၊ ပြည်ရေးရွာမှုကို သားတော်ဥဇနာမင်း

အား အပ်၍ ကွပ်ညှပ်စီရင်စေသည်၊ စည်းစိမ် ၁၅-နှစ်စံ၍ အနိစ္စရောက်လျှင် သားတော်ဥဇနာ မင်းပြုတော်မူသည်။

ထိုမင်းလက်ထက် ထိုမထေရ်သုံးဦးတို့တွင် သီဝလိမထေရ်, တာမလိန္ဒမထေရ်နှစ်ဦးတို့သည် အသက်အတိုင်း သာသနာတော်ကိုထွန်းလင်းစည်ပင်အောင်ပြု၍ ကံအလျောက် လားလေကုန်၏၊ အာနန္ဒာမထေရ်သည်လည်း ၆၅-ဝါပတ်လုံး သာသနာတော်ကို စည်ပင်ထွန်းလင်းအောင် ပြု၍သက္ကရာဇ် ၆၀၂-ခု၌ မင်းပြုသော နရပတိစည်သူမြစ် ဥဇနာမင်းကြီးသားတော် နရသီဟပတေ့ မင်းစည်းစိမ် ၇-နှစ်ရှိသောအခါ ကံအလျောက် လားလေသည်။

ဒလ-ဓမ္မဝိလာသမထေရ်

ယခင်ဆိုခဲ့ပြီးသော မဟာထေရ်လေးဦးတို့၏ တပည့်အဆက်ဆက်တို့သည်ကား ပေါက္ကံပြည်ကျစွာမင်းကြီးလက်ထက်ကပင် ဒလကျေးဒိပ္ပဇာည်ရွာသား သာရိပုတ္တရာအမည်ရှိသော် သာမဏေတဦးသည် ပေါက္ကံမြို့သို့သွား၍ အာနန္ဒာမထေရ်အထံ၌ ပဉ္စင်းခံပြီးသော် အဋ္ဌကထာနှင့်တကွ သုတ်, အဘိဓမ္မာ, ဝိနည်းကို သင်၍ အရပ်ထက်ဝန်းကျင် ကျော်စောထင်ရှားသည်နှင့် သားတော် ဥဇနာမင်းကြီးလက်ထက် သာရိပုတ္တရာအမည်ရှိသော ပဉ္စင်းငယ်၏ ကျေးဇူးသတင်း ကျော်စောခြင်း အသံကိုကြား၍“သာရိပုတ္တရာအမည်ရှိသော ရဟန်းသည် တရားစကား အကြားအမြင်နှင့်ပြည့်စုံသည်၊ကျမ်းဂန်တရားကို လေ့ကျက်ရွက်ဆောင် တတ်ရည်လိမ္မာရည်ရှိသည်၊ ကိုယ်အင်္ဂါကြီးငယ်နှင့် ပြည့်စုံသည်ဖြစ်အံ့၊ ဆရာပြု၍ ကိုးကွယ်မည် သွား၍စုံစမ်းချေ”ဟု မင်းချင်းတယောက်ကို လွှတ်၍ ကိုယ်အင်္ဂါကြီးငယ်ကို စုံစမ်းသည်ရှိသော် ခြေမဖျား ပြတ်သည်ကို မြင်၍ ထိုအကြောင်းကို ပေါက္ကံ ဥဇနာမင်းအား ပြန်၍ကြားလျှောက်သော် ဥဇနာမင်းကြီးလည်း အင်္ဂါကြီးငယ် မပြည့်စုံလျှင် ဆရာပြု၍မကိုးကွယ်ပြီ ပင့်ဘိတ်၍ ပူဇော်သက္ကာရ များစွာပြုပြီးသော်‘ဓမ္မဝိလာသ’ဟူသော နာမံတံဆိပ်ကို အပ်လှူ၍ ရာမညတိုင်း၌“သာသနာတော် စည်ပင်ထွန်းလင်းအောင် သာသနာ ပြုတော်မူပါ”ဟု တောင်းပန်၍ ဒလမြို့သို့ကြွစေသည်။

မူလဂိုဏ်းကြီး ၂-ဂိုဏ်း

ဓမ္မဝိလာသမထေရ်လည်း ရာမညတိုင်းသို့သွား၍ ဒလမြို့၌များစွာသော ရဟန်းအပေါင်းတို့ကို သုတ်, အဘိဓမ္မာ, ဝိနည်း တရား ကျမ်းဂန်တို့ကို သင်ကြားပို့သ၍ နေလေသည်၊ ထိုအခါ ဒလမြို့၌—

(၁) များစွာသော ရဟန်းတို့ကို သီဟိုဠ်ပါ ရဟန်းဟူ၍ ခေါ်ဝေါ်ကုန်သည်။

(၂) သောဏမထေရ်, ဥတ္တရမထေရ် နှစ်ဦးတို့၏ အနွယ်အဆက်ဖြစ်သော ရဟန်းသံဃာတို့ကို အရိယာအပါ သံဃာ ဟူ၍ ခေါ်ဝေါ်ကုန်သည်။

အရိယာအပါသံဃာမှ တဦးသော မထေရ်သည် ကျမ်းဂန်တရား အကြားအမြင် ဂုဏ်အထူးနှင့် ပြည့်စုံသည်ဖြစ်၍ လက္ခိရမြို့၌ ပင်္ဂါအမည်ရှိသော ငါးများသောကြောင့် ပင်္ဂါချောင်းဟူ၍ တွင်သော ချောင်းတခု၏ အနီးကျောင်း၌ သီတင်းသုံးနေသည်၊ ထိုကျောင်းနှင့် မနီးမဝေး၌ အိမ်ရွေးတခု ရှိသည်၊ ထိုအိမ်ရွေးနှင့် မနီးမဝေးသောအရပ်၌ များစွာသော ကမ္ဗောဇတိုင်းသား ညောင်ရွှေ ရှမ်းသိုဟန်များတို့ကို နေစေသည်၊ထိုအိမ်ရွေးကို ကမ္ဗောဇအိမ်ရွေးဟူ၍တွင်စေသည်၊ပင်္ဂါချောင်းဝ ကျောင်းကိုလည်း ကမ္ဗောဇအိမ်ရွေးနှင့် နီးသောကြောင့် ကမ္ဗောဇ ကျောင်းဟူ၍ တွင်ပြန်လေသည်၊ ထိုကျောင်း၌ သီတင်းသုံးနေသော မထေရ်ကိုလည်း ကမ္ဗောဇမထေရ်ဟူ၍လည်း တွင်ပြန်လေသည်။

နောက်ထပ် ဂိုဏ်းကြီး ၆-ဂိုဏ်း

တရံရောအခါ ဒလမြို့နေ သဒ္ဓါတရားနှင့် ပြည့်စုံတော သီရိစည်သူ အမည်ရှိသော အမတ်တဦးသည် ကန်ကြီးတခုအနီး ကျောင်းဆောက်၍ ကမ္ဗောဇရွေးကျောင်း မထေရ်ကိုပင့်၍ သီတင်းသုံးနေသည်၊ ထိုအခါ ဒလမြို့၌ အရိယာအပါ ရဟန်းသံဃာတို့တွင် ကမ္ဗောဇကျောင်း မဟာထေရ်သည် ဂုဏ်ကျေးဇူးအထူးနှင့် ပြည့်စုံသည်ဖြစ်၍ ထင်ရှားသည်ကို စွဲ၍ အလုံးသော အရိယာအပါ သံဃာကို ကမ္ဗောဇသံဃာဟူ၍ ခေါ်ဝေါ်ကုန်သည်၊ ထိုကမ္ဗောဇသံဃာကိုစွဲ၍ ရာမညတိုင်းအရပ် သံဃာဟူသမျှကို ကမ္ဗောဇသံဃာချည်း ခေါ်ဝေါ်ကုန်သည်၊ ထိုအခါ မုတ္တမမြို့၌—

(၁) ကမ္ဗောဇသံဃာတဂိုဏ်း,

(၂) ပေါက္ကံပြည်က သီဝလိထေရ်အနွယ်အဆက် သီဟိုဠ်ကျွန်း တဂိုဏ်း,

(၃) တာမလိန္ဒထေရ် အနွယ်အဆက် သီဟိုဠ်ကျွန်း သံဃာ တဂိုဏ်း,

(၄) အာနန္ဒာထေရ် အနွယ်အဆက် သီဟိုဠ်ကျွန်း တဂိုဏ်း,

(၅) မုတ္တမမြို့သား သီဟိုဠ်ကျွန်းသို့သွား၍ ပဉ္စင်းခံပြီးသော် တဖန် လာ၍ အသီးအခြား သံဃကံပြု၍နေသော မိဖုရားဆရာ ဗုဒ္ဓဝံသထေရ် အနွယ်အဆက် သီဟိုဠ်ကျွန်း သံဃာတဂိုဏ်း,

(၆) ၎င်းမုတ္တမက သီဟိုဠ်သို့သွား၍ ပဉ္စင်းခံပြီးသော် မုတ္တမမြို့သို့ ပြန်လာ၍ အသီးအခြား သံဃကံကိုပြုသော မဟာနာဂထေရ် အနွယ်အဆက် သီဟိုဠ်ကျွန်း သံဃာတဂိုဏ်း။

ဤ ၆-ဂိုဏ်းသော သံဃာတို့သည် အသီးအခြား သံဃကံကိုပြု၍ တယောက်သည် တယောက်အား မနိုးနှောပြီ၊ သင့်,မသင့်ကို မတိုင်ပင် ပြီ၊ "ငါတို့သာ လိမ္မာသည် ငါတို့သာဘတ်သည်" ဟု အမှတ်ရှိ၍ မိမိတို့ အယူအတိုင်း သံဃကံကိုပြုကြ၍ သီတင်းသုံးနေသည်။

ထိုအရှင်မြတ်တို့သည်လည်း ပေါက္ကံပြည် နရသီဟပတေ့မင်းသည် ကျိန်းခန်းကာလအလိုက် သက္ကရာဇ် ၆၄၆-ခုတွင် တရုပ်တို့ ပေါက္ကံ ပြည်သို့ ကျရောက်လာသဖြင့် ရဟန်းသံဃာဗိုလ်ပါများနှင့် ပေါက္ကံက စုံသွား၍ ကုသိန်မြို့မှာ နေလေသည်၊ တလိုင်းပြည်မှာ ငါးလခန့်နေ၍ ပြည်တော် ပေါက္ကံသို့ ပြန်လည်ခဲ့သဖြင့် ပြည်မြို့သို့ရောက်လျှင် ပြည်စား သီဟသူသည် ခမည်းတော်ကို သေဆေးပေးရာတွင် ၎င်းနှစ်ပင် အနိစ္စ ရောက်သည်။

ခမည်းတော် နရသီဟပတေ့မရှိလျှင် ပြည်စား သီဟသူသည် အလုံး အရင်း ဆင်မြင်းများစွာနှင့် ကုသိန်မြို့သို့ စုံသွားပြီးလျှင် နောင်တော် အိမ်ရှေ့ ဥဇနာကို လုပ်ကြံ၍ အနိစ္စရောက်လေသည်။

ပြည်စား သီဟသူနှင့် ညီတော် ဒလမြို့စား ကျော်စွာတို့ နှစ်နှစ်ခန့် စစ်ပြိုင်ကြလျှင် ပြည်စား သီဟသူဆုံး၍ ဒလမြို့စား ကျော်စွာမင်းသည် နောင်တော် နှစ်ပါး၏ အလုံးအရင်းများကို သိမ်းရုံး၍ ပေါက္ကံသို့

သက္ကရာဇ် ၆၃၈- ခုတွင် ဆန်၍ မင်းပြုတော်မူသည်၊ တဝက်သော ရဟန်းသံဃာတို့သာ ပေါက္ကံမြို့သို့ ရောက်လာသည်။

အနော်ရထာစောမင်းမှစ၍ နရသီဟပတေ့တိုင် ၁၀-ဆက်သောမင်းတို့၏ နိုင်ငံဖြစ်သော တိုင်းခရိုင် မြို့အပေါင်းတို့သည် ထိုမင်းလက်ထက် အသီးအခြား နေလေသည်၊ သံလွင်မြစ်အနောက် စောလုံရှမ်းကိုးပြည် ရွှေတောင်နှင့်ပုသိမ် သုံးမြို့ ရှမ်းမြန်မာတို့သာ ကျော်စွာနိုင်ငံ ဖြစ်တော့သည်၊ ထိုဂိုဏ်း သံဃာတော်တို့လည်း အသီးအသီး သံဃကံကိုပြု၍ တလိုင်းပြည်တွင် နေကြကုန်သည်။

ပုဂံမင်းကျော်စွာကို မြင်စိုင်းသိယ်ဃ်ဗိုလ်သား ဗျာဒိပ်ရညီနောင်သုံးယောက် လုပ်ကြ၍ သက္ကရာဇ် ၇၆၄-ခုတွင် အနိစ္စရောက်လျှင် မြင်စိုင်းကို နောင်တော်အကြီးရာဇသင်္ကြန်မင်းပြုသည်၊ မက္ခရာကို အလတ် သခ်ရာမင်းပြုသည်၊ ပင်လယ်ကို ညီတော်ငယ် သီဟသူမင်းပြုသည်။

ဘုရားသခင်စစ်ကိုင်းတွင် ဗျာဒိတ်ကြားခြင်း

ပင်လယ်မင်း သီဟသူသည် ပင်လယ်ကလာ၍ မြစ်ငယ်အရှေ့တပ်ကြီးကို တည်၍ နေသည်၊ သုံးလခန့်ရှိလျှင် ဆင်ခင်း မြင်းခင်း မသာဟူ၍ အင်းဝဘက်သို့ ပြောင်း၍ ရွာကြီးတည်၍ နေသည်၊ ထိုနေရာတွင် ငါးလိပ်, ဘီလူး,ရေဘေးသုံးပါးဖျက်ဆီး၍ လူသေလူပျောက်များ၍ ပင်ပန်းကြကုန်သည်နှင့် ဘုရားသခင် ထင်ရှားရှိစဉ် သုနာပရန္တတိုင်း, တမ္ဗဒီပတိုင်းတို့သို့ ဒေသစာရီ ကြွတော်မူလေ၍ စစ်ကိုင်းသို့ ရောက်သောကာလ ၉-သိန်း ၉-သောင်း ဘီးလူးတို့ အုပ်ကျောက်တို့ဖြင့် ပစ်ခတ်သည်ကို ဘုရားသခင် တန်ခိုးတော်ဖြင့် နှိမ်နင်းလျှင် ၉-သိန်း, ၉-သောင်းသော ဘီလူးတို့ ပြေးလေကုန်သည်တွင် ဇေတဘီလူးအမှူးရှိသော ငါးကျိပ်ငါးယောက်သော နတ်ဘီလူးတို့သည် တရားတော်ကို နာခံရသဖြင့် သောတာပန်အဖြစ်သို့ ရောက်စေ၍ ယဉ်ကျေးပြီးမှ ဗမော်, စွေးလုံ, စန္ဒာတိုင်အောင် ဒေသစာရီ ကြွတော်မူပြီးလျှင်—

"သာသနာတော်ဆန်တက်၍ ထွန်းတောက်ပပေလတ္တံ့၊ ငါ၏
သာသနာတော် ဤတွင်ကုန်ဆုံးလတ္တံ့"—

ဟု ဗျာဒိတ်ကြားခဲ့ပြီးမှ အရှေ့ဘက်သို့ ကူးတော်မူ၍ ပြန်လည်တော်မူခဲ့သော် တမ္ဗဒီပတိုင်းသို့ ရောက်တော်မူသဖြင့် သာသနာတော်တည်ရာ

ဗန္ဓစက္ကပဗ္ဗတတောင်သို့ ရောက်တော်မူလျှင် ဇေတဘိလူးစသော ၅-ကျိပ် ၅-ယောက်သော သောတာပန် နတ်တို့သည် ဘုရားရောက်ကြောင်းကို သိ၍ စက္ကပဗ္ဗတတောင်သို့ လာရောက်သဖြင့် ပူဇော်သက္ကာရပြုနေစဉ်—

''ငါ၏တပည့် ဒိဗ္ဗစက်သည် ဤအရပ်ဒေသ၌ ငါ၏သာသနာကို ထွန်းပအောင် ပြုလတ္တံ့—

ဟု ဗျာဒိတ်ထားတော်မူခဲ့သည်နှင့်အညီ သိကြားမင်းသည် ဘုရားသခင်သာသနာတော် ဆုတ်ယုတ်ခဲ့ပြန်သည်ကို သိသည်ဖြစ်၍ နတ်ပြည်၌ နတ်သားတယောက်ကိုတောင်းပန်၍ ဝေသာလီပြည်၌ ဂဟပတိမည်သော သူကြွယ်မယား စန္ဒဗာလာမည်သော မိန်းမဝမ်း၌ ပဋိသန္ဓေနေစေသဖြင့် ငါ့ဆိုလပြည့် စနေနေ့ ဘွားမြင်၍ ၁၅-နှစ်အရွယ်သို့ ရောက်လသော် ဥဒိန္ဒမထေရ်သည် ရဟန်းပြုပေးတော်မူသည်၊ လောကီချာန်နှင့် ပြည့်စုံခြင်း,အကျင့်အာစာရနှင့် ပြည့်စုံခြင်းတို့ကြောင့် ဒိဗ္ဗစက်သာမဏေ ဟု တွင်သည်။

ရှင်ဒိဗ္ဗစက် ဂဏ္ဍာပါမေဒက္ခဖြစ်ခြင်း

ဤသာမဏေသည် သုတ္တန်,အဘိဓမ္မာတို့ကိုသင်၍ တတ်လိမ္မာသည်၊ မန္ဒကာလသူကြွယ်သည် ဝေဠုဝန်ကျောင်းဆောက်၍ ကိုးကွယ်သည်၊ ကုရုရာဇ်တိုင်းတွင်နေသောစက္ကမည်သော ပုဏ္ဏားသည် ကျောင်းဆောက်၍ ကိုးကွယ်သော မဟိန္ဒပါလ မထေရ်သည် ဒိဗ္ဗစက္ခုဉာဏ်ဖြင့်ဘုရားသာသနာတော်ကို ချီးမြှင့် မ စ နိုင်မည့် ရဟန်းသံဃာအပေါင်းကို ကြည့်ရှုလေသော် ဝေသာလီပြည်၌ ဒိဗ္ဗစက်သာမဏေ၏ အဆောက်အဦ ဒဗ္ဗသမ္ဘာရကို မြင်တော်မူသည်ဖြစ်၍ ကုရုရာဇ်တိုင်းက ဝေသာလီပြည်သို့ ကြွတော်မူလာ၍ ကြံခင်းတော၌ နေတော်မူသည်ကို ရှင်ဒိဗ္ဗစက် သာမဏေသည် မြင်လေသဖြင့် လက်အုပ်ချီလျက် အလျင်တဆော သွားသော် အရှင်မဟိန္ဒပါလမထေရ်လည်း ''ဟေ့ ဟေ့''ဟူ၍ ခေါ်တော်မူလျှင် ဒိဗ္ဗစက်သာမဏေသည် ချည်းကပ်လာ၍ ရှိခိုး၍ လျောက်ပတ်စွာ နေတော်မူသည်၊အရှင် မဟိန္ဒပါလမထေရ်လည်း သာမဏေဘိုကကို ပဉ္စင်းအဖြစ်သို့ တောင်းပန်လျှင် မ စ သဖြင့် ပဉ္စင်းအဖြစ်သို့ရောက်စေသည်၊ပိဋကတ်ကျမ်းဂန်ကို သင်စေ၍ တတ်သိလိမ္မာရှိသည်၊လောကီချာန်သမာပတ်နှင့် ပြည့်စုံသည်။

ထေရသမုတိကိုရသောအခါ ဥပဇ္ဈာယ် မဟိန္ဒပါလမထေရ်သည် ဤသို့ မိန့်တော်မူသည်။

"ချစ်သားဒိဗ္ဗစက်····သုနာပရန္တတိုင်း, တမ္ဗဒီပတိုင်းတို့၏ ဘုရားထင်ရှားရှိစဉ်ကပင်ဒေသစာရီ ကြွတော်မူလာ၍ပါဒစေတီ တော်များကို သစ္စဗန္ဓရသေ့ရဟန်း, နမန္တာနဂါးမင်းတို့တောင်း ပန်၍ နောင်လူအပေါင်းတို့အား ကိုးကွယ်စေခြင်းငှါ ထားတော် မူခဲ့သည်ဖြစ်၍ ပေါက္ကံရာမပြည်သို့ နော်ရထာစောမင်းလက်ထက် သောဏထေရ်,ဥတ္တရထေရ်တို့၏ အနွယ်အဆက် သီလဗုဒ္ဓိဆရာ က သာသနာပြုစေလွှတ်၍ ရှင်အရဟံ ကြွသွားရသည်၊ ချစ်သား မှာလည်း တမ္ဗဒီပတိုင်း ပန်းယပြည်သို့ သက္ကရာဇ် ၆၇၄-ခုတိုင် သောအခါ သာသနာပြုကြွချေ"-

ဟု မိန့်မှာတော်မူပြီးလျှင် ဝိနယပါဠိမောက္ခ, ဂဏပါဠိမောက္ခ ထားခဲ့၍ ပရိနိဗ္ဗာန်ပြုတော်မူသည်။

ရှင်ဒိဗ္ဗစက် ကောင်းကင်ပျံကြွခြင်း

ရှင်ဒိဗ္ဗစက် ရဟန္တာဒွေးဟု ခေါ်ဝေါ်သောမထေရ်လည်း ဝေသာလီ ပြည်တွင် များစွာသောဝေသာလီသားအပေါင်းတို့ကို သုတ္တန်,အဘိဓမ္မာ, ဝိနည်းတို့ကို သင်ကြားစေသဖြင့် အဝါ ၄၀-ပြည့်လေသော် ရတနာပူရ အင်းဝပြည်ကြီးတည်ရာ အရပ်ဌာန၌ တစီးရှင်သီဟသူ နေစဉ်ကာလ ဘေး၃-ပါး ဖျက်ဆီးနှောင့်ရှက်၍ လူသေလူပျောက်များသည်နှင့် စစ် ကိုင်း သောတာပန်နတ်ကြီးတို့လည်း "ဘုရားသခင် ဗန္ဒစက္ကပဗ္ဗတတောင် တွင် ဗျာဒိတ်ကိုနာခံလိုက်ရသဖြင့် ယခုအချိန်ကာလရောက်ပြီ" ဟု သော တာပန်နတ်ကြီးတို့သည် ဝေသာလီပြည်သို့သွား၍ ရှင်ဒိဗ္ဗစက်ကို ဘုရား သခင် ဗျာဒိတ်ရှိခဲ့ကြောင်းများကို လျှောက်ထားပြီးလျှင် သာသနာပြုချိန် ကာလ အချိန်ရောက်ပြီဟု လျှောက်ထားတောင်းပန်သော် ရှင်ဒိဗ္ဗစက် မထေရ်လည်း "ဆရာမဟိန္ဒပါလမထေရ် မိန့်မှာတော်မူဘူးသည်ကို အောက်မေ့မိသဖြင့် သာသနာပြုချိန်ရောက်ပြီ" ဟု သီဟိုဠ်ကျွန်းသို့ကူး၍ ရတနာစေတီတွင် သရီရဓာတ်ရှစ်ဆူကို ပင့်ဆောင်ခဲ့၍ ပေါက္ကံရာမပြည် သို့ ရှေးဦးစွာ ရောက်သည်။

ယင်းကမှ တပို့တွဲလပြည့်ကျော် ၃-ရက်၅-တေး နေ့မွန်းတည့် အချိန်တွင် ရတနာပူရ အင်းဝမြို့တည်ရာအရပ်သို့ ရောက်လေသတည်း၊ထိုရောက်သောနေ့ပင် တစီးရှင်သီဟသူလည်း ပြည်၏အနောက်စူးစူးသို့ ထွက်လေသော် ရှင်ဒိဗ္ဗစက်မထေရ်နှင့် ရင်ဆိုင်တွေ့လေသည်၊ ရှင်ဒိဗ္ဗစက်မထေရ်လည်း သာသနာတော်၌ များစွာကြည်ညိုစေခြင်းငှါ ကောင်းကင်၌ ရပ်၍ နေတော်မူသည်၊ တစီးရှင်သီဟသူလည်း မြင်တည့်လျှင် ဖရဏာပိတိဖြစ်၍ ဆင်မှသက်တည့်၍ မြေ၌ရပ်နေလျက် လက်အုပ်ချီ၍ ကြည့်၍ နေတော်မူသည်။

ထိုအခါ ရှင်ဒိဗ္ဗစက်လည်း ညောင်ပင်ရင်းကိုကပ်၍ နေတော်မူသည်ကို တစီးရှင်သီဟသူလည်း ရှင်ဒိဗ္ဗစက်ရှိရာသို့ ချဉ်းကပ်၍ ဦးခိုက်ပြီးလျှင် "အရှင်ဘုရား....အဘယ်အရပ်က ကြွလာတော်မူသနည်း"ဟု မေးသည်ရှိသော် "တကာမင်းကြီး....ဝေသာလီပြည်က ကြွလာသည်၊" "အရှင်ဘုရား....ခရီးအကြား အတည်မျှလောက် ကျိန်းတော်မူခဲ့သနည်း"မေးလျှင် "မင်းကြီး....ယနေ့နံနက်ကလာသည်၊ မွန်းတည့်လျှင်ရောက်လာသည်"ဟု မိန့်တော်မူသော် မင်းကြီးလည်း မိန့်တော်မူသောခဏ၌ ရဟန္တာပင်ဟု မှချယူတော်မူသည်၊ ရဟန္တာပင်ဟု မှချယူသော်လည်း "အရှင်ရဟန်းသည် ရဟန္တာလော"ဟု မမေး၊ မင်းကြီး၌ပါသော သူရဲသူခက်တို့လည်း နှုတ်မြွက်၍မမေး၊ ယုံမှားသက်ာသာရှိကြကုန်သည်၊ ထိုအကြံကို ရှင်ဒိဗ္ဗစက်သိတော်မူလျှင် ကောင်းကင်သို့ ပြန်တက်၍ ရာဇောဝါဒသုတ်ကို ဟောတော်မူသည်ရှိသော် မင်းကြီးကိုယ်၌ သဒ္ဓါကြည်ညိုခြင်း ပြင်းစွာဖြစ်၍ ဖရဏာပိတိ ဖြစ်လေသည်။

ရှင်ဒိဗ္ဗစက်အား သောတာပန်နတ်ကြီး လျှောက်ကြားခြင်း

တစီးရှင် သီဟသူမင်းကြီးသည် သာသနာတော်၌ ပြင်းစွာ ကြည်ညိုကြောင်းကိုသိ၍ "မင်းကြီး....ငါ၏ဆရာ ရှင်မဟိန္ဒပါလမထေရ်သည် ပရိနိဗ္ဗာန်မပြုမီကာလ တကာမင်းကြီးလက်ထက် သာသနာပြုစုရစ်"ဟု မိန့်တော်မူခဲ့၍ ပရိနိဗ္ဗာန်ယူတော်မူသည်။မင်းကြီးလည်း"အရှင်ဘုရား....သာသနာတော်၏ အခြင်းအရာ မိန့်တော်မူပါ"ဟု တောင်းပန်လျှင် "တကာမင်းကြီး.... ဘုရားတပည့်သား ရဟန်း သံဃာတော်တို့သည် ဝိနည်းသိက္ခာပုဒ်နှင့် လျော်ညီညွတ်အောင် မင်းတို့ စောင်မ၍ ကျင့်စေ

ခြင်း, ပရိယတ်သင်ကြားစေခြင်း, ကိုယ်စားတော်သရီရဓာတ်ကို စေတီ ပုထိုးတည်၍ ကိုးကွယ်ခြင်းသည် သာသနာတော် အရှည်တည်သည်'' ဟုမိန့်တော်မူ၍ မိုးချုပ်ခဲ့သော် မင်းကြီးလည်း အမတ်တို့ကို ရန်အောင် မြင်ဘုရား တည်ရာအရပ် ဖူးမြင်တွေ့ကြုံရာ၌ အလျင်အဆော ကျောင်း အရိပ်အာဝါသ ဆောက်လုပ်စေ၍ ''ဤကျောင်း၌တည်းနေတော်မူပါ၊ ဆွမ်းကိုလည်း အိမ်တော်မှာ ဘုဥ်းပေးတော်မူပါ''ဟု လျှောက်တောင်း ပန်သော်''မင်းကြီး…ငါယနေ့မတည်းခိုသေး၊ဆွမ်းကိုမူကား နန်းတော် မှာ ဘုဥ်းပေးသုံးဆောင်ရတော့မည်''ဟု မိန့်တော်မူ၍ ဝေဿလီပြည် ကျောင်းတော်သို့ ပြန်တော်မူသည်၊မိုးသောက်ကာလနောက်လိုက်ရဟန်း ငါးပါးနှင့်ကြွတော်မူလာ၍ တည်းကျောင်းသို့ဝင်ပြီးလျှင် ကောင်းစွာ ဝတ်ရုံ၍ မင်းအိမ်တော်မှာဆွမ်းဘုဥ်းပေး၍ အနုမောဒနာအပ္ပမာဒသုတ် ကို ဟောတော်မူသော် မင်းကြီးနှင့်တကွ မှူးမတ်အပေါင်းတို့သည် သရ ဏာဂုံ,ပဥ္စသီ တည်ကြလေသည်၊တရားဟောပြီးသောအဆုံး၌လည်း''မင်း ကြီး….ယခု ဤအရပ်သည် မင်းကြီးသာသနာပြုစုရာ အရပ်မဟုတ်ချေ၊ စစ်ကိုင်း သောတာပန်နတ်ကြီးတို့လာ၍ ဒက္ခိဏာအရပ် ဗန္ဓစက္ကပဗ္ဗတ တောင်၏ အနီးအပါးတွင် သာသနာတော် ပြုစု တည်ထောင်ရမည်၊ ဘုရားသခင် ဗျာဒိတ်ရှိခဲ့၍ သိလိုက်ဘူးကြောင်း လျှောက်ထားလာသည်၊ 'ငါ့ကို ကြွ၍ သာသနာတော်ပြုပါ' ဟု လျှောက်တောင်းပန်ပြန်သော ကြောင့် ငါလည်း ကြွတော်မူလာသည်''ဟု ဆိုလျှင် နှစ်ကုဋေငါးသိန်း သော အိမ်ခြေလူအပေါင်းတို့သည် ဘေး ၃-ပါးနှောင့်ရှက်ဖျက်ဆီး၍ တသိန်းကျော်ခန့် သေကြေပျက်စီးသောကြောင့် ပြင်းစွာတုန်လှုပ်လျက် ရှိခိုက် ရှင်ဒိဗ္ဗစက်စကားကို ကြားနာရလျှင် ဝမ်းသာအားရ ရှိကြကုန် သည်၊ အမတ်တို့လည်း ညီညွတ်ကြသဖြင့် အနောက်တောင် သင်ပန်း အရပ်တွင် ပြောင်း၍ တည်းနေသည်၊ ရှင်ဒိဗ္ဗစက်မထေရ်ထံ၌လည်း ငါးထောင်ခန့်လောက် ရဟန်းသာမဏေ ပြုကြကုန်သည်၊ ရှိလင့်သော ရဟန်းသံဃာတို့ကိုလည်း မင်းအာဏာနှင့် စစ်ဆေးမေးမြန်း၍ သာသ နာတော်၏ ဘေးရန်ဆူးငြောင့်တို့ကို သုတ်သင်ရှင်းလင်း၍ ရှင်ဒိဗ္ဗစက် မထေရ်၏ အဆုံးအမ ဩဝါဒကို ခံနေစေရသည်။

ရှင်သီဝလိခေတ်တော်ကို ရှင်ဒိဗ္ဗစက် ယူဆောင်ခြင်း

ရှင်ဒိဗ္ဗစက်မထေရ်က မင်းကြီးအားပေးအပ်သော မွေတော်ရှစ်ဆူကို ရွှေပန်းတောင်းနှင့် ကိုးကွယ်ပြီးလျှင် သက္ကရာဇ် ၆၇၄-ခုတွင်ဝယ် တည်ထားစံနေတော်မူသည်တွင် ဗန္ဓစက္ကပဗ္ဗတတောင်ထိပ်၌ ရွှေစည်းခုံကို ရှင်ဒိဗ္ဗစက်အား တောင်းပန်၍ ကြည့်ရှုစောင့်မစေသည်နှင့် သက္ကရာဇ် ၆၇၉-ခုတွင် ရခိုင်မင်း,ယိုးဒယားမင်း,ဇင်းမယ်မင်း, ပန်းယမင်းလေးပါးနှင့် ရှင်ဒိဗ္ဗစက်, မ-စ-စီရင်၍ မွေတော်ရှစ်ဆူကို ဌာပနာတော်မူသည်၊ ထိုမင်းလေးပါးတို့၏ အဆောင်အရွက်ကိုလည်း''အညီအညွတ်''နောင်အခါဘဝ တမိသားချင်းအရင်းဖြစ်အောင်''ဟု ရည်မှတ်၍ သွင်းကြလေသည်၊ ထိုမင်းလေးပါးတို့လည်း အစဉ် မော်ကွန်းဖြစ်စိမ့်သော ဌါပင် ခြားအင်းနားဝယ် စေတီ ၄-ဆူအသီးသီးတည်ခဲ့၍ပြီးကြလေသည်။

ရှင်ဒိဗ္ဗစက်လည်း ဌာပနာသွင်းပြန်သည့်နောက် ဝေသာလီသို့ပြန်လေသော် တစီးရှင်သီဟသူမင်းလည်း ပန်းယတွင် ၁၀-နှစ်၊ ပင်လယ်မှာ ၇-နှစ်၊ အင်းဝမှာ ၁၅-နှစ်၊ စည်းစိမ် ၂၂၊ သက္ကရာဇ် ၆၀၄-ခုတွင် အနိစ္စရောက်သည်။

အနိစ္စရောက်ကြောင်းကို ဘုမ္မဇိုးနတ်တို့ လာ၍ လျှောက်လျှင် သဒ်ါရတရားသဘောကို အောက်မေ့၍ ဝေသာလီပြည်သူပြည်သားတို့ကို အမြဲမရှိသည်နှင့်စပ်သော သဘောတရားဖြင့် ဆုံးမတော်မူသည်၊ ၎င်းနှစ်သားတော် အိမ်ရှေ့ ဥဇနာမင်းကြီး ရွှေနန်းတက် သိမ်းမြန်းစံပယ်လေသည်၊ ရှင်ဒိဗ္ဗစက်မထေရ်လည်း ဂိဇ္ဈကုဋ်တောင်သို့ကြွ၍ ရှင်သီဝလိခေတ်, မကုလတောင်သို့သွား၍ ဆရာ မဟိန္ဒပါလခေတ်များကို ယူဆောင်ခဲ့ပြီးလျှင် ဥဇနာမင်းကြီးအားအပ်၍ ဌာပနာစေသည်။

ရှင်ဒိဗ္ဗစက်မထေရ်လည်း စည်းခုံပြီးအောင် ဆိုင်းငံ့၍ သီတင်းသုံးနေတော်မူလျက် တပည့်သံဃာတော်များကို ထေရဝါဒ ဖြစ်အောင် ဘုရားသခင်ပိဋကတ်ကို အဋ္ဌကထာနှင့်တကွ ပို့သတော်မူသည်၊ ဥဇနာမင်းကြီး စည်းစိမ် ၁၅-နှစ်၊ သက္ကရာဇ် ၆၉၉-ခု တွင် ရှင်ဒိဗ္ဗစက်မထေရ် သက်တော် ၈၅-တွင် ဝေသာလီပြည်သို့ ပြန်၍ ပရိနိဗ္ဗာန်ပြုတော်မူသည်။

ရှင်ဒိဗ္ဗစက်-ရန္တာမထွေးဟု သမုတ်အပ်သော မထေရ်၏တပည့် အဆက်ဆက် ထေရဝါဒမပျက် တစီးရှင် သီဟသူမင်းနောက် ၁၆-ဆက်၊ သက္ကရာဇ် ၇၀၀-ခု မိုးညှင်းမင်းတရားလက်ထက်တိုင် ဝိနယဓရချည်းဖြစ်၍ သာသနာတော် မပျက်မစီး ဖြစ်သည်။

သီဟိုဠ်မှ ဓာတ်တော် ၅-ဆူရောက်လာခြင်း

ဂင်းမိုးညှင်းမင်းတရားလက်ထက် သက္ကရာဇ် ၇၉၀-ပြည့်တွင် သာသာသနာတော်ဆက် သီဟိုဠ်ကျွန်းက မဟာဝိဟာရဂိုဏ်း ပုဂ္ဂိုလ် သီရိသဒ္ဓမ္မာလင်္ကာရထေရ်,သီဟဠမဟာသာမိထေရ် နှစ်ပါးတို့သည် သရီရဓာတ် ငါးဆူတို့ကို ပင့်ဆောင်တော်မူခဲ့၍ ပုသိမ်သို့ရောက်လျှင် တလိုင်းမင်းတို့က ဆီးတားသော်လည်း မနေနိုင်သော အကြောင်း သင့်အောင်ပြောဆိုခဲ့သဖြင့် အင်းဝသို့ဆန်ခဲ့လျှင် ရွာသစ်ကြီးတွင် တည်းနေစေပြီးမှ မိုးညှင်းမင်းတရား ရွှေဘောင်တော်စီး၍ ကြိုတော်မူသည်၊ အင်းဝသို့ရောက်လျှင် မြေကြီးလျှောင် ပြင်းစွာလှုပ်သည်၊ မိုးညှင်းမင်းတရားသည် သရီရဓာတ်ငါးဆူ စစ်ကိုင်းအနောက် သက္ကရာဇ် ၇၉၂-ခုတွင် ရတနာစေတီတည်၍ ကိုးကွယ်သည်။

သီဟိုဠ်ရောက် ဆရာတော်နှစ်ပါးကို ဒုတ်ရွှေကျောင်းဆောက်လုပ်၍ တင်လှူတော်မူသည်၊ သီဟိုဠ်ရောက် သီရိသဒ္ဓမ္မာလင်္ကာရမထေရ်,သီဟဠမဟာသာမိမထေရ်နှစ်ပါးတို့ကိုလည်း "သာသနာတော်ထွန်းလင်းအောင်သာသနာတော်ကို ပြုစုတော်မူပါ" ဟု တောင်းပန်၍ သုတ္တန်,အဘိဓမ္မာ,ဝိနည်းတို့ကို အဋ္ဌကထာနှင့်တကွ တပည့်သံဃာတော်များကို ပို့သ သင်ကြားတော်မူစေ၍ ရှင်ဒိဗ္ဗစက်မထေရ် အနွယ်အဆက် တပည့်သံဃာအာစရိယပရံပရတို့နှင့် တချက်တည်း မကွဲမပြား ထေရဝါဒအယူချင်းဖြစ်ကြ၍ သာသာနာတော် အလွန်စည်ပင်လှသည်၊ မိုးညှင်းမင်းတရားလည်း များစွာသော ကုသိုလ်ကောင်းမှုပြု၍ စည်းစိမ် ၁၃၊ အိမ်နိမ့် ၄၇၊ အသက် ၆၀-ပြည့်၊ သက္ကရာဇ် ၈၀၁-ခုတွင် အနိစ္စရောက်သည်။

ဂင်းနောက် သားတော် မင်းရဲကျော်စွာ ဆက်ခံသဖြင့် စည်းစိမ် ၃-နှစ်ရှိလျှင် သက္ကရာဇ် ၈၀၄-ခုတွင် အနိစ္စရောက်၍ ညီတော်အငယ်ပြည်မင်းသီဟသူ ဘုရင်နရပတိ အမည်ခံ၍ မင်းပြုသည်၊ ထိုမင်း လက်ထက် ကုသိမ်မြို့ ဆပဒအရပ်သား သီဟိုဠ်ကျွန်းသို့ရောက်သဖြင့် မဟာ

ဝိဟာရကျောင်း၌ ပဋ္ဌင်းခံ၍ ပိဋကတ်သုံးပုံကို အဋ္ဌကထာနှင့်တကွ သင်ခဲ့၍ တတ်ရည် လိမ္မာရည်ရှိပြီးမှ ကုသိမ်မြို့သို့ ပြန်၍ မိဘရပ်ရွာတွင် နေတော်မူသည်နှင့် သီဟိုဠ်ကျွန်းဆရာတော် နှစ်ပါးကိုလည်း သိမြင်ဘူးလိုက်သည်နှင့် ဒုတိယ ဆပဒရှင်ဓမ္မကေတုမထေရ်သည် အဖူးအမြင် ကြွတော်မူလာ၍ စစ်ကိုင်းကျောင်း၌သီတင်းသုံးနေသည်၊သီဟိုဠ်ကျွန်း မဟာဝိဟာရဂိုဏ်းသား သီရိသဒ္ဓမ္မာလင်္ကာရထေရ်, သီဟဠမဟာသာမိထေရ် ဆရာနှစ်ပါးကလည်း ဒုတိယဆပဒ ရှင်ဓမ္မကေတုပုဂ္ဂိုလ်သည် ဝိနည်းသိက္ခာပုဒ် ကျမ်းဂန်တို့၌တတ်ရည် လိမ္မာရည်ရှိ၍ "စစ်ကိုင်းတွင် ငါတို့နှင့်အတူသာသနာပြုပါ"ဟု တောင်းပန်၍ ရဟန်းသံဃာတို့ကို ပရိယတ်ကို အားထုတ်တော်မူ၍ ပို့သ သင်ကြားတော်မူစေသည်။

ပန်းယတစီးရှင် သီဟသူလက်ထက် ရှင်ဒိဗ္ဗစက္ခု-ရဟန္တာထွေး သာသနာ ပြုစုတော်မူခဲ့၍ နောက် ၁၀၇-နှစ်၊ သက္ကရာဇ် ၇၉၀-ပြည့်တွင် မိုးညှင်းမင်းတရားကြီးလက်ထက် သီဟိုဠ်ဆရာတော်မထေရ်နှစ်ပါး ဆက်ပြန်၍ သာသနာပြုစုတော်မူ၍ ထေရဝါဒ မကွဲမပြား ရှိပြီးသည့်နောက် ထူပါရုံဒါယကာ မင်းတရားကြီးလက်ထက် ဒုတိယဆပဒ ရှင်ဓမ္မကေတုရောက်လာပြန်သဖြင့် သာသနာတော် အလွန်စည်ပင် ပြန့်ပွါးလေသည်။

ရှင်သီလဝံသ, ရှင်မဟာရဋ္ဌသာရ

ဤဒုတိယ ဆပဒ ရှင်ဓမ္မကေတုအနွယ်အဆက် အာစရိယပရံပရဖြစ်ခဲ့၍ ဤဒုတိယမင်းခေါင်လက်ထက်ကကို ယခု လက်ထက် တိုင်အောင်ကျော်စောထင်ရှားသော တောင်တွင်းရှင်သီလဝံသထေရ်,၎င်းရှင်သီလဝံသတို့နှင့် ဆရာတူ လက်ထုတ် ရှင်သဒ္ဓမ္မစာရီထေရ်,သီဟိုဠ်ရောက် စစ်ကိုင်းကျောင်း၌ သီတင်းသုံးနေသော မဟာထေရ်၏တပည့် ရှင်သောရမထေရ်တို့ သာသနာတော်ကို ထွန်းဝင်းပွင့်လင်းအောင် ပရိယတ်ကို အားထုတ်တော်မူ၍ ပို့သသင်ကြားတော်မူသည်နှင့် ထေရဝါဒ မကွဲပြား ဖြစ်သည့်နောက် ဒုတိယမင်းခေါင်သားတော် ရွှေနန်းကျော့ရှင် ဘုရင်နရပတိလက်ထက် သက္ကရာဇ် ၈၈၆-ခုတွင် ပြည်သတိုးမင်းစောနှင့် ရှမ်းစလုံဝန်းရံ၍ လုပ်ကြံလျှင် အဝမြို့ပျက်သည်။

ပြည်သတိုးမင်းစောလည်း သိမ်းယူတန်သမျှနှင့် ရှင်ရဋ္ဌသာရ ဘုန်းတော်ကြီးကိုပင့်၍ ငါးရက်ခန့်နေပြီးလျှင် ပြည်သို့စုန်သွားလေသည်၊ဘုရင်

နရပတိလည်း ဆင်ခေါင်းကလာ၍ အဝကိုမင်းပြုပြန်သည့်နောက် သာသနာတော် ၂၀၇၀-ခု၊ သက္ကရာဇ် ၈၈၈-ခုတွင် မိုးညှင်း ရှမ်းစလုံသား ဆင်လုံးမြင်းရဥ်နှင့် တိုက်ပြန်ရာတွင် ဘုရင်နရပတိ စည်းစိမ် ၂၅၊အိမ်နိမ့် ၂၅၊ အသက် ၅၀-ပြည့် အနိစ္စရောက်သည်နှင့် ဘေးတော်မိုးညှင်းမင်းတရားလက်ထက် သီဟိုဠ်ကျွန်းရောက် သာသနာဆက်၍ ပြုပြီးသည်မှ အနှစ်၉၀-ခန့်မျှ တည်ချေသည်။

သာသနာကို ရှမ်းစလုံဖျက်ဆီးခြင်း

၄င်းနှစ်ပင် ရှမ်းစလုံ ၁၅-နှစ် မင်းပြုသည်၊ ထိုမင်းသည် ရတနာသုံးပါးတို့ကို မရှိမသေ စေတီပုထိုးများကိုလည်း တူးဖြို၍ ဌာပနာများကိုယူလေသည်၊ အရိယာ သံဃာများကိုလည်း တောင်ဘီလူး လယ်ပြင်၌မဏ္ဍပ်အဆောင်ဆောင် ဆောက်လုပ်စေပြီးလျှင် ကျွဲနွားတို့ကိုသတ်၍ဆွမ်းကျွေးမည့်အဟန်နှင့် စစ်ကိုင်း, ပန်းယ, အဝရှိသော သံဃာတော်များကိုပင့်ဘိတ်၍ မဏ္ဍပ်သို့ရောက်လျှင် ဆင်မြင်းဗိုလ်ပါနှင့်ရံ၍သက္ကရာဇ် ၈၉၁-ခုတွင် သတ်လေသော် အချို့သောရဟန်းတို့ကို ရှမ်းတို့သနား၍ လွှတ်လိုက်လျှင် ပြည်မြို့တောင် ဟံသာဝတီသို့သွား၍ နေကြလေကုန်သည်။

ယင်းသောအခါ တထောင် သုံးရာကျော် ရဟန်း သံဃာသေသောဟူသည်၊ တထောင်သုံးရာအနက် ပါဠိ,အဋ္ဌကထာ,ဋီကာ ကျမ်းဂန်ကျနတော်မူသော အရိယာသံဃာတော်မြတ် ၃၀-ပါးသာ ဟူသည်၊ ရဟန်းအပေါင်းတို့ကို သတ်ပြီးလျှင် ကျောင်းတွင်းရှိသော စာပေတို့ကိုယူ၍မီးတိုက်သည်၊ ထိုမိုးညှင်းစလုံ စည်းစိမ် ၁၅-နှစ်၊သက္ကရာဇ် ၉၀၃-ခုနှစ်ပင် မင်းကြီးရန်နောင်လုပ်ကြံ၍ အနိစ္စရောက်သည်၊ ဤတွင် သာသနာတော် ယိုယွင်းပျက်စီးလေသည်။

ရာမညသံဃာ အဆက်အနွယ်

ရဟန်းသံဃာတော် အပေါင်းတို့လည်း အနှံ့အပြားသွားကြသည်တွင် အချို့သောရဟန်းတို့လည်း ရာမညတိုင်းသား ရဟန်းသံဃာတို့နှင့် ကံကြီးကံငယ်စပ်ရှက်ကြပြန်သည်၊ ရာမညတိုင်း ရဟန်းသံဃာတော်တို့၏ အနွယ်အဆက်ကား သုဝဏ္ဏဘူမိမြို့သည် ဘုရားမဖြစ်မီ မြို့နန်းတည်၍ သူရိယကုမ္မာမင်း မင်းမူ၍ ရှင်ဂဝံပတိရဟန္တာ သာသနာတော်ကို ကျဉ်း

ဆောင်ခဲ့၍ မင်းငါးဆက်မြောက် အကုံရမင်းသားလက်ထက် သာသနာတော် ၁၃၈-ခုတွင် ကမ်းပြို၍ မြို့ပျက်လေသည်။

နောက်သီရိဓမ္မာသောကမင်းကြီးလက်ထက် သာသနာပြု သောဏမထေရ်, ဥတ္တရမထေရ်တို့ သာသနာတော် ၂၃၆-ခုတွင် သာသနာပြုကြွလာသည်ကို သုဝဏ္ဏဘုမ္မိမြို့ ပျက်စီးလွင့်ပါး၍ ကျောက်ဖျာတောကြီးနှင့်မနီးမဝေး သမုဒ္ဒရာနားတွင် တောကိုတီထွင်၍ သာသနာတော် သက္ကရာဇ် ၁၃၁-ခုတွင် သုရိယမင်းသည် ဓညဝတီမြို့ကို တည်ထောင်စံနေသည်၊ ၎င်းမင်းကကို ၁၄–ဆက်အဆုံး ဘိန္နဂင်္ဂါမင်းလက်ထက်တွင် သာသနာပြုကြွလာသည့် အရှင်ဘုရားနှစ်ပါးတို့ ရောက်နှစ်သက္ကရာဇ်နှင့် အပြိုင်တည်း။

ထိုမင်းလက်ထက်ဖြင့် ကျောက်တောင်အောက်နေသော နဂါးမနှင့် ဝိဇ္ဇာမိုရ်လုလင်တို့ သင့်ရာနေရာတွင် ဘွားမြင်သော သတို့သမီးငယ်ကို ဘိန္နဂင်္ဂါမင်းကြီးနန်းတင်၍ သိန်းမြန်းရာတွင် သမလ-ဝိမလညီအစ်ကိုနှစ်ပါးကို အမြွာဘွားမြင်သည်၊ နောင်တော်သမလ မင်းသားသည် ဟံသာဝတီကုန်းရွာတွင် သာသနာတော် ၄၉၄-ခုတွင် မြို့နန်းတည်၍ စံနေသည်။

သထုံပြည်က သာသနာပြု သောဏထေရ်,ဥတ္တရထေရ်တို့၏ အနွယ်အဆက် သီတင်းသုံးနေကြသဖြင့် ထေရဝါဒချည်းဖြစ်၍ သာသနာတော် လွန်စွာပွင့်လင်းသည်၊နောင်တော် သမလ မင်းကြီးလည်း စည်းစိမ် ၁၂၊ သာသနာတော်၅၀၆-ခုတွင် ညီတော်ဝိမလလုပ်ကြံ၍ အနိစ္စရောက်သည်။

ဘုရား,ပုထိုး,ရုပ်တုမကိုးကွယ်ရခြင်း

ဟံသာဝတီမြို့တွင် သမလမင်းကြီးက ဆက်နွယ်၍ ၁၆-ဆက်သောမင်းတို့သည် သာသနာတော်ကို စောင့်မကြည့်ရှု၍ အလွန်တောက်ပလျက် ပြည်ထဲသာယာစွာရှိသည် နောက် သထုံတိဿရာဇာ မင်းပြုသည်၊ ထိုမင်းလက်ထက် သာသနာတော် ၆၉၇-ခုတွင် တကျွန်းပြည်က ဒွန်းစဏ္ဍားအလဇ္ဇီရဟန်းတို့သည်မယုံ-ယုံကြောင်း ပြောဟောကုန်သည်။

"မင်းကြီး....ရွှေမြို့တော်သည် ဘုန်းတန်ခိုးကြီးသည့် မြို့ပြဖြစ်လျက် မဟုတ်မတရားသည့် လူသေကောင်ကို ကောင်းစွာထုလုပ်၍ ကိုးကွယ်ပူဇော်ခြင်းသည် မသင့်မတင့်ပါ၊အမင်္ဂလာ ဖြစ်

ပါသည်၊ ဆရာတော်တို့စကားကို ယုံကြည်တော်မူ၍ ပယ်ဖျောက်တော်မူလျှင် ဘုန်းအာဏာကြီး၍ စည်းစိမ်တိုးတက် ပျံ့ပွါးခံစံရမည်အကြောင်း ရှိပါသည်''–

ဟု ပြောဆိုသောကြောင့် တိဿရာဇာမင်းယုံကြည်၍ကျောင်းကန်တွင်ရှိသော ရုပ်ထု,ဆင်းတုများကို အကုန်ရှာစေ၍ရလျှင် ''မင်းအာဏာနှင့်ကိုးကွယ်ပူဇော်သည်ကို မပြုနှင့်'' ဟုဆို၍ မသန့်မသက်သော အရပ်ဌာနများမှာသာ စွန့်ပစ်ရလေသည်၊ ထိုသို့ပစ်ထားလေလျှင် ပြည်ရွာတိုင်းကား မိုယ်းလေခေါင်၍ ငတ်မွတ်ခြင်း ရှိလေသည်။

ကောင်းကင်မှ ဆင်းတုတော်များ ကြွလာတော်မူခြင်း

ပြည်သူပြည်သားတို့ နွမ်းနယ်ခသောအခါ ရတနာသုံးပါး၌ အလွန်ကြည်ညိုသော သူဌေးသမီးသုဘဒ္ဒါ ၁၆-နှစ် အရွယ် ရှိသောသူသည် ''ယခုပစ္စုပ္ပန်, သံသရာအကျိုးနည်း၍ အပါယ်ငရဲသို့ ရောက်အောင်သည်မင်းဇကရာဇ် ကျင့်သည့်အရာသည် မဟုတ်၊ ငါ့ကို သတ်သော်လည်း တသက်လျှာကို ငါခံတော့မည်၊ ပြည်သူအပေါင်းတို့ ချမ်းသာရအောင် ငါကြံတော့မည်၊ ရတနာသုံးပါးတန်ခိုးတော်ကြောင့် ကြံတိုင်းပြီးစေသတည်း''ဟု မိဋ္ဌာန်ပြု၍ မသန့်မသက်ထားရာ ဘုရားဆင်းတုတော်များကိုယူ၍ နံ့သာရည်ဖြင့် ဆေးကျော်ပြီးလျှင် ကောင်းစွာတဲအုံဆောက်တည်၍ ထားလေသည်။

ထိုအကြောင်းကိုတိဿရာဇာမင်းကြီးသိ၍ အမျက်ဒေါသပြင်းစွာထွက်သဖြင့် သူသတ်တို့ကို ခေါ်စေသည်၊ သူဌေးသမီးသုဘဒ္ဒါလည်း မကြောက်မလန့်မတုန်မလှုပ် မင်းကိုသာ မေတ္တာပြု၍လိုက်လေသော် မင်းယင်ပြင်သို့ရောက်လျှင် ရတနာသုံးပါးကိုသာ အာရုံပြု၍ နေသည်နှင့် ပြည်စောင့်နတ်အပေါင်းတို့ကလည်း စောင့်မကုန်သဖြင့် သုဘဒ္ဒါသတို့သမီးကို မြင်သောခဏ မင်းကြီးရှင်သည်ဖြစ်၍သာ ကြည့်လျက် လျောက်ပတ်စွာ မေးလေသော်–

''အရှင်မင်းကြီး····သုံးလူ့အထွတ် မြတ်စွာဘုရားသခင်သည် သင်မင်းကြီးတို့ကဲ့သို့ များမြတ်သောစည်းစိမ်ချမ်းသာကို ခံစံ၍နေပြီးမှ ဝေနေယျသတ္တဝါအပေါင်းတို့ကို ကယ်မတော်မူလိုသောကြောင့် ပြည်ရွာတိုင်းကား သားမယားတို့ကို စွန့်ပစ်၍ရဟန်းပြု

သဖြင့် ဘုရားအဖြစ်သို့ရောက်တော်မူလျှင် ၄၅-ဝါပတ်လုံး ကျွတ်ထိုက်သောသတ္တဝါတို့ကို ချွတ်တော်မူသည်၊ မကျွတ်ထိုက်သောသတ္တဝါတို့သည် နောက်ကြွင်းရစ်သမျှ ငါဘုရား သာသနာတော်တွင် ကြိုက်ကြုံလျှင် ကိုးကွယ်ရစ်စေ၊ ချမ်းသာသုံးပါးကိုရစေဟု ကိုယ်စားတော်ထားခြင်း လက္ခဏာသာ ဖြစ်သည်၊ လူသေ၏အကောင်မဟုတ်၊ သစ်သားကိုသာ သဏ္ဌာန်တော်ထုလုပ်၍ ကိုးကွယ်ခြင်းသာဖြစ်သည်၊ ဤသစ်သားသဏ္ဌာန်တော်ပင် ဖြစ်သော်လည်း အလိုတော်ရှိ၍ ဖူးမြင်တော်မူလိုက်လျှင် ကြွတော်မူပေ၏''။—

ဟုနတ်သိကြားတို့တိုက်တွန်းသဖြင့်လျှောက်မိသော်''ယင်းသို့တပြီးကား ယခု ငါကြည့်လိုသည်''ဟု ဆိုရာတွင် သုဘဒ္ဒါသတို့သမီးလည်း မိဋ္ဌာန်သစ္စာပြု၍ နတ်သိကြားအပေါင်းတို့ကို တိုင်တည်လေသော် နတ်များအပေါင်းတို့လည်း ဆင်းတုတော်များကို ယူဆောင်ခဲ့သဖြင့် ကောင်းကင်ဗျာန်ယာဉ်စီး၍ ကြွလာဘိသကဲ့သို့ ကြွတော်မူလာသည်ကို ပြည်သူလူအပေါင်းတို့ မြင်ကြကုန်လျှင် အုတ်အာကျော်ငြာ ပဲ့တင်ထပ်မျှပူဇော်သက္ကာရ ပြုကြကုန်သည်။

ဤသို့ ကောင်းကင်၌ ကြွတော်မူလာသောအခြင်းအရာများကို တိဿရာဇာမင်းကြီးမြင်လျှင် ပြင်းစွာတုန်လှုပ်လျက်နေသည်၊ ဆင်းတုတော်ဘုရားသခင်မြတ်တို့သည်လည်း ကောင်းကင်ပြင်က ရပ်တန့် ပြီးလျှင် ပြန်လည်၍ မြို့အနောက်တောင်ထောင့်နား သန့်ရှင်းသော သဲပုံတွင်ကြွ၍ နေတော်မူသည်၊ ယင်းသည့်နေ့ပင် သူဌေးသမီးသုဘဒ္ဒါကို မိဖုရားအရာ တင်ထားသည်၊ မိုးသောက်လျှင် မင်းနှင့်မိဖုရားထွက်၍ သာယာစွာသော ကျောင်းကန်ဆောက်လုပ်၍ ဘုရားသခင် ဆင်းတုတော်များကို တင်ထားကိုးကွယ်တော်မူသည်၊ နောက်ကို စေတီကြီးစွာတည်၍ သွင်းထားတော်မူသည်၊ထိုဘုရားကို ''ကျိုက်ပေါ''ဟု ခေါ်တွင်သည်၊ ဒွန်းစဏ္ဍားရဟန်းတို့မှာ စက်ဆုပ်၏ ဆိုသည်ကိုထွေ ဟု ခေါ်ဝေါ်သည်၊ မင်းကြီးဆရာ ဒွန်းစဏ္ဍားရဟန်းတို့ကိုလည်း သာသနာတော်ကို ဖျက်သောသူဟူ၍ ဘမ်း၍ ရသမျှတို့ကို တွင်းတူး၍ မြှုပ်လေသည်၊ ကြွင်းသော ဒွန်းစဏ္ဍားရဟန်းတို့သည်လည်း မိမိတို့အလိုလိုလှိုင်ချောင်းတခု၌ လည်ဝယ်အိုးဆွဲ၍ သေလေကုန်သည်၊ အချို့သော

ဒွန်းစဏ္ဍားရဟန်းယုတ်တို့သည် တကျွန်းသို့ ထွက်ပြေးလေကုန်သည်၊ ထိုဒွန်းစဏ္ဍားရဟန်းတို့ လှိုင်ချောင်းတွင် သေကုန်သော အရပ်ကို မွန်တို့မှာ"ထီးလှိုင်ချောင်း"ဟု ခေါ်ဝေါ်သည်။

ဟံသာဝတီ တိဿရာဇာ မင်းကြီးသည် ရှေးရတနာ သုံးပါးကို ယုံကြည်သသူ ဖြစ်ပါလျက် မဟုတ်သော အယူဝါဒ အကျင့်အာစာရ ရှိသော အလဇ္ဇီဒွန်းစဏ္ဍားရဟန်းတို့ကို ပေါင်းဘက်ချေသောကြောင့် မှားသောအယူဝါဒကို စွဲမိသဖြင့် သာသနာတော် ပျက်စီးတိမ်းယိမ်း ချေသည်၊ နောက်ကို သုဘဒ္ဒါမင်းသမီးနှင့် ပေါင်းမိပြန်သောကြောင့် ရွှေကျောင်း,ငွေစရပ်,ပုထိုး,စေတီအများနှင့် သာသနာတော် ထွန်းပပြန်လေသည်။

ရာမညတိုင်း၌ သာသနာညှိုးနွမ်းချိန်

ထိုတိဿရာဇာမင်းကြီး စည်းစိမ် ၂၃၊ သာသနာတော် ၇၂၀-ပြည့်တွင် ပေါက္ကံပြည်ကို အစိုးရသော ပြူစောထီးမင်း လုပ်ကြံလာလျှင် ဟံသာဝတီမြို့ပျက်၍ နိဂုံးဖြစ်လေသည်၊ နောက်နောက်သော မင်းတို့လည်း မြစ်အနောက်ဘက် ဥဿာမြို့မှာ နေကြသည်၊ နောက်ကို ဂုင်းပေါက္ကံရာမပြည်နေ်ရထာမင်းစောလက်ထက် နိုင်ငံဖြစ်ပြန်၍ တရုပ်ပြေးမင်းလက်ထက် ထိုရာမညတိုင်းတလိုင်း သုံးရပ်တို့ကို ပိုင်သသည်နှင့် ပေါက္ကံမြို့၌ နရပတိစည်သူလက်ထက် ရဟန်းသံဃာတို့သည် အသီးအခြား သံဃကံကို ပြုကြလေသည်နှင့် ၄-ဂိုဏ်းကွဲ၍ရှိသဖြင့် သာသနာတော် ၁၀၂၀-ခု၊သက္ကရာဇ် ၆၄၆-ခုတွင် နရသီဟပတေ့လက်ထက် တရုပ်တို့ကျရောက်လျှင် ပေါက္ကံပြည်ပျက်၍ အရိယာသံဃာ တော်တို့နှင့် တကွ ပြည်သူအပေါင်းတို့သည် ရာမညတိုင်းသို့ စုန်ပြေးရ ချေသည်၊ ထိုသံဃာဂိုဏ်းတို့လည်း ရာမညတိုင်းသို့ရောက်လျှင် အသီးအခြားပင် သံဃကံကို ပြုကြလေသည်နှင့် နောက်ကို နှစ်ဂိုဏ်းတိုးပြန်၍ ခြောက်ဂိုဏ်း ဖြစ်ပြန်လေသည်။

ထိုခြောက်ဂိုဏ်းသား ရဟန်းသံဃာတို့လည်း နောက်နောက်တိုင်းလျှင် ပရိယတ်အသင်အကြား ပေါ့လျော့သဖြင့် တရားကို အဟုတ်အမှန် မသိနိုင်ကြသဖြင့် ဝိနည်းတရားတော်နှင့်မလျော်သည်ကိုသာအပြုအကျင့်

များကြလေသည်၊ ဝဇ္ဇီတိုင်းသား ရဟန်းတို့ကဲ့သို့ ရွှေ,ငွေများကို သီတင်းကြီး,သီတင်းငယ်တို့၌ ရေခွက်တို့တွင်ထည့်စေ၍အလှူခံ၍ အသက် မွေးကြပြန်လေကုန်သည်၊ပေါက္ကံတရုပ်ပြေးမင်း အနိစ္စမရောက်မီ ၅-နှစ် ကြွင်းတွင် မုတ္တမမြို့ကို သက္ကရာဇ် ၆၄၃-ခုတွင် ဝါရီရူမင်း မြို့တည်၍ စံနေသည်၊ထိုဝါရီရူမင်း လက်ထက်တိုင်အောင် သာသနာ ၁၈၂၅-နှစ် ရှိသည်၊ ထိုသာသနာအတွင်း ပေါက္ကံပြည်က ရဟန်းသံဃာ ဂိုဏ်းကွဲ တို့မရောက်မီ တဝတည်း ထေရဝါဒမပျက် ရှိကြသည်၊ ပေါက္ကံပြည်က ဂိုဏ်းကွဲရဟန်းသံဃာတို့ ရောက်ရာတွင်မှ ရဟန်းသံဃာ မညီမညွတ် ရှိလေသည်။

နောက်နောက်တိုင်လျှင် အလဇ္ဇီရဟန်းသံဃာသာ ပွားများလေသည် နှင့် ဟံသာဝတီမြို့ နန်းစံသောမင်းတို့လက်ထက်တိုင်အောင် သာသနာ တော်မရှင်းမလင်းရှိသတည်း၊ယခင် မုတ္တမမြို့ ဝါရီရူမင်းပြုသည်၊ထိုဝါရီရူ မင်းကဆင်းသက်၍ ရှစ်ဆက်မြောက် မုတ္တမမြို့ပစ်ခဲ့၍ ဆင်ဖြူရှင် ဗညားဦး ဟံသာဝတီမြို့ရွာသို့ ပြောင်း၍ သက္ကရာဇ် ၇၁၆-ခုတွင် မြို့နန်းတည်၍ စံနေသည်။

ဓမ္မစေတီမင်း သာသနာစင်ကြယ်ရန် ကြံခြင်း

ဟံသာဝတီမြို့တည် ဗညားဦးမင်းတို့ ၁၀-ဆက်မြောက် သက္ကရာဇ် ၈၂၄-ခုတွင် ဓမ္မစေတီမင်းပြုသည်၊ထိုဓမ္မစေတီမင်းတရားသည် ပိဋကတ် သုံးပုံ, ဗေဒင်လေးပုံ, မန္တန်ဆေးကျမ်းစသော ဗဟုသုတနှင့် ပြည့်စုံ သည်၊ ဤမင်းတရားလက်ထက် သာသနာတော်၌ လွန်စွာကြည်ညိုခြင်း ရှိသည်ဖြစ်၍ ကြံစည်အောက်မေ့တော်မူသည် "ဘုရားသခင်သာသနာ တော်သည် မရှင်းမလင်း အလဇ္ဇီရဟန်းသာ ပွားများသည်၊ ဘုရားသခင် သာသနာတော်သည်လည်း ပြည့်စုံသည်၊ ဤသာသနာတော်၌ "ပဉ္စင်း ခံသည်လည်း–

(၁) သိမ်၏ပြည့်စုံခြင်း,
(၂) ပရိသတ်၏ပြည့်စုံခြင်း,
(၃) ဝတ္ထု၏ပြည့်စုံခြင်း,
(၄) ဉတ်၏ပြည့်စုံခြင်း,
(၅) ကမ္မဝါစာ၏ပြည့်စုံခြင်း–

တည်းဟူသောငါးပါးသော ပြည့်စုံခြင်းရှိမှ ကံမြောက်သည်၊ ထိုငါးပါးတို့တွင် အပြစ်ကင်းသော ပဉ္စင်းလောင်း, ဌာန်ကရိုဏ်း ပြည့်စုံစွာ ရွတ်နိုင်သောဆရာတို့ကို ရသောကြောင့်ဝတ္ထု,ဉတ်,ကမ္မဝါစာတို့၏ ပြည့်စုံခြင်းသည် သိလွယ်သည်၊သိမ်,ပရိသတ်နှစ်ပါးတို့၏ ပြည့်စုံခြင်း၌ ခဲယဉ်းချေသည်''ဟု ကြံအောက်မေ့တော်မူသည်နှင့် ဝိနည်းငါးကျမ်း ပါဠိ, အဋ္ဌကထာ,ဋီကာစသော စာအစောင်စောင်တို့၌ သဒ္ဒနယအားဖြင့်ရင်း, အတ္ထနယအားဖြင့်ရင်း အဖန်တလဲလဲ ရှုဆင်ခြင်၍ ပါဠိကို အဋ္ဌကထာနှင့်, အဋ္ဌကထာတို့ကို ဋီကာနှင့်, ကျမ်းတစောင်ကို ကျမ်းတစောင်နှင့် ရှေ့စကားကို နောက်စကားနှင့် နှိုးနှောနှိုင်းယှဉ်ပြီးသော် သိမ်သမုတ်သည့်ကာလ သန့်ရှင်းစင်ကြယ်စွာ ဘတ်ရွတ်စေခြင်း၌ သီဟိုဠ်ကျွန်းသို့ ကြွသွားစေ၍ အသစ်သိက္ခာ ထပ်တင်၍ သန့်ရှင်းစင်ကြယ်စွာ ဖြစ်စေလိုသောကြောင့် ကြံပြန်တော်မူသည်။

ဘုရားသခင် နိဗ္ဗာန်ပြုတော်မူသည်မှ သာသနာတော် ၂၃၆-နှစ် အရှင်မောဂ္ဂလိပုတ္တမထေရ် စေလွှတ်၍ အရှင်မဟိန္ဒထေရ် သီဟိုဠ်ကျွန်းသို့ ကြွ၍ သာသနာတော် ပြုစုသည်၊ သီဟိုဠ်ကျွန်းကို အစိုးရသော ဒေဝါနံပိယတိဿမင်းသည် မထေရ်တို့၌ သဒ္ဓါကြည်ညိုခြင်းဖြစ်၍ မဟာဝိဟာရကျောင်းကိုဆောက်၍ လှူသည်၊ မဟာဝိဟာရကျောင်း တည်သည်မှစ၍ သာသနာတော် ၄၅၀-ပြည့်နှစ်တိုင် သာသနာတော်သည် သန့်ရှင်းစင်ကြယ်စွာ မဟာဝိဟာရဝါသီ အနွယ်အဆက် တဂိုဏ်းတည်းရှိသည်၊ ၄၅၀-တွင်မှ ဝဋ္ဋဂါမဏိအဘယမင်းသည် ဒါဌိယကျေးမင်းကို အောင်၍ သီဟိုဠ်ကျွန်း၌ မင်းအဖြစ်သို့ရောက်လျှင် အဘယဂိရိကျောင်းကို ဆောက်လုပ်၍ ရှေးအထက်က ကျေးမင်းတို့နှင့် စစ်ထိုးရာတွင် ရှုံးသဖြင့် ၁၄-နှစ်ပတ်လုံး ပုန်း၍နေသောအခါ ကျေးဇူး ပြုဘူးသော မဟာတိဿအမည်ရှိသော မဟာထေရ်ကို ပင့်ဘိတ်၍ တင်လှူလေသည်။ ထိုမဟာတိဿအမည်ရှိသော မဟာထေရ်ကား လူတို့နှင့် ရောယှက်၍ ကုလဒူသန,အနေသနအမှုကိုပြုသောကြောင့် မဟာဝိဟာရဝါသီ သံဃာတို့နှင့် စစ်ထိုးရာတွင် ရှုံးသဖြင့် ထုတ်၍ အသီးအခြား သံဃကံကိုပြု၍ နေလေသည်၊ ထိုအခါမှစ၍ မဟာဝိဟာရဝါသီ တဂိုဏ်း, အဘယဝါသီတဂိုဏ်း-နှစ်ဂိုဏ်းကွဲလေသည်။

အဘယဂိရိကျောင်းတည်သည့်နောက် သာသနာတော် ၈၁၉-နှစ်၌ မဟာသေနအမည်ရှိသော မင်းသည် သီဟိုဠ်ကျွန်း၌ ၂၇-နှစ်ပတ်လုံး မင်းပြုသည်၊ ထိုမင်းလက်ထက် ဇေတဝန်ကျောင်းကို ဆောက်လုပ်၍ ဒက္ခိဏဝိဟာရကျောင်း၌နေသော မစောင့်မစည်းယုတ်မာသော အကျင့်ရှိသော တိဿမထေရ်အား ပင့်ဘိတ်၍ တင်လှူသည်၊ ထိုအခါမှစ၍ ဇေတဝနဝါသီဂိုဏ်း ဖြစ်ပြန်လေသည်။

ဤသို့လျှင် သီဟိုဠ်ကျွန်း၌ ဘုရားသခင် ပရိနိဗ္ဗာန် ပြုတော်မူသည်နောက် ၂၃၆-နှစ်တွင် သာသနာတော် စ၍တည်သည်၊ သာသနာတော် တည်သည်မှစ၍ အနှစ် ၆၀၀-မပြည့်မီတွင်-

(၁) မဟာဝိဟာရဝါသီဂိုဏ်း,
(၂) အဘယဂိရိဝါသီဂိုဏ်း,
(၃) ဇေတဝနဝါသီဂိုဏ်း-

သုံးဂိုဏ်း ကွဲလေသည်၊ ထိုသုံးဂိုဏ်းတွင် မဟာဝိဟာရဝါသီဂိုဏ်း သာလျှင် စင်စစ်စောင့်စည်းလျက် သန့်ရှင်းစင်ကြယ်စွာ တရားအယူရှိသည်၊ ကြွင်းသော နှစ်ဂိုဏ်းသားတို့သည် မစောင့်မစည်း မသန့်မရှင်း မစင်မကြယ် တရားမဟုတ်သည်ကို တရားပြု၍ ယူကုန်သည်၊ ထိုအခါမှစ၍ သီဟိုဠ်ကျွန်း၌ အစဉ်သဖြင့် ဓမ္မဝါဒီ အားနည်း၍ အဓမ္မဝါဒီ အားကြီးကုန်သည်။

ထိုအဓမ္မဝါဒီပုဂ္ဂိုလ်တို့သည် အထူးထူးအပြားပြား ဝတ်ခြင်း, ရုံခြင်း မဟုတ်မလျော်သော အကျင့်အာစာရနှင့် ကျင့်ကုန်၍ သာသနာတော် အညစ်အကြေးဘေးရန်ဆူးငြောင့်တို့ကို ကျင့်နေကုန်သော ရဟန်းသံဃာတို့ကို သာသနာတော် ၁၇၀၈-နှစ်တွင် သီရိသင်္ဃဗောဓိပရက္ကမဗာဟုမင်းသည်မင်းအဖြစ်သို့ရောက်၍၁၁-နှစ်တွင်ပါဠိလိပုတ်ပြည်ဓမ္မာသောကမင်းသည် အရှင်မောဂ္ဂလိပုတ္တမထေရ်ကိုအမှီပြု၍ သန့်ရှင်း စင်ကြယ်စွာသော ရဟန်းသံဃာအား ထောက်ပံ့ပြီးလျှင် မစင်မကြယ်သော ခြောက်သောင်း မျှလောက်သော ရဟန်းယုတ်တို့ကို လူထွက်စေ၍ သာသနာတော်မြတ်ကို သုတ်သင်ရှင်းလင်းသကဲ့သို့ ဥဒုမ္ဗရဂိရိကျောင်း၌ သီတင်းသုံးနေသော မဟာကဿပထေရ်အမှူးရှိသော ကောင်းသောအကျင့်ကို ကျင့်၍ တရားအယူရှိသော မဟာဝိဟာရဝါသီ သံဃာအား ထောက်ပံ့ခြင်းကိုပြု၍ မဟုတ်မလျော်သော အကျင့်, မတရားသော အကျင့်ကို ကျင့်ကုန်သော

အဓမ္မဝါဒီရဟန်းတို့ကို လူထွက်စေ၍ သာသနာတော်ကို သုတ်သင် ရှင်းလင်းသည်။

ရှင်းလင်းသည့်နောက်၌လည်း ဝိဇယဗာဟုမင်း, ပရက္ကမဗာဟုမင်း တို့သည် သာသနာတော် မသန့်မရှင်းရှိရလေသော် ရဟန်းသံဃာတို့ သာသနာတော် သန့်ရှင်းမည့် အကြောင်းကို များစွာသော ရဟန်း သံဃာတို့နှင့် တိုင်ပင်၍ "အရှင်ဘုရားတို့.... ယခုသာသနာတော်သည် မသန့်မရှင်း ညစ်နွမ်းသည်၊သီလမရှိသောရဟန်းများသည်၊ ဤသာသနာ တော်၌ အရောင်အဝါသည် သာသနာတော် ထွန်းလင်းမည့်အကြောင်းကို ရဟန်း သံဃာတို့သည် ကတိကဝတ်မူရမည်"ဟု အာဏာတော်ဖြင့် ထား၍ ထောက်ပံ့ပြီးလျှင် ရဟန်းသံဃာတို့ကို စည်းဝေးစေ၍ သာသနာ တော်၌ မကောင်းသောရဟန်းတို့ကိုစောဒနာ,သာရဏာဉတ် ကမ္မဝါစာ ဖြင့် နှိပ်နင်း၍ သာသနာတော်ကို သုတ်သင် ရှင်းလင်း ကုန်သည်၊ ထိုအခါမှစ၍ သီဟိုဠ်ကျွန်း၌ သန့်ရှင်းစင်ကြယ်စွာ ၂၉၄-နှစ်တိုင်အောင် ကောင်းသောအကျင့်ကိုကျင့်၍ တရားအယူရှိသော မဟာဝိဟာရဝါသီ အနွယ်အဆက်ဖြစ်သော ရဟန်းသံဃာသည်သာ ယနေ့ထက်တိုင်အောင် ထင်ရှားရှိသည်။

ထိုသို့ ဖြစ်စေသောကြောင့် "ရာမညတိုင်း၌ တတ်ရည်လိမ္မာရည်နှင့် ပြည့်စုံသော ရဟန်းသံဃာတို့ကို တောင်းပန်၍ သီဟိုဠ်ကျွန်းသို့သွား၍ ပဉ္စင်းခံစေပြီးလျှင် ပြန်ရောက်သောအခါ ဤရာမညတိုင်း၌ သဒ္ဓါတရားနှင့် ပြည့်စုံသော သတို့သားတို့အား ပဉ္စင်းခံ၍ သာသနာတော်ကို သန့်ရှင်း စင်ကြယ်စွာ အနှစ်ငါးထောင်ပတ်လုံး တည်အောင်ပြုမည်"ဟု ကြံ တော်မူသည်။

သီဟိုဠ်သို့ သိက္ခာသစ်တင်ရန်စေလွှတ်ခြင်း

ဤသို့ကြံတော်မူပြီးသော် ရာမာဓိပတိဓမ္မစေတီမင်းသည်—

(၁) မောဂ္ဂလာန်မထေရ်၊
(၂) ကုမာရကဿပမထေရ်၊
(၃) ဉာဏသာဂရမထေရ်၊
(၄) ဗုဒ္ဓဝံသမထေရ်၊
(၅) အာနန္ဒာမထေရ်၊
(၆) ရာဟုလာမထေရ်၊

(၇) သုမင်္ဂလမထေရ်၊
(၈) ဓမ္မရက္ခိတမထေရ်၊
(၉) စူဠသုမင်္ဂလမထေရ်၊
(၁၀) ကဿပမထေရ်၊
(၁၁) မဏိသာရမထေရ်၊
(၁) မဟာသီဝလိမထေရ်၊
(၂) သာရိပုတ္တရာမထေရ်၊
(၃) သုမနမထေရ်၊
(၄) စူဠကဿပမထေရ်၊
(၅) စူဠာနန္ဒမထေရ်၊
(၆) သောဏုတ္တရမထေရ်၊
(၇) ဂုဏာသာဂရမထေရ်၊
(၈) ဇဝနပညမထေရ်၊
(၉) စူဠသီဝလိမထေရ်၊
(၁၀) ဓမ္မရာဇိက မထေရ်၊
(၁၁) စန္ဒနသာရမထေရ်—

ဤနှစ်ကျိပ်နှစ်ပါးသော မထေရ်တို့ကို ပင့်ဖိတ်၍ တောင်းပန်သည်၊ "အရှင်ဘုရားတို့····ယခု ရာမညတိုင်း၌ ပဉ္စင်းအဖြစ်သည် ယုံမှား သက်ာ ရှိခဲ့သည်၊ သီဟိုဠ်ကျွန်း၌မူကား သာသနာတော် တည်သည်မှစ၍ ယနေ့ထက်တိုင်အောင် သန့်ရှင်းစင်ကြယ်စေသော မဟာဝိဟာရဝါသီ အနွယ်အဆက် ရဟန်းသံဃာ ရှိသည်၊ အရှင်ဘုရားတို့သည် သီဟိုဠ် ကျွန်းသို့ကြွ၍ မဟာဝိဟာရအဆက်မှ သူတပါးကဲ့ရဲ့စွပ်စွဲခြင်း, အပြစ် ကင်းခြင်းရှိသည့် ဂိုဏ်းသံဃာတို့ကို ရွေးချယ်စီစစ်၍ မြတ်စွာဘုရားကိုယ် တော်မြတ်ရေသပ္ပါယ်ဘူးသော ကလျာဏီမြစ်၌"ဥဒကုက္ခေပသိမ်"စီရင် ၍ ပဉ္စင်းခံတော်မူပါကုန်၊ သီဟိုဠ်ကျွန်း၌ ပဉ္စင်းအဖြစ် တည်းဟူသော သာသနာတော်မျိုးစေ့ကို ပျိုးတော်မူခဲ့၍ ဤရာမညတိုင်း၌ ပဉ္စင်းလောင်း အမျိုးကောင်းသားတို့အား ပဉ္စင်းခံပါလျှင် သာသနာတော်သည် အနှစ် ငါးထောင်ပတ်လုံး သန့်ရှင်းစင်ကြယ်စွာ တည်ပါလတ္တံ့၊ ကိုယ်တော် မြတ်တို့လည်း နောင်သံသရာ အကျိုးများစွာ ဖြစ်ပါလတ္တံ့"ဟု တောင်း ပန်လျှင် မောဂ္ဂလာန်အစရှိသော နှစ်ကျိပ်နှစ်ပါးသော မထေရ်တို့သည်

ဝန်ခံသဖြင့် သီဟိုဠ်မထေရ်တို့အား များစွာသော လှူဒါန်းဘွယ်, သီဟိုဠ်ကျွန်း ဘုဝနေကဗာဟုမင်းအား လက်ဆောင်ပေးကမ်းဘွယ်များနှင့်—

မောဂ္ဂလာန်အစရှိသော မထေရ်တကျိပ်တပါး, ပဥ္စင်းသာမဏေတကျိပ်တပါး၊ ပေါင်း နှစ်ကျိပ်နှစ်ပါးတို့သည် ရာမဒူတတမန်နှင့်အတူ သင်္ဘောတစင်း။

မဟာသီဝလိအစရှိသော မထေရ်တကျိပ်တပါး, ပဥ္စင်းသာမဏေတကျိပ်တပါး ပေါင်း နှစ်ကျိပ်နှစ်ပါးတို့မှာ စိတြဒူတတမန်နှင့်အတူ သင်္ဘောတစင်း။

ဤနှစ်စင်းသော သင်္ဘောတို့ကို သက္ကရာဇ် ၈၃၇-ခု တပို့တွဲလပြည့်ကျော် ၁၂-ရက်နေ့ လွှင့်ကြသည်၊ စိတြတမန်စီးသော သင်္ဘောသည် ၎င်းသက္ကရာဇ် ၈၃၇-ခု တပေါင်းလပြည့်ကျော် ၈-ရက်နေ့ သီဟိုဠ်ကျွန်းသို့ ရောက်သည်၊ ရာမတမန်စီးသော သင်္ဘောသည် တန်းခူးလဆန်း ၄-ရက်နေ့မှ သီဟိုဠ်ကျွန်းသို့ ရောက်သည်။

ကလျာဏီမြစ်တွင် ပဥ္စင်းခံကြခြင်း

ရာမညတိုင်း ဟံသာဝတီပြည်ကြီးကို အစိုးရသော ရာမာဓိပတိ ဓမ္မစေတီမင်းက စေလွှတ်လိုက်၍ သင်္ဘောဆိုက်ကြောင်းကို အနုရာဓမြို့ကို အစိုးရသော ဘုဝနေကဗာဟုမင်းအား သင်္ဘောဆိပ် စောင့်၍နေသော သူတို့လျှောက်လျှင် သက္ကရာဇ် ၈၃၈-ခု ပဌမဝါဆိုလပြည့်ကျော် ၂-ရက်နေ့မှာမှ အခွင့်ရ၍ မထေရ်တမန်တို့သည် ဝလ္လိဂ္ဂါမှထွက်၍ ငါးရက်ခရီးသွားလျှင် ပဌမဝါဆိုလပြည့်ကျော် ၈-ရက်နေ့မှ ဇေယျဝဍ္ဎနမြို့သို့ ရောက်သည်၊ သီဟိုဠ်မင်းကြီးလည်း တမန်တို့ရောက်လျှင် ဝမ်းမြောက်ဝမ်းသာ ပဋိသန္ထာရပြု၍ ဆွမ်းပစ္စည်း, ရိက္ခာစားနပ်လုံလောက်အောင် လှူဒါန်းပေးကမ်း၍ တနေရာ၌ ကျောင်းအရပ်သို့ သွား၍နေရသည်၊ မိုးသောက်လျှင် တမန်နှစ်ဦးတို့သည် သီဟိုဠ်မဟာထေရ်တို့အားလှူဒါန်းဘွယ်များစွာကို လှူသည်၊ သီဟိုဠ်မင်းအား ဆက်ကပ် ဘွယ်များကို ဆက်ကပ်၍ ရာမာဓိပတိမင်းက မှာလိုက်သော ဆက်စာကို ဆက်လျှင် ဘတ်နာဝမ်းမြောက်ဝမ်းသာ ရှိသဖြင့် အထူးထူးအပြားပြား ဆန်းကြယ်စွာ မဏ္ဍပ်, လမ်း, ဈေးလမ်းမ,စရပ်တန်ဆောင်း ဆောက်လုပ်၍ ပြီးပြေလျှင် ပိဋကတ်သုံးပုံကို လေ့လာကျွမ်းကျင်သော ဝိဒါဂမမထေရ်အား

ထိုမဟာဝိဟာရဝါသီအနွယ်မှ ကွဲရဲ့စွပ်စွဲခြင်းကင်းသော ရဟန်းတို့ကို ရွေးစေသည်။

ဝိဒါဂမမထေရ်လည်း ဝိနယဓရ ဖြစ်ကုန်သော ဓမ္မကိတ္တိထေရ်, ဝနရတနထေရ်,သုမင်္ဂလထေရ်, သီဟိုဠ်မင်းဆရာ, အိမ်ရှေ့မင်းဆရာ အစရှိကုန်သောနှစ်ကျိပ်လေးဦးသော မထေရ်တို့ကို ရွေးကောက်ရလျှင် သီဟိုဠ်မင်းလည်း နှစ်ကျိပ်လေးဦးသော မထေရ်တို့ကိုပင့်၍ သက္ကရာဇ် ၈၃၈-ခု ဒုတိယဝါဆိုလပြည့်ကျော် ၁၁-ရက်နေ့၌ ရာမညတိုင်းသား မထေရ်နှစ်ကျိပ်နှစ်ပါးနှင့်တကွ ကလျာဏီမြစ်သိမ်သို့သွား၍ရောက်လျှင် ရာမညတိုင်းသား မထေရ်သံဃာ လေးကျိပ်လေးပါးတို့ကို လူအဖြစ်၌ တည်စေ၍ တဖန်သာမဏေဘုံ၌ ဖြစ်စေပြီးမှ မောဂ္ဂလာန်ထေရ်,ကုမာရ ကဿပထေရ်, မဟာသီဝလိထေရ်, သာရိပုတ္တရာထေရ်,ဉာဏ သာဂရ ထေရ်-ဤငါးပါးသော မထေရ်တို့သည် နှစ်ကျိပ်လေးပါးသော သီဟိုဠ် မဟာဝိဟာရဝါသီဂိုဏ်းဆရာတို့၏အထံ၌ဓမ္မကိတ္တိမထေရ်ကို ဥပဇ္ဈာယ် ပြု၍ မင်္ဂလမထေရ် ကမ္မဝါစာဆရာပြု၍ ပဉ္စင်းခံသည်။

ဝါဂင်း ၁၂-ရက်မြောက် ၅-တေးနေ့ ညဉ့်၌ကား သုမနမထေရ်, ကဿပမထေရ်, အာနန္ဒာမထေရ်, ရာဟုလာမထေရ်, ဗုဒ္ဓဝံသ မထေရ်, သုမင်္ဂလမထေရ်, စူဠာနန္ဒမထေရ်, သောဏုတ္တရမထေရ်, ဂုဏသာဂရမထေရ်, ဓမ္မရက္ခိတမထေရ်၊ ဤတကျိပ်သော မထေရ် တို့သည် ဝနရတန မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မင်္ဂလထေရ်ကို ကမ္မဝါစာ ဆရာပြုစေ၍ ပဉ္စင်းခံသည်။

ဝါဂင်းလ ၁၃-ရက်မြောက် သောကြာနေ့အခါ၌ စူဠသုမင်္ဂလမထေရ်, ဇိနပညမထေရ်, စူဠကဿပမထေရ်, စူဠသီဝလိမထေရ်, မဏိသာရ မထေရ်, ဓမ္မရာဇိကမထေရ်, စန္ဒနသာရမထေရ် ဤခုနစ်ပါးသော မထေရ် တို့သည် ဝနရတနမထေရ်ကို ဥပဇ္ဈာယ်ပြု၍ မင်္ဂလမထေရ်ကို ကမ္မဝါစာ ဆရာပြုစေ၍ ပဉ္စင်းခံသည်။

သီဟိုဠ်မင်းက ဘွဲ့တံဆိပ် ဆက်ကပ်ခြင်း

ဝါဂင်းလ ၁၄-ရက် စနေနေ့၌ ထိုမထေရ်တို့၏ တပည့်ဖြစ်သော နှစ်ကျိပ်နှစ်ပါးသော ပဉ္စင်းငယ်,သာမဏေကြီးတို့ကိုလည်း ဝတ်ဖြူလဲ၍

လူအဖြစ်၌ တည်စေပြီးမှ မင်္ဂလမထေရ်ကို ဥပဇ္ဈာယ်ပြုစေ၍ သီဟိုဠ်မင်းဆရာ, အိမ်ရှေ့မင်းဆရာ-ဖြစ်သော မထေရ်တို့ကို ကမ္မဝါဆရာပြုစေ၍ ပဉ္စင်းခံစေသည်။

ပဉ္စင်းခံပြီးလျှင် သီဟိုဠ်မင်းသည် များစွာသောလှူဘွယ်ဝတ္ထုတို့ဖြင့် လှူဒါန်းပြီးလျှင် ထိုလှူဒါန်းသောပစ္စည်းသည် ပျောက်လွယ်သည်သာ ဖြစ်ရာ၏၊ မပျောက်မပျက်သော အမည်နာမကို ကပ်လှူပါမည်ဟု တောင်းပန်ပြီးလျှင်—

(၁) မောဂ္ဂလာန်မထေရ်ကို သီရိသင်္ဃဗောဓိသာမိ၊ ကုမာရကဿပမထေရ်ကို ကိတ္တိသီရိမေဃသာမိ၊ ဉာဏသာဂရမထေရ်ကို ပရက္ကမဗာဟုသာမိ၊ ဗုဒ္ဓဝံသမထေရ်ကို ဗုဒ္ဓဃောသသာမိ၊ အာနန္ဒာမထေရ်ကို သီဟဠဒီပဝိသုဒ္ဓသာမိ၊ ရာဟုလာမထေရ်ကို ဂုဏရတနဝရသာမိ၊ သုမင်္ဂလမထေရ်ကို ဇိနာလင်္ကာရသာမိ၊ ဓမ္မရက္ခိတမထေရ်ကို ရတနမာလိသာမိ၊ စူဠသုမင်္ဂလမထေရ်ကို သဒ္ဓမ္မတေဇသာမိ၊ ကဿပမထေရ်ကိုဓမ္မရာဇသာမိ၊(၁၁)မဏိသာရမထေရ်ကို ဘုဝနေကဗာဟုသာမိ။

(၁) မဟာသီဝလိမထေရ်ကို တိလောကဂရုသာမိ၊ သာရိပုတ္တရာမထေရ်ကို သီရိဓဇရတနသာမိ၊ သုမနမထေရ်ကို မင်္ဂလထေရသာမိ၊စူဠကဿပမထေရ်ကို ကလျာဏတိဿသာမိ၊ စူဠာနန္ဒမထေရ်ကို စန္ဒနဂိရိသာမိ၊ သောဏုတ္တရမထေရ်ကို သီရိဒန္တဓာတုသာမိ၊ ဂုဏသာဂရမထေရ်ကို ဝနဝါသိတိဿသာမိ၊ဇဝနပညမထေရ်ကို ရတနာလင်္ကာရသာမိ၊ စူဠသီဝလိမထေရ်ကို မဟာဒေဝသာမိ၊ ဓမ္မရာဇိက မထေရ်ကို ဥဒုမ္ဗရဂိရိသာမိ၊ (၁၁) စန္ဒနသာရမထေရ်ကို စူဠာဘယတိဿသာမိ။—

၂၂နှစ်ကျိပ်လေးပါးသော မထေရ်တို့ကို တံဆိပ်နာမံ လှူတော်မူသည်။

သီဟိုဠ်သွား ရဟန်းတော်များ ပြန်ရောက်ခြင်း

ထိုအလှူကိုခံယူပြီးမှ ရာမညတိုင်းသို့ပြန်လည်ခဲ့သော် သင်္ဘောနှစ်စင်းတို့တွင် ရာမဒူတတမန်သည် သက္ကရာဇ် ၈၃၉-ခု၊ ကဆုန်လဆန်း

၄-ရက် ၄-ဟူးနေ့ ထွက်ခဲ့၍ ဝှင်းလဆုတ် ၂-ရက် ကြာသပတေးနေ့ ရောဂမြစ်သို့ ရောက်လေသည်။

စိတြဒူတတမန်စီးသော သင်္ဘောသည်ကား ပျက်စီးသဖြင့် တိလောကဂရုထေရ်, ရတနာလင်္ကာရထေရ်, မဟာဒေဝထေရ် သုံးပါးတို့သည် သက္ကရာဇ် ၈၃၉-ခု၊ ကဆုန်လဆန်း ၄-ရက် ဗုဒ္ဓဟူးနေ့ ထွက်ခဲ့၍ နယုန်လဆန်း ၅-ရက် ၃-ဂ်ါနေ့ ကုသိမ်မြို့သို့ ရောက်သည်။

စူဠာဘယတိဿထေရ်မှာ ဝါဆိုလဆန်း ၁၄-ရက် ၃-ဂ်ါနေ့ ဟံသာဝတီသို့ ရောက်သည်။

သုမင်္ဂလထေရ်,ဝနရတနထေရ်, သီရိဒန္တဓာတုသာမိ ထေရ်တို့သည် မိမိတပည့်တို့နှင့် သက္ကရာဇ် ၈၃၉-ခု၊ တော်သလင်းလကွယ် ၄-ဟူးနေ့ ထွက်ခဲ့၍ တန်ဆောင်မုန်းလဆန်း ၁-ရက် သောကြာနေ့ ကုသိမ်မြို့သို့ ရောက်သည်။

သုမင်္ဂလမထေရ်မှ ကြွင်းကုန်သော လေးဦးသောမထေရ်တို့သည် မိမိတပည့်များနှင့် ကောလာဟလဆိပ်တွင် အနိစ္စသဘောသို့ ရောက်လေသည်။

ဤမထေရ်တို့သည် သီဟိုဠ်ကျွန်းကပြန်ခဲ့၍ ဟံသာဝတီသို့ရောက်လျှင် သီဟိုဠ်မင်းက သာသနာတော်ကိုသုတ်သင်သော သီရိသံဃဗောဓိပရက္ကမမင်း, ပရက္ကမဗာဟုမင်းတို့၏ သာသနာတော်ကို သုတ်သင်သောထုံးစံကမ္ပည်းစာရင်းများကို ရာမာဓိပတိမင်းအား ဆက်ကုန်သည်၊ ရာမာဓိပတိမင်းကြီးလည်း ဝမ်းမြောက်ဝမ်းသာ ပဋိသန္ထာရပြု၍ ဘတ်နာပြီးလျှင် ကျောင်းသို့ပြန်စေသည်။

ကလျာဏီသိမ် သမုတ်ခြင်း

ထို့နောင်မှ ရာမာဓိပတိမင်းကြီး ကြံစည်အောက်မေ့တော်မူပြန်သည်မှာ ဤမထေရ်တကျိပ်သုံးဦးတို့သည် သီဟိုဠ်ကျွန်းသို့သွား၍ သန့်ရှင်းစင်ကြယ်သော ပဉ္စင်းအဖြစ်သို့ ဆောင်ယူခဲ့ကုန်သည်။ ဟံသာဝတီမြို့၌လည်း သန့်ရှင်းစင်ကြယ်သော သိမ်မရှိသေးသဖြင့် သိမ်သမုတ်လိုသောကြောင့် စူးစမ်းဆင်ခြင်ရာတွင် ရွှေမော်ဓော အနောက်တောင်စွန်း၌ နရသူရစားသော အမတ်ရွာသည် ကောင်းပါသည်ဟု လျှောက်ထားကြ

သော် ထိုအရပ်၌ သန့်ရှင်းစွာ ညီညွတ်အောင်ပြင်ဆင်စေသည်၊ သိမ်သမုတ်ရာအရပ်၌ ကျောင်းဆောက်၍ မထေရ်တကျိပ်သုံးဦးတို့ကို နေစေသည်၊ထိုနေရာတွင် တဘန်စစ်ဆေးပြန်သည်၊"အရှင်ဘုရားတို့....သီဟိုဠ်ကျွန်းသို့မသွားမီ ရှေးကာလ၌ ကွဲရဲ့စွပ်စွဲခြင်း ရှိသည်,မရှိသည်ကို မေးမြန်းတော်မူပြန်သည်တွင် မထေရ်ကြီးတဦးနှင့် ပဉ္စင်းငယ်လေးဦးတို့မှာ သီဟိုဠ်ကျွန်းသို့ မကူးမသွားမီ ရှေးကာလ၌ အပြစ်ကြီးမဟုတ်၊ စိုးစဉ်းစွပ်စွဲဘူးကြောင်းကို ပြောရာတွင် မထေရ်ငါးဦးတို့ကိုထုတ်ပြန်၍ "ကြွင်းသောမထေရ်တို့နှင့် ပဉ္စင်းခြောက်ဦးတို့ကိုသာ သိမ်သမုတ်စိမ့်မည်" ဟုခံတော်မူသည်။

သိမ်သမုတ်ခါနီးကာလ၌ မထေရ်တကျိပ်တို့တွင် ဂုဏရတနဝရအမည်ရှိသော မထေရ်သည် အနာနှိပ်စက်၍ ကျောင်းသို့ပြန်ရလေသည်၊ ကြွင်းသောမထေရ် ကိုးဦးနှင့် ပဉ္စင်းငယ်ငါးဦး ပေါင်း တကျိပ်လေးပါးတို့ကို သိမ်နုတ်ခြင်း, သိမ်သမုတ်ခြင်းတို့ကို ပြုစေသည်၊ ဟံသာဝတီမြို့တွင်ရှိသော ဂိုဏ်းဆရာ သံဃာမထေရ်တို့သည်လည်း ကလျာဏီသိမ်မသမုတ်မီ ရှေးဦးကပင် သီဟိုဠ်သို့သွား၍ ပဉ္စင်းခံခဲ့သော ရဟန်းတို့ရောက်သည်မှစ၍ ရာမာဓိပတိမင်းကြီးထံသို့ ရပ်ခံကြကုန်သည်၊ "မင်းကြီး....ငါတို့ပဉ္စင်းအဖြစ်သည် ယုံမှားသင်္ကာရှိခဲ့သည်၊ သီဟိုဠ်ကျွန်းသို့ ပဉ္စင်းခံ၍ပြန်သော ရဟန်းတို့၏အထံ၌ ထပ်၍ ပဉ္စင်းခံလိုပါသည်" ဟု အကြောင်းကြားကုန်သည်၊ရာမာဓိပတိမင်းကြီးလည်း"အရှင်ဘုရားတို့.. ထပ်၍ပဉ္စင်းခံလိုသောသူကိုလည်း မခံနှင့်ဟု ကျွန်ုပ်မမြစ်သင့်၊ မခံလိုသူကိုလည်း ထပ်၍ခံဟူ၍ ကျွန်ုပ်မဆိုဝံ့၊ ဝိနည်းအဆုံးအဖြတ်သာ ပမာဏဖြစ်သည်၊ ဝိနည်းတရားကိုသာ အရှင်ဘုရားတို့ ကောင်းစွာဆင်ခြင်ပါကုန်တော့"ဟု ဆိုလိုက်သည်။

ထိုနောက်မှ ကြံအောက်မေ့တော်မူပြန်သည်မှာ"ရဟန်းအဖြစ်သည် ဥပဇ္ဈာယ်သာ အရင်းဖြစ်သည်၊ ဥပဇ္ဈာယ်အဖြစ်ကိုလည်း ဆယ်ဝါရမှဖြစ်သည်၊ ဆယ်ဝါပင်ရသော်လည်း ဗျတ္တိဗလနှင့်ပြည့်စုံသော ရဟန်းတို့သာ မြတ်စွာဘုရား ခွင့်ပြုတော်မူသည်၊ သီဟိုဠ်ကျွန်း၌ ပဉ္စင်းခံခဲ့သော ဤရဟန်းတို့သည် တဝါမျှမရသေး၊ ဥပဇ္ဈာယ်ပြုခြင်းငှါ မထိုက်၊ ကမ္မဝါစာဆရာသာ ထိုက်ချေသည်၊ သီဟိုဠ်ကျွန်း၌ မဟာဝိဟာရဝါသီ ရဟန်းတို့၏အထံ ပဉ္စင်းခံခဲ့၍ ဤရာမညတိုင်းသို့ တဘန်ပြန်လာသော် ဆယ်ဝါ

ရပြီးသောမထေရ်မှ သင့်ချေမည်''ဟု ကြံစည်အောက်မေ့တော်မူပြန်၍ ရှာစေသော် သုဝဏ္ဏသောဘဏ မထေရ်ကိုတွေ့၍ ပင့်ဘိတ်စေပြီးလျှင် မင်းကြီးမေးစစ်တော်မူသည်။

"အရှင်ဘုရားသည် သီဟိုဠ်ကျွန်းသို့သွား၍ အဘယ်သိမ်၌ ပဉ္စင်းခံခဲ့သနည်း၊ အဘယ်ဂိုဏ်းအထံ၌ပဉ္စင်းခံခဲ့သနည်း၊ အရှင်ဘုရား ဥပဇ္ဈာယ်ကား အဘယ်သူနည်း၊ ကမ္မဝါစာဆရာကား အဘယ်သူနည်း၊ သီဟိုဠ်ကျွန်း၌ ပဉ္စင်းခံသည်မှစ၍ ယခုအဘယ်မျှ ဝါရှိပြီနည်း"—

ဟူ၍ မေးစစ်လျှင် သုဝဏ္ဏသောဘဏ မထေရ်လည်း "တကာမင်းကြီး....သီဟိုဠ်ကျွန်း မဟာဝိဟာရဝါသီဂိုဏ်း၌ ကလမ္ဗုအမည်ရှိသော မြစ်၌ ဥဒကုက္ခေပသိမ်ကို စီရင်၍ မနှိုင်းယှဉ် များလှစွာသော ရဟန်းသံဃာအထံ၌ နာရဒ အမည်ရှိသော မဟာသံဃရာဇာဟောင်းကို ဥပဇ္ဈာယ်ပြု၍ ရှေးကာလ ရာဟုဘဒ္ဒအမည်တွင်သော,ယခုမူကား ဝိဇယဗာဟု သံဃရာဇာအမည်တွင်သောမထေရ်ကို ကမ္မဝါစာဆရာပြု၍ ပဉ္စင်းခံသည်မှစ၍ ယခု ၂၆-ဝါရှိပြီဆို၍ ရာမာဓိပတိမင်းကြီးသည် အလွန်နှစ်သက်သော နှလုံးရှိသည်ဖြစ်၍ "အရှင်ဘုရား....ယခု ပဉ္စင်းလောင်းတို့၏ ဥပဇ္ဈာယ်ဆရာပြုတော်မူပါ"ဟု တောင်းပန်သည်၊ သုဝဏ္ဏသောဘဏ မထေရ်လည်း "တကာမင်းကြီး....ရှေးသောအခါ ရဟန္တာတို့သည် ကိုယ်၏အကျိုးစီးပွါးကို မငဲ့မူ၍ ပဉ္စင်းခံခြင်း၌ သာသနာတော်စီးပွါးကို ပြုကုန်သည်၊ ငါလည်း သူတော်ကောင်းတို့၏ အလေ့အကျင့်သို့လိုက်၍ သာသနာတော်၏ အစီးအပွါးကို ပြုအံ့"ဟု ဝန်ခံသည်။

ကလျာဏီသိမ်၌ ပဉ္စင်းခံကြခြင်း

ကလျာဏီသိမ် သမုတ်ပြီးသော အခြားမဲ့၌ ရှေးအထက်က တောင်းပန်လာသော ရဟန်းတို့သည် ရာမာဓိပတိ မင်းကြီး အထံသို့ ကပ်၍ "တရားမင်းမြတ်...ယခုသိမ်လည်း ကောင်းစွာပြည့်စုံပြီ၊ဥပဇ္ဈာယ်ပြုမည့် မထေရ်ဆရာလည်း ရပြီ၊ ပဉ္စင်းခံပါကုန်တော့"ဟု ကြားလာကုန်သည်၊ ရာမာဓိပတိမင်းကြီးလည်း သက္ကရာဇ် ၈၃၈-ခု၊နတ်တော်လဆန်း ၇-ရက် စနေနေ့စတင်စီစဉ်၍ ၉-ရက် တနင်းလာနေ့ ကလျာဏီသိမ်သို့ သွား၍သီဟိုဠ်ပဉ္စင်းခံ ရဟန်းတို့နှင့် သုဝဏ္ဏသောဘဏမထေရ်ကို လျှောက်သည်၊

ပဲခူးမြို့ ကလျာဏီသိမ်တော်ကြီး

"အရှင်ဘုရားတို့….ရဟန်းတို့သည် အရှင်ဘုရားတို့အထံ၌ ပဉ္စင်းခံလို ပါကုန်သည်ဟု ကြားလာကုန်သည်၊ ခံလိုလျှင်ခံပါစေ"ဟု လျှောက်သော် သီဟိုဠ်ပဉ္စင်းငယ် ရဟန်းတို့ကလည်း "တကာမင်းကြီး စေခိုင်း၍ သီဟိုဠ်တွင် ငါတို့ပဉ္စင်းခံရသောအခါ လူထွက်၍ ဝတ်ဖြူဝတ်ပြီးမှ တဘန် သင်္ကန်းပေးခြင်း,သရဏဂုံပေးခြင်း,သာမဏေအဖြစ်၌ တည်ပြီးမှ ပဉ္စင်း ခံရသည်၊ သီဟိုဠ်အလေ့အကျက် ငါတို့ကဲ့သို့လူထွက်၍ ပဉ္စင်းခံသည် ဖြစ်လျှင် ပဉ္စင်းအဖြစ်ကို ပေးကုန်အံ့"ဟုဆိုကုန်သည်။

ပဉ္စင်းခံလိုသော ဂိုဏ်းဆရာ မထေရ်တို့လည်း "သီဟိုဠ်အလေ့ အကျက်အတိုင်း ပြုကုန်အံ့"ဟု ဝန်ခံကုန်သည်၊ ထိုသို့ဝန်ခံပြီးမှ ဓမ္မ ကိတ္တိအမည်ရှိသော ဂိုဏ်းဆရာကို အစပြု၍ သီဟိုဠ်အလေ့ အကျက် အတိုင်းပြုစေပြီးလျှင် သုဝဏ္ဏသောဘဏမထေရ်ကို ဥပဇ္ဈာယ်ဆရာ ပြုစေ၍ သီဟိုဠ်ကျွန်းမှ ပြန်လာသော ၆-ဦးသော မထေရ်တို့တွင် ၂-ဦး ၂-ဦးသော မထေရ်တို့ကို အလှည့်အလှည့် ကမ္မဝါစာဆရာပြုစေ၍ ပဉ္စင်းခံကုန်သည်၊ ပဉ္စင်းခံစ ရှေးဦးစွာသော နတ်တော်လဆန်း ၆-ရက် တနင်းလာနေ့၌ ရာမာဓိပတိမင်းကြီးသည် ကိုယ်တိုင်ကြွပ်မ၍ ကာရက ရဟန်း,ပဉ္စင်းခံသစ်ရဟန်းတို့အား နံနက်အခါ ဆွမ်းခဲဘွယ်, ညအခါ အဖျော်တို့ဖြင့် ရောင့်ရဲစေ၍ ပဉ္စင်းခံပြီးသောအဆုံး ကောင်းကြီး ပေးအံ့ သော၄ါ စည်ကြီး ခွက်ခွင်း အစရှိသည်တို့ကို ထားစေ၍ ပဉ္စင်းခံသော ရဟန်းသံဃာတို့ကို ရေတွက်ခြင်း၄ါ လိမ္မာသောစာရေးအမတ် ပညာရှိ တို့ကို ထားခဲ့၍ ညဉ့်အခါ ပဉ္စင်းခံစေခြင်း၄ါ များစွာသော ဆီမီးတို့ကို ထွန်းစေ၍ နေဝင်ခါနီးကာလ၌ နန်းတော်သို့ ဝင်သည်။

နတ်တော်လဆန်း ၆-ရက်နေ့မှစ၍ ၁၃-ရက်နေ့တိုင်အောင် ထပ်၍ ပဉ္စင်းခံလာသော ဂိုဏ်းဆရာသည် ၂၄၅-ယောက် အရေအတွက်ရှိ သည်၊ရာမာဓိပတိမင်းကြီးလည်း မဟာဝိဟာရဝါသီဂိုဏ်း ရဟန်းကဲ့သို့ အညီအညွတ်ဖြစ်စေခြင်း၄ါ ဇင်းလဆန်း ၁၄-ရက် စနေနေ့၌ ထို ၂၄၅- ယောက်သော ဂိုဏ်းဆရာတို့ကို "အရှင်ဘုရားတို့….နက်ဖြန် ဥပုသ် နေ့၌ အရှင်ဘုရားတို့သည် ဥပသမ္ပဒကံကိုပြုသော ရဟန်းတကျိပ်ငါးပါး တို့နှင့် တပေါင်းတချက်တည်း ဥပုသ်ပြုတော်မူပါကုန်၊ ဥပုသ်ပြုပြီးသော အဆုံး၌ လှူဒါန်းပူဇော်ပါမည်"ဆို၍ ပင့်ဘိတ်စေသည်။

လပြည့်ဥပုသ်နေ့ရောက်လျှင် ရာမာဓိပတိ မင်းကြီး ကလျာဏီသိမ်သို့ နံနက်စောစောထွက်နှင့်၍ တဲနန်းတော်၌ နေနှင့်သည်၊ ကလျာဏီသိမ်တွင်လည်း ထူးဆန်းလှစွာသော နေရာတို့ကို ခင်းစေသည်။ ဟံသာဝတီ ပဥ္စင်းခံသော ရဟန်း,သီဟိုဠ်ပြည် ရဟန်းတို့ ရောက်ကြလျှင် ဥပုသ် တချက်တည်း ပြုကြကုန်သည်၊ ဥပုသ်ပြုပြီးသောအဆုံး၌ ၂၅-ကျပ်သော ရဟန်းတို့အား ဝါချည်ချောသင်္ကန်း တစုံစီနှင့် ရဟန်းတို့၏ အသုံးအဆောင် လှူတော်မူသည်၊ သုဝဏ္ဏသောဘဏမထေရ် အားလည်း ကလျာဏီ တိဿမထေရ်ဟူသော နာမံတံဆိပ်ကို ပေးလှူသည်၊ ထိုနေ့မှစ၍ ပဥ္စင်းခံလာသော ရဟန်းတို့အား ဆွမ်းအစရှိသော ပစ္စည်းတို့ဖြင့် လုပ်ကျွေးစေခြင်းငှါ ပညာရှိအမတ်ကို အစောင့်အနေ ထားသည်၊ ကောင်းကြီးပေးအံ့သောငှါ စည်ကြီး, ခွက်ခွင်း, ခရုသင်းစသော အတီးအမှုတ်နှင့် တီးမှုတ်စေသည်၊ နေ့တိုင်းမပြတ်လည်း များစွာသော ရဟန်းတို့လာ၍ ပဥ္စင်းခံကုန်သည်၊ ထိုသို့ပင် ခံလာငြားသော်လည်း ရှေးဦးစွာ ၄-ယောက်သော ဂိုဏ်းဆရာတို့ကို မေးမြန်း၍ တော်သင့်မှ ခံကုန်သည်။

ရာမာဓိပတိမင်းကြီးလည်း အလုံးစုံသော ရဟန်းသံဃာတို့ကို စည်းဝေးစေ၍ ဤသို့သော ကတိကဝတ်ပြုမည် အကြောင်းကို တောင်းပန်သည်။

ရာမာဓိပတိမင်း ဓမ္မဝိနယပြန်တမ်း

"အရှင်ဘုရားတို့⋯ ယနေ့မှစ၍ ရှင်သာမဏေ ပြုလိုသည်ဟူ၍ အရှင်ဘုရားတို့ထံရောက်လျှင် သံပူအပ်သသူ, ခိုးမှုပြုသသူ, နှောင်အိမ်ဖောက်သသူ, မင်းအားပြစ်မှားသသူ, အိုမစွမ်းနိုင်သသူ,ပြင်းစွာ အနာနှိပ်စက်သသူ, လက်ပြတ်ခြင်းအစရှိသော အင်္ဂါချို့သောသူ, ကုန်းသော- ကွသော- ခွင်သော-ကောက်သောသူ, သည်မှတပါးလည်း ပရိသတ်ကို ဖျက်တတ်သောသူ, လူမြင်၍ ကဲ့ရဲ့ခြင်းပြုစရာဖြစ်သော စိတ်ကြည်ညိုဘွယ် မရှိသောသူတို့ကို လက်ခံ၍ ရှင်သာမဏေ မပြုကုန်နှင့်၊ အရှင်ဘုရားတို့ထံသို့ ပဥ္စင်းခံလိုပါသည်ဟူ၍ လာရောက်လျှင် အကျွန်ုပ်အားသော်လည်း အကြောင်းကြားစေ၊ ဟံသာဝတီပြည်၌ သီတင်းသုံးနေသော ဂိုဏ်းဆရာတို့အားသော်လည်း အကြောင်းကြားစေ၊

အကြောင်းမကြားမူ၍ မိမိတို့နေရာအရပ်၌သာ အရှင်ဘုရားတို့သည် ပဋ္ဌင်းခံခြင်းကို ပြုသည်ဖြစ်အံ့၊ ပဋ္ဌင်းလောင်းရှင်လောင်း၏ အမိ,အဘ, အဆွေအမျိုး, အရှင်ဘုရားတို့ အလုပ်အကျွေးတကာတို့အား မင်းဒဏ်စီရင်မည်။

အကြင်ရဟန်းယုတ်တို့သည် ဆေးကုခြင်း, ဟူးရားဂဏာန်းတွက်ခြင်းကို ပြုကုန်သည်၊ လက်သမားအမှု ဆင်စွယ်ပွတ်ခြင်းကို ပြု၍ အသက်မွေးကုန်သည်၊ မင်း၏အမတ်ကြီး အစရှိကုန်သောသူတို့၏ သားငယ်တို့ကို ချီထိန်းကုန်သည်၊ ဥပါတ်ကြားခြင်း, နိမိတ်ဘတ်ခြင်း, အိပ်မက်ဘတ်ခြင်းတို့ဖြင့် အသက်မွေးကုန်သည်၊ အချို့သောရဟန်းတို့သည်လည်း ဝါခင်း,ယာခင်းတို့သို့သွား၍ ရှည်စွာသောအသံတို့ဖြင့် တရားကိုဟော၍ ရခဲ့သော ဝါ,ရေှတ်,စပါးတို့ကို ရောင်းဝယ်ဖောက်ကား၍ အသက်မွေးကုန်သည်၊ အချို့သော ရဟန်းတို့လည်း ရွှေငွေကျောက်သံပတ္တမြားတို့ကို အသုံးအဆောင်လုပ်သည်,ခံယူ၍ အသက်မွေးကုန်သည်၊ အချို့သောရဟန်းတို့လည်း လယ်,ကိုင်း,ကျွန်း,နွားမွေး၍ ဥယျာဥ်ကိုပြုစု၍ အသက်မွေးကုန်သည်။

အချို့သော ရဟန်းတို့သည်လည်း ကြွေအံကြူးသောသူ, သေရက်ကြူးသောသူ, ခိုးမှုပြု၍အသက်မွေးသောသူ, မင်းချင်းယောကျ်ား,အမှတ်မရှိ မိန်းမယောကျ်ားတို့နှင့် မလျောက်မပတ်ရောယှက်ခြင်းဖြင့် ရောယှက်၍နေကုန်သည်၊ ထိုသို့သော ရဟန်းယုတ်တို့သည် အရှင်ဘုရားတို့ထံ၌ နေလိုသည်ဟူ၍ လာကုန်လျှင်ခွင့်ပေးတော်မမူနှင့်၊အကြင်ရဟန်းတို့သည် သဒ္ဓါတရားနှင့်ပြည့်စုံ၏၊သိက္ခာပုဒ်တော်အတိုင်း ကောင်းစွာကျင့်ကုန်၏၊ပါဠိသင်ခြင်း, အဋ္ဌကထာသင်ခြင်းတို့၌လုံ့လပြုကုန်၏၊ ထိုသို့သောရဟန်းတို့ကို နေလိုလျှင် ခွင့်ပေးတော်မူပါကုန်။

အကြင်အမျိုးသားတို့သည် ရှင်သာမဏေ ပြုလိုပါသည်ဟူ၍ လာရောက်လျှင် အက္ခရာအရေးအသားတို့ကို သင်စေ၍ အရွတ်အဘတ် ပြီသအောင် လေ့ကျက်စေပြီးလျှင် သရဏဂုံကိုသင်ခြင်း, သာမဏေတို့ သိအပ်သော သိက္ခာပုဒ်များကို သိနှင့်ပြီးမှ

သာမဏေ ပြုတော်မူပါကုန်၊ အသက် ၂၀-ပြည့်ပြီးသော သာမဏေတို့သည် ပဉ္စင်းခံလိုသည်ဆိုလျှင် ရဟန်းတို့ ဖြည့်ရာသော သီလလေးပါးကို အကျဉ်းကြား၍ ဘိက္ခုပါတိမောက်နှင့် ခုဒ္ဒသိက္ခာ ကျမ်းများကို အစမှ အဆုံးတိုင်အောင် သင်စေ၍ အာပတ် ဒေသနာကြားတို့ကို နှုတ်တက်ရအောင် လေ့ကျက်စေပြီးမှ ကျွန်ုပ်အားသော်၎င်း, ဟံသာဝတီဂိုဏ်းဆရာတို့အားသော်၎င်း အကြောင်းကြားပါကုန်၊ ထိုအခါ ကျွန်ုပ်သည် ပရိက္ခရာရှစ်ပါးတို့ဖြင့် တောင်းပန်၍ ပဉ္စင်းခံစေပါမည်။

အရှင်ဘုရားတို့မှာလည်း ဝိနည်း ပညတ်တော် သိက္ခာပုဒ်များအတိုင်း ကြိုးစားအားထုတ်၍ ကျင့်ဆောင်တော် မူပါကုန်၊ ရှေးအခါ၌မူကား ရာမညတိုင်း၌ ရဟန်းတို့သည် အသီးအခြားကွဲပြားကြလေသောကြောင့် ဤသို့သော သာသနာတော် အညစ်အကြေး ဘေးရန်ဆူးငြောင့် ဖြစ်ရလေသည်၊ ယခုမူကား အရှင်ဘုရားတို့အားလုံး သဒ္ဓါတရားနှင့် ပြည့်စုံကြသည့်သူချည်းဖြစ်၍ မဟာဝိဟာရဝါသီ အနွယ်အဆက်ဖြစ်သော သီဟိုဠ်ပဉ္စင်းအဖြစ်ကို ယူအပ်ပြီးသောကြောင့် သီဟိုဠ် မဟာထေရ် တို့ကဲ့သို့ ဆံရိတ်ခြင်း, သင်္ကန်းဝတ်ခြင်းပြု၍ တပေါင်းတည်း ဖြစ်ပါစေ''။

ဤသို့ ရာမာဓိပတိ မင်းသည် အလုံးစုံသော ရာမညတိုင်း၌ရဟန်းတို့အား ကတိကဝတ်ကိုတောင်းပန်၍ ပြီးပြီးသော် ရွှေငွေခံသောရဟန်း, ဥစ္စာဆည်းပူးသောရဟန်း, ဆင်-မြင်း-ကျွဲ-နွား-ကျွန်ယောကျ်ား-ကျွန်မိန်းမရှိသော ရဟန်းတို့အားလည်း ''သဒ္ဓါတရားနှင့်ပြည့်စုံ၍ ရွှေငွေအစရှိသော ပစ္စည်းတို့ကိုစွန့်၍သိက္ခာပုဒ်တော်အတိုင်း ကျင့်ဆောင်နိုင်လည်း ကျင့်ဆောင်ကုန်၊မကျင့်ဆောင်နိုင်လျှင်လည်း လူထွက်ကုန်''ဟူ၍ ဆိုစေသည်။

ထိုအခါ သဒ္ဓါတရားနှင့် ပြည့်စုံကုန်သော အချို့သောရဟန်းတို့သည်လည်း ရွှေငွေအစရှိသော ပစ္စည်းတို့ကိုစွန့်၍ သိက္ခာပုဒ်တော်အတိုင်း ကောင်းစွာကျင့်ကုန်သည်၊ အချို့သော ရဟန်းတို့လည်း မစွန့်နိုင်၍ လူထွက်ကုန်သည်၊အထင်အရှား ပါရာဇိကသို့ရောက်သော ရဟန်းတို့ကို

မတောင်းပန်မူ၍ လူထွက်စေသည်၊ ပါရာဇိကသို့ ရောက်သောအဖြစ်သည် မထင်ရှား၊ သူတပါးကဲ့ရဲ့စွပ်စွဲခြင်းများ၍ သုတ်သင်နိုင်ခဲသော ရဟန်းတို့ကိုလည်း မတောင်းပန်မူ၍ လူထွက်စေသည်၊ ဆေးကုသောရဟန်း, ဟူးရားဂဏန်းတွက်သောရဟန်း,ကာမစည်းစိမ်ကို ခံစားသောသူတို့ကဲ့သို့ ပန်းချီအမှုကိုပြု၍ အသက်မွေးကုန်သောရဟန်း,ကုန်သွယ်သော ရဟန်းတို့ကိုလည်း လူထွက်စေသည်။

ဤသို့လျှင် ရာမာဓိပတိမင်းကြီးသည် ရာမညတိုင်း၌ သာသနာတော်အညစ်အကြေးတို့ကို သုတ်သင်၍ အလုံးစုံသော ရဟန်းသံဃာ တပေါင်းတချက်တည်း ပြုသည်ကား ဂါမဝါသီရဟန်း, အရညဝါသီရဟန်းတို့ကို သက္ကရာဇ် ၈၄၁-ခုတိုင်အောင် မဟာဝိဟာရဝါသီ အဆက်အနွယ်ဖြစ်သော စင်စစ်သန့်ရှင်းစင်ကြယ်သော သီဟိုဠ်ကျွန်း ပဉ္စင်းအဖြစ်ကို မပြတ်ယူကုန်သည်၊ ထိုအခါ ပဉ္စင်းခံလာသော ဂိုဏ်းဆရာ ရဟန်းအပေါင်း ၁၃၄၀- အရေအတွက် ရှိသည်၊ ပဉ္စင်းငယ် ရဟန်းအပေါင်းကား ၁၄၂၆၅-အရေအတွက်ရှိသည်၊ နှစ်ရပ်ပေါင်းသော် ၁၅၆၀၅-အရေအတွက် ရှိသည်။

ထို့နောက် ဆိုခဲ့ပြီးသော ကတိကဝတ်နှင့် ပြည့်စုံသော အသက် ၂၀-ပြည့်သော သာမဏေ ခြောက်ကျိပ်တပါးတို့အား ပရိက္ခရာရှစ်ပါးတို့ဖြင့် တောင်းပန်၍ ကလျာဏီသိမ်၌ ပဉ္စင်းခံစေသည်၊ ထိုအလုံးစုံသော ရဟန်းတို့ကို ပေါင်းသော် ရာမညတိုင်း၌ ရဟန်းပေါင်း ၁၅၆၆၆-ပါး အရေအတွက် ရှိသည်။

ဤသို့လျှင် ရာမာဓိပတိဓမ္မစေတီမင်းတရားသည် သာသနာတော်မြတ်ကို သုတ်သင်ရှင်းလင်းတော်မူ၍ သီဟိုဠ်မဟာဝိဟာရဝါသီ အနွယ်အဆက် မကွဲမပြား တဝတည်း ဘုရားသခင် ပညတ်ထားတော်မူသော ဝိနည်းသိက္ခာပုဒ်ကို အလေးအမြတ်ပြုစေ၍ ကျင့်ဆောင်စေသဖြင့် စောင့်မကြည့်ရှုပြီးလျှင် စည်းစိမ် ၂၉၊ အိမ်နိမ့် ၄၆၊ သက်တော် ၇၅၊ သာသနာတော် ၂၀၃၅-ခု သက္ကရာဇ် ၈၅၃-ခုတွင် အနိစ္စရောက်သည်၊ ဤရာမာဓိပတိမင်းသည် သာသနာတော်ကို သုတ်သင်ရှင်းလင်းပြီးသည့်နောက် မဟာဝိဟာရဝါသီ အနွယ်အဆက် မကွဲမပြား တဝတည်း ၁၂၀-တိုင်အောင် ဟည်လေသည်။

တောင်ငူသံဃရာဇာသာသနာပိုင်

တောင်ငူမြို့မှာလည်း သက္ကရာဇ် ၈၄၇-ခုတွင် မင်းကြီးညိုမဟာသီရိဇေယျသူရအမည်ကိုခံ၍ မင်းပြုသည်၊ ထိုမင်းလက်ထက် ဟံသာဝတီသုဝဏ္ဏသောဘဏမထေရ်နှင့် သီဟိုဠ်ကျွန်းက အတူတကွလာသော ရှင်ဒိဝါကရမထေရ် တောင်ငူသို့ရောက်လျှင် မဟာသီရိဇေယျသူရက ပင့်ဘိတ်၍ ဒွါရာဝတီမြို့ထိပ်တွင် ကျောင်းဆောက်၍ ကိုးကွယ်တော်မူသည်၊ ထိုကျောင်းကိုလည်း သီဟိုဠ်ရောက်ကျောင်းဟု တွင်သည်၊ တောင်ငူမြို့တွင်လည်း ဤမထေရ်အနွယ်အဆက် ထေရဝါဒဖြစ်အောင် သုတ်သင်၍ တဝတည်း ဖြစ်သည်နှင့် ဟံသာဝတီပြည်၌ ရာမာဓိပတိမင်းမှ ခြောက်ဆက်မြောက် သက္ကရာဇ် ၉၀၁-ခုတွင် တပင်ရွှေထီး ဟံသာဝတီမြို့ကို အနှစ် ၂၀-မင်းပြုသည်၊မြစ်အနောက်ဘက် မွန်ကျောင်းရပ်ကို ကျောင်းရံ ၇၀-နှင့်တကွ ဆောက်ပြီးလျှင် မဟာဝိဟာရဝါသီ အနွယ်အဆက် ဝိနည်းငါးကျမ်း အဋ္ဌကထာနှင့်တကွ ဆောင်ရွက်သော မွန်သဒ္ဓမ္မပါလကို"မဟာသံဃရာဇာ"ဟူသော နာမံတံဆိပ်နှင့် လှူတော်မူသည်။

မင်းတရားရွှေထီးနှင့် ရှင်စည်းရဟန်းများ

လှူတော်မူပြီးသည့်နောက် မင်းတရားရွှေထီးသည် သက္ကရာဇ် ၉၁၀-တွင် ယိုးဒယားသို့ ချီ၍ လုပ်ကြံလျှင် အောင်မြင်တော်မူ၍ဆင်, မြင်းမိုလ်ပါမှစ၍ ထုတ်ယူခဲ့ရာတွင် ရှင်စည်းရဟန်းသံဃာ ပါလာသဖြင့် တလိုင်းပြည်တွင် ဤတွင်အစ ရှင်စည်းပေါ်သည်၊ယိုးဒယားပြည်ကား ယောနကတိုင်းဖြစ်သည်၊ ထိုတိုင်းသို့ သာသနာတော် ၂၃၆-ခုတွင် ရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည် ဓမ္မရက္ခိတမထေရ်ကို စေလွှတ်၍ သာသနာပြုစေသည်နှင့် ဝိဘဇ္ဇဝါဒီဝိနယဓရ သာသနာတော်၌ စောင့်ထိန်းကြ၍ အနွယ်အဆက် ဖြစ်ခဲ့ပြီးသည်နောက် သာသနာတော် ၆၀၀—ကျော်,၇၀၀—ခန့်တွင် ဓမ္မဝါဒီအားနည်း၍ အဓမ္မဝါဒီအားကြီးပြန်လေသော် သီဟိုဠ်ကျွန်းဘုမ္မိရာဇာဓိပတိလက်ထက် ရဟန်းသံဃာတို့သည် အလဇ္ဇီသာ များပြားသဖြင့် ပါဋလိပုတ်ပြည်၌ ရှင်ယောင်ကဲ့သို့ ဝတ်ရုံခြင်းဖောက်ပြန်၍ ပရမတိဿလာကမင်းလက်ထက် ယိုးဒယားပြည်သို့ ရောက်လေသည်၊ ယိုးဒ

ယားပြည်က ဟံသာဝတီသို့ မင်တရားရွှေထီးလက်ထက် ရင်စည်းရဟန်း အပေါင်း ရောက်လာသည်။

ဟံသာဝတီ မဟာသံဃရာဇာနှင့် တရားဆွေးနွေး မေးမြန်းကြလျှင် သမ္မောဂသဘာဂမတူ အယူဝါဒကွဲပြားသည်ဖြစ်၍ ကံကြီးကံငယ် မစပ် မရှက် ဂိုဏ်းခြားပြု၍ နေလေသည်၊ မင်းတရားရွှေထီးမရှိလျှင် သက္ကရာဇ် ၉၁၄—ခုတွင် ဆင်ဖြူရှင်မင်းတရားကြီး ဟံသာဝတီတွင် အုပ်စိုးစံလေ သည်၊ မင်းအဖြစ်သို့ရောက်ခဲ့လျှင် မဟာဝိဟာရဝါသီ အနွယ်အဆက် ကေတုမတီမြို့မှာ ခမည်းတော်ဆရာ ရှင်သဒ္ဓမ္မပါလကို ဇေတဝန်ကျောင်း ရုံသုံးဆယ်နှင့်တကွ ဆောက်လုပ်၍ တင်လှူသည်၊

ဆင်ဖြူရှင်မင်း ရှမ်းပြည်၌ သာသနာပြုခြင်း

သက္ကရာဇ် ၉၁၆-ခုတွင် သီဟိုဠ်ကျွန်းကို အစိုးရသော ဘုမ္မိရာဇာ မိပတိမင်းလက်ထက်ကသည် မင်းသုံးဆက်လေးဆက်တိုင်အောင်သာသ နာတော် တိမ်းယိမ်းလေသည့် အရာကို "သီဟိုဠ်ကျွန်း ဓမ္မပါလမင်းက သာသနာပြုစုပါ"ဟူ၍ လျှောက်လာသောကြောင့် ပိဋကတ်သုံးပုံနှင့် တကွ စွယ်တော်မြတ်ကို ပူဇော်ရန်နှင့် ကူးရသည်၊ အုန်းဘောင်,မိုးမိတ် စသော ရှမ်းပြည်တတန်မှာ မိစ္ဆာဒိဋ္ဌိအယူတို့ဖြင့် စော်ဘွားဘို့ယူသည် ကို မြင်တော်မူ၍ ပါဠိ, အဋ္ဌကထာ, ဋီကာကျွနသော အရိယာသံဃာ တော်တို့ကို တောင်းပန်၍ ပိဋကတ်သုံးပုံနှင့်တကွ ပရိယတ္တိသာသနာ, ပဋိပတ္တိသာသနာတည်လျှင် စော်ဘွားတို့ကိုအပ်၍ ကိုးကွယ်ရသည်။

ထိုမြို့နေရွာသားကိုလည်း ပဉ္စသီ, အဋ္ဌသီ,ဒသသီ-ခံ၍ တရားနာရ သည်၊ မိုးကောင်းမိုးညှင်းစသော သုနာပရန္တတိုင်း, မိုးမြဲညောင်ရွှေစ သော ကမ္ဘောဇတိုင်း, ဇင်းမယ် ကြိုင်သင်းစသော ဟရိပုဥ္စတိုင်းတို့သို့ ချီ၍ နှိပ်နှင်းပြီးလျှင် မိစ္ဆာဒိဋ္ဌိအယူကို ပယ်စေ၍ သမ္မာဒိဋ္ဌိအယူကို ယူစေပြီးလျှင် ပါဠိ,အဋ္ဌကထာကျွနသော အရိယာသံဃာတော်မြတ်တို့ ကို တောင်းပန်၍ ပိဋကတ်သုံးပုံအစုံနှင့်တကွ စော်ဘွားတို့ကို အပ်နှံ၍ ကိုးကွယ်စေသည်၊ ထိုမြို့ ထိုရွာသားတို့ကိုလည်း ပဉ္စသီ,အဋ္ဌသီ,ဒသသီခံ ယူစေသည်၊

ထိုမြို့ထိုရွာသားတို့ကိုလည်း မဂဓဘာသာ ကျနေအောင် သင်စေပြီး သာမဏေပဉ္စင်း ခံစေသည်၊ စစ်ကိုင်းအရပ်၌ တိဿပုဂ္ဂိုလ်အား ရွှေ

ကျောင်းဆောက်လုပ်၍ လှူတော်မူသည်၊ ပိဋကတ်သုံးပုံကိုလည်း အဋ္ဌကထာ,ဋီကာနှင့် တကွအပ်၍ တပည့်သံဃာတို့ကို ပို့သသင်ကြားရန် တောင်းပန်၍ သံဃာတော် ၂၀၅-ကျိပ်တို့ကိုပို့သသင်ကြားတော်မူသည်၊ တံတားဦးအရှေ့ ရေသဖန်းဘုရားရင်ပြင်တွင် သဒ္ဓမ္မဒိဝါကရပုဂ္ဂိုလ်အား ကျောင်းရုံနှင့်တကွ ရွှေကျောင်းဆောက်၍ လှူတော်မူသည်၊ ပိဋကတ်သုံးပုံ ပါဠိ, အဋ္ဌကထာ, ဋီကာနှင့်တကွ အပ်တော်မူ၍ သံဃာတော် ၁၅၀-တို့ကို ပို့သသင်ကြားရသည်။

ဒွန်းစဏ္ဍားရဟန်းများ

သက္ကရာဇ် ၉၂၉-ခု ဝါဆိုလတွင် သီဟိုဠ်ဓမ္မပါလမင်းက စတုမဟာရာဇ်နတ်မင်းလေးပါးတို့ လှူသော ကျောက်သပိတ်ကို ဆရာဘုန်းကြီးရှင်ဓမ္မသီရိပုဂ္ဂိုလ်ကြပ်မ၍ ပို့လာသည်၊မဇ္ဈိမဒေသ၌ ပဌမ,ဒုတိယ, တတိယ သင်္ဂါယနာတင်ပြီးသည့်နောက် ၂၃၆-ခုတွင်သောဏထေရ်, ဥတ္တရထေရ်တို့သာသနာပြုကြွလာ၍ သာသနာတော်တည်ပြီးမှဟံသာဝတီမြို့၌ မင်း ၁၆-ဆက်အဆုံး တိဿရာဇာမင်း လက်ထက်တွင် သာသနာတော် ၆၉၇-ခုတွင် ဒွန်းစဏ္ဍားအမျိုးမှ ရဟန်းပြုသော သူတို့သည် တကျွန်းပြည်က ရောက်လာလျှင်တိဿရာဇာမင်းကို ဖြားယောင်းသဖြင့် ယုံကြည်၍ သာသနာတော်ကို မင်းအာဏာနှင့် ဖျက်ဆီးလေသဖြင့် နောက်ဘုရား,တရား မဟုတ်မမှန်သည်ကိုသိ၍ ဒွန်းစဏ္ဍားရဟန်းတို့ကို စီရင်ကွပ်ညှပ်ရာတွင် အချို့ထွက်ပြေး၍ သီဟိုဠ်ကျွန်းသို့ ကူးလေသည်။

ဤဒွန်းစဏ္ဍားရဟန်းတို့၏အနွယ်အဆက် သတ္တိ,ဗျတ္တိနှင့်ပြည့်စုံသဖြင့် မင်းဆရာဖြစ်လျှင်အဘယဂိရိဂိုဏ်းသံဃာတို့နှင့်ရောယှက်ထွေးမိပြန်လေသော် ထိုအဆက်အနွယ်သံဃာတို့သည် လူကဲ့သို့ဝတ်ခြင်း, ရုံခြင်းစသော ဖေါက်ပြန်၍ ဘုမ္မိရာဇာဓိပတိမင်းတိုင် အလဇ္ဇီသာပွါးများလေသည်နှင့် သီဟိုဠ်ကျွန်းအလဇ္ဇီရဟန်းတို့ ယိုးဒယားပြည်သို့ ရောက်လေသည်။

အလဇ္ဇီ အဓမ္မဝါဒီဂိုဏ်း အားကောင်းခြင်း

ယိုးဒယားပြည်က ဟံသာဝတီပြည်သို့ မင်းတရားရွှေထီး လက်ထက် အလဇ္ဇီ ရင်စည်းဒုကုဋ်တင်ရောက်လာသည်နှင့် ဆင်ဖြူရှင်မင်းတရားလက်ထက်သော်ကား ဂိုဏ်းအားကြီးလေသည်၊ရှေးဓမ္မစေတီမင်း ဟံသာဝတီမြို့တွင် မင်းပြု၍သာသနာတော်ကို ရှင်းလင်းသည်၊ နောက်အစည်းအဝေး

တဝလည်း မဟာဝိဟာရဝါသီ တဂိုဏ်းတည်းသာရှိသည်၊ မင်းတရားရွှေထီးလက်ထက် အလင်္ကာ၊အဓမ္မဝါဒီ ရင်စည်းပေါ်ရှိလာပြန်လျှင် ရင်စည်းတဂိုဏ်း၊မဟာဝိဟာရတဂိုဏ်းနှစ်ဂိုဏ်းကွဲခဲ့၍ဆင်ဖြူရှင်မင်းတရားတိုင်ပေါ်ရှိ၍ အဓမ္မဝါဒီသာ အားကြီးသည်၊ ဓမ္မဝါဒီအားနည်းလေသည်။

ဆင်ဖြူရှင် မင်းတရားကြီးလည်း သာသနာတော် မတည်သေးသောအရပ်များကိုသာလျှင် သာသနာတော်တည်လေအောင် ပြုစုသည်၊ဘုရားသခင်အလိုတော်အသို့ရှိသည်ဟု အယူဝါဒညီညွတ်အောင် မသုတ်မသင်ရှိလေသည်နှင့် အလင်္ကာပေသလ အဓမ္မဝါဒီသာများကုန်သည်။

မဟာဥပရာဇ်မင်း သာသနာသုတ်သင်ခြင်း

သက္ကရာဇ် ၉၄၃-ခုတွင် ဆင်ဖြူရှင်အနိစ္စရောက်၍ သားတော်အိမ်ရှေ့ မဟာဥပရာဇာမင်းပြုတော်မူသည်၊မင်းအဖြစ်သို့ရောက်လျှင် ရာမညတိုင်း၌ သီတင်းသုံးနေသော ရဟန်းသံဃာတို့သည် ဥယျာဉ်, လယ်ယာစိုက်ပျိုး၍ ရောင်းဝယ်ခြင်း, ဗေဒင်တွက်ခြင်း, ရွှေ ငွေဆည်းပူးခြင်း, ကျွဲနွားမွေးခြင်း,ကျွန်ယောကျ်ား-ကျွန်မိန်းမထားခြင်း,ရဟန်းတို့နှင့် မလျော်မလျောက်ပတ်ရှိသည်များကို သိတော်မူ၍ သက္ကရာဇ် ၉၅၅-ခု ဝါဆိုလတွင် သာသနာတော်ကို သုတ်သင်ရှင်းလင်းလိုသောကြောင့် နိဿယည်းကင်း၍ မနေထိုက်သောရဟန်း, နိဿယည်းအင်္ဂါ မေး၍-မရသောရဟန်းယုတ်များကို အဝတ်လဲ၍ လူထွက်စေသည်။

မင်းစိုးရာဇာစသော လူအပေါင်းတို့နှင့် ရောပြွမ်းဆက်ဆံ၍နေသောဘားမဲ့ဘုန်းကြီးတို့ကို ယုံကြည်တော်မမူ၍ ညောင်ရမ်းမြို့မှာ သီတင်းသုံးနေစေသည်၊ ဟံသာဝတီပြည်ကို သက္ကရာဇ် ၉၅၈-ခုတွင် ညောင်ရမ်းမင်းတရား, ဇင်းမယ်မင်းတရား, တောင်ငူမင်းတရားတို့ ခြားနားလေသည်၊ ဟံသာဝတီမှာလည်း ထိုနှစ်တွင်ပင် ဆန်စပါးဆွဲ့ရှား၍ သေကြေပျက်စီးခြင်း များစွာရှိကုန်သည်၊ ရဟန်းသံဃာတို့လည်း တရားကိုရှေးမရှုနိုင်ကြလေသည်နှင့် သာသနာတော် တိမ်းယိမ်း ပျက်စီးလေသည်၊ သက္ကရာဇ် ၉၆၀-ပြည့်တွင် တောင်ငူဘုရင်, ရခိုင်ဘုရင်တို့ပေါင်း၍ လုပ်ကြံလေသော် ဟံသာဝတီပြည်ပျက်၍ ဟံသာဝတီ ဥပရာဇာကို တောင်ငူသို့ သိမ်းယူခဲ့ပြီးလျှင် သက္ကရာဇ် ၉၆၁-ခုတွင် သားတော်နတ်ရှင်နောင် လုပ်ကြံ၍ အနိစ္စရောက်သည်။

ကုလားစေင်ကာ သာသနာဖျက်ဆီးခြင်း

ဓမ္မစေတီ ဆင်ဖြူရှင်မင်းတရားကြီး မရှိသည့်နောက် တိုင်းကြီးပြည်ကြီးတို့သည် အသီးအသီးခြားနေလေသည်နှင့် ဟံသာဝတီ မဟာဥပရာဇာမရှိသည်နောက် သံလျင်မြို့၌ ဘုရင်ဂျီကုလားစေင်ကာကို သက္ကရာဇ် ၉၆၁-ခုတွင် ရခိုင်ဘုရင်က တောင်ငူဘုရင်ကို အခွင့်ပန်၍ အစောင့်အနေထားသည်၊ ကုလားစေင်ကာလည်း ရခိုင်ဘုရင်,တောင်ငူဘုရင်တို့ကို ခြားနား၍ ၁၂-နှစ်တိုင် သံလျင်ကနေ၍ တလိုင်းသုံးရပ်ကို မင်းပြုသည်၊ သံလျင်စေင်ကာ မင်းပြုသည့်အတွင်း ဘုရားစေတီ,ပုထိုးများကို ဖျက်ဆီး၍ ရွှေဆင်းတု,ငွေဆင်းတုများကို ယူပြီးလျှင် အခဲအပြည့်ကျို၍ သင်္ဘောနှင့် တကျွန်းပြည်သို့ ကုန်ရောင်းကုန်ဝယ် ပြုစေသည်၊ တကျွန်းသားတို့သည် ဘာသာခြင်းတူသည်နှင့် ကျွန်းရှိတိုင်း အဝယ်လာရောက်ကြသည်။

ရာမညတိုင်းဝယ် ရဟန်းသံဃာတို့လည်း ထင်ထင်ပေါ်ပေါ် မရှိမနေဝံ့ကြ၊ လူအပေါင်းတို့လည်း အလှူအတန်း ထင်ထင်ပေါ်ပေါ် မပေးမလှူဝံ့ကြ၊ မင်းအာဏာကို ကြောက်၍ရှိသည်နှင့် သီဟိုဠ်ကျွန်းစသော ကျွန်းတို့၌နေသော အလဇ္ဇီရဟန်းတို့ သံလျင်သို့လာရောက်လျှင် ကုလားစေင်ကာမင်းနှင့် အထပ်သင့်ကျင့်၍ အရက်သောက်ခြင်း စသောအမှုနှင့် သံသဌပြု၍ နေသည်။

ဦးထုပ်ဆောင်းနှင့် ခေါင်းတင်ရဟန်းများ

ကုလားစေင်ကာ ဘုရင်ဂျီမင်းလည်း ထိုအလဇ္ဇီရဟန်းတို့ ထိပ်အုပ်သင်္ကန်း နောက်လှန်ကို မြင်ရာတွင် ကုလားစေင်ကာက"ငါတို့ သာသနာနှင့် တူသည်"ဟုဝမ်းမြောက်ဝမ်းသာရှိသဖြင့် ဖဲကတ္တီပါကိုပေး၍"အရှင်ဘုရားတို့ စိတ်ကြိုက်လုပ်၍ ဆောင်းစေ"ဆိုရာတွင် အသီးအသီးလုပ်၍ဆောင်းကြလေသည်၊ အချို့သော ကျမ်းဂန်သိမြင်တို့လည်း ဦးထုပ်ကိုကြောက်၍ ထွက်ပြေးလေသည်၊ အချို့သော ရဟန်းသံဃာတို့သည် အလဇ္ဇီ အဓမ္မဝါဒီချည်း ဖြစ်ကြ၍ ကုလားစေင်ကာမင်း အလိုကိုလိုက်၍ ဦးထုပ်ဆောင်း ၁၂-နှစ်တိုင် ဖြစ်ကြလေသည်။

ကုလားစေင်ကာလက်ထက် ရောက်လာသော ခေါင်းတင်နောက်လှန် အနွယ်အဆက် သီဟိုဠ်ကျွန်းက ဖြစ်သည်၊ သီဟိုဠ်ကျွန်းတွင် ဘုမ္မိရာဇာ

မိပတိမင်းလက်ထက် သတ္တိ ဇွတ္တိနှင့် ပြည့်စုံသော ရဟန်းတပါးသည် ဦးခေါင်းတွင် အိုင်းအနာ ပေါက်ရောက်သဖြင့် ဦးခေါင်းတွင် သက်န်း ဖုံးအုပ်၍ထားသည်၊ အနာငြိမ်းပြီးသည့်နောက် ဦးခေါင်း၌ အမာရွတ် မလျောက်ပတ်ရှိသည်ကို တကာတို့ ပြက်ရယ်ပြုကြသဖြင့် ရှက်စနိုး၍ သက်န်းကိုဦးခေါင်း၌ဘင်၍ ရွာဝင်ရွာထွက် သွားလာသည်ကို တပည့် သံဃာတို့က "ရွာဝင်ရွာထွက် မလျော်မလျောက်ပတ်ပါ"ဟု လျှောက် ထားကြသော် ဂိုဏ်းဆရာ အကြီးဖြစ်သောကြောင့် သက်န်းကိုးထည် အဆုံးအဖြတ်ကို ပြု၍ "လျော်၏"ဟု ဆိုသဖြင့် ပြုကျင့်လေသည်နှင့် နောက်သားတပည့်တို့လည်း ဝိနည်း၌ မသိမလိမ္မာကြသဖြင့် ဆရာစဉ် ပြုဘူးသည်ကိုစွဲ၍ ခေါင်းတင်နောက်လှန် ဂိုဏ်းပြု၍ သီဟိုဠ်ကျွန်းတွင် အစမူ၍ဖြစ်လေသည်နှင့် သီဟိုဠ်က အဆက်အနွယ် ကုလားစေင်ကာ လက်ထက် ရောက်ပေါက်လာလျှင် ခေါင်းတင်နောက်လှန်ကို ပစ်ပယ်၍ ဘုရင်ဂျီဦးထုပ်ပြု၍ ကုလားစေင်ကာမင်း နှစ်သက်အောင် ကျင့်ဆောင် သဖြင့် ရာမညတိုင်းတို့၌ ရှိလေသည်နှင့် သက္ကရာဇ် ၉၆၁-ခုတွင် ဆင်ပုန်း ကျားအောင်းရှိလေသော အင်းဝမြို့ကိုညောင်ရမ်းမင်းတရား တည်ထောင် စံနေသည်၊ ညောင်ရမ်းမင်းတရား အနိစ္စရောက်လျှင် သားတော်အနောက် ဘက်လွန် မင်းပြုသည်။

၎င်းအနောက်ဘက်လွန် မင်းတရားကြီးသည် သံလျင်စား ကုလား စေင်ကာကို သက္ကရာဇ် ၉၇၄-ခုတွင် ချီ၍လုပ်ကြံလျှင် သံလျင်မြို့နှင့်တကွ ရာမညတိုင်း တလိုင်းသုံးရပ်လုံးကို အောင်မြင်တော်မူ၍ အုပ်ချုပ်စီရင် တော်မူသည်၊ ရာမညတိုင်း တလိုင်းသုံးရပ်ကို အုပ်ချုပ်စီရင်လျှင် မြန်မာ့ ဦးစွန်းဖြစ်ပြန်၍ ရတနာပူရသို့ စာပေကျမ်းဂန်နှင့်တကွ ရဟန်းသံဃာတို့ ရောက်၍ သာသနာတော် စည်ပင်ထွန်းပြန်သည်၊ ရဟန်းသံဃာတို့ **စာ**ရိတ္တအကျင့်မှာ ဓမ္မဝါဒီအားနည်း၍ အဓမ္မဒါဒီ အားကြီးလေသဖြင့် သာသနာတော် အညစ်အကြေး ဘေးရန် ဆူးငြောင့်သဘွယ် ဆိုးသွမ်း သော ရှင်ရဟန်းသာမဏေတို့ပေါများ၍ အဓမ္မဝါဒီအယူပင် ဖေါက်ပြန် လေသည်၊ ဆရာစဉ်ဦးထုပ်ဆောင်း ပုဂံ, အင်းဝ, စစ်ကိုင်း, ပန်းယသို့ ဆန်တက်၍ ရှိလေသည်။

သာလွန်မင်းလက်ထက် အဝတ်အရုံ ဖောက်ပြန်ခြင်း

ပရိယတ္တိပင်ရှိသော်လည်း ပဋိပတ္တိအကျင့် ပျက်ပြန်လေ၍ ဆရာစဉ်သို့ လိုက်၍သာ ဝဇ္ဇိတိုင်းသားကဲ့သို့ ရှိလေသည်နှင့် ညီတော်သာလွန်မင်း တရားသည် သက္ကရာဇ် ၉၉၁-ခုတွင် အထွတ်အမြတ်သို့ ရောက်တော်မူလျှင် သက္ကရာဇ် ၉၉၈-ခုတွင် ကောင်းမှုတော် ရာဇမဏိစူဠာကို တည်သည်၊ သက္ကရာဇ် ၉၉၉-ခုတွင် စာပေပိဋကတ်ကို စ၍ရေးမှတ်သည်၊ သက္ကရာဇ် ၁၀၀၀-ပြည့်တွင် ကျမ်းဂန် သင်ကြားဘူးသောသာမဏေတို့ကို ဆရာတော်တို့ မေးမြန်း၍ရသော သာမဏေ ၁၀၈-ပါးကို ပဉ္စင်းခံတော်မူသည်။

အင်းဝ လေးထပ်ကျောင်းဆရာ, စံကျောင်းဆရာတို့သည် ကျမ်းဂန် စာပေမှာ ကျွန်တော်မူကြ၏၊ အာစရိယဝါဒမပျက် စာပေပရိယတ်ကို သာ အားထုတ်တော်မူကြသည်၊ ကျမ်းဂန်လာရှိတိုင်း သာမဏေတို့ကို မကျင့်မဆောင်စေကုန်၊ ထိုသာမဏေတို့ ဝတ်ရုံခြင်းကိစ္စမှာ ပါဠိကာရ-တဖက်ကန်တော့တင် ဝတ်ခြင်းတို့ကဲ့သို့ ဝတ်၍ ရင်စည်းပြီးလျှင် လောကသောကိုယ်ဝတ် လူတို့ကဲ့သို့ အပေါ်ပြု၍ ရွာဝင်ရာတွင် သွားလာခြင်းကို ပြုကြကုန်သည်။

စစ်ကိုင်းညောင်စည်ကျောင်းနေ မင်းရဲကျော်စွာဆရာ တိပိဋကာလင်္ကာရ ပုဂ္ဂိုလ်,ရှင်အရိယဝံသပုဂ္ဂိုလ်နှစ်ပါးတို့လည်း စာသင်ဘက်အတူဖြစ်ဘူးကြသည်တွင် ရှင်အရိယဝံသပုဂ္ဂိုလ်သည် တရားရှိတိုင်းကျင့်လို၍ ဦးထုပ်များကိုချလို၍ စစ်ကိုင်း မင်းဝံတောင်ဖျားတွင် တောဝင်တော်မူသည်၊ တိပိဋကာလင်္ကာရပုဂ္ဂိုလ်လည်း ကျောင်းကန်မှစ၍ ပရိသတ်အပေါင်းတို့ကို စွန့်ခဲ့ပြီးလျှင် သဘောတူလေးပါးနှင့် ဝါးချက်အနောက် တောင်ဘီလာတွင် တောဝင်၍ တရားကျမ်းဂန်ရှိတိုင်း ကျင့်တော်မူသည်။

ဆဗ္ဗဂ္ဂီရဟန်းများဝတ်ရုံပုံ

ဝတ်ခြင်း,ရုံခြင်းသည် ဘုရားသခင်လက်ထက် ဆဗ္ဗဂ္ဂီရဟန်းတို့သည် လူတို့ကဲ့သို့ ရှေ့နောက်တွဲလျား ချ၍ဝတ်ခြင်း, ဆင်နှာမောင်းကဲ့သို့ ချက်မှချ၍ဝတ်ခြင်း,ငါးမြီးကဲ့သို့ တဘက်မှအဆာ တဘက်မှအကွင်းကိုချ၍ဝတ်ခြင်း,ထန်းရွက်အပြားကဲ့သို့ အပြား

အပြား တွဲလျားချ၍ ဝတ်ခြင်း, ကျေးမိန်းမတို့ကဲ့သို့ ခါးစည်း ခါးရမ်းကြီး ထား၍ဝတ်ခြင်း, ရှည်သောပုဆိုးကို အကြိမ်များ စွာခေါက်၍ အောက်ပိုးပြုသဖြင့် ဝတ်ခြင်း, လက်ဝဲ, လက်ယာ နံပါး တို့၌ တွဲလျားချ၍ ဝတ်ခြင်း, လက်ပန်းသမားတို့ကဲ့သို့ အောက် ပိုးကြိုက်၍ ဝတ်ခြင်း-ဤသို့အစရှိသဖြင့် လူတို့ကဲ့သို့ ဝတ်ခြင်း ကြောင့် ရဟန်းတို့အား မအပ်ဟု ပညတ်တော်မူ၍ အဝန်းညီစွာ ဝတ်ရမည်ဟု ပညတ်တော်မူသည်။

ဘုရားသခင်လက်ထက် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ပုဆိုးဖြူကိုထက် ဝက်သောအစဉ်ဖြင့် နိဂဏ္ဍရုံသကဲ့သို့ ရုံကုန်သည်၊ အချို့သော ပရိဗ္ဗာဇကတို့သည် ရင်ကိုဖွင့်၍ ပခုံးစွန်း နှစ်ဘက်တို့၌ အဝတ်ကို ထားဘိသကဲ့သို့ရုံသည်၊ တထည်သောပုဆိုးကို လူတို့သည် တခု သောအစွန်းဖြင့် ကျောက်ကုန်းကိုရစ်၍ နှစ်ဘက်သော ပခုံးစွန်း တို့၌ ထား၍ရုံကုန်သည်၊ သေသောက်ကြူးတို့သည် ပုဆိုးတထည် ဖြင့် လည်ပင်းကိုရောက်၍ အစွန်းနှစ်ဘက်ကို ရင်၌တွဲလျားချ ကုန်လျက် ကုန်းကို ပစ်သကဲ့သို့ ရုံကုန်သည်၊နန်းတွင်းသူ အစရှိ သည်တို့သည် မျက်စိကိုသာဖွင့်၍ ဦးခေါင်းချုံရုံသကဲ့သို့ ရုံကုန် သည်၊လယ်လုပ်သမားတို့ ပုဆိုးကို ကုန်းစော၍ ရုံသကဲ့သို့ ရုံကုန် သည်၊ပါဠိသင်သောရဟန်းတို့သည် ပခုန်းတဘက်ဖြင့်ရုံ၍ လက် ဝဲကိုဖွင့်၍ သက်န်းကို ပခုန်းစွန်း၌ တင်သကဲ့သို့ ရုံကုန်သည်။

ဤသို့စသည်ဖြင့် လူတို့ကဲ့သို့ ဆဗ္ဗဂ္ဂီရဟန်းတို့ ဝတ်ရုံခြင်းကြောင့် လူတို့မြင်၍ ကဲ့ရဲ့သည်ကို ကြားသိတော်မူလျှင် "ချစ်သားရဟန်း တို့....လူတို့ကဲ့သို့ ဝတ်ရုံသမျှသည် မအပ်၊ ငါဘုရားရုံသကဲ့သို့ လျောက်ပတ်စွာ ရုံအပ်သည်"ဟုပညတ်တော်မူပြီးလျက် ပိဋကတ် သုံးပုံကိုပင် အကုန်တတ်လိမ္မာသော်လည်း တရားကိုမကျင့်လို လျှင် ဘောက်ပြန်ခြင်းရှိသည်။

ဝိနည်းအရာ တေဒဂ်ရသော အရှင်ဥပါလိ၏ တပည့်ရဟန်း သည် တရားဘောက်ပြန်၍ ယူသည်ကို ဟုတ်မှန်စွာ ယူစိမ့်သော ငှါ ဘုရားဒေသနာပြုသည်ကို ပြသော ဒေသနာတော်ကိုပင် အာ ပြစ်တင်၍ မိစ္ဆာဒိဋ္ဌိအယူရှိသော ရဟန်းတို့သို့ဝင်၍ နေသည်၊ ဤ

သည်ကိုထောက်၍ ဘုရားဟောသောပါဠိ, အဋ္ဌကထာ, ဋီကာ လာတိုင်း ကျင့်ဆောင်မည့်သူ အလွန်ခဲယဉ်းလှသည်။

ဒုတိယဆပဒအနွယ် ရှင်သီလဝံသ

ရင်ဖွဲ့စည်း ဦးထုပ်ဆောင်း ဝတ်ခြင်း, ရုံခြင်းတို့သည် မင်းတရားရွှေထီးလက်ထက်မှစ၍ယိုးဒယားပြည်က ရင်စည်းပေါ်လာခြင်း,ကုလားစေင်ကာ သံလျင်စားလက်ထက် ဦးထုပ်ဆောင်း ပေါ်လာခြင်းဖြစ်၍ မြို့ပြ တိမ်းယိမ်းပျက်စီးလျှင် ဓမ္မဝါဒီ အားနည်း၍ အဓမ္မဝါဒီ အားကြီးစွာ ၁၃၃-နှစ်တိုင်အောင် ပေါ်ရှိလာသည်နှင့် သက္ကရာဇ် ၁၀၃၄-ခုတွင် သာလွန်မင်းတရားမြေး ပြည်မင်းတရားသားတော် ရမည်းသင်းမင်းကြီး ၃၇မင်း လက်ထက် တရားကို ကျင့်ဆောင်လိုသောကြောင့် တောင်ငူ ရှင်ဝိစိတ္တာလင်္ကာရပုဂ္ဂိုလ်သည် ထေရဝါဒဓမ္မဝါဒီပုဂ္ဂိုလ်၏ အဆက်အနွယ်ကို ဆင်ခြင်လတ်သော် ပင်းယ သီဟသူလက်ထက် ရဟန္တာထွေးဟု ခေါ်ဝေါ်ကြသော ဝေသာလီမြို့သား ရှင်ဒိဗ္ဗစက်မထေရ်၏ အနွယ်အဆက် သိဿာနုသိဿဖြစ်ခဲ့၍ ဝါဒမကွဲမပြား ၁၁၄-နှစ်တိုင်အောင် ရှိသည်နောက်—

သီဟိုဠ်ကျွန်းက သက္ကရာဇ် ၇၈၈-ခု မိုးညှင်းမင်းတရားလက်ထက် မဟာဝိဟာရဝါသိဂိုဏ်း သိရိသဒ္ဓမ္မာလင်္ကာရထေရ်, သီဟဠမဟာသာမိထေရ် နှစ်ပါးတို့သည် သာသနာပြုကြွလာသဖြင့် သာသနာတော်ဆက်မပြန်၍ ထေရဝါဒမကွဲမပြား ရှိသည်နောက် သားတော်ထုပါရုံ ဒါယကာမင်းတရားလက်ထက် ကုသိမ်မြို့ ဆပဒအရပ်သား ဒုတိယဆပဒ ရှင်ဓမ္မကေတုမထေရ်သည် သီဟိုဠ်ကျွန်းသို့ရောက်၍မဟာဝိဟာရကျောင်း၌ ပဉ္စင်းခံခဲ့၍ ကုသိမ်မြို့သို့ ပြန်ခဲ့သဖြင့် မိဘရပ်ရွာ၌ နေတော်မူပြီးမှ သီဟိုဠ်ဆရာတော် သိရိသဒ္ဓမ္မာလင်္ကာရထေရ်, သီဟဠမဟာသာမိထေရ် နှစ်ပါးကို တွေ့မြင်လိုက်ဘူးသည်နှင့် ဒုတိယဆပဒရှင်ဓမ္မကေတုထေရ်သည် စစ်ကိုင်းသို့ အဖူးအမြင်ကြွတော်မူလာ၍ ရောက်လျှင် ဆရာနှစ်ပါးတို့ကလည်း "ဤအရပ်တွင် ငါတို့နှင့်သာသနာတော် ထွန်းတောက်ပအောင် သီတင်းသုံးနေပါ"ဟု တောင်းပန်သဖြင့် စစ်ကိုင်းကျောင်း၌ နေ၍ပရိယတ်,ပဋိပတ်နှစ်ပါးကိုဖြည့်ကျင့်ရွက်ဆောင်သည်၊ရှင်ဓမ္မကေတု ဒုတိယဆပဒ အနွယ်အဆက် ရှင်သဒ္ဓမ္မပါလမထေရ်၏တပည့် တောင်

တွင်း ရှင်သီလဝံသမထေရ်သည် အင်းဝရွှေနန်းကြော့ရှင် လက်ထက် ထုပါရုံအရွှေရတနာဗိမာန်ကျောင်းမြောက်တွင် အနိစ္စရောက်သည်။

ဝတ်ရုံမှုအတွက် တရားဓမ္မစိစစ်ခြင်း

စစ်ကိုင်းချောင်၌ သီတင်းသုံးနေသော သီဟိုဠ်ရောက် မဟာထေရ် တပည့် ရှင်ရဋ္ဌသာရပုဂ္ဂိုလ်သည် ရွှေနန်းကြော့ရှင်လက်ထက် ၈၈၆-ခု အင်းဝ ရှေးဦးစွာ ပျက်ရာတွင် ပြည်သတိုးမင်းက ပင့်၍ ပြည်မြို့တွင် အနိစ္စရောက်သည်။

သက္ကရာဇ် ၈၈၈-ခုတွင် ရှမ်းစလုံသည် ရွှေနန်းကြော့ရှင် နရပတိ ကို လုပ်ကြံ၍ အနိစ္စရောက်လျှင် ရှမ်းစလုံ ၁၂-နှစ် မင်းပြုသည့်အတွင်း ပါဠိ,အဋ္ဌကထာ,ဋီကာ ကျနတော်မူသော ရဟန်း တထောင်ကျော်ကို မိစ္ဆာအယူဝါဒဖြင့် သတ်ရာတွင် ရဟန်း သံဃာတို့ တိုင်းတပါးသို့ ပြေးသွားကြသဖြင့် အင်းဝတွင် ရဟန်းသံဃာမရှိ၊ သာသနာ ပျက်စီး ယိုယွင်းလေသည်နှင့် ဟံသာဝတီ ဓမ္မစေတီမင်း သာသနာတော်ကို သက္ကရာဇ် ၈၃၉-ခုတွင် သုတ်သင် ရှင်းလင်းပြီးသည့်နောက် ၉၀၁-ခု တိုင် သာသနာတော် သန့်ရှင်းသည်။

မင်းတရားရွှေထီး,ကုလားဘုရင်ဂျီ စေင်ကာမင်းတို့ လက်ထက်တွင် ဝတ်ရုံခြင်းကိစ္စထူးလျက် မိစ္ဆာဝါဒီသာ များသဖြင့် ဓမ္မဝါဒီအားနည်း၍ အဓမ္မဝါဒီ အားကြီးလျက် သက္ကရာဇ် ၁၀၅၀-ပြည့်တိုင်အောင် အလဇ္ဇီ သာများ၍ ရှိသည်အတွင်းဝယ် ဒုတိယဆပဒ ရှင်ဓမ္မကေတုအနွယ် အဆက် ရမည်းသင်းမင်းတရား ၃-အင်္ဂါမင်းလက်ထက် ရှင်သီရိသဒ္ဓမ္မ မထေရ်,ညောင်ရွှေကျေး ညောင်ဝန်းသား ရှင်ဝိစိတ္တာလင်္ကာရ မထေရ် သည် ပိဋကတ်ကျမ်းဂန် နှံ့သိသည်, တတ်ရည် လိမ္မာရည် ရှိသည်နှင့် မြော,နောင်အ,မောဂ္ဂလာန်,ငရုံ,အို,မိုးကောင်း,တုံရွာဆရာတို့နှင့် စာ ပေကျမ်းဂန် လှည့်လည်၍ သင်ကြားရာတွင် တွေ့ကြုံကြ၍ သဒ္ဒနယ, အတ္ထနယ တရားကျမ်းဂန်ဆွေးနွေးကြဘူးသည်နှင့် ထိုအရပ် ရှင်ဝိစိတ္တာ လင်္ကာရမထေရ်သည် “ရွာပြည်သို့ပြန်၍ တရားရှိတိုင်း ကျင့်ဆောင်တော့ မည်”ဟု လာခဲ့ရာတွင် တောင်ငူမြို့သို့ရောက်သော် တကာတို့က ပင့်ဘိတ် ၍ အရညဝါသီ နေတော်မူသည်။

ထိုသို့နေရာ ငမြာ-ရှင်ပညာသာရမထေရ်, နောင်အ-ရှင်စန္ဒမဉ္ဇူ
မထေရ်, မောဂ္ဂလာန်-ရှင်ဓမ္မနန္ဒ မထေရ်, ငရုံး အိုး-ရှင်ကလျာဏဓဇ
မထေရ်, မိုးကောင်း-ရှင်အဂ္ဂသေီမထေရ်, တုံရွာ-ရှင်ဂုဏသီရိမထေရ်၊
ဤမထေရ်ခြောက်ပါးတို့သည် ဘုရားသခင် တရားရှိတိုင်း ကျင့်ဆောင်လို
သည်ဖြစ်၍ကျမ်းဂန်တရားဆွေးနွေးလိုသော်ငှာ တောင်ငူ ဝိစိတ္တာလင်္ကာရ
မထေရ်ထံရောက်ကြလျှင် ရှင်ဝိစိတ္တာလင်္ကာရမထေရ်က''ငါ့ရှင်တို့လည်း
ကျမ်းဂန်သင်ဘူးသည်ချည်း ဖြစ်သည်၊ ယခု ရဟန်းတို့မှာ ရင်စည်း၍
မြို့တွင်း ရွာတွင်းသို့ ဝင်ခြင်း,သာမဏေတို့မှာ ကိုယ်ဝတ်ကို ရင်စည်း၍
ကိုယ်ရုံကိုချုံ၍ မြို့တွင်းရွာတွင်းသို့ဝင်ခြင်း၊ဤဝတ်ရုံခြင်းတို့သည် ကျမ်းဂန်
နှင့်သင့်လျော်မည် မလျော်မည်ကို အထူးမဆိုသာသေး၊ ကျမ်းဂန်ကို
ကြည့်ရှုဆင်ခြင်ကြဦး''ဟု ဆို၍ မထေရ်ခြောက်ပါးတို့သည် နှစ်ဝါနေ၍
အသီးအသီး ကျမ်းဂန် ဖွေရှာစီစစ်၍ အစွမ်းရှိသမျှ ကောက်နုတ် ယူငင်
ကြသည်ကား-

> ''သဗ္ဗ မဃ ကပ္ပိယာကပ္ပိယံ အာစိက္ခိတဗ္ဗံ၊ နိဝါသန
> ပါရုပနာဒိသု အဘိသမာစာရိကေသု ဝိနေတဗ္ဗော၊ တေနာဟ
> အနုဇာနာမိ ဘိက္ခဝေ ဒသဟင်္ဂေဟိ သမ္မန္နာဂတံ သာမဏေရံ
> နာသေတုန္တိ၊ ဧဝံ ပရတော ဝုတ္တာနိ ဒသနာသနင်္ဂါနိ အာရကာ
> ပရိဝဇ္ဇေတွာ အဘိသမာစာရိကံ ပရိပူရေန္တေန ဒသဝိဓေ
> သီလေ သာမဏေရံ သိက္ခိတဗ္ဗန္တိ''ဟု ကျမ်းဆို၍ ရှိပြီ။

အဃ၊ ထိုသာမဏေအား။ သဗ္ဗံ၊အလုံးစုံသော။ ကပ္ပိယာကပ္ပိယံ၊
အပ်သည်,မအပ်သည်ကို၊ အာစိက္ခိတဗ္ဗံ၊ ကြားအပ်၏။ နိဝါသနပါရုပ
နာဒိသု၊ဝတ်ခြင်း,ရုံခြင်းအစရှိကုန်သော။ အဘိသမာစာရိကေသု၊ အဘိ
သမာစာရိကတို့၌။ ဝိနေတဗ္ဗော၊ဆုံးမအပ်၏။ တေန၊ထို့ကြောင့်။ အနု
ဇာနာမိ ဘိက္ခဝေ ဒသဟင်္ဂေဟိ သမ္မန္နာဂတံ သာမဏေရံ နာသေတုန္တိ၊
နာသေတုံ ဟူ၍။ အာဟ၊ဟောတော်မူ၏။ ဧဝံ၊ဤသို့။ ပရတော၊နောက်မှ။
ဝုတ္တာနိ၊ဆိုအပ်ကုန်သော။ဒသနာသနင်္ဂါနိ၊ဆယ်ပါးသော နာသန အင်္ဂါ
တို့ကို။အာရကာ၊ဝေးစွာ။ ပရိဝဇ္ဇေတွာ၊ကြဉ်၍။အဘိသမာစာရိကံ၊ အဘိ
သမာစာရိကသီလကို။ ပရိပူရေန္တေန၊ ဖြည့်သော သာမဏေသည်။ ဒသ
ဝိဓေ၊ ဆယ်ပါး အပြားရှိသော။ သီလေ၊သီလ၌။ သာမဏေရံ၊ကောင်းစွာ။
သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။

ဝိနည်းမဟာဝါအဋ္ဌကထာ၌ "အဘိသမာစာရိကသီလကို ရှိသေလေးမြတ်စွာ သာမဏေ ရဟန်းတို့သည် ဖြည့်ကျင့်ရမည်"ဟု ပါ၍,အဋ္ဌကထာ မြိမြီစွာလာခြင်းကြောင့် ရဟန်း,သာမဏေတို့သည် ဖြည့်ကျင့်အပ်သော အဘိသမာစာရိက သီလဟုဆိုအပ်သော ခန္ဓကဝတ်၌ အကျုံးဝင်သော ပိဏ္ဍစာရိကဝတ်၌-

ဘိက္ခဝေ၊ရဟန်းတို့၊ ပိဏ္ဍစာရိကေန၊ဆွမ်းခံသွားသော။ဘိက္ခုနာ၊ရဟန်းသည်။ ဂါမံ၊ရွာသို့။ ပဝိသိဿာမိ၊ဝင်အံ့။ ပရိမဏ္ဍလံ၊အဝန်းသုံးပါးညီစွာ။ ပဋိစ္ဆာဒေန္တေန၊ ဖုံးလွှမ်းသဖြင့်။ပရိမဏ္ဍလံ၊အဝန်းညီစွာ၊ နိဝါသေတွာ၊ သင်းပိုင်ကို ဝတ်၍။ ကာယဗန္ဓနံ၊ခါးပန်းကို။ ဗန္ဓိတွာ၊ဖွဲ့၍။ သဂုဏံ၊ ကိုယ်ဝတ်နှင့် ဒုကုဋ်ထပ်သည်ကို။ ကတွာ၊ ပြု၍။ သံဃာဋိယော၊ထပ်ပြီးသော ကိုယ်ဝတ်ဒုကုဋ်တို့ကို။ ပါရုပိတွာ၊ရုံ၍။ ဂဏ္ဌိကံ၊ ခါးပတ်သီးကို။ ပဋိမုဉ္စိတွာ၊ စွပ်၍။ ပတ္တံ၊ သပိတ်ကို၊ ဓောဝိတွာ၊ ဆေး၍။ ဂဟေတွာ၊ ယူ၍။ သာဓုကံ၊ကောင်းစွာ။ အတရမာနေန၊ မနှေးမလျင်။ ဂါမော၊ရွာတွင်းသို့။ ပဝိသိတဗ္ဗော၊ ဝင်အပ်၏။ သုပ္ပဋိစ္ဆန္နေန၊ကောင်းစွာ ဖုံးလွှမ်းသဖြင့်။အန္တရဃရေ၊ ရွာတွင်း၌။ ဂန္တဗ္ဗံ၊သွားအပ်၏။

ဤနည်းအတူ အရညကဝတ်, ဘတ္တဂ္ဂဝတ်စသည် ဝုဋ္ဌဝါပါဠိတော်၌ လာသည်၊ ရဟန်း,သာမဏေတို့သည် ဖြည့်ကျင့်အပ်သော ဥဘတောဝိဘင်း သေခိယပညတ်ဟု ဆိုအပ်သော အာဒိဗြဟ္မစရိယသိက္ခာပုဒ်၌ အကျုံးဝင်သော ခုနစ်ဆဲ့ငါးပါးသော သိက္ခာပုဒ်တို့တွင်—

ပဌမသိက္ခာပုဒ်၌—ပရိမဏ္ဍလံ၊အဝန်းညီစွာ။နိဝါသေဿာမိ၊ သင်းပိုင်ကို ဝတ်အံ့။ ဣတိ၊သို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။ နာဘိမဏ္ဍလံ၊ ချက်အဝန်းကိုလည်းကောင်း။ ဇာဏုမဏ္ဍလံ၊ ပုဆစ်ဒူး အဝန်းကိုလည်းကောင်း။ ပဋိစ္ဆာဒေန္တေန၊ဖုံးလွှမ်းသဖြင့်။ ပရိမဏ္ဍလံ၊စွာ။နိဝါသေတဗ္ဗံ၊ဝတ်အပ်၏။ ယောဘိက္ခု၊အကြင်ရဟန်းသည်။ အနာဒရိယံ၊ မရိုသေခြင်းကို။ ပဋိစ္စ၊စွဲ၍။ ပုရတောဝါ၊ ရှေ့မှလည်းကောင်း။ ပစ္ဆတောဝါ၊ နောက်မှလည်းကောင်း။ ဩလမ္ဗေန္တော၊ တွဲလျားချ၍။ နိဝါသေဿာမိ၊ဝတ်အံ့။

ဒုက္ခဌာသ၊ ဒုက္ခင့် အာပတ်သို့။ အာပတ္တိ-အာပဇ္ဇနံ၊ ရောက်ခြင်း သည်။ ဟောတိ၊ ဖြစ်၏။

ဒုတိယသိက္ခာပုဒ်၌—ပရိမဏ္ဍလံ၊ အဝန်းညီစွာ။ ပါရုပိဿာမိ၊ ရုံအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ၏။ ဥဘော ကဏ္ဏေ၊ အစွန်းနှစ်ဘက်တို့ကို။ သမံကတွာ၊ ညီညွတ်စွာပြု၍။ ပရိမဏ္ဍလံ၊ အဝန်းညီစွာ။ ပါရုပိတဗ္ဗံ၊ ရုံအပ်၏။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ အနာဒရိယံ၊ မရိုသေခြင်းကို။ ပဋိစ္စ၊ စွဲ၍။ ပုရတော ဝါ၊ ရှေ့မှလည်းကောင်း။ ပစ္ဆတော ဝါ၊ နောက်မှ လည်းကောင်း။ ဩလမ္ဗေန္တော၊ တွဲလျားချ၍။ ပါရုပတိ၊ ရုံအံ့။ ဒုက္ကဋဿ၊ မကောင်းသဖြင့်ပြုခြင်းသို့။ အာပတ္တိ-အာပဇ္ဇနံ၊ ရောက် ခြင်းသည်၊ ဟောတိ၊ ဖြစ်၏။

တတိယသိက္ခာပုဒ်၌—သုပ္ပဋိစ္ဆန္နော၊ ကောင်းစွာဖုံးလွှမ်း၍။ အန္တရဃရေ၊ ရွာတွင်း၌။ ဂမိဿာမိ၊ သွားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။ သုပ္ပဋိစ္ဆန္နေန၊ ကောင်းစွာဖုံးလွှမ်း သဖြင့်။ အန္တရဃရေ၊ ရွာတွင်း၌။ ဂန္တဗ္ဗံ၊ သွားအပ်၏။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ အနာဒရိယံ၊ မရိုသေခြင်းကို။ ပဋိစ္စ၊ စွဲ၍။ ကာယံ၊ ကိုယ်ကို၊ ဝိဝရိတွာ၊ ဖွင့်၍။ အန္တရဃရေ၊ ရွာတွင်း၌။ ဂစ္ဆတိ၊ သွားအံ့။ ဒုက္ကဋဿ၊ မကောင်းသဖြင့်ပြုခြင်းသို့။ အာပတ္တိ-အာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့လျှင် ပါစိတ်ပါဠိတော် စသည်၌လာသော အာဘိသမာစာရိက သီလ,အာဒိဗြဟ္မစရိယသီလတို့ကို ရိုသေလေးမြတ်စွာရဟန်း,သာမဏေ တို့သည် ဖြည့်ကျင့်ရမည်၊ ပါဠိ,အဋ္ဌကထာ မြဲမြံစွာ လာခြင်းကြောင့် ဆိုအပ်ခဲ့ပြီးသော အဘိသမာစာရိက သီလဟုဆိုအပ်သော ခန္ဓကဝတ်၌ အကျုံးဝင်သော ပိဏ္ဍစာရိကဝတ်, ဘတ္တဂ္ဂဝတ်, ဥဘတောဝိဘင်း, သေခိယပညတ်ဟုဆိုအပ်သော အာဒိဗြဟ္မစရိယသီလ၌ အကျုံးဝင် သော ခုနစ်ဆယ့်ငါးပါးသော သေခိယသိက္ခာပုဒ်သည် ရဟန်းတို့နှင့်သာ ဆက်ဆံ၏၊ သာမဏေတို့နှင့်မဆက်ဆံဟူ၍ ဝိနည်းငါးကျမ်း ပါဠိ,အဋ္ဌ ကထာ မည်သည်တွင်မျှ မရှိမလာဖြစ်တော့သည်။

"ငါ့ရှင့်တို့…ဘိက္ခုသဒ္ဒါသည် ရဟန်းကိုသာ ဟောသည်မဟုတ်၊ သာမဏေကိုလည်း ဟော၏။ဟောကြောင်းကား"သာမဏာယဘိက္ခု" ပါရာဇိကကဏ်ပါဠိတော်။၎င်းအဋ္ဌကထာ ဖွင့်ပြန်သည်ကား—

သာမဏာယာတိ၊ သာမဏာယဟူသည်ကား၊ ပဏ္ဏတ္တိယာ၊ နာမပဏ္ဏတ်အားဖြင့်၊ ဝေါဟာရေန၊ အမည်အားဖြင့်။ ဇာတိ အတ္ထော၊ဤသည်ကားအနက်။ ဟိ၊ထိုစကားမှန်၏။ သာမဏာယ ဧဝ၊အမည်အားဖြင့် သာလျှင်။ ဧကစ္စော၊ အချို့သော သူသည်။ ဘိက္ခုတိ၊ ရဟန်းဟူ၍။ ပဏ္ဏာယတိ၊ ထင်ရှား၏။ တထာ-တံ ဝစနံ၊ထိုစကားသည်။ ဟိ-သစ္စံ၊ မှန်၏။ နိမန္တနာဒိမှိ၊ ဆွမ်းဘိတ် မန်ရာစသည်၌။ ဘိက္ခူသု၊ ရဟန်းတို့ကို။ ဂဏိယမာနေသု၊ ရေ တွက်အပ်ကုန်သည်ရှိသော်။ သာမဏေရေပိ၊ သာမဏေတို့ကို လည်း။ ဂဟေတွာ၊ ယူ၍။ သတံဘိက္ခူ၊ရဟန်းတရာ။ သဟဿံ ဘိက္ခူ၊ရဟန်းတထောင်။ ဣတိ၊ဤသို့။ဝဒန္တိ၊ဆိုကုန်၏။

ဤ၌သာမဏေကိုပင် ရဟန်းဟူ၍ ပါရာဇိကကဏ်အဋ္ဌကထာပြ၍ ရဟန်း သာမဏေတို့ ကျင့်ဆောင်ရာ အာဒိဗြဟ္မစရိယ သိက္ခာပုဒ်၌ အကျုံးဝင် သော သေခိယတတိယသိက္ခာပုဒ်၌—

သုပ္ပဋိစ္ဆန္နော၊ ကောင်းစွာ ဖုံးလွှမ်းလျက်။ အန္တရဃရေ၊ ရွာတွင်း၌။ ဂမိဿာမိ၊သွားအံ့။ဣတိ၊ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ပြုအပ်၏။ သုပ္ပဋိစ္ဆန္နေန၊ ကောင်းစွာဖုံးလွှမ်းလျက်။ အန္တရဃရေ၊ ရွာတွင်း၌။ ဂန္တဗ္ဗံ၊ သွားအပ်၏၊ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ အနာဒရိယံ၊ မရိုသေခြင်းကို။ ပဋိစ္စ၊ စွဲ၍။ ကာယံ၊ကိုယ်ကို။ ဝိဝရိတွာ၊ ဖွင့်၍။အန္တရဃရေ၊ ရွာတွင်း ၌။ ဂစ္ဆတိ၊ သွားအံ့။ တဿ၊ ထိုရဟန်းအား။ ဒုက္ကဋဿ၊ ပတ်သို့။ အာပတ္တိ-အာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ဖြစ်၏။

အဋ္ဌကထာ၌ကား-သုပ္ပဋိစ္ဆန္နေနာတိ၊သုပ္ပဋိစ္ဆန္နေန-ဟူသည် ကား။ နသီသပါရုပနေန၊ ဦးခေါင်းနှင့်တကွ မရုံဘဲ။ အထခေါ၊ စင်စစ်သော်ကား။ ဂဏ္ဌိကံ၊ ခါးပတ်သီးကို။ ပဋိမုဉ္စိတွာ၊ ခါးပတ် ကွင်း၌တပ်၍။ အနုဝါတန္တေန၊ အလျားအနားပတ်စွန်းဖြင့်။ဂီဝံ၊ လည်ကို။ ပဋိစ္ဆာဒေတွာ၊ ဖုံးလွှမ်း၍။ ဥဘောကဏ္ဏေ၊ အစွန်း

နှစ်ဘက်တို့ကို။သမံကတွာ၊ညီညွတ်စွာပြု၍။ ပဋိသံဟရိတွာ၊ လိပ်၍။ ယာဝမဏိဗန္ဓံ၊ လက်ကောက်ဝတ်တိုင်အောင်။ပဋိစ္ဆာဒေတွာ၊ ဖုံးလွှမ်း၍။ အန္တရဃရေ၊ ရွာတွင်း၌။ ဂန္တဗ္ဗံ၊ သွားအပ်၏။

ဤသို့ ဟောတော်မူရာ အာပတ္တိဒုက္ကဋသည်၌ သာမဏေတို့မှာ မကောင်းသဖြင့် ပြုကျင့်သည်ရှိသော် အာပတ်မသင့် မယူသင့်၊ အာပတ်သင့်၏မှတ်ရာသည်၊ မှတ်အပ်ကြောင်းကို "ပဉ္စန္နံစေဝ အာပတ္တိ၊ ပဉ္စန္နံ စေဝ အနာပတ္တိ၊"(ပရိဝါ ပါဠိတော်)ဤပါဠိတော်၏အဖွင့် အဋ္ဌကထာ၌ကား- ပဉ္စန္နံစေဝ အာပတ္တိတိဧတ္ထ ဟူသော ဤပုဒ်၌-

အာပတ္တိနာမ၊ အာပတ်မည်သည်ကား။ ပဉ္စန္နံသဟဓမ္မိကာနံ၊ သီတင်းသုံးဘော်ငါးယောက်တို့အား။ ဟောတိ၊ ဖြစ်၏။ တတ္ထ၊ ထိုသီတင်းသုံးဘော် ငါးယောက်တို့တွင်။ ဒွိန္နံ၊ ရဟန်းမိန်းမ, ရဟန်းယောက်ျားတို့အား။နိပ္ပရိယာယေန၊ မုချအားဖြင့်။အာပတ္တိ ယေဝ၊ အာပတ်သင့်သလျှင်ကတည်း။ ပန-ဝိသေသော၊ အထူး ဆိုအံ့။ သိက္ခမာနသာမဏေရာနံ၊ သိက္ခမာန်,သာမဏေမိန်းမ, သာမဏေယောက်ျားတို့အား။ အကပ္ပိယတ္တာ၊ မအပ်သည်ကို ပြုသည်၏အဖြစ်ကြောင့်။ နဝဋ္ဋတိ၊ မအပ်။ ဣမိနာ ပရိယာယေန၊ ဤသို့သော အကြောင်းအားဖြင့်။ တေသံ၊ထိုသိက္ခမာန်,သာမဏေ မိန်းမ, သာမဏေယောက်ျားတို့အား။ ဒဏ္ဍကမ္မံ၊ ဒဏ်ပေးသော အမှုကို။ကာတဗ္ဗံ၊ပြုအပ်၏။ ။ပဉ္စန္နံစေဝ အနာပတ္တိတိ၊ပဉ္စန္နံစေဝ အနာပတ္တိဟူသည်ကား။ တေသံယေဝပဉ္စန္နံ၊ ထိုသီတင်းသုံးဘော် ငါးယောက်တို့အားသာလျှင်။ အာပတ္တိနာမ၊ အာပတ်မည်သည်။ နဟောတိ၊ မဖြစ်။ ဣတိအတ္ထော၊ ဤသည်ကား အနက်တည်း။

ဂဏ္ဌိကံ ပဋိမုဉ္စိတွာ-စသည်၌ အနုညာတသာ,ပဋိသေဓမပါ သောကြောင့် ခါးပန်းသီး,ခါးပတ်ကွင်းမတပ်သော်လည်း အာပတ် မသင့်၊ ပရိဝါအဋ္ဌကထာ၌-ဝတ္တက္ခန္ဓကေ၊ ဝတ္တက္ခန္ဓကာ၌။ ကော၊ တခုသော။ ဒုက္ကဋ အာပတ္တိယေဝ၊ ဒုက္ကဋ်အာပတ်သင့်သည် သာတည်း။ သဗ္ဗဝတ္တေသု၊ ခပ်သိမ်းသောပြုရာဝတ်တို့၌။ အနာဒရိ ယေန၊ မရိုသေခြင်းကြောင့်။ ဟောတိ၊ အာပတ်သင့်၏။

ဟု လာသည်၊အဘိသမာစာရိကဖြစ်သောသီလကို ရဟန်း,သာမဏေ နှစ်ဦးပင် ကျင့်ဆောင်ရမည် ဖြစ်သည်၊ ရဟန်း, သာမဏေ နှစ်ဦးပင်

အဘိသမာစာရိကသီလကို မကျင့်ဆောင်လျှင် ရဟန်းမှာ အာပတ်သင့်သည်၊သာမဏေမှာ လိန်ဒဏ်သင့်သည်၊ ဤမျှသာ ထူးကြောင်းကို—

အဘိသမာစာရိကေသု ဝိနေတဗ္ဗော-တိ၊ ဝိနေတဗ္ဗော ဟူ၍။ဝစနတော၊ဟောတော်မူသောကြောင့်။အနေန၊ဤရဟန်းသည်။ ဣတိ-အာဒိ၊ ဤသေခိယ ဥပဇ္ဈာယဝတ်အစရှိသော။ အဘိသမာစာရိကသီလံ၊အဘိသမာစာရိကသီလကို။ ပူရေတဗ္ဗံ၊ဖြည့်အပ်၏။ တတ္ထ၊ထိုအဘိသမာစာရိကသီလ၌။စာရိတ္တသ္မိံ၊ စာရိတ္တသီလကို။ အကရဏေ၊ မပြုခြင်းကြောင့်။ ဝါရိတ္တသ္မိံ၊ ဝါရိတ္တသီလကို။ ကရဏေ၊ပြုခြင်းကြောင့်။ ဒုက္ကဋကမ္မာရဟော၊ ဒဏ်ထိုက်သည်။ ဟောတိ၊ဖြစ်၏။ (ဝဇိရဗုဒ္ဓိဋီကာ။)

အဘိသမာစာရိကေသု ဝိနေတဗ္ဗောတိ ဣမိနာ၊ ဤပါဌ်ဖြင့်။ အနေန၊ ဤရဟန်းသည်။ သေခိယဥပဇ္ဈာယဝတ္တာဒိ၊ သေခိယ ဥပဇ္ဈာယဝတ် အစရှိသော။ အဘိသမာစာရိကသီလံ၊ အဘိသမာစာရိကသီလကို။ပူရေတဗ္ဗံ၊ဖြည့်ကျင့်အပ်၏။ တတ္ထ ၊ထိုအဘိသမာ စာရိကသီလ၌။ကတ္တဗ္ဗသ္မိံ၊ ပြုအပ်သည်ကို။ အကရဏေ၊ မပြုခြင်းကြောင့်။ အကတ္တဗ္ဗသ္မိံ၊ မပြုအပ်သည်ကို။ ကရဏေ၊ ပြုခြင်းကြောင့်။ ဒုက္ကဋကမ္မာရဟော၊ ဒဏ်ထိုက်သည်။ ဟောတိ၊ ဖြစ်၏။ဣတိ၊ဤသို့။ဒီပေတိ၊ပြ၏။ (သာရတ္ထဒီပနီဋီကာ။)

အဘိသမာစာရိကေသု ဝိနေတဗ္ဗောတိ ဣမိနာ၊ ဤပါဌ်ဖြင့်။ သေခိယခန္ဓကဝတ္တေသုစ။ သေခိယခန္ဓကဝတ်တို့၌လည်းကောင်း။ အညေသု၊ တပါးကုန်သော။ သုက္က ဝိသဋ္ဌိအာဒိလောကဝဇ္ဇ သိက္ခာပဒေသုစ၊သုက္ကဝိသဋ္ဌိ-အစရှိကုန်သောလောကဝဇ္ဇသိက္ခာပုဒ်တို့၌လည်းကောင်း။ သာမဏေရေဟိ၊ သာမဏေတို့သည်။ ဝတ္တိတဗ္ဗံ၊ ကျင့်အပ်၏။တတ္ထ၊ ထိုသိက္ခာပုဒ်တို့၌။ အဝတ္တိတဗ္ဗ မာနော၊ မဖြည့်ကျင့်အပ်သော။ အလဇ္ဇီ၊ အရှက်မရှိသောသာမဏေသည်။ ဒုက္ကဋကမ္မာရဟော၊ ဒဏ်ထိုက်သည်။ ဟောတိ၊ ၏။ ဣတိ၊သို့။ဒဿေတိ၊၏။(ဝိမတိဋီကာ။)

ဤဋီကာ သုံးစောင်အညီအညွတ် ပြဆိုသည်ဖြစ်၍ ပရိမဏ္ဍလ, သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်များနှင့်ညီအောင် ဝတ်ရုံမှ သင့်မြတ်သည်၊ ယခုဝတ်ရုံခြင်းကိစ္စသည် ကျမ်းဂန်နှင့်မလျော်ဖြစ်သည်၊ ငါ့ရှင်တို့ စိတ်အထူးရှိ

စရာမရှိပြီ၊ ရဟန်းယောက်ျား, ရဟန်းမိန်းမ, သာမဏေယောက်ျား, သာမဏေမိန်းမတို့သည် ဝတ်ရုံခြင်းကိစ္စ အတူ တူခြင်းရှိသည်ကိုလည်း သိသာလှပါပြီ၊ ဘုရားသခင်ရှေ့ပြည်နိဗ္ဗာန် စံဝင်တော်မမူမီ–

အထခေါ၊ ထိုအခါ၌။ ဘဂဝါ၊ ဘုရားသခင်သည်။ ဘိက္ခူ၊ ရဟန်းတို့ကို။ အာမန္တေသိ၊ ခေါ်၍မိန့်တော်မူ၏။ ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ဧကဘိက္ခုဿပိ၊ တယောက်သော ရဟန်းအားလည်း။ ဗုဒ္ဓေဝါ၊ ဘုရား၌ဥင်း။ ဓမ္မေဝါ၊ တရား၌ဥင်း။ သံဃေဝါ၊ သံဃာ၌ဥင်း။ မဂ္ဂေဝါ၊ မဂ်၌ဥင်း။ ပဋိပဒါယဝါ၊ အကျင့်၌ဥင်း။ ကင်္ခါ၊ ယုံမှားသက်သာသည်။ သိယာခေါပန၊ ရှိသည်ဖြစ်အံ့။ ဝိမတိဝါ၊ တွေးတောဆင်ခြင်ရာသည်၊ သိယာခေါပန၊ ရှိသည်ဖြစ်အံ့။ အာပုစ္ဆထ၊ မေးကြကုန်။ ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ပစ္ဆာ၊ နောင်တဘန်။ ဝိပ္ပဋိသာရိနော၊ နှလုံးမချမ်းသာရှိခြင်းသည်။ မာအဟုဝတ္ထ၊ မဖြစ်ကုန်လင့်။ သမုခိဘူတော၊ မျက်မှောက်။ သတ္ထာ၊ သင်တို့ဆရာငါဘုရားသည်၊ အဟောသိ၊ မရှိသည်မဟုတ်။ ဧဝံ၊ ဤသို့။ ဝုတ္တေ၊ မိန့်တော်မူသည်ရှိသော်။ တေ ဘိက္ခူ၊ ထိုရဟန်း အပေါင်းတို့သည်။ တုဏှီ၊ ဆိတ်ဆိတ်နေကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်၏။ ဒုတိယမ္ပိ၊ နှစ်ကြိမ်ဥင်း။ တတိယမ္ပိ၊ သုံးကြိမ်ဥင်း။ ဘဂဝါ၊ ဘုရားသခင်သည်။ ဘိက္ခူ၊ ရဟန်းတို့ကို။ အာမန္တေသိ၊ မိန့်တော်မူ၏။ တေဘိက္ခူ၊ ထိုရဟန်းအပေါင်းတို့သည်လည်း။ တုဏှီ၊ ဆိတ်ဆိတ် နေကြကုန်သည်၊ အဟေသုံ၊ ဖြစ်ကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့၊ သတ္ထုဂါရဝေန၊ ငါဘုရားကိုရိုသေသဖြင့်။ နပုစ္ဆေယျ၊ မမေးမလျှောက်ခြင်းသည်။ သိယာခေါပန၊ ရှိသည်ဖြစ်တုံအံ့။ ဘိက္ခဝေ၊ ရဟန်းတို့။ သဟာယကောပိ၊ အဆွေခင်ပွန်းချစ်ကျွမ်းဝင်သူသည်လည်း။ သဟာယကဿ၊ အဆွေခင်ပွန်းချစ်ကျွမ်းဝင်သော သူအားကား။ အာရောစေသုံ၊ ကြားလျှောက်၍ မေးစေကုန်။ ဧတိ-ဧဝံ၊ ဤသို့။ ဝုတ္တေ၊ မိန့်တော်မူသော်။ တေဘိက္ခူ၊ ထိုရဟန်းတို့သည်။ တုဏှီ၊ ဆိတ်ဆိတ်နေကြကုန်၏။

အထခေါ၊ ထိုအခါ၌။ အာယသ္မာ၊ သက်တော်ရှည်သော။ အာနန္ဒော၊ အာနန္ဒာသည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ဧတံဝစနံ၊ ဤသို့သောစကားကို။ အဝေါစ၊ နားတော်လျှောက်၏။

ဘန္တေ၊ အရှင်ဘုရား။ အဇ္ဈရိယံ၊ အံ့ဘွယ်ရှိစွ။ ဘန္တေ၊ အရှင်ဘုရား။၊ အဗ္ဘုတံ၊ မဖြစ်ဘူးမြဲဖြစ်စွ။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ ဣမသ္မိံ ဘိက္ခုသံဃေ၊ ဤရဟန်းသံဃာအပေါင်း၌။ ဧကဘိက္ခုသမ္ပိ၊ တယောက်သောရဟန်းအားလည်း။ ဗုဒ္ဓေ ဝါ၊ ဘုရား၌လည်းကောင်း။ ဓမ္မေ ဝါ၊ တရား၌လည်းကောင်း။ သံဃေ ဝါ၊ သံဃာ၌လည်းကောင်း။ မဂ္ဂေ ဝါ၊ မဂ်၌လည်းကောင်း။ ပဋိပဒါယ ဝါ၊ အကျင့်၌လည်းကောင်း။ ကင်္ခါ၊ ယုံမှားသက်ာ မေးဘွယ်သည်။ နတ္ထိ၊ မရှိ။ ဝိမတိ ဝါ၊ တွေးတောဆင်ခြင်ရာသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ သို့။ အဝေါစ၊ နားတော်လျှောက်၏။

ဤသို့သောစကားတော်ကို ဘုရားသခင်မိန့်တော်မူ၍ ယုံမှားသက်ာရှိသမျှ မေးစိမ့်သော ငှါ ခွင့်ပေးတော်မူသည်၊ ရဟန်းသံဃာတို့လည်း ဝတ်ခြင်း, ရုံခြင်းစသော ကျင့်ဝတ်သိက္ခာပုဒ်တို့၌ ရဟန်းယောက်ျား, ရဟန်းမိန်းမ, သာမဏေယောက်ျား, သာမဏေမိန်းမတို့ အထူးအခြားကွဲပြား၍ ဝတ်ရုံခြင်း ကိစ္စမရှိဖြစ်၍ မမေးမလျှောက်ထားဘဲ သင်္ဂါယနာ သုံးတန်တင်သည်တိုင်အောင် ထေရဝါဒချည်းဖြစ်၍ ကျင့်ကြကုန်သည်၊ သင်တို့ငါတို့လည်း ဘုရားတရားရှိတိုင်း ကျင့်လိုသောကြောင့် ဝိနည်းငါးကျမ်း, အဋ္ဌကထာ, ဋီကာတို့ကို မှီနှောက်၍ ရှေ့နောက်တရားကို ဆင်ခြင်ကြပြီးဖြစ်သည်၊ သင်တို့လည်း တတ်သိးလိမ္မာချည်း ဖြစ်ကြသဖြင့် အထူးတရားမရှိ တသမတ်တည်းရှိကြောင်းကို ဆွေးနွေးမေးမြန်းကြည့်ရှုဆင်ခြင်ကြပြီး ဖြစ်သည်ဟု တောင်ငူ ရှင်ဝိစိတ္တာလင်္ကာရ မထေရ်ကဆိုလျှင် မထေရ်ခြောက်ဦးတို့လည်း ကျမ်းဂန်သိမြင် တတ်ရည်လိမ္မာရည်ချည်း ဖြစ်ကြ၍ ကတိကဝတ်ပြု၍ "ဘုရားတရားရှိတိုင်းကျင့်တော့မည်"ဟု အသီးအသီး ရွာပြည်သို့ပြန်ကြ၍ ရောက်ကြလျှင် ရှေးအာစရိယဝါဒကို ပစ်စွန့်၍—

(၁) သင်္ဂါယနာ သုံးခါတင်ကုန်သော မထေရ်တို့၏ ထေရဝါဒ။

(၂) သီဟိုဠ်သာသနာပြု ရှင်မဟိန္ဒထေရ်၏ အနွယ်အဆက် မဟာဝိဟာရဝါသီအရှင်မြတ်တို့၏ ထေရဝါဒ။

(၃) သုဝဏ္ဏဘုမ္မိတိုင်း သာသနာပြု သောဏထေရ်, ဥတ္တရထေရ်တို့၏ အနွယ်အဆက် ထေရဝါဒ။

(၄) ပုဂံသာသနာပြု ရှင်အရဟံမထေရ်၏ အနွယ်အဆက် ထေရဝါဒ။

(၅) ပန်းယ သာသနာပြု ရဟန္တာသမုတ်ကြသော ရှင်ဒိဗ္ဗစက်မထေရ်၏ အနွယ်အဆက် ထေရဝါဒ။

(၆) အင်းဝ မိုးညှင်းမင်းတရားလက်ထက် သီဟိုဠ် မဟာဝိဟာရဝါသီဂိုဏ်း သီရိသဒ္ဓမ္မာလင်္ကာရထေရ်, သီဟဠမဟာသာမိထေရ်တို့၏ အနွယ်အဆက် ထေရဝါဒ။

(၇) သားတော် ထုပါရုံဒါယကာလက်ထက် သီဟိုဠ် မဟာဝိဟာရဝါသီ-ဂိုဏ်းက ပဋ္ဌင်းခံခဲ့၍ လာခဲ့သော ဆပဒရွာသား ဒုတိယ ဆပဒ ရှင်ဓမ္မကေတု၏ အနွယ်အဆက်ထေရဝါဒ။

(၈) ဟံသာဝတီ ဓမ္မစေတီမင်းလက်ထက် သီဟိုဠ် မဟာဝိဟာရဝါသီကျောင်းက ပဋ္ဌင်းခံခဲ့၍ လာသော ကလျာဏီတိဿမထေရ်၏အနွယ်အဆက် ထေရဝါဒ။

(၉) တောင်ငူ မဟာသီရိဇေယျသူ မင်းကြီးညိုလက်ထက် ကလျာဏီတိဿမထေရ်နှင့်အတူ သီဟိုဠ်ကကြွလာ၍ ဒွါရာဝတီမြို့ထိပ်၌ သီတင်းသုံးနေသော ရှင်ဒိဝါကရမထေရ်၏ အနွယ်အဆက် ထေရဝါဒ—

ချည်း ဖြစ်ကြသည်နောက် ကာလဝိပတ္တိဖြစ်၍ ဆိုးသွမ်းလိုသော ရဟန်းသံဃာတို့သည် ဘုရားတရားကို နှလုံးမသွင်းချင်သော အလဇ္ဇီရဟန်းတို့ ပေါ်ရှိလာလျှင် ဓမ္မဝါဒီအားနည်း၍ အဓမ္မဝါဒီ အားကြီးစွာရှိသည့်အရာကို ဝဇ္ဇီတိုင်းသား ရဟန်းတို့အား ဘုရားတရား ဟုတ်မှန်စွာပြ၍ နှိပ်နင်းသကဲ့သို့ တရားကျမ်းဂန် လာရှိတိုင်း ပြသလျှင် ငမြဲရွာနေ ရှင်ပညာသာရပုဂ္ဂိုလ်, နောင်ဘ-ရွာနေ ရှင်စန္ဒမဥ္ဇူပုဂ္ဂိုလ်,မောင္ဂလာန်ရွာနေ ရှင်ဓမ္မနန္ဒပုဂ္ဂိုလ်, ငရံ့အိုရွာနေ ရှင်ကလျာဏဓဇပုဂ္ဂိုလ်, မိုးကောင်းမြို့သား ရှင်အဂ္ဂသေီပုဂ္ဂိုလ်-ဤပုဂ္ဂိုလ်ငါးပါးတို့သည် ရှေး အာစရိယဝါဒကိုပယ်၍ ယခင်သာသနာပြုဆရာတို့၏ ထေရဝါဒ အနွယ်အဆက်ဖြစ်အောင်အတူတသမတ်တည်း ဝိနည်းငါးကျမ်း ပါဠိ,အဋ္ဌကထာ, ဋီကာလာရှိသော သေခိယသိက္ခာပုဒ်, ခန္ဓကဝတ်အတိုင်း ရွာဝင် ရွာတွင်း ခါးပတ်သီး ခါးပတ်ကွင်းတပ်၍ တရားကိုကျင့်ဆောင်ကြကုန်သည်။

နေမိန်ရွာနေ ရှင်ဂုဏသီရိပုဂ္ဂိုလ်, ကင်ပွန်းတောင်ရွာနေ ရှင်ဓမ္မနန္ဒီ ပုဂ္ဂိုလ် နှစ်ပါးတို့သည် တရားကျမ်းဂန်ရှိသည့်အတိုင်း မြောရွာနေ ရှင်ပညာသာရပုဂ္ဂိုလ်တို့နှင့် တပြိုင်နက် တချက်တည်း တရားကျင့်ဆောင်သော သဟာယစစ် ထေရဝါဒချည်း ဖြစ်ကြသည်။

တဘက်ဆွဲနေ ရှင်ဉာဏမဥ္ဇူပုဂ္ဂိုလ်, ထန်းပေါက်ကုန်းရွာနေ ရှင်ဝရဝံသပုဂ္ဂိုလ်,ကိန္နရာကျောင်း ရှင်ဝရမဥ္ဇူပုဂ္ဂိုလ်,သိပေါမြို့နေ ရှင်တေဇဝန္တ ပုဂ္ဂိုလ်တို့သည်လည်း ကျမ်းဂန်သိမြင်သူများဖြစ်သဖြင့် တရားကို ကျင့်လို၍ တောင်ငူ ရှင်ဝိစိတ္တာလင်္ကာရထံ တဝါ,နှစ်ဝါနေ၍ အဆုံး အမနည်းနာနယခံ၍ တရားရှိတိုင်း ရွာ ပြည်သို့ပြန်၍ ထေရဝါဒအယူ ဖြစ်အောင် ကျင့်ဆောင်ကြကုန်သည်၊ထိုမထေရ်တို့တွင်—

(၁) မြော ရှင်ပညာသာရမထေရ်တို့၏ အနွယ်အဆက် ပုဗ္ဗာရုံကျမ်းပြုဆရာ ရှင်သာရဒဿီပုဂ္ဂိုလ်, စလင်း ရှင်ယသပုဂ္ဂိုလ်,ပေါင်းတည် ရှင်ဥတ္တမပုဂ္ဂိုလ်-၌ပုဂ္ဂိုလ်တို့၏ သိဿာနုသိဿ ထေရဝါဒ။

(၂) ရေှ့အို- ရှင်ကလျာဏဓဇ မထေရ်၏ အဆက်အနွယ် နေရင်း မဏိရတနာကျမ်းပြုဆရာ အရိယာလင်္ကာရပုဂ္ဂိုလ်, သစ်ညို-ရှင်ဂုဏဝံသက ပုဂ္ဂိုလ်, ကန်ရိုးရွှေကျောင်း-ရှင်သာရဝံသပုဂ္ဂိုလ်, စလူကျောင်း-ရှင်သီရိသေဋ္ဌပုဂ္ဂိုလ်,မန်လည် ရှင်ဂုဏာလင်္ကာရ ပုဂ္ဂိုလ်, ဆင်တဲ ရှင်ဉာဏပုဂ္ဂိုလ်- ၌ပုဂ္ဂိုလ်တို့၏ သိဿာနုသိဿ ထေရဝါဒ။

(၃) မောဂ္ဂလာန်-ရှင်ဓမ္မနန္ဒထေရ်၏ အနွယ်အဆက် ဒိပဲယင်း ရှင်မုနိန္ဒဃောသ ပုဂ္ဂိုလ်, သဒ္ဒဝိဟာရိက ရှင်ပညာသီဟ ပုဂ္ဂိုလ်, ဗားကရာ-ရှင်နန္ဒမာလာ ပုဂ္ဂိုလ်, ပလိုင်း-ရှင်သုဇာတပုဂ္ဂိုလ်, ပစ္စာ- ရှင်သီရိမဥ္ဇူ ပုဂ္ဂိုလ်, မင်းအို- ရှင်ဂုဏသီရိ ပုဂ္ဂိုလ်, မောင်းထောင်-ဉာဏာဘိဝံသဓမ္မသေနာပတိ ပုဂ္ဂိုလ်, ချောင်းကောက်-ရှင်သဒ္ဓမ္မမုနိန္ဒပုဂ္ဂိုလ်- ၌ပုဂ္ဂိုလ်တို့၏ သိဿာနုသိဿ ထေရဝါဒ။

(၄) နောင်ဘ-ရှင်စန္ဒမဥ္ဇူသာမထေရ်၏ အနွယ်အဆက် နွယ်နီစံလွှတ် ရှင်ဝရလင်္ကာ ပုဂ္ဂိုလ်, ကျော်အောင်စံထား ရှင်ဉာဏဝရ

ပုဂ္ဂိုလ်, မင်းရွာ ရှင်ဇာဂရ ပုဂ္ဂိုလ်- ဤပုဂ္ဂိုလ်တို့၏ သိဿာနုသိဿ ထေရဝါဒ။

(၅) ရေမိန်-ရှင်ဂုဏသီရိမထေရ်၏ အနွယ်အဆက် ပုလဲ ရှင်ဓမ္မဓရ ပုဂ္ဂိုလ်, ၎င်းရွာ ရှင်ကလျာဏဓဇ ပုဂ္ဂိုလ်, ဆိုးထား-ရှင်နန္ဒမာလာ ပုဂ္ဂိုလ်, ဆားတောင်-ရှင်ပဝရမဥ္ဇူ ပုဂ္ဂိုလ်,မဲထီး-ရှင်မဏိမာလာ ပုဂ္ဂိုလ်, သဒ္ဓိဝိဟာရိက တောင်ငူသာသနာပြု ရှင်ပရမသီရိဝံသာဘိ ပုဂ္ဂိုလ်, ပုံတော်-ရှင်ဝရ ပုဂ္ဂိုလ်-ဤပုဂ္ဂိုလ်တို့၏ သိဿာနုသိဿ ထေရဝါဒ။

(၆) ကင်ပွန်းတောင်-ရှင်ဓမ္မနန္ဒိမထေရ်၏ အနွယ်အဆက် သင်ပန်း-ရှင်သဒ္ဓမ္မမာလာပုဂ္ဂိုလ်, သစိုး-ရှင်ဥက္ကံသမာလာပုဂ္ဂိုလ်, သဒ္ဓိဝိဟာရိက အင်းဝ ဇိနာလင်္ကာရပုဂ္ဂိုလ်, ရွှေချမ်းသာ-ရှင်ဉာဏသဒ္ဓမ္မပုဂ္ဂိုလ်- ဤပုဂ္ဂိုလ်တို့၏ သိဿာနုသိဿ ထေရဝါဒ။

တောင်ငူ ရှင်ဝိစိတ္တာလင်္ကာရမထေရ်၏ အနွယ်အဆက် တဘက်ဆွဲ-ရှင်ဉာဏမဥ္ဇူ ပုဂ္ဂိုလ်, ထန်းပေါက်ကုန်း- ရှင်ဝရဝံသပုဂ္ဂိုလ်, ကိန္နရာကျောင်း ပရမမဥ္ဇူပုဂ္ဂိုလ်, သီပေါ- ရှင်တေဇဝန္တပုဂ္ဂိုလ်, မိုးကောင်းမြို့သား ရှင်အဂ္ဂသေဲ ပုဂ္ဂိုလ်ငါးပါးတို့တွင်—

(၇) တဘက်ဆွဲ-ရှင်ဉာဏမဥ္ဇူ အနွယ်အဆက်, ကြက်စိမ်းရှင်ကေတုမာလာ အနွယ်အဆက်, လယ်တွင်းကိုးခရိုင် မိုးကောင်းရှင်အဂ္ဂသေဲအနွယ်အဆက်, သာဂရမြို့မှာ ရှင်ကလျာဏဓမ္မ, ဂုံညင်းနွယ်မှာ ရှင်ဓမ္မဝိလာသ,မြောက်တိုက် ရှင်ဓမ္မပါလတို့၏ သိဿာနုသိဿ ထေရဝါဒ။

(၈) ထန်းပေါက်ကုန်း-ရှင်ဝရဝံသအနွယ်အဆက်မိမိလာ-ရှင်ဝိမလာစာရ, ရွာကြီး-ရှင်ဥက္ကံသမာလာ, တောင်တွင်းသား ပြည်မြို့နေရှင်ပညာ, တောင်တွင်းဆရာတော် ရှင်ဉာဏလင်္ကာ, ရှင်ဉာဏလင်္ကာတပည့် ရွာပုလဲ ရှင်ဂုဏာကရ,ရွှေတောင် ရှင်ဂုဏာလင်္ကာရ, ထူပါရုံ ရှင်ပုညတို့၏ သိဿာနုသိဿ ထေရဝါဒ။

(၉) ကိန္နရာကျောင်း-ရှင်ပရမမဥ္ဇူ အနွယ်အဆက် တောင်ငူမြို့တွင်းဆင်ကျုံးတိုက်, ခေါင်းလောင်းထိုးတိုက်, ကြခပ်တိုက်, စည်ပင်တောကျောင်းတိုက်, ငါးဖယ်အင်းတိုက်, ကြီးလှရွာတိုက်, တပည့်

ရွာတိုက်, နန္ဒင်းတောတိုက်, ရှင်ဝိစိတ္တာလင်္ကာရတိုက်နှင့်သော် ပေါင်း ၁၀-တိုက်နေ ပုဂ္ဂိုလ်တို့၏ သိဿာနုသိဿထေရဝါဒ-ချည်းဖြစ်၍ နှလုံးဒွိဟမရှိ ယခုတိုင်အောင် ဒုတိယသင်္ဂါယနာတင်သော ရှင်မဟာယသမထေရ်ကဲ့သို့ အဓမ္မဝါဒီ အယူပုဂ္ဂိုလ်တို့ကို နှိပ်နင်း၍ ဓမ္မဝါဒီဖော်ပြလျက် ဘုရားပညတ်တော်နှင့်ညီစွာ ကျင့်ဆောင်ကြကုန်သည်။

တံ့ဂိုဏ်း,ရုံဂိုဏ်း,ဦးထုပ်ဆောင်းဂိုဏ်း

တံ့ရွာနေ ရှင်ဂုဏသိရိပုဂ္ဂိုလ်သည် ရွာသို့ရောက်လျှင်တရားကျမ်းဂန်နှိုတိုင်း ကျင့်ဆောင်လိုသည်ဟု တပည့်ကြီး ရှင်ဝိမလာစာရကို တိုင်ပင်ပြောဆိုလျှင်''ကျမ်းသိဂန်မြင်ပြ၍ အိုးစရည်းကြီး လုပ်ပြီးမှ အိုးငယ် ခွက်ငယ်လုပ်ပြန်မည်ဆိုသည့်အရာသည်မသင့်''ဟုရှင်မဟာကဿပမထေရ်၏တောထွက်ရဟန်းသုဘဒ်ကဲ့သို့ တရားကို အလွဲကျင့်လို၍ ဖျက်ဆိုသော တပည့် ဝိမလာစာရစကားကို နာယူ၍ မြော-အရှင်ပညာသာရမထေရ်အစရှိသော ငါးပါးသောမထေရ်တို့နှင့် ကတိကဝတ်ဖျက်၍ အဓမ္မဝါဒီဆရာတို့၏ ဝတ်ရုံခြင်း,မလောက်သော သင်္ကန်းတဘက် လက်ကန်တော့ဝတ်၍ ဆဗ္ဗဂ္ဂီရဟန်းတို့ကဲ့သို့ ခါးစည်းကို ရင်ဖွဲ့လုပ်၍ စည်းပြီးလျှင် လောက်သောသင်္ကန်းကို ခြုံရုံသည်။

တံ့ရွာနေပုဂ္ဂိုလ်မှာ အပေါ်ခြုံကို ဒုကုဋ်ကဲ့သို့ ခေါက်၍ တင်စေပြီးမှ ရင်ဖွဲ့ကို စည်းစေ၍ အဆုံးအမသြဝါဒ အာစရိယဝါဒ ပြုကျင့်ဆောင်စေသည်၊ ဤတံ့ရွာနေ ဆရာကိုစွဲ၍ တံ့နွယ် ဒုကုဋ်တင်ဂိုဏ်း အာစရိယဝါဒ ပေါ်ရှိပြန်လေသည်။

နောက်နောက်တိုင်လျှင် သင်္ကန်းပမာဏ မလောက်သော ဖျဉ်အနံကို တွန့်အောင်ခေါက်လိပ်၍ ရင်ဖွဲ့များလျား ကျည်းမိန်းမတို့ ဝတ်သကဲ့သို့ ငါးပြီးသင်္ကန်း တဘက်တစွန်းချ၍ ဝတ်ရုံကြပြန်သည်။

ဘုရားသခင် ပညတ်ထားခဲ့သော ပရိမဏ္ဍလ,သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်ထေရဝါဒမှ ဖောက်ပြန်၍ယူရာတွင် ဘေးတော် ရမည်းသင်း မင်းတရား အင်္ဂါမင်းလတ်ထက် သက္ကရာဇ် ၁၀၅၀-ပြည့်တွင်—

(၁) ဂါမဝါသီ ဦးထုပ်ဆောင်း တဂိုဏ်း,

(၂) ဦးထုပ်မဆောင်း ဒုကုဋ်တင် တံ့နွယ်တဂိုဏ်း,

(၃) တောင်ငူ ရှင်ဝိစိတ္တာလင်္ကာရထေရ်-ထေရဝါဒ သက်နိုးရှိ တဂိုဏ်း သုံးသွယ်ဖြစ်လေသည်။

ဂိုဏ်းဆရာများ ဆိုင်ပြိုင်ပြောဆိုခြင်း

ဤသုံးဂိုဏ်းသုံးသွယ် အကွဲအပြားရှိ၍ ရှုံသင့်,တင်သင့်ဂိုဏ်း ၂ဦး သားတို့တွင် အစက မာရ်အောင်ဘုရားဒါယကာလက်ထက် သက္ကရာဇ် ၁၀၀၀-ခုတွင် ကလယာဝိဝါဒဖြစ်ကြ၍ ဆိုင်ပြိုင်ပြောဆိုကြသော်လည်း သိသာခြားနား တရားသဘော မပြီးမပြတ်ရှိလေသည်နှင့် ဟံသာဝတီ ရောက် မင်းတရားလက်ထက် ဂိုဏ်းသုံးဂိုဏ်းတို့တွင် အလင်္ကာဂိုဏ်းတို့၏ အနွယ်အားကြီး၍ နန္ဒင်းဆိုး,ပေါက်ပွင့်ဆိုး,ပန်းဆိုးနှင့် ငါးဆူဘုံကျော် တပ်တော် ရှင်အရည်းတို့ ဝတ်ခြင်း, ရုံခြင်း ပေါ်ရှိပြန်လေသည်အတွင်း ဝယ် ထေရဝါဒဂိုဏ်း, အာစရိယဝါဒ ဒုကုဋ်တင်ဂိုဏ်း ၂-ဦးသားတို့ လည်း သုဓမ္မာစရပ်တွင်—

(၁) ဓမ္မဝါဒီ-ကျော်အောင်စံထား ရှင်ဉာဏဝရပုဂ္ဂိုလ်,
(၂) ရွှေကြက်ယက်-ရှင်ဥက္ကံသမာလာပုဂ္ဂိုလ်,
(၃) သင်ပန်း-ရှင်သဒ္ဓမ္မပုဂ္ဂိုလ်,
(၄) ဆင်ကျုံးတောင်-ရှင်ခေမာစာရပုဂ္ဂိုလ်တို့နှင့်-
(၁) အာစရိယဒါဒ-စစ်ကိုင်း တောင်ဘီလူး ရှင်ဉာဏသဒ္ဓမ္မ ပုဂ္ဂိုလ်,
(၂) ကြက်သွန်ခင်း-ရှင်ဂုဏာသီရိပုဂ္ဂိုလ်,
(၃) ကြက်သွန်ခင်း-ရှင်ပါသန္တပုဂ္ဂိုလ်တို့—

ဝိနည်းငါးကျမ်းကောက်နုတ်၍ ပြောဆိုဆွေးနွေးကြသော်လည်း အာ စရိယဝါဒပုဂ္ဂိုလ်တို့က ဝိနည်းငါးကျမ်းတွင် မလာမရှိသော်လည်း တို ဆရာပြုသော ဥရပန္တနပါသော စူဠဂဏ္ဌိကျမ်းကိုသာ အခိုင်အမာပြု၍ ပြောဆိုလေသည်နှင့် အာစရိယဝါဒ ပုဂ္ဂိုလ်တို့အယူနှင့် ထေရဝါဒအယူ မတိုက်မဆိုင်မိကြသဖြင့် မပြီးမပြေ ရှိရာတွင် မိုးထိကျောင်းနေ ဦးထုပ် ဆောင်း ရှင်သာရလင်္ကာပုဂ္ဂိုလ်က ကျမ်းဂန်အထူး ဆိုကြရမည်မဟုတ် ပြီ၊ ရှေးမူလ သူတကာတို့၏ အနွယ်အဆက်ချည်း ဖြစ်သည်ဟု ဟံသာ ဝတီရောက် မင်းတရားကို စာဆက်သွင်းရာတွင် အာဏာစက်နှင့်

အာစရိယဝါဒဂိုဏ်း,ထေရဝါဒဂိုဏ်း-နှစ်ဦးသားတို့ပင် ဦးထုပ်ဆောင်း ပြန်ကြရချေပြန်သည်။

ထိုသို့ဆောင်းကြရာတွင် ထေရဝါဒဂိုဏ်းတို့လည်း တရားမရှိသည်ကို ကျင့်ဆောင်ရသည်ဟု ကျေးလက်ရွာပြည်သို့သွား၍ ဦးထုပ်မဆောင်းဘဲ သီတင်းသုံးနေသည်။

(၁) ရှင်ဓမ္မဓရပုဂ္ဂိုလ်,
(၂) ရှင်ဓမ္မဝိလာသပုဂ္ဂိုလ်,
(၃) ရှင်ကလျာဏဓမ္မပုဂ္ဂိုလ်-

တို့လည်း တရားကျမ်းဂန် တတ်လိမ္မာရှိသဖြင့် တရားကျမ်းဂန်မရှိသည်ကို ကျင့်ဆောင်ရသည်ဟု ဂုံညင်းနွယ်ရွာသို့လာ၍ ဦးထုပ်တို့ကို ဆုတ်ဖဲ့ပြီးလျှင် ဂုံညင်းနွယ်ရွာတွင် ထေရဝါဒအယူဖြင့် သုံးတိုက်ဖွဲ့၍ တပည့်သံဃာတို့ကို ပို့သသင်ကြား၍ နေတော်မူသည်။

ဘေးတော် ရမည်းသင်းမင်းတရားလက်ထက် တရားကျမ်းဂန်လာရှိ တိုင်း အသီးအသီး—

(၁) မြော-ရှင်ပညာသာရပုဂ္ဂိုလ်,
(၂) နောင်ဘ-ရှင်စန္ဒမဥ္ဇူပုဂ္ဂိုလ်,
(၃) မောဂ္ဂလာန်-ရှင်ဓမ္မနန္ဒပုဂ္ဂိုလ်,
(၄) ငရုံ့အို-ရှင်ကလျာဏဓဇပုဂ္ဂိုလ်,
(၅) မိုးကောင်း-ရှင်အဂ္ဂသေိပုဂ္ဂိုလ်,
(၆) ရေမိန်-ရှင်ဂုဏသီရိပုဂ္ဂိုလ်,
(၇) ကင်ပွန်းတောင်-ဓမ္မနန္ဒပုဂ္ဂိုလ်,
(၈) တဘက်ဆွဲ-ရှင်ဉာဏမဥ္ဇူပုဂ္ဂိုလ်—

တို့သည် ပရိယတ်,ပဋိပတ်ကို အားထုတ်တော်မူ၍ သိဿနု သိဿ တို့အား မြစ်လိုသော်ငှါ ဝိနည်းကျမ်းဂန်လာတိုင်း အဆုံးအမ ဩဝါဒ ပေးတော်မူသဖြင့် ရှင်မဟာကဿပ,ရှင်မဟာယသ, ရှင်မောဂ္ဂလိပုတ္တ တို့၏ အနွယ်အဆက် ထေရဝါဒချည်းဖြစ်သည်နှင့် အင်းဝ ကာလဝိပတ္တိ သက္ကရာဇ် ၁၁၁၃-ခု တန်ခူးလတွင် တိမ်းယိမ်းလသည့်နောက် အလဇ္ဇီအမ္မဝါဒီသာ အားကြီးရှိသည်အခိုက် သက္ကရာဇ် ၁၁၁၅-ခု မြန်မာတို့၏ဦးစွန်း ပေါ်ထွန်းလာသော ကုန်းဘောင်ပြည်ကြီးကို အစိုးရ

သော အလောင်းမင်းတရားကြီးသည် ရာမညတိုင်း တလိုင်းသုံးရပ်နှင့် တကွ ကိုးခေါ်ဘွားကို ချုပ်အုပ်ပိုင်သတော်မူသည်အတွင်းဝယ် "အရပ်ရပ်အမြို့မြို့ သံဃာတော်တို့ အယူကွဲပြား တရားကျင့်ဆောင်ကြသည့် အရာသည် ဘုရား တရားတော် ဤသို့မရှိရာ"ဟု တွေးဆယူငင် ဆင်ခြင်တော်မူ၍ ရဟန်းသံဃာတို့ကို မေးလျှောက်ရာတွင် အာစရိယဝါဒ ဘော်ပြယူလေ့ရှိသော တုံရွာနေ ရှင်ဂုဏာသီရိပုဂ္ဂိုလ်၏ အနွယ်အဆက် အတုလယသ ပုဂ္ဂိုလ်သည် သီဟိုဠ်ကျွန်းဝင္ဂေါမဏိမင်း၏ ဆရာ အဘယဂိရိကျောင်းနေပုဂ္ဂိုလ် မဟာတိဿမထေရ်ကဲ့သို့ ဝိနည်းငါးကျမ်းမှအလွတ် စူဠဂဏ္ဌိကျမ်း ဥရဗန္ဓနဒုကုဋ်တင်သာ လာရှိကြောင်းကို ပြောဆိုရာတွင် အလောင်းမင်းတရားကြီးသည် "သုံးဂိုဏ်းသုံးသွယ် အကွဲအပြားမရှိစေနှင့်၊အညီအညွတ် ရဟန်းသံဃာဒုကုဋ်တင်နွယ်ချည်းဖြစ်စေ"ဟုအာဏာတော် တချက်တည်း ထားသော်လည်း ထေရဝါဒ အယူရှိပုဂ္ဂိုလ်တို့ပါရှိပြန်သဖြင့် တရားရှိသည်ကို ကျင့်လိုသည်ဟု ထေရဝါဒပုဂ္ဂိုလ်တို့၏စကားလွှင့်ပါး၍ ရွှေနားတော်ကြားလျှင်"ဤဒုကုဋ်တင် အာစရိယဝါဒလည်း ဘုရားအလိုတော် သိက္ခာပုဒ်နှင့် မညီမညွတ် ရှိဟန်ရှိသေးသည်" ဟု ကြံစည်တော်မူသည်နှင့် "ဘုရားတရားဟုတ်မှန်ရာ ဖြစ်စေဦးမည်" ဟု ကြံစည်တော်မူသည်အတွင်း၊ရွှေနန်းစည်းစိမ် ၈-နှစ် သက္ကရာဇ်၁၁၂၃-ခုတွင် အနိစ္စရောက်သည်နှင့် အနှစ် ၂၀-ကျော်အောင် အာစရိယဝါဒ ထွန်းပ၍ ရှိပြန်လတ်သော်—

အတင်-အရုံ ရှင်းလင်းပြောဆိုပြန်ခြင်း

သိကြားမင်း၏ရွှေသွား နတ်သားမာတလိသည် သိကြားမင်း၏အလိုကို စီရင်ဘိသကဲ့သို့ "ရွှေကားဓမ္မ နောက်ဗုဒ္ဓ" ဖြစ်စေလိုသော မဟာရွှေဘုံ ငါးထပ်ဒါယကာ မင်းတရားလက်ထက် သာမဏေတို့ ဝတ်ခြင်း, ရုံခြင်းကိစ္စသည် တင်သင့်,ရုံသင့် အငြင်းအခုံ ကလဟဝိဝါဒ ရှိကြောင်းကို သိတော်မူ၍ "ဘုရားတရားဟုတ်မှန်စွာဖြစ်စေ၊ အကွဲအပြား မရှိစေနှင့်၊ သံဃာတော်တို့ကို သုဓမ္မာစရပ်သို့တက်၍ ပါဠိ,အဋ္ဌကထာ, ဋီကာ ရှိတိုင်း ရုံလျှင်လည်း ရုံအပ်ကြောင်း, တင်လျှင်လည်း တင်အပ်ကြောင်း ပြဆိုစေ" အမိန့်ရှိ၍ အာစရိယဝါဒပုဂ္ဂိုလ် အနွယ်အဆက်—

(၁) ဒုကုင်္ဂတင် တောင်ဘီလူး ရှင်နန္ဒမေဓာပုဂ္ဂိုလ်၊
(၂) ၎င်းဆရာ၏တပည့်ဖြစ်သော ရှင်ပညာရာမပုဂ္ဂိုလ်။
(၃) စဥ့်ကိုင် ရှင်တေဇောသာရပုဂ္ဂိုလ်။
(၄) ပြိုးကန် ရှင်ဂုဏဝံသပုဂ္ဂိုလ်။
(၅) မင်းဘူး ရှင်ကလျာဏပုဂ္ဂိုလ်။
(၆) ပြည်ဆရာ ရှင်ဉာဏသဒ္ဓမ္မပုဂ္ဂိုလ်။
(၇) အင်ကြင်းပင် ရှင်ဂုဏသိရိပုဂ္ဂိုလ်။
(၈) ရွှေခေတီ ရှင်အာသဘပုဂ္ဂိုလ်။
(၉) ရှင်ဇနိန္ဒပုဂ္ဂိုလ်တို့ကို လက်ျာဘက်နေစေ၍–

အတုလယသပုဂ္ဂိုလ်မှာ ရှေးရာဇဝလ္လဘဖြစ်၍ ကိုယ်၌သီလမရှိ ကင်းလွတ်လေသောကြောင့် အာစရိယဝါဒပုဂ္ဂိုလ်ချင်းပင် ဖြစ်သော်လည်း သဘောမတူ၍ ပွဲသဘင်ကို မဝင်ဘဲ နေရသည်။

ထေရဝါဒပုဂ္ဂိုလ်၏အနွယ်အဆက်–

(၁) သက်နှံးရုံ-မင်းအိုဆရာ ရှင်ဂုဏသိရိပုဂ္ဂိုလ်။
(၂) မန်လည်ဆရာ ရှင်ဂုဏာလင်္ကာရပုဂ္ဂိုလ်။
(၃) ဆုံးထား ရှင်နန္ဒမာလာပုဂ္ဂိုလ်။
(၄) ဗားကရာ ရှင်နန္ဒမေဓာပုဂ္ဂိုလ်။
(၅) မုံတော ရှင်ဝရပုဂ္ဂိုလ်။
(၆) မဲထီး ရှင်ပရမသိရိဝံသာဘိပုဂ္ဂိုလ်။
(၇) ဆင်တဲ ရှင်ဉာဏပုဂ္ဂိုလ်–

တို့ကို လက်ဝဲဘက်ကနေစေ၍ ပါဠိ, အဋ္ဌကထာ, ဋီကာလာရှိတိုင်း ပြဆိုကြစေသည်တွင် ထေရဝါဒအရှင်မြတ်တို့က အနေ့ဝါသိကတပည့်, သဒ္ဓိဝိဟာရိကတပည့်ဖြစ်သော ရဟန်းသာမဏေတို့ကို ဆုံးမရာ ပရိသုပဋ္ဌကအင်္ဂါ၌လည်းကောင်း,သာမဏေတို့အား ဆုံးမရာ အဋ္ဌကထာပါဠိ၌၎င်း အဘိသမာစာရိကသီလဟုဆိုအပ်သော ပိဏ္ဍာစာရိကဝတ်ကို ရှိသေလေးမြတ်စွာ သာမဏေရဟန်းတို့ကို ဖြည့်ကျင့်စိမ့်သောငှါ ဆုံးမရမည်ဟု''အဘိသမာစာရိကာယ သိက္ခာယ သိက္ခာပေတိ''ဟူသော ပါဠိတော်,အဘိသမာစာရိကေသု ဝိနေတဗ္ဗော-ဟူ၍ အဋ္ဌကထာ, ဋီကာ တိုက်ရိုက် လာခြင်းကြောင့် သာမဏေ,ရဟန်းတို့သည် ဖြည့်ကျင့်အပ်

သည်သာလျှင် ဖြစ်သော အန္တရာယရပိဏ္ဍာစာရိကဝတ်၌ လာသော နှစ်ဘက်ရှိ သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်ဖြင့် သာမဏေတို့အားလည်း ဆုံးမအပ် ကြောင်းကို တိုက်ရိုက်ပင်လာရှိကြောင်းကို—

ဘိက္ခဝေ၊ရဟန်းတို့။ ဒသဟိအင်္ဂေဟိ၊ ဆယ်ပါးသောအင်္ဂါ တို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံသော။ သာမဏေရံ၊ သာမဏေကို။ နာသေတုံ၊အသွင်ဖျက်ခြင်းငှါ။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော် မူ၏။ ဣတိ-ဝံ၊ဤသို့။ ပရတော၊နောက်၌။ ဝုတ္တာနိ၊ ဟောတော် မူအပ်ကုန်သော။ဒသနာသနင်္ဂါနိ၊လိင်ဆယ်ပါးတို့ကို။အာရကာ၊ ဝေးစွာ။ ပရိဝဇ္ဇေတွာ၊ ကြဉ်၍။ တေနာပိ၊ ထိုသာမဏေသည် လည်း။ အဘိသမာစာရိကံ၊ အဘိသမာစာရိက သီလကို။ပရိ ပူရေန္တေန၊ ဖြည့်ကျင့်လျက်။ ဒသဝိဓေ၊ ဆယ်ပါး အပြားရှိ သော။သီလေ၊ သီလ၌။ သာဓုကံ၊ကောင်းစွာ။ သိက္ခိတဗ္ဗံ၊ ကျင့် အပ်၏။—

ဟု ဟောတော်မူသောကြောင့် ရှာဝင်ရာတွင် နှစ်ဘက်ရှိ သုပ္ပဋိစ္ဆန္န သိက္ခာပုဒ်ဖြင့် ဆုံးမပေးသည်၊ ဒုကုဋ်တင်၍ ရင်ဖွဲ့စည်း၍ သာမဏေတို့ ကို ဆုံးမဩဝါဒပေးရမည်ဟု ဝိနည်းငါးကျမ်း ပါဠိ,အဋ္ဌကထာ,ဋီကာ, ကျမ်းတို့၌ မလာမရှိသောကြောင့် ဆုံးမ ဩဝါဒမပေးဖြစ်သည်။

အာစရိယဝါဒ အရှင်မြတ်တို့က "ဧကံသံ ဥတ္တရာသင်္ဂံ ကာရာပေတွာ"လာသည်အတိုင်း ကိုယ်ဝတ်ကို လက်ကန်တော့တဘက်တင်ပြု၍ "သံဃာဋိ ပတ္တ စီဝရ ဓာရဏာ နိသဇ္ဇာဒိသု"မှာ သံဃာဋိသဒ္ဒါသည် ဒုကုဋ်ကြီးငယ်ကိုဟောသောကြောင့် သာမဏေစသည်တို့ကို ဒုကုဋ်ငယ် တင်စေသည်၊ "ပါရုပန ပရိမဏ္ဍလ ရက္ခနတ္ထာယ ဥရဗန္ဓနဝဋ္ဋေန ဗန္ဓိ တဗ္ဗံ"စူဠဂဏ္ဌိ၌လာသော ကိုယ်ဝတ်အဝန်းကိုစောင့်စိမ့်သောငှါ ရင်ဖွဲ့ ကို စည်းစေသည်၊ဒုကုဋ်ငယ်ရင်ဖွဲ့သည် ပါဠိ,အဋ္ဌကထာ မလာမရှိသော် လည်း ဆရာစဉ်အဆက်ဆက် ဆင်းသက်လာသည့်အတိုင်း မဟာပဒေသ သို့ချ၍ သာမဏေတို့ကို ဒုကုဋ်ငယ် ရင်ဖွဲ့တင်စည်းစေသည်ဆိုလျှင်- ဤ အာစရိယဝါဒပုဂ္ဂိုလ်တို့၏စကားအရကို ထေရဝါဒပုဂ္ဂိုလ်တို့က ဝတ် ရုံလောက်သည့် သင်းပိုင်,ကိုယ်ဝတ်, ဒုကုဋ် အတောင်အပိုင်းအခြားနှင့် ကျမ်းပြပါဦးဆိုလျှင် အာစရိယဝါဒပုဂ္ဂိုလ်တို့က ပါဠိ, အဋ္ဌကထာဝယ် ကြီးငယ်ဒုကုဋ် နှစ်ကွဲရှိကြောင်းကိုမပြ၊ဒုကုဋ်ဟု ခေါ်သံသုတိစကားမျှကို

စွဲ၍ သံဃာဒိသဒ္ဒါသည် ဒုကုဋ်ကြီးငယ်ကိုပင် ဟောသည်ဟု အထပ်ထပ်ဆိုလေသည်၊ ရင်ဖွဲ့ကိုလည်း ဝိနည်း ပါဠိ, အဋ္ဌကထာအစောင်စောင်တို့၌ မရှိမလာသော် အာစရိယဝါဒစူဠဂဏ္ဌိကျမ်းကိုသာ အထပ်ထပ်ပြဆိုလေသည်။

ထိုသို့အာစရိယဝါဒပုဂ္ဂိုလ်တို့ စကားအရတွင်ပင် ထေရဝါဒပုဂ္ဂိုလ်တို့က—

> ဘိက္ခဝေ၊ရဟန်းတို့။ ကဋိသုတ္တံ၊ ရင်ဖွဲ့ခါးစည်းကို။ နဓာရေတဗ္ဗံ၊မဆောင်အပ်။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ ဓာရေယျ၊ဆောင်ငြားအံ့။ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိ-အာပဇ္ဇနံ၊ရောက်ခြင်းသည်။ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခုနိယာ၊ ဘိက္ခုနီမသည်။ သဗ္ဗကာလံ၊ အခါခပ်သိမ်း။ ကဋိသုတ္တံ၊ ရင်ဖွဲ့ခါးစည်းကို။ နဓာရေတဗ္ဗံ၊ မဆောင်အပ်။ ယာ ဘိက္ခုနီ၊ အကြင်ရဟန်းမိန်းမသည်။ ဓာရေယျ၊ ဆောင်ငြားအံ့။ ဒုက္ကဋဿ၊ဒုက္ကဋ်အာပတ်သို့။အာပတ္တိ-အာပဇ္ဇနံ၊ ရောက်ခြင်းသည်။ဟောတိ ဖြစ်၏။

ဟူ၍ စူဠဝါပါဠိတော် ရင်ဖွဲ့ခါးစည်းကို မအပ်ဟု တိုက်ရိုက်ပယ်တော်မူခြင်းကြောင့် မဟာပဒေသသို့ချ၍မယူသင့်၊ ထိုရင်ဖွဲ့သည် ဝိနည်းငါးကျမ်း ပါဠိတော်,အဋ္ဌကထာ၌သာ မလာမရှိသည်မဟုတ်သေး၊ ဝိနည်းငါးကျမ်းအဖွင့် ဝဇိရဗုဒ္ဓိဋီကာ, သာရတ္ထဒီပနီဋီကာ, ဝိမတိဝိနောဒနီဋီကာတို့၌ မလာမရှိဖြစ်သည်၊ ဝိနည်း သင်္ဂြိုဟ် အဋ္ဌကထာ, ဋီကာဟောင်း, ဋီကာသစ်, ခုဒ္ဒသိက္ခာစာကိုယ်, ဋီကာဟောင်း, ဋီကာသစ်, မူလသိက္ခာစာကိုယ်,ဋီကာဟောင်း, ဋီကာသစ်တို့၌ မလာမရှိ ဖြစ်သည်။

အာစရိယဝါဒဆရာတို့ အခိုင်အမာ ရင်စည်းကို ယူချင်သော စူဠဂဏ္ဌိကျမ်းတွင်ပင်—

> "သစေ ပေါတ္ထကေသု လိက္ခိတံ ဉတ္တိကမ္မဝါစံ ပဿေတွာ ဉတ္တိ စတုတ္ထ ကမ္မဝါစံ ဥစ္စာရေတိ၊ ဉတ္တိ စတုတ္ထ ကမ္မဝါစာ ဝါစုဂ္ဂတာ န ဟောတိ၊ ဘိက္ခု ကမ္မံ ကောပေတိ"။

အစရှိသည်ဖြင့် ပါဠိ,အဋ္ဌကထာတို့နှင့် မညီမညွတ် အချွတ်အယွင်းများသော စူဠဂဏ္ဌိကျမ်း၌သာ ထိုရင်ဖွဲ့ကိုဆိုပါသည်၊အကယ်၍ စူဠဂဏ္ဌိ

ဆရာအလိုအတိုင်းဖြစ်အံ့၊ ယခုကာလ ကမ္မဝါစာကိုကြည့်၍ ဘတ်ရွတ်လျက် ကံဆောင်ကြသည်ဖြစ်၍ရဟန်းပင်ရှိအံ့မထင်၊ စူဠဂဏ္ဍိဆရာအယူကိုယူသော အာစရိယဝါဒကိုပင်လည်း ရဟန်းမဟုတ်ဟု ယူရန်ရှိသည်။

ဤသို့လျှင် သက္ကရာဇ် ၁၁၂၄-ခု တပေါင်းလပြည့်ကျော် ၈-ရက်နေ့ကစ၍ တန်ခူးလဆန်း ၄-ရက်နေ့တိုင် ထေရဝါဒပုဂ္ဂိုလ်တို့ကဝိနည်း ငါးကျမ်းလာရှိတိုင်း ကုန်စင်အောင်ဖြေ၍ရှိသည်အတွင်း အာစရိယဝါဒဆရာတို့က တန်ခူးလဆန်း၄-ရက်နေ့ မေတ္တာစာ ဆက်သွင်းပြန်ရာတွင် "မြေနန်းတော်မှာ ဆိုစေ၊ နားထောင်တော် မူမည်" ဟု အမိန့်တော်ရှိ၍ တန်ခူးလဆန်း ၁၅-ရက်နေ့ မြေနန်းတော်၌ အာစရိယဝါဒပုဂ္ဂိုလ်-၁၅၊ ထေရဝါဒပုဂ္ဂိုလ်-၁၅၊ စည်းဝေးစေသဖြင့်လွှတ်တော်ဝန်၊ အတွင်းဝန်စသော မင်းကြီးများကို နားထောင်စေသည်။

ကေရာဇ်မင်းမြတ် ပြာသာဒ်ဆောင်က နေတော်မူလျက် "ဒုကုဋ်တင်ဆရာတို့က လက်ကန်တော့၊ ဒုကုဋ်တင်၊ ရင်စည်း၍ သာမဏေတို့ ဆွမ်းခံဝင်သင့်ကြောင်းကို ပါဠိ၊အဋ္ဌကထာ တိုက်ရိုက်ပြဆိုစေ၊ သက်န်းရုံဆရာတို့က နှစ်ဘက်ရုံ၍ သာမဏေတို့ ဆွမ်းခံဝင်သင့်ကြောင်းကို ပြဆိုစေ"အမိန့်တော်ရှိလျှင်—

အာစရိယဝါဒဆရာတို့က လက်ကန်တော့မှာ ရှင်ရာဟုလာ သာမဏေကို ရှေးကပြသည်ထက် ထူး၍မပြနိုင်၊ ဒုကုဋ်တင်မှာ သံဃာဋိ ပတ္တ စီဝရ ဓာရဏ-ဟူသော အဋ္ဌကထာပါဌ်ဖြင့် ပြပါလေပြီးသည်၊ ရင်ဖွဲ့မှာ မဟာပဒေသစူဠဂဏ္ဍိဖြင့် ပြပါသည် ဆိုသည့်စကားကို သံတော်ဦးတင်ပြန်လျှင်—

"စူဠဂဏ္ဍိအလိုသော် ကမ္မဝါစာကိုကြည့်၍ ယခုကာလ ကံဆောင်ကြသည်ဖြစ်၍ ရဟန်းကိုပင်ကြိုးစား၍ ရှာရဦးမည်၊ စူဠဂဏ္ဍိမဆိုစေနှင့် ပါဠိ၊အဋ္ဌကထာလာသည်ကိုသာ ပြဆိုစေ" အမိန့်တော်ပြန်လျှင်—

အာစရိယဝါဒဆရာတို့က မဟာပဒေသသို့ချ၍ရင်း၊ ဆရာပဝေဏီအားဖြင့်ရင်း ရင်ဖွဲ့စည်းပါသည်၊ ဒုကုဋ်ကိုတင်ပါသည် ထွက်ဆိုသည့်စကားကို သံတော်ဦးတင်ပြန်သော်—

"ဆရာ ပဝေဏီနှင့် ပါဠိ,အဋ္ဌကထာ အဘယ်ကခိုင်သနည်း"မေးဦး-အမိန့်တော်ပြန်သည်။

"ပါဠိ, အဋ္ဌကထာခိုင်ပေသည်၊ ဆရာပဝေဏီမခိုင်ပေ"ဟု အာစရိယဝါဒဆရာတို့က ဆိုသောစကားကို သံတော်ဦးတင်ပြန့်သော်–

"အာစရိယဝါဒဆရာတို့၏ စကားသည် မခိုင်မမာသိသာပြီ၊ ထေရဝါဒဆရာတို့သည် သာမဏေ နှစ်ဘက်ရုံသင့်ကြောင်းကို ပါဠိ,အဋ္ဌကထာအတိုင်းပြဆိုစေ"အမိန့်တော်ရှိလျှင်–

အန္တေဝါသိက, သဒ္ဓိဝိဟာရိကဖြစ်သော ရဟန်း,သာမဏေတို့ကို ဆုံးမရာ–

"သဗ္ဗမဿ ကပ္ပိယာကပ္ပိယံ အာစိက္ခိတဗ္ဗံ၊ နိဝါသနပါရုပနာဒိသု အဘိသမာစာရိကေသု ဝိနေတဗ္ဗော"–

ဆိုသောကြောင့် သာမဏေတို့ကို အလုံးစုံ အပ်, မအပ်ကို ကြားရမည်၊ဝတ်ခြင်းရုံခြင်းအစရှိကုန်သော အဘိသမာစာရိက သိက္ခာပုဒ်တို့၌ ဆုံးမရမည်၊ ဘုရားသခင် အမိန့်တော်ရှိတိုင်း အဘိသမာစာရိက၌ အကျုံးဝင်သော သာမဏေ, ရဟန်းတို့သည် ဖြည့်ကျင့်အပ်သော ပိဏ္ဍစာရိကဝတ်၌ ပိဏ္ဍစာရိကေန ဘိက္ခုဝေ ဘိက္ခုနာ-စသည်ဖြင့်–

ဘိက္ခဝေ၊ ရဟန်းတို့။ ပိဏ္ဍစာရိကေန၊ ဆွမ်းခံသွားသော။ ဘိက္ခုနာ၊ ရဟန်းသည်။ ဇာဒါနိ၊ ယခုအခါ၌။ ဂါမံ၊ သို့။ ပဝိသိဿာမိ၊ ဝင်အံ့။ပရိမဏ္ဍလံ၊ အဝန်းသုံးပါးညီညွတ်စွာ။ပဋိစ္ဆာဒေန္တေန၊ ဖုံးလွှမ်းသဖြင့်။ ပရိမဏ္ဍလံ၊ အဝန်းညီစွာ။ နိဝါသေတွာ၊ သင်းပိုင်ကိုဝတ်၍။ ကာယဗန္ဓနံ၊ ခါးပန်းကို။ ဗန္ဓိတွာ၊ ဖွဲ့၍။ သဂုဏံ ကတွာ၊ ကိုယ်ဝတ်နှင့် ဒုကုဋ်ထပ်သည်ကို ပြု၍။ သံဃာဋိယော၊ ဒုကုဋ်တို့ကို။ ပါရုပိတွာ၊ ရုံ၍။ ဂဏ္ဌိကံ၊ ခါးပတ်သီးကို။ ပဋိမုဉ္စိတွာ၊ ခါးပတ်ကွင်း၌တပ်၍။ ပတ္တံ၊ သပိတ်ကို။ ဓောဝိတွာ၊ ဆေး၍။ ပတ္တံ၊ သပိတ်ကို။ ဂဟေတွာ၊ ယူ၍။ သာဓုကံ၊ ကောင်းစွာ။ အတရမာနေန၊ မနှေးမလျင်။ ဂါမော၊ ရွာသို့။ ပဝိသိတဗ္ဗော၊ ဝင်အပ်၏။ သုပ္ပဋိစ္ဆန္နေန၊ ကောင်းစွာ ဖုံးလွှမ်းသဖြင့်။ အန္တရဃရေ၊ ရွာတွင်း၌။ ဂန္တဗ္ဗံ၊ သွားအပ်၏။

ဤသို့ အစရှိသည်ဖြင့် ရဟန်း, သာမဏေတို့ အထူးအခြားမရှိ ဖြည့်ကျင့်ရကြောင်းကို ထွက်ဆိုသောစကားရပ်ကို သံတော်ဦးတင်လျှင်"နှစ်ဦးသောပုဂ္ဂိုလ်တို့ဆိုချက်ကိုသိသာပြီ၊ကြံစေဦးတော့"ဆို၍ပြန်ခဲ့ရသည်နှင့်-

သင်္ကန်းရုံရှာဝှင်ရန်ထုတ်ပြန်ခြင်း

သက္ကရာဇ် ၁၁၂၄-ခု ကဆုန်လဆန်း ၁၅-ရက်နေ့ အမိန့်တော်ပြန်သည်ကား"ရဟန်းသံဃာတော် အပေါင်းတို့သည် အကွဲအပြားမရှိစေရ၊ ဘုရားသခင်ပညတ်တော်မူခဲ့တိုင်း သိက္ခာပုဒ်တော်ကို မယိုမယွင်းမလစ်မဟင်းစေရ၊ သေခိယသိက္ခာပုဒ် ပိဋကစာရိကဝတ်၌ လာသည့်အတိုင်း ဂါမပဝေသနအရာ၌ ရဟန်း,ပဉ္စင်းနှင့် မကွဲမပြား သာမဏေတို့အား နှစ်ဘက်ရုံဆုံးမပြသတော်မူရမည်"ဟု မန်လည်ရှင်ဂုဏာမထေရ်ကို "ဂုဏာမုနိန္ဒာဓိပတိ ပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်နာမံတော်နှင့် သာသနာတော်ရေးကို ကြည့်ရှုစောင့်မရမည်- အမိန့်တော်နှင့်အပ်၍ အကွဲအပြား မရှိ တဝတည်း ထေရဝါဒ သင်္ကန်းရုံ၍ ရှိပြီးမှ ငါးထပ်ကျောင်း ဒါယကာမင်းတရား အနိစ္စရောက်၍ မရှိသည့်နောက် အာစရိယဝါဒပုဂ္ဂိုလ်တို့သည် ရှေးဂါမဝါသီ ဦးထုပ်ဆောင်းပုဂ္ဂိုလ်တို့နှင့်တိုင်ပင် လည်ဆယ်၍ ဘောက်ပြန်သဖြင့် ဝါဒမပျက် ယူမြဲဝတ်မြဲ ဝတ်ကြပြန်လေသည်ရှိသော်—

ဆင်ဖြူမျှားရှင် သာသနာရေး အကြံအစည်

"အလျင်မှာဓမ္မ၊နောက်ဗုဒ္ဓ"ဖြစ်စေလိုသောကြောင့် သာသနာတော် ၂၃၀၇-ခု သက္ကရာဇ် ၁၁၂၅-ခုတွင် အမရပုရပြည်ကြီးကို အစိုးရတော်မူသော ဆင်ဖြူမျှားရှင် ဘဝသျှင်မင်းတရားကြီးသည်"နတ်တကာအပေါင်းတို့ကို အစိုးရသော သိကြားမင်းသည် မျက်စိအမြင်တထောင် ဆောင်ဘိသကဲ့သို့ ပညာစက္ခုဖြင့်"ဘုရားသခင်သာသနာတော်ကို ထမ်းရွက်ကျင့်ဆောင်သော ရဟန်းသံဃာအပေါင်းတို့သည် ဘုရားသခင် အလိုတော်အတိုင်း တချက်တည်းသာ ယူဆောင်ရမည်၊ ကွဲပြား၍ အယူရှိရမည်မဟုတ်"ဟု ဆင်ခြင်တော်မူလျှင် "ယခုလည်း သာသနာတော်၏ ဘေးရန်ဆူးငြောင့်သဘွယ် ပြုကျင့်၍ နေကြပြန်သည်၊ ဤကဲ့သို့ဖြစ်လျှင် သာသနာတော် တိမ်းယိမ်းပျက်စီးယိုယွင်းလတ္တံ့"ဟု ရှေးမင်းတို့ သာသနာ

တော်၏ ဘေးရန်ဆူးငြောင့်ကို သုတ်သင်ရှင်းလင်းဘူးသော ထုံးစံကို အောက်မေ့ဆင်ခြင်တော် မူပြန်သော်–

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည့်နောက် သာသနာ ၂၃၆-ခုနှစ်တွင် ဓမ္မာသောကမင်း တိတ္ထိခြောက်သောင်းကို နှိပ်နင်း၍ လူထွက်စေဘူးသော ထုံးစံရှိသည်။

၄၃၆-နှစ်တွင် ဒေဝါနံ ပိယတိဿ မင်းလက်ထက် အရှင်မဟိန္ဒ ထေရ်ကူး၍ သာသနာတော်ပြုရာတွင် မဟာဝိဟာရ ကျောင်း ဆောက်လုပ်လှူသည်မှစ၍ ၂၁၄- နှစ်တိုင် သာသနာတော်သန့် ရှင်းစင်ကြယ်စွာ ဖြစ်၍ မဟာဝိဟာရဝါသီ ဂိုဏ်း အနွယ်တခု တည်းသာရှိသည်။

၄၅၀-ပြည့်တွင်မှ ဝဋ္ဋဂါမဏိမင်း လက်ထက် မဟာတိဿ ထေရ်သည် လူတို့နှင့်ရောယှက်၍ ကုလဒူသက, အနေသနပြုကျင့် သောကြောင့် မဟာဝိဟာရဝါသီသံဃာတို့က နှင်ထုတ်သော ၎မဟာတိဿထေရ်ကို ပင့်ဘိတ်၍ အဘယဂိရိ ကျောင်းကို ဆောက်၍ တင်လေသည်၊ ထိုမဟာတိဿ မထေရ်လည်း အသီး အခြား သံဃာကိုပြု၍ နေသဖြင့် မဟာဝိဟာရဝါသီတဂိုဏ်း, အဘယဂိရိဝါသီတဂိုဏ်း ကွဲလေသည်။

အဘယဂိရိဝါသီဂိုဏ်း တည်သည့်နောက် ၁၇ - နှစ်၊ သာသနာ တော်သက္ကရာဇ် ၅၃၇-ခုနှစ်၌ မဟာသေနမင်းလက်ထက် ဇေတဝန် ကျောင်းဆောက်၍ ဒက္ခိဏာဝိဟာရကျောင်း၌ နေသော မစောင့်မစည်း ယုတ်မာသော အကျင့်ရှိသော တိဿမထေရ်အား ပင့်ဘိတ်၍ တင်လှူသည်၊ ထိုအခါမှ အစပြု၍ ဇေတဝနဝါသီတဂိုဏ်း ပွားပြန်သဖြင့် သီဟိုဠ်ကျွန်း တွင် သာသနာတော်တည်သည်မှစ၍ အနှစ်ခြောက်ရာ မပြည့်မီပင် မဟာ ဝိဟာရ ဝါသီတဂိုဏ်း,အဘယဂိရိဝါသီတဂိုဏ်း,ဇေတဝနဝါသီတဂိုဏ်း- သုံးဂိုဏ်း ကွဲလေသည်။

ထိုသုံးဂိုဏ်းတို့တွင် မဟာဝိဟာရဝါသီတဂိုဏ်းသာ စင်စစ်သန့်ရှင်း စွာ ဘုရားသခင် ပညတ်တော်မူခဲ့ဘိုင်း ညီအောင်ကျင့်ကုန်သည်၊ ကြွင်း သော ၂-ဂိုဏ်းသားတို့မှာ ဘုရားတရား မဟုတ်သည်ကို ဘုရားတရားပြု၍ မစင်မကြယ်ကျင့်ဆောင်လျက် နေကုန်သည်၊ထိုအခါမှစ၍ သီဟိုဠ်ကျွန်း ၌ အစဉ်သဖြင့် ဓမ္မဝါဒီအားနည်း၍ အဓမ္မဝါဒီ အားကြီးသည်။

ထိုအဓမ္မဝါဒီပုဂ္ဂိုလ်တို့သည် မဟုတ်မရာသော အကျင့်, မကောင်းသော အကျင့်တို့ကို ကျင့်ကုန်သည်နှင့် သာသနာတော်၏ အညစ်အကြေးဘေးရန်ဆူးငြောင့်ပြု၍ နေကုန်သည်နှင့် သာသနာတော် ၁၇၀၀-ခုတွင် သီရိသင်္ဃဗောဓိပရက္ကမဗာဟု မင်းအဖြစ်သို့ရောက်၍ ၁၈-နှစ်တွင် ရဟန်းသံဃာအပေါင်းတို့သည် မဟုတ်မရာသော အကျင့်တို့ကို ပြု၍နေသည်တို့ကို သိရသဖြင့် ဥဒုမ္ဗရဂိရိကျောင်း၌ သီတင်းသုံးနေသော မဟာကဿပမထေရ် အမှူးရှိသော ကောင်းသောအကျင့်ကို ကျင့်၍ တရားအထူးရှိသော မဟာဝိဟာရ ဝါသီ သံဃာတို့အား တောင်းပန်ခြင်းကို ပြု၍ မဟုတ်မရာသော အကျင့် ကျင့်ကုန်သော အဓမ္မဝါဒီ ရဟန်းယုတ်တို့ကို လူထွက်စေ၍ သာသနာတော်ကို သုတ်သင်ရှင်းလင်းသော ထုံးစံ ရှိသည်။

ငါတို့မြန်မာတိုင်း သာသနာတော် ၆၅၁-ခုတွင် ပေါက္ကံရာမပြည်ကို တည်ထောင်သောသမုဒ္ဒရာဇ်မင်း,သော့လည်ကြောင်မင်း,ပြူစောထီးမင်း၊ ထို့နောက် နော်ရထာမင်းစော လက်ထက် သာသနာ ၁၅၅၁-ခုနှစ် သုဝဏ္ဏဘုမ္မိတိုင်းက သောဏထေရ်အဆက် ရှင်သီလဗုဒ္ဓိဘပည့် လောကီချာန်ရသော ရှင်အရဟံကြွတော်မူလာ၍ ကိုးကွယ်ရရသဖြင့် တရားသိလိမ္မာလျှင် ရှင်အရည်ကြီးသုံးကျိပ်,ဘပည့်ခြောက်သောင်းတို့၏ အယူဝါဒဘုရား တရားနှင့်မညီ ကွဲပြားကြောင်းကိုသိ၍ သာသနာတော်၏အညစ်အကြေး ဘေးရန် ဆူးငြောင့်ဖြစ်သော အရည်းကြီး သုံးကျိပ်နှင့်တကွ တပည့်ခြောက်သောင်းတို့ကို အဝတ်လဲ၍ လူထွက်စေသော ထုံးစံရှိသည်။

ရာမညတိုင်း တလိုင်းသုံးရပ်၌ သီတင်းသုံးနေသော ရဟန်းသံဃာတော်အပေါင်းတို့သည် သာသနာတော် ဘေးရန် ဆူးငြောင့်သဘွယ် ပြုကျင့်၍ နေကြကုန်သည်နှင့် သာသနာတော်နှစ် ၂၀၀၆၊သက္ကရာဇ် ၈၂၄-၌ ပိဋကတ်ကျမ်းဂန် သိလိမ္မာသော ဓမ္မစေတီမင်း သည် သုဝဏ္ဏသောဘဏထေရ်နှင့် သီဟိုဠ် မဟာဝိဟာရဝါသီဂိုဏ်းက ပဉ္စင်း ခံခဲ့သော မထေရ် နှစ်ကျိပ်နှစ်ပါးတို့အား တောင်းပန်၍ သာသနာတော်၏ ဘေးရန်ဆူးငြောင့်ဖြစ်သော ရဟန်း, သံဃာတို့ကို သုတ်သင်ရှင်းလင်း၍ သီဟိုဠ် မဟာဝိဟာရဝါသီဂိုဏ်းအနွယ် တဝတည်းသာ ဖြစ်စေသဖြင့် တရားကို ကျင့်ဆောင်စေသော ထုံးစံရှိသည်။

ဓမ္မစေတီမင်းနောက် သာသနာတော် ၁၂၄-နှစ် တိုင်ရှိသာတည်၍ ရဟန်း, သံဃာတို့သည် ဝိနည်း ကျမ်းဂန်နှင့်မလျော် ကျင့်သမျှကို

သက္ကရာဇ် ၉၄၄-ခုတွင် မဟာဥပရာဇာမင်းသည် သုတ်သင်ရှင်းလင်း၍ လူပြုစေသည်။

တဘန် သက္ကရာဇ် ၉၅၅-ခုတွင် နိဿယည်းပေး၍ မရသမျှ ရဟန်း, သံဃာတို့ကို နိဿယည်းအင်္ဂါနှင့် ဆောင်ရွက်၍ နေနိုင်လျှင်လည်း နေစေသည်၊ မနေနိုင်လျှင်လည်း လူထွက်စေသော ထုံးစံရှိသည်။

ဆင်ဖြူများရှင် သာသနာသုတ်သင်ခြင်း

ငါ ကေရာဇ်မင်းသည်လည်း အိမ်နိမ့်စံသည်ကပင် ရဟန်းသံဃာ ဘုရားတရားကျမ်းဂန်ရှိတိုင်း မကျင့်မဆောင်၊ ပဋ္ဌင်း,သာမဏောတို့ ရွာဝင်ရွာတွင်း ကောင်းစွာဝတ်ရုံ၍ မသွားသော ဘုံကျော်တပ်တော် ရှင်အရည်းတို့ကဲ့သို့ သွားလာဝတ်ရုံကြသည်ကို သိမြင်တော်မူရသည်ဖြစ်၍ ငါတည်း အထွတ်အမြတ်သို့ရောက်လျှင် သာသနာတော် ဘေးရန်ဆူးငြောင့်များတို့ကို သုတ်သင်ရှင်းလင်း၍ ဘုရားသခင် သာသနာတော် ထွန်းလင်းစိမ့်မည်ဟု တောင့်တပတ္တနာပြုခဲ့သည်နှင့် အကြံတော်ပြည့်စုံသဖြင့် အထွတ်အမြတ်သို့ရောက်လျှင်ဒုတိယသင်္ဂါယနာတင်စဉ်ကာလတသောင်းမျှလောက်သော ဝဇ္ဇီတိုင်းသားရဟန်းတို့ ထေရဝါဒသို့ မဝင်ဘဲ မဟာသင်္ဂီတိဂိုဏ်းဖွဲ့၍ အာစရိယအယူဖြင့်အနှစ် ၂၁၀-နှစ်တိုင်ဆင်းသက်၍ ရှိသည်အရာကို ဓမ္မာသောကမင်းလက်ထက် အာစရိယဝါဒနှင့်တကွ ခြောက်သောင်းသော မိစ္ဆာဒိဋ္ဌိရဟန်းတို့ကို လူထွက်စေ၍ သာသနာတော်ရှင်းလင်းအောင် သုတ်သင်သကဲ့သို့ အာစရိယဝါဒ မပျောက်မပျက်ရှိသမျှ—

ဘုရားသခင်အလိုတော် ဝိနည်းသိက္ခာပုဒ်တို့၌ မေးမြန်း၍မရသော ရဟန်းသံဃာတို့ကို သက္ကရာဇ် ၁၁၃၅-ခုနှစ် လူဝတ်လဲစေသည်။

အချို့သောရဟန်းတို့ကိုလည်း သာသနာတော်နှင့် မထိုက်မတန်ဟု အမှတ်အသားပြု၍ လွှတ်သည်။

ဆေးကုခြင်း, ဗေဒင်တွက်ခြင်းစသည်ဖြင့် အသက်မွေးကုန်သောသူတို့ကိုလည်း ဝိနည်းသိမ်မွေ့လှသည်ဖြစ်၍ လူဝတ်လဲစေသည်။

ပါရာဇိကအရိပ်အမြွက်ထင်မြင်သော ပုဂ္ဂိုလ်တို့ကို မစစ်ဘဲ လူဝတ်လဲစေသည်။

ပါရာဇိကရောက်နှင့်ပြီးသော ရဟန်းတို့လည်း သာသနာတော်ကို မခိုမလှုံနိုင်ပြီဖြစ်၍ မိမိအလိုလို လူထွက်ကြကုန်သည်။

သာသနာတော်နှင့် ထိုက်တန်သေးသော ရဟန်းသံဃာ တို့ကိုလည်း ကျောင်းအရိပ်အာဝါသ,ပစ္စည်းစွန့်ပစ်၍ ဝတ်ဖြူလဲပြီးလျှင် အသစ်သိက္ခာ ထပ်တင်၍ ပဌမသင်္ဂါယနာ, ဒုတိယသင်္ဂါယနာ, တတိယသင်္ဂါယနာ, စတုတ္ထသင်္ဂါယနာ တင်တော်မူကုန်သော အရိယာဝံသ အနွယ်အဆက် ထေရဝါဒဖြင့် ယူသော ဆရာတော်တို့ထံ အပ်နှံစေ၍ ပရိယတ်ကို အားထုတ် သင်ကြားစေသဖြင့် ဝိနည်းတရား ကျမ်းဂန်လာရှိတိုင်း ကျင့်စေသည့်အတွင်း-

---

အတင်အရုံ ရှင်းလင်းပြောဆိုပြန်ခြင်း

ခမည်းတော်မင်းတရားကြီးလက်ထက် အာစရိယအနွယ်အဆက် ပြု၍ယူလေ့ရှိသော တံရွာ ရှင်ဂုဏာသီရိ၏ တပည့် သိဿာနုသိဿဖြစ်သော အတုလယသ ပုဂ္ဂိုလ်သည် သီဟိုဠ်ကျွန်း ဝဋ္ဋဂါမဏိမင်း၏ဆရာ အလဇ္ဇီဖြစ်သော အဘယဂိရိကျောင်းနေ မဟာတိဿမထေရ်ကဲ့သို့ လူတို့နှင့် ရောပြွမ်း ဆက်ဆံသဖြင့် အာစရိယဝါဒကိုသာယူ၍ တပည့်သာမဏေတို့အား ဒုကုဋ်တင်,ရင်ဖွဲ့စည်းသာ အပ်ကြောင်း, ကျမ်းဂန်ရှိကြောင်းနှင့် တကာတို့အား စာပေးမှာရာတွင် ဆင်ဖြူများရှင် ဘဝသျှင်မင်းတရားကြီးသိတော်မူ၍"ခေါ်ပင့်စေ,တရားရှိရာဆိုစေ မှန်ရာတရားကို ငါလိုက်တော်မူမည်"အမိန့်တော်ရှိ၍ ခေါ်ပင့်ရာ ရောက်လာသော် သုဓမ္မာစရပ်သဘင်၌ ဝင်စေ၍-

> သက္ကရာဇ် ၁၁၃၆-ခုနှစ်တွင် အသစ် ဝိနည်းငါးကျမ်း ပါဠိ, အဋ္ဌကထာနှင့်သာ အာစရိယဝါဒ အတုလယသပုဂ္ဂိုလ်,ထေရဝါဒပုဂ္ဂိုလ် နှစ်ဦးတို့ တင်သင့်,ရုံသင့် ဆွေးနွေးမေးမြန်းကြစေ။

အမိန့်တော်ပြန်လျှင် အာစရိယဝါဒ အတုလယသပုဂ္ဂိုလ်က ဝိနည်းငါးကျမ်း ပါဠိ,အဋ္ဌကထာ လာသည်ကိုမဆိုမူ၍ မဟာပဒေသအဝင်ဟု အယူရှိသော စူဠဂဏ္ဌိပဒ္ဓကျမ်းတွင် စီဝရဥရဗန္ဓနကိုသာ ပြဆိုလေသော်

တိပိဋကာလင်္ကာရပုဂ္ဂိုလ်က "ငါ့ရှင်ယူသော စူဠဂဏ္ဌိပဗ္ဗကျမ်းတွင် ပဋ္ဌင်းအဖြစ်ကိုပေးသော ကမ္မဝါဆရာတို့သည် ပေစာကိုမကြည့်ဘဲ နှုတ်လွတ်ရွတ်မှ ကံမြောက်သည် အယူရှိသည့်အတိုင်း ဖြစ်လျှင် ငါ့ရှင်ကို ပဋ္ဌင်းခံသော ကမ္မဝါစာဆရာတို့သည် ပေစာကိုကြည့်၍ ကံမြောက်မည် ဆိုမည်လော၊ ကံမမြောက် ဆိုမည်လော" ဟု မေးလျှောက်ရာတွင် မိန်းမော၍ မကြံနိုင်အောင် ရှိခဲ့သောကြောင့် တောင်တင်ရေမရ စကားကိုသာ ပြောဆို၍ နေရှာလေသည်။

တိပိဋကာလင်္ကာရ ပုဂ္ဂိုလ်ကလည်း "ဤအာစရိယ ဝါဒဆရာပြုသော စူဠဂဏ္ဌိပဗ္ဗကျမ်းစကားကို ဆိုတော်မမူပါနှင့်၊ ဝိနည်းငါးကျမ်းတွင်သာ ဖျင်တနံကို ဒုကုဋ်တင်၍ ရင်ဖွဲ့စည်းသဖြင့် တဘက်လက်ကန်တော့တင်၍ သွားအပ်ကြောင်းကိုသာ ထုတ်နုတ်၍ ဆိုတော်မူပါ" ဟု လျှောက်သော်လည်း ပြန်၍ဆိုစရာမရှိရာတွင် ထေရဝါဒအယူ တိပိဋကာလင်္ကာရ ပုဂ္ဂိုလ်က "ရဟန်း၊ သာမဏေပြုစဉ် ဥပဇ္ဈာယ်ပြုသည်ကာလ၊ ဒေသနာကြားသည် ကာလ၊ ဥပုသ်ပဝါရဏာစသော ကံကြီးကံငယ် ဆောင်သည်ကာလ-စသည်တို့၌ ဧကံသံ ဥတ္တရာသင်္ဂံ ကရိတွာ-စသည်ဖြင့် ကိုယ်ဝတ်စမွယ်တင်တဘက်တင်ရုံ အပ်ကြောင်းကိုသာ ပါဠိ၊ အဋ္ဌကထာ များစွာလာသည်၊ ဆွမ်းခံခြင်းစသော ဂါမန္တရကိုဝင်သည်ကာလ သုပ္ပဋိစ္ဆန္န နှစ်ဘက်ရုံ ကောင်းစွာဖုံးလွှမ်းခြင်းကို ပြု၍ ဝင်အပ်ကြောင်း ပါဠိ၊ အဋ္ဌကထာလာသည်။

ရွာတွင်း၌သာ မဟုတ်သေး၊ အရံတွင်း၌ပင် ဖြစ်သော်လည်း လူတို့လုပ်ကျွေးရာအရပ်သို့ သွားသည်ကာလ ကောင်းစွာရုံ၍ သွားရမည်ဟု စူဠဝါအဋ္ဌကထာတွင်—

> အန္တောဂါမေဝါ၊ ရွာတွင်းသည်မူလည်း။ ဟောတု၊ ဖြစ်စေ။ ဝိဟာရေ ဝါ၊ အရံတွင်းသည်မူလည်း။ ဟောတု၊ ဖြစ်စေ။ မနုဿာနံ၊ လူတို့၏။ ပရိဝေသနဋ္ဌာနံ၊ လေ့ကျင့်ရာနေရာအရပ်သို့။ ဂစ္ဆန္တေန၊ သွားသော ရဟန်းသည်။ စီဝရံ၊ သင်္ကန်းကို။ ပါရုပိတွာ၊ ရုံ၍။ ကာယဗန္ဓနံ၊ ခါးပန်းကို။ ဗန္ဓနေန၊ ဖွဲ့သဖြင့်သာလျှင်။ ဝဋ္ဋတိ၊ အပ်၏။ ဣတိ၊ ဤသို့။ အဋ္ဌကထာသု၊ အဋ္ဌကထာကျမ်းတို့၌။ ဝုတ္တံ၊ ဆိုအပ်၏။

အတုလယသကို လူဝတ်လဲစေ၍ နှင်ထုတ်ခြင်း

"ဆွမ်းခံခြင်းစသော ရှာဝင်ကိစ္စ သွားသည့်ကာလ ရဟန်းတို့မှာ ထူး၍ သာမဏေတို့အား ဝတ်ရုံခြင်းကို ခွင့်ပြုသော ပါဠိ,အဋ္ဌကထာဝိနည်းကျမ်းမလာ၊ဆိုခဲ့ပြီးသော ပါဠိ,အဋ္ဌကထာသည် သင်္ဂါယနာသုံးတန်တင်အပ်သော ကျမ်းကြီး ကျမ်းခိုင်ဖြစ်သည်၊ ဘုရားမှတပါး အထူးမပညတ်အပ်၊ ပညတ်တော်မူပြီးသည်ကိုလည်း မပယ်မနုတ်အပ်" ပြောဆိုလျှင် အတုလယသပုဂ္ဂိုလ်က အာစရိယဝါဒဖြင့် ဆရာစဉ် ဖြစ်ကြောင်းစကားနှင့် ဆိုကြောင်းကို ဧကရာဇ်မင်းမြတ် ကြားသိတော်မူလျှင် "အတုလယသပုဂ္ဂိုလ်သည် ဝိနည်းငါးကျမ်းကို ပယ်ရှား၍ အာစရိယဝါဒ အတ္တနောမတိဖြင့်သာ ယူ၍ကျင့်ဆောင်သော အလဇ္ဇီပုဂ္ဂိုလ်ပင် ဖြစ်သည်" အမိန့်တော်ရှိပြီးလျှင် အာစရိယဝါဒ ယူသမျှကို ပင့်၍မေးဦး၊ အတုလယသပုဂ္ဂိုလ်ကို အာစရိယဝါဒပုဂ္ဂိုလ်ချင်းပင် ကံကြီး, ကံငယ် မစပ်ယှက် ခွဲ၍ထားလေသည်၊ "အဘယ်အကြောင်းဖြင့် ထားသနည်း" အမိန့်တော်ဖြင့် မေးရသော် အာစရိယဝါဒ ပုဂ္ဂိုလ်များတို့က—

အတုလယသ ပုဂ္ဂိုလ်သည် ခမည်းတော်မင်းတရားလက်ထက် ရာဇဝလ္လဘ သံဃရာဇာဖြစ်၍ သံဃာတို့၏ ဝါဒကိုသာ မဆုံးဖြတ်၊ လူမှုလူရာများကိုလည်း ဆုံးဖြတ်စီရင်သဖြင့် ကြေးငွေအကုန်အကျရှိခြင်း, မိမိနှင့်စပ်၍ ရာဇဝတ်ခိုက်ငြိခြင်း စသော အမှုရပ်များကြောင့် မပေါင်းမယှက် ခွဲ၍ထားပေသည်၊ အတုလယသ စီရင်ဆုံးဖြတ်သော စာအစောင်စောင်ကိုလည်း ဆက်သွင်းလေရာတွင် ဆက်သွင်းသောစာခွေတို့ကို ကျမ်းသိဂန်မြင်အမတ်တို့ ဘတ်နာစေသော် အမတ်တို့က "သည်အတိုင်းမှန်လျှင် တရားမှလွတ်၍ သီလမရှိဖြစ်ချေသည်"ဟု သံတော်ဦးတင်ကြရာတွင် ဤအတုလယသပုဂ္ဂိုလ်သည် သာသနာတော်၏ ဘေးရန်ဆူးငြောင့် ပြုကျင့်၍ နေသသူဖြစ်သည်၊ထင်ရှားအောင် လူဝတ်လဲ၍ မောင်းကျော်ပြီးမှ မိမိရပ်ရွာသို့ နှင်ထုတ်လေ"အမိန့်တော်ရှိ၍ နှင်ထုတ်လိုက်သည်။

မြို့ရွာအသီးသီးသို့ သာသနာပြုစေလွှတ်ခြင်း

၍သို့လျှင် သာသနာတော် ဘေးရန်ဆူးငြောင့်ရှိသမျှ နိုင်ငံတော်အတွင်းဝယ် သုတ်သင်ရှင်းလင်းပြီးလျှင် ပဉ္စမသင်္ဂါယနာ အစရှိသည် တင်ကုန်သော အရှင်မဟာကဿပမထေရ် အစရှိကုန်သော အရှင်မြတ်တို့၏ အနွယ်အဆက် သက္ကရာဇ် ၁၀၅၀-ပြည့်တွင် ရမည်းသင်းမင်းတရားလက်ထက် ထေရဝါဒအယူ ရေမိန်- ရှင်ဂုဏာသီရိပုဂ္ဂိုလ်တပည့်အနွယ်အဆက် မင်းအို-ရှင်ဂုဏာမုနိန္ဒာ ဘိဓဇမထေရ်၏ သဒ္ဓိဝိဟာရိကဖြစ်သော ရှင်ဇနိန္ဒထေရ် ဝိနယဓရပုဂ္ဂိုလ်ကို "ဉာဏာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မရာဇဂုရု"တံဆိပ်နာမံတော်နှင့် သာသနာပြုအပ်နှင်းတော်မူသည်နှင့် သာသနာပြု ဉာဏာဘိဝံသ ဓမ္မသေနာပတိမထေရ်သည်လည်း ဘုရားသခင် သက်တော်ထင်ရှား ရှိစဉ်ကာလ အရပ်ရပ်အမြို့မြို့တို့၌ သာသနာတော် ထွန်းလင်း၍ ရှိဘူးသည်ကို တကာတို့ အရိပ်အမြွက် ကြားဘူးကြသည်နှင့် ယခုတကာတို့ သဘောမကျသေးသည့်အရာကို သဘောကျန အယူဝါဒပေါ်ရှိစိမ့်သောငှါ ပဉ္စဝဂ္ဂီငါးယောက်နှင့် ရှင်ယသတို့ကို အန္တိအပြား စေလွှတ်သကဲ့သို့ စေလွှတ်ရပါမည့်အကြောင်းနှင့် မေတ္တာစာဆက်သွင်းရာတွင် ကြိုက်နှစ်သက်တော်မူသဖြင့် ပိဋကတ်စာပေနှင့်တကွ တတ်သိလိမ္မာရှိသော သံဃာတော်တို့ကို ရွေးကောက်၍ အမြို့မြို့အရွာရွာ သီတင်းသုံးနေစေသည်၊ ထိုရပ်ရွာသား တကာတို့ကို ဘုရားတရားအယူပြစေ၍ သရဏဂုံသုံးပါး, ငါးပါးသီလကို ဆောက်တည်စေနှင့်သည်။

ဥဘတောဝိဘင်း ဆောင်စေခြင်း

ဘုရားသခင် ပရိနိဗ္ဗာန်စံပြီးသည့်နောက် ရာဇဂြိုဟ်ပြည် အဇာတသတ်မင်းလက်ထက် ပဌမသင်္ဂါယနာ, ဝေသာလီပြည် ကာလသောကမင်းလက်ထက် ဒုတိယသင်္ဂါယနာ, ပါဋလိပုတ်ပြည် ဓမ္မာသောကမင်းလက်ထက် တတိယသင်္ဂါယနာ, သီဟိုဠ်ကျွန်းဒေဝါနံပိယတိဿမင်းလက်ထက် ၂၃၇-ခုတွင် စတုတ္ထသင်္ဂါယနာ တင်ကြကုန်သကဲ့သို့ အမရပုရပြည် အောင်မြေလောကဘုရားဒါယကာ မင်းတရားလက်ထက် ပဉ္စမသင်္ဂါယနာဖြစ်ထွန်းအောင် ဉာဏာဘိဝံသ ဓမ္မသေနာပတိမထေရ်သည် ရှင်မဟာကဿပ, ရှင်မဟာယသ, ရှင်မောဂ္ဂလိပုတ္တ

တိဿ,ရှင်မဟိန္ဒာဒေရ်တို့သတ္တိ ဗျတ္တိ ရှိသောရဟန်းကို ရွေးကောက်သကဲ့သို့ နိုင်ငံတော်အတွင်း သီတင်းသုံးနေသမျှ ပုဂ္ဂိုလ်တို့ကို ရွေးကောက်ပင့်ခေါ်၍ ရောက်လျှင်''ပိဋကတ်သုံးပုံတွင် ဝိနည်းပိဋကတ်သည်သာသနာ၏ မူလဘူတ အမြစ်ဖြစ်ကြောင်း,နိဿယမုတ္တကအင်္ဂါရှိမှ အသီးပုဂ္ဂလနေအပ်ကြောင်း-ဝိနည်းတရားကျမ်းဂန်လာရှိတိုင်း သာချည်းလျှောက်ပတ်စွာကျင့်အပ်ကြောင်းပြောဆို တောင်းပန်၍ သတ္တိဗျတ္တိရှိသော နှစ်ရှင့်ပါးကျိပ်သော ပုဂ္ဂိုလ်တို့ကိုရွေးချယ်စီစစ်၍ ရပြီးလျှင် ဥဘတောဝိဘင်း ပါရာဇိကဏ်ပါဠိ,ပါစိတ်ပါဠိတော်တို့ကို နှုတ်တက်အလွှဲအလာ ရွက်ဆောင်စေနှင့်၍ နောက်ဆုံးကျမ်းကို နှုတ်တက် ရွက်ဆောင်၍ ဆက်၍ ပြန်ဆိုစေဦးမည်၊ စိတ်က အကြံတော်ရှိတိုင်း ဥဘတောဝိဘင်းကို ရှေးဦးစွာ နှုတ်တက်အလွှဲအလာ ဆောင်ရွက်စေ၍ သိကြားမင်း၏ ဗိမာန်နှင့်တူသော သုဓမ္မာဇရပ် ပွဲသဘင်၌ ပြန်ဆိုစေသည်၊ ဥဘတောဝိဘင်းကို မဆောင်မရွက်နိုင်သော ပုဂ္ဂိုလ်ပဥ္စင်းတို့မှာ ပါတိမောက်နှစ်စောင်, ခုဒ္ဒသိက္ခာကျမ်း စတုဘာဏဝါရတို့ကို နှုတ်တက် အလွှဲ အလာ ဆောင်ရွက်စေ၍ သုဓမ္မာစရပ်ပွဲသဘင်၌ ပြန်ဆိုစေသည်၊ သာမဏေတို့မှာ သရဏဂုံကို ရှေးဦးစွာ ပုဒ်အက္ခရာပြည့်အောင် သင်စေ၍ သာမဏေတို့ စောင့်ရှောက်ရာ ဆယ်ပါးသောသီလ,လိန်, ဒဏ်, သေခိယ, ခန္ဓကဝတ်စာများကို နှုတ်တက် ရွက်ဆောင်စေ၍ သုဓမ္မာစရပ်ပွဲသဘင်သို့ ပြန်ဆိုစေသည်။

ကေတုမတီသို့ သာသနာပြု စေလွှတ်ခြင်း

ဤသို့ နှုတ်တက် အလွှဲ.အလာ ရှိပြီးမှ ဥဘတောဝိဘင်းရသော ပုဂ္ဂိုလ်တို့ကို ရွေးကောက်၍ ထိုထိုမြို့ရွာတို့၌ သီတင်းသုံးနေစေ၍ သာသနာတော် အနှံ့.အပြားရှိအောင် သာသနာတော်ပြုစု၍ အဆုံးအမ ဩဝါဒပေးစေသည်၊ တိုင်းသီးတိုင်းခြား မြို့တို့ကိုလည်း ပါဋလိပုတ်ပြည် ဓမ္မာသောကမင်းလက်ထက် သာသနာတော် ၂၃၆-ခု တန်ဆောင်မုန်းလတွင် မောဂ္ဂလိပုတ္တတိဿမထေရ်သည် နောင်အနာဂတ်ကို မြော်တော်မူ၍ အသီးအသီး မထေရ်တို့ကို သာသနာပြု စေလွှတ်သကဲ့သို့ တိုင်းသီးတိုင်းခြားဖြစ်သော ဇေယျာဝဓနတိုင်း မြို့ရံ-၁၂၊ ကျေးသီး ၃၃-အခြံအရံရှိသော ကေတုမတီပြည်ကြီးသို့ သာသနာပြု စေလွှတ်လိုက်သော

ကြောင့် ဉာဏာဘိဝံသဓမ္မသေနာပတိ အမည်ရှိသော မထေရ်သည်—

"ဝိနယဓရပုဂ္ဂိုလ်ဂိုဏ်း ဝိသေသ ထေရ်သမ္မုတိခံ တကျိပ်နှစ်ဦးသော ဆရာတော်တို့တွင်— ရှင်မဟာကဿပစသော အရိယာဝံသထေရ် အနွယ်အဆက် ရေမိန် ရှင်ဂုဏာသီရိပုဂ္ဂိုလ်တပည့် မိုင်းလုံး ရှင်ပဝရမဥ္ဇူပုဂ္ဂိုလ်၏ သဒ္ဓိဝိဟာရိက ရှင်ပရမဝံသာဘိဓဇပုဂ္ဂိုလ်သည် တတ်ရည်လိမ္မာရည် ရှိသည်၊ သန့်ရှင်းစင်ကြယ်သော သီလ,သမာဓိ ကျေးဇူးရှိသည်၊ ဝိနယဓရလည်းဖြစ်သည်၊ ယဉ်ကျေးသိမ်မွေ့သော တရားစကားဖြင့် ဆုံးမ ပြောဆိုလေ့ရှိသည်၊ ဤပုဂ္ဂိုလ်နှင့်သာ လျောက်ပတ်သည်"—

ဟု ဧကရာဇ်မင်းကို စာသွင်းလျှင် အောင်မြေလောက ဘုရားဒါယကာ မင်းတရားလည်း "ဇေယျာဝဍ္ဎနတိုင်း တောင်ငူကေတုမတီမြို့သည် ရှေးမင်းကောင်းတို့ နေရာဌာနလည်းဖြစ်သည်၊ တိုင်းသီးတိုင်းခြားလည်း ဖြစ်ပလေသည်၊ ငါ၏သားတော် သတိုးဓမ္မရာဇာကိုလည်း သက္ကရာဇ် ၁၁၅၂-ခုနှစ်တွင် ဘုရင်ခန့်ပေးအပ်တော်မူသည်၊ ထိုတိုင်းမှာလည်း ရဟန်းသံဃာတို့ ဂိုဏ်းဒွာကွဲအပြား ကံကြီး,ကံငယ်ပြုကြသည်၊သာသနာတော် မစည်မထွန်း ညစ်နွမ်းပါးလေသည်၊ ငါ၏သားတော် တောင်ငူဘုရင် ကိုးကွယ်စေ၊ ပရမသီရိဝံသပုဂ္ဂိုလ်အား 'ပရမသီရိဝံသာဘိဓဇမဟာဓမ္မရာဇဂုရု' တံဆိပ်နာမံတော်နှင့်သာသနာတော်ပြု ကြွသွားစေ" အမိန့်တော်ရှိသဖြင့် ရှင်မောဂ္ဂလိပုတ္တတိဿထေရ်နှင့် အလားတူစွာ နောင်လာအနာဂတ် ဖြစ်လတ္တံ့သော သာသနာတော်၏ အညစ်အကြေး ဘေးရန်တို့ကို မပေါ်မရှိစေအောင် သာသနာပြုစုသကဲ့သို့ ဉာဏ်တော်ဖြင့် ဆင်ခြင်တော်မူတတ်သော ဉာဏာဘိဝံသဓမ္မသေနာပတိမထေရ်သည်"ဇေယျာဝဍ္ဎနတိုင်း ကေတုမတီတောင်ငူမြို့သို့ သက္ကရာဇ်၁၁၅၄-ခု တပေါင်းလဆန်း ၈-ရက်နေ့ သက်တော် ၅၁၊ဝါတော် ၃၁၊အရွယ်နှင့် ပြည့်စုံသော ပရမသီရိဝံသာဘိဓဇမဟာထေရ်ကို သာသနာပြု စေလွှတ်တော်မူရမည်"၊သက္ကရာဇ်၁၁၅၃-ခုနှစ်က အမိန့်တော်ရှိသည်နှင့် အမိန့်တော်ကို နာခံ၍ ရှင်မဟိန္ဒထေရ် သီဟိုဠ်ကျွန်း ဒေဝါနံပိယတိဿမင်းမှစ၍ တိုင်းသူအပေါင်းတို့ကို သတင်းပြန့်နှံ့ သိနှင့်စေ၍ ငံ့ဆိုင်းသကဲ့သို့ ပရမသီရိဝံသာဘိဓဇမထေရ်သည် ငံ့ဆိုင်းတော်မူသည်၊ ငံ့ဆိုင်းတော်မူသည်အတွင်း မဟိန္ဒထေရ် စသောမထေရ်တို့ သာသနာပြု ကြွသွားတော်

မူကြသောကာလ သံဃကံပြုလောက်ရှံ ငါးပါးစီနှင့် အသီးအသီး ကြွသွားလေသကဲ့သို့ ဤမှာလည်း အဋ္ဌာနကံကိစ္စလောက်အောင် ထေရဝါဒအနွယ်အဆက် ပုဂ္ဂိုလ်သံဃာတို့ကို ရွေးကောက်တော်မူပြန်လျှင်—

(၁) တောင်ပြီးရွာနေ အသက် ၆၅၊ဝါ ၄၅၊ရှင်ဇနန္ဒလင်္ကာပုဂ္ဂိုလ်။

(၂) မဲထီးရွာနေ အသက် ၆၅၊ ဝါ ၄၅၊ ရှင်ခေမာစာရပုဂ္ဂိုလ်။

(၃) လှည်းပွဲကြီးရွာနေ အသက် ၆၀၊ ဝါ ၄၀၊ရှင်ဉာဏဝရပုဂ္ဂိုလ်။

(၄) အင်းဝမြို့နေ အသက် ၅၁၊ ဝါ ၃၁။ ရှင်ဇိနာလင်္ကာရဓဇ ပုဂ္ဂိုလ်။

(၅) အုံးသီးကွဲရွာနေ အသက် ၅၄၊ ဝါ ၃၄၊ ရှင်မေဓာပုဂ္ဂိုလ်။

(၆) ပင်းယအင်းနားရွာနေ အသက်၄၇၊ ဝါ ၂၇၊ ရှင်အာသဘ ပုဂ္ဂိုလ်။

(၇) နွားထိုးရွာနေ အသက် ၄၃၊ ဝါ ၂၃၊သိရိမင်္ဂလပုဂ္ဂိုလ်။

(၈) ကုန်းရွာနေ အသက် ၃၃၊ ဝါ ၁၃၊ ဝိရိယာရမ္ဘပုဂ္ဂိုလ်။

(၉) ထီးလှိုင်ရွာနေ အသက် ၃၃၊ဝါ ၁၃၊ရှင်လင်္ကာသာရပုဂ္ဂိုလ်။

ဤရေတွက်ခဲ့သမျှပုဂ္ဂိုလ်များ ဝိနည်းငါးကျမ်း ပါဠိ,အဋ္ဌကထာများ လေ့လာသင်ကြားဘူးသည်ဖြစ်၍ ရွေးကောက်တော်မူလျှင် နောက်ပါ အသီးအသီး ပဥ္စင်း,သာမဏေပေါင်းသုံးကျိပ် ခုနစ်ပါးတို့နှင့် သက္ကရာဇ် ၁၁၄၅-ခု တပေါင်းလပြည့်ကျော် ၈-ရက် တနင်းလာနေ့ည ၃-ချက်တီး အချိန်တွင် ထွက်ခဲ့၍ တန်ခူးလဆန်း ၃-ရက်နေ့ ကေတုမတီမြို့သို့ အတွင်းဝန်သံတော်ဆင့်တို့ ကြပ်မ၍ ရောက်လျှင် ၎င်းတန်ခူးလဆန်း ၁၅-ရက်နေ့ တောင်ငူဘုရင် သတိုးဓမ္မရာဇာမင်းသားက ကျီးသဲ့သဲအမည်တွင်သော ကုန်းထိပ်တွင် ကျောင်းရံ ၆-ကျောင်းနှင့်တကွ ဇေတဝန်ကျောင်းတော်ကို ပွဲလမ်းသဘင် ကြီးစွာခံ၍ ရဟန်းတို့အသုံးအဆောင်များစွာ ပဒေသာပင်နှင့် အပ်လှူတင်တော်မူသည်။

၎င်းကျောင်းကို အပ်လှူတင်သည့်နေ့ တောင်ငူဘုရင်မင်းသားလည်း ခမည်းတော်ကဲ့သို့ သာသနာတော် ဘေးရန်ဆူးငြောင့် ရှိသည်များကို သန့်ရှင်းစင်ကြယ်လိုသောကြောင့် ''ယွန်းပေါင်ပုရပိုက်နှင့် ဇေယျာဝဓုတိုင်း မြို့ရံ ၁၂၊ ကျေးသီး ၃၃၊ ကေတုမတီမြို့တိုင်းနိုင်ငံအတွင်း သီတင်းသုံးနေသမျှ ရဟန်းသံဃာတို့အား သာသနာရေး သာသနာမှုနှင့် စပ်သမျှ ဘုရားပညတ်တော်နှင့်ညီအောင် ဆုံးမဩဝါဒပေးတော်မူပါ၊ တိုင်း

နိုင်ငံအတွင်း သီတင်းသုံးနေသမျှ ရဟန်းသံဃာတို့ မပိုင်မနိုင် တရားကို မကျင့်ဆောင်လိုသမျှကို တကာတော်မင်းသား ရှိပါပြီ၊ အာဏာစက် ထားပါမည်”လျှောက်ထား၍ ယွန်းပေါင်းပုရပိုက်နှင့် သာသနာပြု ကပ် လှူတော်မူပြန်သည်။

ပရမသီရိဝံသာဘိဓဇထေရ် အကြံအစည်

အရှင်ပရမသီရိဝံသာဘိဓဇမထေရ်သည်လည်း ပုဂ္ဂိုလ်ကြီးအပေါင်း တို့နှင့် ချမ်းမြေ့စွာနေတော်မူလျက် ဆင်ခြင်တော်မူသည်ကား—

ဝိဘဇ္ဇဝါဒဝိနယမရေဖြစ်သော သာသနာတော် အဆက် အနွယ် ဗဟုဿုတ သီလသမ္ပန္နနှင့်ပြည့်စုံကုန်သော ပုဂ္ဂိုလ်တို့ သည် ဇမ္ဗူဒိပါမြေအပြင်၌သာ သာသနာတော်ကို ထွန်းပစေ သော ရဟန်းယောက်ျား,ရဟန်းမိန်းမတို့တွင် မာယာဒေဝီ၏ ညီမအငယ် ဆဋ္ဌဘိညနှင့်ပြည့်စုံသော မဟာပဇာပတိရဟန္တာ ထေရီမသည် ဘုရားသခင်အထံ ဝိနည်းသိက္ခာပုဒ်ကို သင်၍ကျင့် ဆောင်သည်။

ခေမာထေရီ, ဥပ္ပလဝဏ်ထေရီ, ပဋာစာရီထေရီ,ဓမ္မဒိန္နာထေ ရီ,သောဘိတထေရီ,ဝိသာခါထေရီ,သမ္ဗလထေရီ,နန္ဒာထေရီ,ဓမ္မ ပါလိထေရီ,ယသောဓရာထေရီ ရဟန္တာမတို့သည် မဟာပဇာ ပတိထေရီ၏အထံ၌ ဝိနည်းကိုသင်၍ အဆင့်အဆင့် မိမိတို့၏ တပည့်တို့အား သင်ကြားပို့သ၍ ဝိနည်း၌လိမ္မာကြကုန်သည်။

သံဃမိတ္တာထေရီ,ဥတ္တရာထေရီ,သောမနထေရီ, မဟာပါလ ထေရီ, အဂ္ဂိမိတ္တာထေရီ, ဖေဂ္ဂုထေရီ, ဓမ္မဒါသီထေရီ-ဤသို့ဆို ခဲ့သမျှ အငယ်ဖြစ်ကုန်သော ဘိက္ခုနီမတို့သည် ဓမ္မပါလိ ထေရီဥပဇ္ဈာယ်ထံ၌ ဝိနည်းပိဋကတ်နှင့်တကွ သုတ္တန်,အဘိဓမ္မာ ကို အဆင့်ဆင့်သင်ခဲ့၍ သူတော်ကောင်းတို့၏ အနွယ်၌ လိမ္မာ ခဲ့ပြီးလျှင် ၂-သောင်းသော ဘိက္ခုနီမတို့နှင့် ဇမ္ဗူဒိပါကျွန်းက ဒေဝါနံပိယတိဿမင်းလက်ထက် သာသနာတော် ၂၃၇-ခုတွင် ကူးတော်မူ၍ အနုဠာဒေဝီအမှူးရှိသော မောင်းမ ငါးရာ, အမျိုး သမီးငါးရာပေါင်း တထောင် ရဟန်းပြု၍ ဝိနည်းကို ရှေးဦးစွာ သင်စေသည်။

သီဟိုဠ်ကျွန်းဝယ် ဝိနည်း၌ ရဲရင့်သောဓမ္မထေရ်, ဓမ္မပါလိထေရ်အစရှိကုန်သော ရဟန္တာဘိက္ခုနီမတို့သည်၄င်း, ဓမ္မဒိန္နာထေရီအစရှိကုန်သော သုတ်တော်ကောင်း တရားအန္တယ်၌ လိမ္မာကုန်သော ၂-သောင်းသော ရဟန္တာဘိက္ခုနီမတို့သည်၄င်း,ဂိရိကာလထေရီ, ဒါသိကာလထေရီ, သဗ္ဗပါသိကာထေရီအစရှိသော ဝိနည်း၌ မွေ့လျော်ကုန်သော ၂-သောင်းသော ရဟန္တာဘိက္ခုနီမတို့သည်၄င်း, ပဒုမာထေရီ,ဟေမာထေရီစသော တသောင်းခြောက်ထောင်သော ရဟန္တာ ဘိက္ခုနီထေရီမတို့သည် ၄င်း၊ ဤထေရီဘိက္ခုနီမတို့သည် မိမိတို့၏ ဥပဇ္ဈာယ်ထံ၌ ဝိနည်းကိုသာလျှင် ရှေးဦးစွာသင်၍ သုတ္တန်, အဘိဓမ္မာတို့ကို သင်တော်မူသည်၊ ထိုထေရီမတို့၏ တပည့်အဆက်ဆက်တို့သည်လည်း ဝိနည်းကိုသာလျှင် ရှေးဦးစွာ သင်ကြား၍ တရားကို ကျင့်ဆောင်ကုန်သည်။

ဇမ္ဗူဒိပါကျွန်းမှာလည်း တိုင်းခရိုင်မြို့ပြတို့၌ ဘိက္ခုနီမတို့သည် အနှံ့အပြား ဝိနည်းပိဋကတ်ကို ရှေဦးစွာသင်၍ တရားကို ကျင့်ဆောင်ကုန်သည်။

သီရိခေတ္တရာရာမတိုင်း ရသေ့မြို့မှာ သာသနာတော် ၁၀၁-ခု တွင် ဒွတ္တပေါင်မင်းလက်ထက်မှစ၍ ရဟန္တာထေရီမတို့သည် ဝိနည်းကို ရှေးဦးစွာသင်ကြား၍ တရားကိုကျင့်ဆောင်ကုန်သည်။

သုဝဏ္ဏဘုမ္မိတိုင်း တလိုင်း သုံးရပ်တို့၌ သောဏထေရ်,ဥတ္တရထေရ်တို့ ပေါက်ရောက်၍ သာသနာတော် ပြုစုတော်မူသည်မှစ၍ ရဟန္တာထေရီမတို့သည်၄င်း,ပုထုဇဉ်ထေရီမတို့သည်၄င်းဝိနည်းကို ရှေးဦးစွာ သင်စေ၍ တရားကို ကျင့်ဆောင် ကုန်သည်။

ထိုထေရီဘိက္ခုနီမတို့သည် အဘဇ္ဈဝါဒီဖြင့် မကွဲ မပြားတရားကို ကျင့်ကြကုန်သည် ဖြစ်သည်။

ရဟန်းယောကျ်ား မထေရ်တို့မှာလည်း ဘုရားသခင် သက်တော်ထင်ရှား ရှိသည်ကပင် ဥပါလိမထေရ်သည် ဘုရားသခင်အထံ၌ ဝိနည်းကို သင်ခဲ့၍ သိကြားလိမ္မာခြင်းသို့ ရောက်လျှင်

ပုထုဇဥ်, သောတာပန်, သကဒါဂါမ်,အနာဂါမ်ရဟန္တာပုဂ္ဂိုလ် အသိန်းမက ပို့သသင်စေ၍ ဘုရားသခင် ပရိနိဗ္ဗာန် စံပြီးသည့်နောက် ပဌမသင်္ဂါယနာ တင်တော်မူသည်။

ထိုပုထုဇဥ်,သေက္ခအစရှိသောပုဂ္ဂိုလ်အများတို့တွင် ဒါသကမထေရ်သည် ဥပါလိထေရ်၏ သဒ္ဓိဝိဟာရိက ဖြစ်သည်၊ ဤသဒ္ဓိဝိဟာရိက တပည့်ဖြစ်သော ဒါသကမထေရ်သည် ဥပါလိထံမှ ဝိနည်းပိဋကတ်ကို သင်ခဲ့၍ ပုထုဇဥ်,သေက္ခအစရှိသော တပည့်တို့အား ပို့သသင်ကြားတော်မူသည်၊ ထိုပုထုဇဥ်,သေက္ခအစရှိသော တပည့်အများတို့တွင် သောဏကထေရ်သည် ဒါသကမထေရ်၏ သဒ္ဓိဝိဟာရိကတပည့်ဖြစ်သည်။

ဤသဒ္ဓိဝိဟာရိကတပည့်ဖြစ်သော သောဏကထေရ်သည် ဒါသကထေရ်၏ အထံ၌ ဝိနည်းပိဋကတ်ကို သင်ခဲ့၍ ရှင်ယသမထေရ်တို့နှင့် ဒုတိယသင်္ဂါယနာ တင်တော်မူသည်၊ ပုထုဇဥ်,သေက္ခအစရှိသော တပည့်များတို့ကို ပို့သသင်ကြားတော်မူသည်။

ထိုပုထုဇဥ်,သေက္ခအစရှိသော တပည့်အများတို့တွင် သိဂ္ဂဝမထေရ်သည် သောဏကထေရ်၏ အထံ၌ ပိဋကတ်သုံးပုံကို သင်ကြား၍ ပုထုဇဥ်, သေက္ခစသော တပည့်တို့အား ပို့သ သင်ကြားတော်မူသည်။

ဤပုထုဇဥ်,သေက္ခစသော တပည့်များတို့တွင် မောဂ္ဂလိပုတ္တတိဿထေရ်သည် သိဂ္ဂဝထေရ်၏သဒ္ဓိဝိဟာရိကဖြစ်သည်၊ဤသဒ္ဓိဝိဟာရိကဖြစ်သော မောဂ္ဂလိပုတ္တတိဿသည် စဏ္ဍဝဇ္ဇီထေရ်၏ အထံ၌ ဝိနည်းပိဋကတ်ကို သင်ကြားခဲ့၍ တတိယသင်္ဂါယနာ တင်တော်မူသည်၊ ပုထုဇဥ်,သေက္ခစသော တပည့်များစွာတို့ကို ပို့သ သင်ကြားတော်မူသည်။

ထိုပုထုဇဥ်,သေက္ခစသော တပည့်များစွာတို့တွင် ရှင်မဟိန္ဒမထေရ်သည် ရှင်မောဂ္ဂလိပုတ္တတိဿ ထေရ်၏ သဒ္ဓိဝိဟာရိက တပည့်ဖြစ်သည်၊ ဤသဒ္ဓိဝိဟာရိက ဖြစ်သော မဟိန္ဒမထေရ်သည် ရှင်မောလိပုတ္တတိဿထေရ်၏အထံ၌ ဝိနည်း, ပိဋကတ်ကို

သင်ခဲ့ပြီးလျှင် သီဟိုဠ်ကျွန်းသို့ ကူး၍ အရိဋ္ဌထေရ် အစရှိသော မထေရ်တို့အားဝိနည်း,ပိဋကတ်တော်ကို သင်ကြားတော်မူသည်။

ထိုအရိဋ္ဌထေရ်ကဆင်းသက်၍ တိဿဒတ္တထေရ်, ကာဠသုမနထေရ်, ဒီဃသုမနထေရ်, ပုနဒေဝထေရ်, ကာဠသုမနထေရ်, ဗုဒ္ဓရက္ခိတထေရ်, တိဿထေရ်, ဒေဝထေရ်, သုမနထေရ်,စူဠနာဂထေရ်, ဓမ္မပါလိထေရ်, ခေမလထေရ်, ဥပတိဿထေရ်, ဖုဿဒေဝထေရ်, သုမနထေရ်, မဟာပဒုမထေရ်, မဟာသိဝထေရ်,ဥပါလိထေရ်,မဟာနာဂထေရ်,အဘယထေရ်, တိဿထေရ်စသော ရဟန္တာအပေါင်းတို့သည် မင်းအဆက်ဆက် တပည့်အဆက်ဆက် ပိဋကတ်သုံးပုံကို နှုတ်တက်အာဂုံဆောင်၍ ပို့သ သင်ကြားကုန်သည်။

အခါတပါး စောရနာဂမင်းလက်ထက် ၁၂-နှစ်ပတ်လုံး မိုးခေါင်၍ သာသနာတော်ရွှေလျောသော် တိဿထေရ် တပည့်ဖြစ်သော သုမနထေရ်သည် သာသနာတော်ကို စောင့်ရှောက်လိုသောကြောင့် ဇမ္ဗူဒိပ်ကျွန်းသို့ကူးသွား၍ ပိဋကတ်သုံးပုံကို သင်ကြားရွက်ဆောင်ခဲ့ပြီးမှ တဖန်ပြန်၍ သီဟိုဠ်ကျွန်းတွင် တပည့်သားတို့အား ပို့သသင်ကြားတော်မူသည်။

သီဟိုဠ်ကျွန်းတွင် သုတော်ကောင်းအနွယ် တည်ပြန့်သဖြင့် ဝိနည်း၌ လိမ္မာသော စူဠာဘယထေရ်, တိဿထေရ်, စူဠဒေဝထေရ်, သိဝထေရ်ရဟန္တာမြတ်တို့သည် အစဉ်သဖြင့် သိဿာနုသိဿတို့အား ပို့သသင်ကြား၍ သောက်ရှုးကြယ်ကဲ့သို့ သာသနာတော်ကိုထွန်းပစေကုန်သည်။

ဇမ္ဗူဒိပ်ကျွန်းမှာမူကား မောဂ္ဂလိပုတ္တတိဿထေရ် သာသနာပြုစေလွှတ်အပ်သော ကသ္မီရ,ဂန္ဓာရတိုင်းမဇ္ဈန္တိကထေရ်,မဟိံသတိုင်း မဟာရေဝတထေရ်,နဝဝါသီတိုင်း ရက္ခိတထေရ်,အပရန္တတိုင်း ယောနက ဓမ္မရက္ခိတထေရ်, မဟာရဋ္ဌတိုင်း မဟာဓမ္မရက္ခိတထေရ်, ဟိမဝန္တာအရပ် မဇ္ဈိမထေရ်, သုဝဏ္ဏဘုမ္မိတိုင်း သောဏထေရ်-ရဟန္တာတို့ကို စေလွှတ်တော်မူသည်။

ထိုစေလွှတ်သမျှ မထေရ် ရဟန္တာမြတ်တို့သည် ထိုထိုဒေသ, တိုင်း,မြို့ပြတို့၌ တပည့်အဆက်ဆက် ဆရာအဆက်ဆက် ပိဋ

ကတ်သုံးပုံကို ပို့သသင်ကြား၍ နေလကဲ့သို့ ထွန်းပစေသဖြင့် အဘဇ္ဇဝါဒချည်းဖြစ်သည်၊ ဤသို့ပြဆိုရေတွက်ခဲ့သော ဘိက္ခု ရဟန္တာ, ဘိက္ခုပုထုဇဉ်, ဘိက္ခုနီရဟန္တာ, ဘိက္ခုနီပုထုဇဉ် ၂-သွယ်,၂-ရပ် ဥဘတောသံဃာတို့သည် အဘဇ္ဇဝါဒ ဝိနယ ဝါဒီချည်းဖြစ်၍ သာသနာတော်၌ ပဝေဏီအဆက်ဆက် ထေ ရဝါဒမပျက် ထိန်းသိမ်း စောင့်ရှောက်ကြပြီးသည့်နောက် သာ သနာတော်၏ အညစ်အကြေး ဘေးရန်ဆုးငြောင့်ဖြစ်၍ ဓမ္မဝါဒီ အားနည်းခဲ့သဖြင့် အဓမ္မဝါဒီအားကြီးလျှင် သာသနာတော် တိမ်မြုပ်၍ သာသနာတော် အနှစ်တရာအတွင်း ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် ဘုရားတရားတော်ကိုဖျက်၍ တပည့်အသွင် အဆောင်အယောင် အမူအရာ တစိတ်တဒေသသာ တူစေ၍ မဟာသင်္ဂီတိဂိုဏ်းပြု၍ နေကုန်သကဲ့သို့ ပေါက္ကံရာမပြည်၌လည်း အရည်းကြီး ရဟန်းယောင်တို့ ရှိနေရာတွင် သုဝဏ္ဏဘုမ္မိတိုင်း သောဏထေရ်,ဉတ္တရထေရ်တို့အနွယ်အဆက်ဆက် ရှင်သီလဗုဒ္ဓိ တပည့်ပေါက္ကံရာမပြည် နော်ရထာစောမင်း လက်ထက် ရှင် အရဟံမထေရ် သာသနာပြုကြွလာ၍ ထေရဝါဒအနွယ်အဆက်။

ပန်းယပြည် တစီးရှင် သီဟသူလက်ထက် ရဟန္တာထွေးဟု သမုတ်ကြသော ဝေသာလီပြည် ရဟန္တာ ရှင်မဟိန္ဒပါလထေရ်၏ သဒ္ဓိဝိဟာရိက ရှင်ဒိဗ္ဗစက်ထေရ် သာသနာပြု ထေရဝါဒအနွယ် အဆက်။

အင်းဝ မိုးညှင်းမင်းတရားလက်ထက် သီဟိုဠ်မဟာဝိဟာရ ဝါသီဂိုဏ်း သီရိသဒ္ဓမ္မာလင်္ကာရထေရ်, သီဟဠမဟာသာမိ ထေရ်နှစ်ပါးတို့၏ အနွယ်အဆက်။

ထူပါရုံဒါယကာမင်းတရားလက်ထက် ဒုတိယဆပဒ ရှင်ဓမ္မ ကေတု အနွယ်အဆက်။

တောင်တွင်း ရှင်သီလဝံသထေရ်တို့၏ အနွယ်အဆက်။

တောင်ငူမင်းကြီးညို မဟာသီရိ ဇေယျသူရ လက်ထက် ၈၅၃-ခုတွင် သီဟိုဠ်မဟာဝိဟာရဝါသီ ဒိဝါကရမထေရ်၏ အနွယ်အဆက်။

ထေရဝါဒ မကွဲမပြား ဖြစ်၍ ရှိပြီးလျှင် ရွှေနန်းကြော့ရှင် နရပတိ လက်ထက် ၈၈၈-ခုတွင် အင်းဝ တိမ်းယိမ်း ပျက်စီးပြန်လျှင် ရာမညတိုင်း ဓမ္မစေတီမင်းတရားလက်ထက် ၈၃၇-ခုတွင် သီဟိုဠ် မဟာဝိဟာရဝါသီ အနွယ်အဆက် သုဝဏ္ဏသောဘဏမထေရ် သဒ္ဓိဝိဟာရိက တပည့်တို့နှင့်အတူထေရဝါဒ မကွဲမပြား ကံကြီး, ကံငယ်ဆောင်ကြပြီးသည့်နောက် မင်းရှစ်ဆက်မြောက် ရာမည တိုင်း တလိုင်းသုံးရပ်ကို ချုပ်အုပ်စီရင်၍ ရွှေနန်းစံသော မင်း တရားရွှေထီးသည် သက္ကရာဇ် ၉၁၀-ခုတွင် အပရန္တတိုင်း ယိုး ဒယားပြည်ကို တိုက်ဖျက် သိမ်းယူခဲ့ရာတွင် သီဟိုဠ်ပြည်က အ လဇ္ဇီရဟန်း အနွယ်အဆက် ဒုကုဋ်တင်ရင်စည်းရဟန်း ဟံသာ ဝတီမြို့သို့ ရောက်လျှင် ထေရဝါဒရဟန်းတို့နှင့် မပေါင်းမယှက် ဂိုဏ်းဖွဲ့၍ နေလေသည်နှင့် အဓမ္မဝါဒီပေါ်ရှိပြန်လေသည်။

သက္ကရာဇ် ၉၆၀-ခုတွင် ဟံသာဝတီပြည် ပျက်စီးပြန်လေ သော် သင်းဘောသား ဘုရင်ဂျီကုလား စေင်ကာ သံလျင်မြို့က နေ၍ ၁၂-နှစ် သက္ကရာဇ် ၉၇၂-ခုနှစ်တိုင် မိစ္ဆာဒိဋ္ဌိအယူဖြင့် တလိုင်းသုံးရပ်တို့ကို အုပ်ချုပ်စီရင်၍နေသည်၊ ထိုတိုင်းနိုင်ငံ အတွင်းရှိသော လူရဟန်းတို့လည်း ၎င်းအာဏာကို ကြောက် ရွံ့သောကြောင့် ထင်ထင်ပေါ်ပေါ် မလှူမတန်းဝံ့ရှိကြသည် အခိုက် သီဟိုဠ်ကျွန်းက အလဇ္ဇီရဟန်း ဦးခေါင်းတင် ပေါက် ရောက်လာသဖြင့် ကုလားစေင်ကာနှင့်အထပ်သင့်ကျင့်၍ အရက် သောက်ခြင်း, ရောနှောခြင်းရှိသောကြောင့် "ငါတို့နှင့်ဘာသာ တူသည်လည်းဖြစ်သည်၊ ငါတို့ကဲ့သို့ကောင်းစွာ လုပ်ဆောင်၍ ဆောင်းလိုလျှင်ဆောင်း"ဟု ဆို၍ ဖဲ ကတ္တီပါကို ပေးရာ ကုလား စေင်ကာအလိုသို့ လိုက်၍ ဦးခေါင်းတင် အလဇ္ဇီရဟန်းတို့သည် ဘုရင်ဂျီ ဦးထုပ်ဆောင်းပြု၍ တသမတ်တည်း ဆောင်းရသည်၊ ထိုသို့ ဆောင်းရာတွင်မှ ရဟန်းသံဃာတို့ ထင်ထင်ပေါ်ပေါ် အလှူခံဝံ့ချေသည်။

ထိုကစ၍ ဦးထုပ်ဆောင်းဂိုဏ်းအနွယ် အာစရိယဝါဒ ပေါ် ပြန်လေသော် ဓမ္မဝါဒီပျောက်၍ အဓမ္မဝါဒီသာ ထွန်းပ၍ ၁၂-

နှစ်တိုင်အောင်ပင် ရှိသည်နှင့် သက္ကရာဇ် ၁၀၅၀-ပြည့် ရမည်း သင်းမင်းတရားကြီး လက်ထက် တောင်ငူ ရှင်ဝိစိတ္တာလင်္ကာရ ပုဂ္ဂိုလ်သည် ဝေသာလီပြည် ဝဇ္ဇီတိုင်းသား ရဟန်းတို့ အနှစ် တရာတွင် အလဇ္ဇီအမွေပြုသည်တို့ကို ရှင်ယသ နှိမ်နင်း၍တရား ကိုပြသကဲ့သို့ တရားရှိတိုင်း ဘော်ပြရလျှင် ငမြာ,နောင်ဘာ, မောဂ္ဂလာန်,ငရိ့အို,မိုးကောင်း, တဘက်ဆွဲ, ရေမိန်, ကင်ပွန်း တောင်,တုံရွာစသော ပုဂ္ဂိုလ်တို့နှင့် စာပေဆည်းကပ်ကြရာဝယ် စုံမိကြသဖြင့် တရားဆွေးနွေး မေးမြန်းကြသော် ဝတ်ခြင်း,ရုံခြင်း စသည်၌ သဒ္ဒနယ,အတ္ထနယ တော်သင့်,မသင့် ကျမ်းလာတွေ့ ကြောင်းကို ပြဆိုလိုက်ဘူးသည်နှင့် စာပေဆည်းကပ်ရာအရပ်က အသီးအသီးရပ်ရွာသို့ ပြန်လေသည်နောက် မိမိတို့နေရပ်ရွာ တောင်ငူ ရှင်ဝိစိတ္တာလင်္ကာရထံ တရားကျမ်းဂန်ရှိတိုင်း ကျင့် ဆောင်လိုသောကြောင့် လာရောက်ကြပြန်လျှင် နှစ်ဝါသုံးဝါနေ၍ ဆွေးနွေးမေးမြန်းကြသည်။

ထိုပုဂ္ဂိုလ်တို့လည်း ကျမ်းသိဂန်မြင်ခြင်းဖြစ်၍ သဘော ကျနသဖြင့် တရားကျမ်းဂန်လာရှိတိုင်း ပဌမသင်္ဂါယနာတင် သော အရှင်မဟာကဿပစသော မထေရ်အရှင်မြတ်တို့၏ ထေရဝါဒမပျက် သေဒိယ ပရိမဏ္ဍလ သုပ္ပဋိစ္ဆန္န သိက္ခာပုဒ်, ပိဋကစာရိကဝတ် အစရှိသည်ကို ရပ်ရွာသို့ပြန်၍ ကျင့်ဆောင် စေကြကုန်သည်။

တုံရွာနေ ပုဂ္ဂိုလ်တပါးသာ ဂတိမမှန် အာစရိယဝါဒဟူ၍ ဝေသာလီပြည် ဝဇ္ဇီတိုင်းသားရဟန်းတို့ကဲ့သို့ ဘုရားတရားတော် ကို တစိတ်တဒေသ အလိုရှိရာယူ၍ အသွင်အပြင် ကွဲပြားအောင် ကျင့်ဆောင်လေသည်နှင့် အာစရိယဝါဒမပျက် အနွယ်အဆက် တပည့်ဖြစ်သော သက္ကရာဇ် ၁၁၁၅-ခုနှစ် အလောင်းမင်းတရား ကြီးလက်ထက် အတုလယသပုဂ္ဂိုလ်သည် ရာဇသံသ၌ ရာဇ ဝလ္လဘ သံဃရာဇာဖြစ်၍ ဝိနည်းငါးကျမ်း ပါဠိ,အဋ္ဌကထာ, ဋီကာ မလာမရှိ-အာစရိယဝါဒအယူဖြင့် ဂိုဏ်းသီး ဂိုဏ်းခြား မရှိစေဘဲ ဒကုန့်တင်ရင်စည်း တဝတည်းဖြစ်သည်ကို သက္ကရာဇ် ၁၁၄၅-ခု အောင်မြေလောက ဘုရားဒါယကာ မင်းတရားသည်

ဘုရားပညတ်တော်ဝိနည်းငါးကျမ်း၌ မလာမရှိအာစရိယဝါဒဖြင့် သာယူ၍ တရားမဟုတ်မမှန် ကျင့်ဆောင်ကြသည့် သာသနာတော် အညစ်အကြေး ဘေးရန်ဆူးငြောင့် သဘွယ်တို့ကို ဝိနည်း၌ သိလိမ္မာတော်မူသဖြင့် ရှင်းလင်း သုတ်သင်တော်မူပြီးလျှင် ထေရဝါဒအနွယ်အဆက် တချက်တည်းတရားရှိတိုင်း ဖြစ်စေလို၍ ဇေယျာဝဓနတိုင်း တောင်ငူ ကေတုမတီမြို့သို့ စေလွှတ်တော်မူခြင်း ဖြစ်သည်။ တောင်ငူမြို့တွင်လည်း ဂိုဏ်းသုံးဂိုဏ်း ရဟန်းသံဃာတို့ ကွဲပြား၍ရှိနှင့်လေသည်၊ ဘယ်သို့ အဆုံးအမဩဝါဒ ပေးရမည်နည်း''—

ဟု သံဃာတော်ကြီး ပုဂ္ဂိုလ်များတို့နှင့် သာသနာပြု ဆရာတော်တိုင်ပင်တော်မူလျှင် တတ်ရည်လိမ္မာရည်နှင့် ပြည့်စုံကြသော သံဃာတော်ကြီး ပုဂ္ဂိုလ်တို့ကလည်း လျှောက်ကြကုန်သည်၊''တရားကို ကျင့်ဆောင် လိုပါသည်ဆိုက တရားတော်နှင့် လွတ်ကင်းသန့်ရှင်း စင်ကြယ်သမျှ ရဟန်းသံဃာတို့ ဖြစ်လျှင် ပုဂ္ဂိုလ်ရဟန်းတို့၏ အရည်အသွေးကို ဆင်ခြင်၍ အလိုအလျောက် ကျောင်းအရိပ် အာဝါသမှစ၍ စွန့်ပစ်ခဲ့ခြင်း, အဝတ်သင်္ကန်းအသစ်လဲ၍ အသစ်သိက္ခာတင်ခြင်း, ကုစားအပ်သော အာပတ်ကြီးငယ်ကို ကုမစေခြင်း, အလိုအလျောက် လာရောက်လျှင် နိဿယည်းခံနေသင့်ပါတော့သည်''အကြောင်းကို အညီအညွတ်ပြောဆိုကြ၍ ဆိုင်းငံ့၍နေစဉ်ဝယ်လည်း ပါရင်းသံဃာတော်များကို နောက်သားတို့ ယုံမှားသံသယမရှိစေရအောင် ထပ်၍စစ်ဆေး မေးမြန်းပြီးလျှင် ပေါင်းလောင်းမြစ် အနောက်ကုန်း အလယ်ကျွန်းတွင် တန်ဆောင်းနေရာဆောက်၍ ပရိဝါသ်မာနတ်ယူ၍ အာပတ်ကိုကုစေခြင်း, အသစ်သိက္ခာ ထပ်တင်ခြင်းကိုပြု၍ နေတော်မူသည် အတွင်းဝယ် တောင်ငူမြို့မှစ၍ ကျေးလက်သံဃာနှစ်ရာကျော် သုံးရာခန့်တို့တွင် အချို့သောရဟန်းသံဃာတို့ တရားမလွတ်မကင်း သာသနာရိပ်ကို ခိုလှုံ၍နေသမျှ လူထွက်နှင့်ကုန်သည်။

တောင်ငူတွင်သာသနာသုတ်သင်ခြင်း

အချို့ရဟန်းသံဃာတို့လည်း အာဏာစက်ရိပ်ကို ကြောက်၍ ထွက်ပြေးနှင့်ကုန်သည်၊ အချို့ရဟန်းသံဃာတို့လည်း မကျင့်ဆောင်နိုင်မည့်

အရည်ရှိ၍ လုပ်ပြကုန်သည်၊ ဤအကြောင်းများကို သာသနာပြုဆရာတော် "ပရမသီရိဝံသာဘိဓဇ မဟာဓမ္မရာဇဂုရု"မထေရ် ကြားသိတော်မူလျှင်–

"ကောင်းသောအကျင့်ကို လိုသဖြင့် ကျင့်နေသည့်သီလ, သမာဓိရှိသော ရဟန်းသံဃာတို့ ကျန်ရစ်စေ၊ များသော ရဟန်း သံဃာရှိသော်လည်း အကြောင်းမဟုတ် သန့်ရှင်းစင်ကြယ်သည် သာ အကြောင်းရင်းဖြစ်ပေသည်၊ သီလ,သမာဓိ,အလိုဆန္ဒ ရှိရစ် သော ရဟန်းသံဃာတို့ နိဿယည်းခံနေလိုပါသည်ဟု ဝင်လာ သည် ကာလမှ လက်ခံ၍ နိဿယည်းပေးရတော့မည်"–

ဟု ကြိစည်ပြောဟောတော်မူ၍နေစဉ် တကာမြို့သူ မြို့သားအပေါင်း တို့လည်း လျှောက်တောင်းပန်ကုန်သည်၊"သာသနာပြုဆရာတော်ဘုရား•• တောင်ငူမြို့တွင် ရဟန်းသံဃာ သုံးဂိုဏ်းသုံးသွယ်ကွဲပြား၍ ရှိကြပါသည်၊ တကာတို့လှူဒါန်းရပါသော်လည်း ကောက်နှောင်းမျိုးစေ့ကို ကြပ်တည်း ဝယ်ကြသကဲ့သို့ ရှိပါသည်၊ ထိုသုံးဂိုဏ်းသုံးသွယ် ရဟန်းသံဃာတို့ တွင် သာသနာတော်နှင့် ထိုက်တန်သသူကို သွင်းဝင်စေ၍ သာသနာ တော်နှင့် မထိုက်မတန်သသူကို သံဃာမှအပ မထားပါလျှင် 'ဤရဟန်း ကား သီလဝန္တ, ဤရဟန်းကား ဒုဿီလ'ဟု မသိသာ မခြားနားပါ သဖြင့် တကာတို့ လှူဒါန်းရသော်လည်း ပစ္စည်းကုန်ကျိုးမနပ်ရှိပါမည်" လျှောက်တောင်းပန်၍ နေသည့်အတွင်း သက္ကရာဇ် ၁၁၅၅-ခုကဆုန် လဆန်း ၅-ရက်နေ့ အုပ်ဖိုရှင်နန္ဒမာလာ ပုဂ္ဂိုလ်နှင့် ရဟန်း သာ မဏေပေါင်း ၁၀-တို့ ကျောင်းအရိပ်အာဝါသမှစ၍ ပစ္စည်းမငဲ့မကွက် အလိုအလျောက် သန့်ရှင်းစင်ကြယ်စွာ စွန့်ပစ်ပြီးမှ အဝတ်သင်္ကန်း အသစ်ဖြင့် အသစ်သိက္ခာ ထပ်တင်၍ ကုမအပ်သော အာပတ်ကြီးငယ် ကိုကုမ၍ ပါတိမောက်နှစ်စောင်,ခုဒ္ဒသိက္ခာကျမ်းတို့မှာ ရဟန်းတို့သင်စေ ၍ သာမဏေတို့မှာ လိင်,ဒဏ်,သေခိယ,ခန္ဓကဝတ်ပါဌ်အနက်များကိုပြန် ဆို၍အဆုံးအမ ဩဝါဒ ခံနေပါမည်အကြောင်းနှင့် ဝန်ခံလျှောက်ထား လာသည်။

သာသနာပြုဆရာတော် ပရမသီရိဝံသာဘိဓဇထေရ်ပုဂ္ဂိုလ်က "အုပ်ဖို ရှင်နန္ဒမာလာနှင့် ရဟန်းသာမဏေပေါင်း ၁၀-တို့ ဝန်ခံလျှောက်ချက် အတိုင်းမှန်ပေလျှင် သူတော်ကောင်းစင်စစ် ဖြစ်ပါပေသည်၊ သို့ပင်ဖြစ် သော်လည်း ငါ့ရှင်တို့လည်း သန့်ရှင်းသည်,မသန့်ရှင်းသည် စစ်စုမေးစု

ရှိသမျှကို အမေးအစစ်ကိုခံစေရဦးမည်''သာသနာပြုဆရာတော် အမိန့်တော်ရှိပြီးလျှင် စစ်စုမေးစုရှိသမျှ ရဟန်းသံဃာနှင့် စပ်လျဉ်း၍ လည်ပေါ်ဇေတဝန်ကျောင်း ဇိနာလင်္ကာရဓဇပုဂ္ဂိုလ်ထံ မဟာဒါန်စာရေးတို့နှင့် အစစ်အမေးကိုခံစေ၊ သက္ကရာဇ် ၁၁၅၅-ခု ကဆုန်လဆန်း ၆-ရက်နေ့မှတ်ချက် ချတော်မူလိုက်သည်၊ မှတ်ချက်အမိန့်တော်အတိုင်း ၎င်းနေ့ပင် ဇိနာလင်္ကာရဓဇပုဂ္ဂိုလ်သည် အုပ်ဖိုရှင်နန္ဒမာလာ ပုဂ္ဂိုလ်အား မဟုတ်မမှန်သည်ကို အဟုတ်အမှန် မထွက်မဆို မပြောသာ၊ ဟုတ်မှန်တိုင်း ထွက်ဆိုပြောရမည်၊ ရှေးဦးစွာ ပြောဆိုပြီးလျှင် စစ်ဆေးမေးမြန်းသည်ကား—

(၁) ရှင်နန္ဒမာလာပုဂ္ဂိုလ်သည် သက်န်းရုံဒုကုဋ်တင် ဂါမဝါသီ အနွယ်သုံးပါးတွင်မည်သည့်အနွယ်ဖြစ်သနည်းမေးစစ်သည်။

(၂) ကိုယ့်ကိုယ်ဆရာ,ဆရာ့-ဆရာ,၎င်းဆရာတို့အမည်အမှတ်နှင့် အစဉ်အဆက်ကို စစ်မေးသည်။

(၃) ပဉ္စင်းခံသည်ကာလ သိမ်, ဥပဇ္ဈာယ်, ကမ္မဝါဆရာ,ကာရကသံဃာအရေအတွက်,သက္ကရာဇ် နှစ်,လ,နေ့,ရက်အခါ,နာရီ အချိန်ကာလကို မေးစစ်သည်။

(၄) အသက်, သိက္ခာဝါ, နေ့နံကို မေးစစ်သည်။

(၅) တောင်ငူမြို့ဇာတိဖြစ်သည်၊အခြားမြို့ရွာသားဖြစ်သည်၊ တောင်ငူတွင် မည်သည့် ကာလနေထိုင်သည်ကို မေးစစ်သည်။

(၆) ယွန်း, ယိုးဒယား, ကုလား,မြန်မာဇာတ်အများရှိသည်တွင် မည်သည့်အမျိုးအနွယ်က မြတ်စွာဘုရားသာသနာတော်ကို ဝင်၍ ကျင့်ဆောင်သည်ကို မေးစစ်သည်။

(၇) သစ်သီးပေးခြင်း, ပန်းပေးခြင်းစသော ကူလဒူသက, အနေသနအမှုကို ပြုကျင့်သည်, မပြုကျင့်သည် မေးစစ်သည်။

(၈) လူတို့ကဲ့သို့ရောင်းခြင်း, ဝယ်ခြင်း, ရွှေငွေစပါး ဆည်းပူးခြင်း, ကျေးကျွန်ထားခြင်း, ကျွဲနွားမွေးခြင်း, လယ်ယာကိုင်းကျွန်းစသော အကပ္ပိယဝတ္ထုကို မေးစစ်သည်။

၍မေးစစ်သမျှ ရှင်နန္ဒမာလာပုဂ္ဂိုလ်က နှုတ်မြွက်၍ ဆိုတိုင်းသိသာခြားနားအောင် ရေးမှတ်သား၍ ပုရပိုက်အက္ခရာတင်ပြီးသော် ရှင်နန္ဒမာလာပုဂ္ဂိုလ်ရှေ့ ဘတ်၍နားထောင်ပြန်စသေည်၊ နားထောင်စေပြီးလျှင်

သာသနာတော်ပြုဆရာတော်ကြီး၏ အထံသို့စေလွှတ်၍ ဘတ်လျှောက်လေသည်၊ ဘတ်လျှောက်ပြီးပြေလျှင် "ဤစစ်တန်းပုရပိုက်နှင့် မဟာဒါန်စာရေးတို့ အုတ်ဖို ရှင်နန္ဒမာလာပုဂ္ဂိုလ် ထွက်ဆိုချက်အတိုင်း မှန်မမှန်ကို လယ်မပုဂ္ဂိုလ် ရှင်သုဇာတအုပ်စုသံဃာ, မြို့တွင်း ရှင်ပညာဂမ္ဘီအုပ်စုသံဃာ, မြို့ပြင် ရှင်ဂမ္ဘီသာရအုပ်စု သံဃာများတို့ကို အသီးအသီးဘတ်၍ နားထောင်စေ၍ မေးမြန်းလျှောက်ထားလေ" မိန့်တော်မူလိုက်လျှင် မဟာဒါန်စာရေးတို့ လှည့်လည်၍ ဂိုဏ်းသံဃာတော်များကို အသီးအသီး စစ်တန်းပုရပိုက်နှင့် ဘတ်လျှောက်ပြီးသော် အရှင်ဘုရားတို့ ဟုတ်မှန်တိုင်းထွက်ဆိုကြရမည်၊ ယခုဘတ်လျှောက်သည့် ဤစာအရတွင်-

(၁) "ဒိဋ္ဌသုတပရိသင်္ကိတ ရှင်နန္ဒမာလာပုဂ္ဂိုလ်နှင့် တပည့်သံဃာတွင်ရှိသလော။

(၂) ကုလဒူသကအနေသနအမှုတို့ကို ပြုကျင့်သည် မြင်သလော။ သူများပြောဆို၍ ကြားဘူးသလော။

(၃) ရောင်းဝယ်ခြင်းစသည် လူတို့ကဲ့သို့ပြုကျင့်သည်ကိုမြင်သလော, ကြားသလော"-

ဟု စာ၏အရနှင့်ကောက်၍မေးစစ်ပြန်သော် ဂိုဏ်းသုံးဂိုဏ်း ရဟန်းသံဃာတို့က အသီးအသီး မဟာဒါန်စာရေးကို စစ်မေးသမျှသည် ရှင်နန္ဒမာလာပုဂ္ဂိုလ် ထွက်ဆိုချက်အတိုင်း သန့်ရှင်းစင်ကြယ်သည် မှန်ပေသည်ဟု ထွက်ဆိုကြသဖြင့် ထိုဂိုဏ်းသံဃာတို့ အသီးအသီးထွက်ဆိုသမျှကို မှတ်သား၍ သာသနာပြု ဆရာတော်ကြီးအား ပြန်၍လျှောက်ထားပြန်သည်။

သာသနာပြု ဆရာတော်ကြီးက "ရှင်နန္ဒမာလာလျှောက်သည့်အတိုင်း သန့်ရှင်းစင်ကြယ်ပလေသည်၊ ဝန်ခံလျှောက်ချက်အတိုင်း သုဓမ္မာစရပ်သို့ဝင်၍ စာကိုရွေးဦးစွာ ပြန်ဆိုစေ"အမိန့်တော်ရှိသဖြင့် စာကို သုဓမ္မာစရပ်သို့ဝင်၍ ရွေးဦးစွာပြန်ဆိုပြီးလျှင် သက္ကရာဇ် ၁၁၅၅-ခု ကဆုန်လဆန်း ၁၀-ရက်နေ့ သင်္ကန်း,သင်းပိုင် အသစ်လဲ၍ဝတ်စေပြီးမှ ပေါင်းလောင်းမြစ် နဒီသိမ်မှာ သိက္ခာထပ်တင်၍ ပရိဝတ်မာနတ်နေစေသည်၊ တိစီဝရိက်ဓုတင်ကို ကျင့်ဆောင်စေသည်၊ ဤသို့ အဆုံးအမဩဝါဒပေး၍ ရှင်နန္ဒမာလာပုဂ္ဂိုလ်နှင့် ရဟန်း ၅-ပါး,သာမဏေ ၃-ပါး၊ ပေါင်း ၁၀-တို့ကို သဘာဂပြု၍ နိဿယည်းခံနေ ကျင့်ဆောင်စေသည်။

ဋ၄၆နှစ် သက္ကရာဇ် ကဆုန်လမှစ၍ ဒုတိယဝါဆိုလတိုင် အုတ်ဖို ရှင်နန္ဒမာလာပုဂ္ဂိုလ်၏ထုံးကို အမှီပြု၍ အလိုအလျောက် လျှောက်ထား လာကြကုန်သော ပုဂ္ဂိုလ်တို့သည်ကား- လယ်မကျောင်း ရှင်သုဇာတ ပုဂ္ဂိုလ်, ကျောင်းကြီးကျောင်း ရှင်အဂ္ဂနန္ဒပုဂ္ဂိုလ်, ရဲန္တဲကျောင်း ရှင်ဇိနာ ရာမပုဂ္ဂိုလ်, စဉ်ပင်ကျောင်း ရှင်စန္ဒသာရပုဂ္ဂိုလ်, ငါးဖယ်ကျောင်း ရှင်ဇိနာရာမပုဂ္ဂိုလ်,မည်းဖလုံကျောင်း ရှင်မေဓာဒီပပုဂ္ဂိုလ်,ဖိမာန်ကျောင်း ရှင်ဝါယာမပုဂ္ဂိုလ်, ဇေတဝန်ကျောင်း ရှင်နန္ဒမာလာပုဂ္ဂိုလ်, စည်သာ ကျောင်း ရှင်နန္ဒမာလာပုဂ္ဂိုလ်,ကျောက်ကြီးကုန်းကျောင်း ရှင်သိရိမာလာ ပုဂ္ဂိုလ်, စမွယ်ရိုကျောင်း ရှင်အရိန္ဒမပုဂ္ဂိုလ်, အင်းဝကျောင်း ရှင်ဉာဏ မဉ္ဇူပုဂ္ဂိုလ်, ကုန်းကျောင်း ရှင်မေဓာလင်္ကာပုဂ္ဂိုလ်, ပုဂ္ဂိုလ်ကျောင်း ရှင်ပညာသာရပုဂ္ဂိုလ်, အင်ကြင်းကန်ကျောင်း ရှင်နန္ဒမာလာပုဂ္ဂိုလ်, လင်းမီးဆွဲကျောင်း ရှင်ဝရလင်္ကာပုဂ္ဂိုလ်, ရွှေဂူကျောင်း ရှင်နန္ဒမာလာ ပုဂ္ဂိုလ်, သာထွန်းကျောင်း ရှင်နန္ဒာဘိပုဂ္ဂိုလ်, ယက်ကကျောင်း ရှင်စန္ဒ မဉ္ဇူပုဂ္ဂိုလ်, ပေတောကျောင်း ရှင်ပညာဝရပုဂ္ဂိုလ်, ဂိုဏ်းအုပ်ကျောင်း ရှင်ပညာဂမ္ဘီပုဂ္ဂိုလ်-ဤရေတွက်ခဲ့သော ကျောင်းနေပုဂ္ဂိုလ် ၂၁-တို့သည် တပည့်သံဃာတို့နှင့်တကွ အသီးအသီး အုတ်ဖို ရှင်နန္ဒမာလာပုဂ္ဂိုလ် ကဲ့သို့ နိဿယည်းခံနေကျင့်ဆောင်လိုပါကြောင်းနှင့်လျှောက်ထားကြလျှင် သာသနာပြု ဆရာတော်ကြီးသည် "လည်ပေါ်ဇေတဝန်ကျောင်း ရှင်ဇိနာ လင်္ကာရမဇ္ဇပုဂ္ဂိုလ်ထံ အစစ်အဆေး အမေးအမြန်းကို ခံကြလေဦး" မှတ်ချက်ချလိုက်သဖြင့် ရောက်လာလျှင် အသီးသီး ရောက်လာသော ပုဂ္ဂိုလ်တို့ကို အုတ်ဖို ရှင်နန္ဒမာလာပုဂ္ဂိုလ်ကဲ့သို့ မဟာဒါန်စာရေးတို့နှင့် မေးမြန်းစစ်ဆေး၍ ပုရပိုက်အက္ခရာ ရေးမှတ်ထားပြီးလျှင် သာသနာပြု ဆရာတော်ကြီး၏ ရှေ့တော်တွင် ဘတ်၍လျှောက်ပြန်စေသည်၊ ကြားတော် မူလျှင် "အရှင်ဘုရားတို့ ထွက်ဆိုချက်ကို ကြားသိရပြီ၊ မဟာဒါန် စာရေးတို့ ဂိုဏ်းရဟန်း သံဃာအပေါင်းတို့၏ စကားသည် မှန်မမှန်ကို မြို့တွင်း,မြို့ပြင် လှည့်လည်၍ ဘတ်လျှောက်မေးမြန်းလေ"မိန့်တော်မူ လိုက်သဖြင့် မဟာဒါန်စာရေးတို့လည်း ဂိုဏ်း ၃-ဂိုဏ်း မြို့တွင်း,မြို့ပြင် တို့သို့ လှည့်လည်၍ အသီးအသီး ဒိဋ္ဌ,သုတ,ပရိသင်္ကိတ ရှိလျှင်ရှိလျှောက် မရှိလျှင် မရှိလျှောက် စစ်မေးသည့်အတိုင်း ထွက်ဆိုကြရမည်-လျှောက် မေးသော် အသီးအသီး ရဟန်းသံဃာတို့လည်း ဒိဋ္ဌ,သုတ,ပရိသင်္ကိတ

ရှိလျှင် ရှိ၏၊မရှိလျှင် မရှိဟု ထွက်ဆိုကြသည်တို့ကို မှတ်သား၍ သာသနာပြုဆရာတော်ကြီးကို လျှောက်ထားပြန်ရသည်၊ ဒိဋ္ဌ,သုတ,ပရိသင်္ကိတရှိသော ပုဂ္ဂိုလ်တို့ဖြစ်လျှင် သုဓမ္မာစရပ်သို့ ပင့်ဘိတ်၍ မေးမြန်းစစ်ဆေးတော်မူသည်၊ ဟုတ်ရာမှန်ရာတိုင်း ထွက်ဆိုကြလျှင် ဝိနည်းဒေသနာတော်ဖြင့် ဆုံးဖြတ်စီရင်တော်မူ၍ အဓိကရုဏ်းငြိမ်းတန်သည့်အရာကို ငြိမ်းစေသည်။

မငြိမ်းတန်သည့်အရာဖြစ်လျှင် သံဃာအပ မပြတ်ထားတော်မူသည်၊ စစ်ဆေးမေးမြန်း၍ ဒိဋ္ဌ,သုတ,ပရိသင်္ကိတမရှိ သန့်ရှင်းစင်ကြယ်သော ပုဂ္ဂိုလ်သံဃာတို့ဖြစ်လျှင် ဝန်ခံလျှောက်ချက်အတိုင်း စာပေတို့ကို သုဓမ္မာစရပ်သဘင်သို့ဝင်၍ ဧရှးဦးစွာပြန်ဆိုစေပြီးလျှင် အသီးအသီး ကျောင်းအရိပ်အာဝါသ,ပစ္စည်း မငဲ့မကွက် အလိုအလျောက်စွန့်ပစ်ခဲ့၍ အသစ်သက်နုံးသင်းပိုင်တို့ကို လဲပြီးလျှင် ပေါင်းလောင်းမြစ် နဒီသိမ်မှာ အသစ်သိက္ခာထပ်တင်၍ ပရိဝတ်မာနတ်နေစေ၍ တိစီဝရိက်ဓုတင်ကို ဆောက်တည်စေလျက် သဘာဂအတွင်းသို့ဝင်၍ နိဿယည်းခံနေ ကျင့်ဆောင်စေသည်။

ဤသို့လျှင် သဘာဂအတွင်းသို့ဝင်လာသော ရဟန်းသံဃာ တို့သည်ကား—ပုဂ္ဂိုလ်-၂၂၊ပဥ္စင်း-၄၃၊ သာမဏေ-၇၀ ပေါင်း ရဟန်းသံဃာ ၁၃၅-ဖြစ်သည်။

တကာတို့ကပဥ္စင်းလောင်း,သာမဏေလောင်းတို့ကို သာသနာတော်မြတ်ကို ချီးမြှောက်လိုသည်ဆိုလျှင် သာမဏေ,ပဥ္စင်းမပြုမီ ပဥ္စင်းလောင်းမှာ ပါတိမောက်,ခုဒ္ဒသိက္ခာ၊ သာမဏေလောင်းမှာ သရဏဂုံသုံးပါးကို ဌာန်, ကရိုဏ်းပြီသအောင် ရွတ်ဘတ်နှင့်စေ၍ ပစ္စဝေက္ခဏာလေးပါးပါဠိ အနက်, လိန် ဒဏ် သေခိယပါဠိအနက်, ပိဏ္ဍစာရိကပါဠိအနက်-တို့ကို နှုတ်တက်ရွက်ဆောင်နှင့်စေ၍ ချီးမြှောက်သင့်သောကာလ သုဓမ္မာစရပ်သဘင်သို့ဝင်၍ ပြန်ဆိုပြီးပြေလျှင် ရဟန်း, သာမဏေပြုစေသည်၊ ၎င်းနှစ်ပဌမဝါဆိုလတွင်ပြုကြသော သာမဏေ ၅၀-ခန့်ဖြစ်သည်၊ပါရင်းသံဃာတော်ပေါင်း ၃၇-နှင့်ပေါင်းသော် ၂၂၅-ပါးဖြစ်သတည်း။

သက္ကရာဇ်၁၁၅၅-ခုနှစ်မှစ၍ ၆-နှစ်တိုင်ပဥ္စင်း,သာမဏေလောင်းတို့လေ့ကျက်ဆောင်အပ်သောစာပေတို့ကိုလေ့ကျက်နှင့်စေ၍ ရပြီးမှသုဓမ္မာစရပ်ပွဲသဘင်ကိုဝင်၍ ပြန်ဆိုစေပြီးလျှင် ရှင်ရဟန်းပြုကြသည်ကား—

၁၀၆၆၊ဇေယျာ၁၀မုန္တိုင်းအတွင်း မြို့,ကျေးလက်တို့၌ရဟန်း,သာမဏေ အလောင်းတို့ စာပေတို့ကို အရအမိနှင့် ရဟန်း, သာမဏေပြုကြသည် ကား-သုံးကျိပ်အစုစုသံဃာတော်အပေါင်းနှင့် တညီတညွတ်တည်း ကျိုး သဲတိုက်ကျောင်းတော်တွင် သံဃာတော်အရေအတွက်ကား ၃၇၅-ပါး တည်း။

ဤသံဃာအပေါင်းတို့ဖြင့် တောင်ငူကေတုမတီမြို့အရှေ့ ရွှေမြို့ကုန်း ကျိုးသဲတိုက်ကျောင်းတော်တွင် တနေ့မလပ် သံဃာအစည်းအဝေးပြု၍ စေတီယင်္ဂဏဝတ်ကို ရှေးဦးစွာ ဖြည့်ကျင့်စေ၍ ကျောင်းတော်ထက်၌ ပရိတ်တော်,ဂုဏ်တော်, အဋ္ဌဇေယျမင်္ဂလာ, ရတနာရွှေချိုင့်,ဗောဇ္ဈင် စတု ဘာဏဝါရလေးပါးတို့ကို ရွတ်တော်မူကြကုန်မည်ဟု ရွတ်တော်မူ ပြီးလျှင် ရဟန်း,သာမဏေတို့ ဖြည့်ကျင့်အပ်သော သိက္ခာပုဒ်များကို မေးမြန်း ဆွေးနွေး၍ အဖြေအတင်ပြောဟောတော်မူကြလျက် သံဃာ တော်များကို နားထောင်စေသည်၊ စာရိတ္တသီလ ကျင့်ဝတ်များ ကွယ် ပျောက်လေသည့်အရာကိုဘော်ပြ၍ တည်ထားစေသည်ကား—

(၁) ဝစ္စကုဋိတွင် သက်န်းတန်းထားစေခြင်း၊
(၂) ခြေဆေးရေ အခြားထားစေခြင်း၊
(၃) သုံးဆောင်ရေ အခြားထားစေခြင်း၊
(၄) သောက်ရေ အခြားထားစေခြင်း၊
(၅) ချိုးရေ အခြားထားစေခြင်း—

စသောဝတ်တို့ကို တခုကကိုတခု မရောမရှက်စေရ၊ တည်ထားသုံး ဆောင်စေသည်။

ခုတင်တေရသတို့တွင်—

(၁) တိစီဝရိက်ခုတင်ကိုဆောက်တည်စေခြင်း။
(၂) နိသဇ်ခုတင်ကိုဆောက်တည်စေခြင်း၊
(၃) အဗ္ဘောကာသိကခုတင်ကိုဆောက်တည်စေခြင်း၊
(၄) ပိဏ္ဍစာရိကခုတင်ကိုဆောက်တည်စေခြင်း၊
(၅) ကောသနိက်ခုတင်ကိုဆောက်တည်စေခြင်း၊
(၆) ပတ္တပိုဏ်ခုတင်ကိုဆောက်တည်စေခြင်း၊
(၇) ခလုပစ္ဆာခုတင်ကိုဆောက်တည်စေခြင်း၊

စသည်တို့ကို အကျိုးအာနိသင်နှင့်တကွ ဘော်ပြ၍ ကျင့်ဆောင်စေသည်။

ဤသို့လျှင် ဘုရားသခင်သက်တော်ထင်ရှားရှိစဉ် ဝင္ဂဆင်းရဲမှထွက်မြောက်ခြင်းငှါ ဝါရိတ္တသီလ,စာရိတ္တသီလဖြင့် ဆုံးမဩဝါဒပေးတော်မူခဲ့၍ တပည့်,သံဃာ,ရဟန်းတို့သည် ကျင့်ဆောင်ကြသည်နှင့် ပရိနိဗ္ဗာန်စံပြီးသည့်နောက်လည်း ဘုရားသခင်ဆုံးမဩဝါဒအတိုင်း မပျောက်မပျက်စေရအောင် ပဌမသင်္ဂါယနာတင်သော ရှင်မဟာကဿပမထေရ်, ဒုတိယသင်္ဂါယနာတင်သော ရှင်မဟာယသမထေရ်, တတိယ သင်္ဂါယနာတင်သော ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်, သီဟိုဠ်ကျွန်း စတုတ္ထသင်္ဂါယနာတင်သကဲ့သို့သော ရှင်မဟိန္ဒမထေရ်, အမရပူရပြည် ပဉ္စမသင်္ဂါယနာတင်သကဲ့သို့သော ဉာဏာဘိဝံသဓမ္မသေနာပတိမထေရ်တို့၏ အန္ဓယ်အဆက် ထေရဝါဒမပျက် ဘုရားသခင် သိက္ခာပုဒ်တော်ကို မယိုမယိမ်း မတိမ်းစောင်းရစေလျက် ဇေယျာဝဓနတိုင်း ရဟန်း, သံဃာ အပေါင်းတို့ကိုအုပ်ချုပ်၍ အဆုံးအမ ဩဝါဒပေးတော်မူသဖြင့် ဘုရားသခင် သာသနာတော်မြတ်သည် နေ,လကဲ့သို့ ထွန်းတောက်ပစေလျက် ထေရဝါဒ အစဉ်မပျက် ဖြစ်ပြန်စေသည်။

နိဂုံး

မဲထီးပုဂ္ဂိုလ် "ပရမသီရိဝံသာဘိဓဇမဟာဓမ္မရာဇဂုရု" အမည်တော်ရှိသောမထေရ်သည် ဇေယျာဝဓနတိုင်း တောင်ငူ ကေတုမတီမြို့ကို ခမည်းတော် အောင်မြေလောက ဘုရားဒါယကာ ဆင်ဖြူရှင် မင်းတရားသားတော် သတိုးဓမ္မရာဇာ ဘုရင်ခံမင်းတရားလက်ထက် သာသနာတော်ပြုစုတော်မူသည့်အရာတွင် ဘုရားသခင် ပညတ်သိက္ခာပုဒ်တော်ရှိတိုင်း မြဲမြံစွာ ယုလေ့ရှိသော ထေရဝံသအန္ဓယ်အဆက်အစဉ်ကို နောင်အမျိုးသားတို့သည် လွယ်ကာခဏ ကြည့်ရှုစေခြင်းငှါ ကျမ်းဂန်,ရာဇဝင်,မဟာဝင် ထုံးဥပဒေသများကို အမှီပြု၍ သာသနာတော်မြတ်ကို စောင့်မ ကြည့်ရှုသော မင်းတို့လက်ထက် သာသနာပြုစုကြသော ထေရဝါဒပုဂ္ဂိုလ်တို့၏ အန္ဓယ်အဆက်အစဉ်ကို ကောက်နုတ်စီရင်အပ်သော ဝံသဒီပနီကျမ်းသည် ဤတွင် ပြီးဆုံးသည်။

ဝံသဒီပနီ ပြီး၏။

အက္ခရာစဉ် အညွှန်း

(အ)

အကုံရမင်းသားကြောင့်
သုဝဏ္ဏဘုမ္မိမြို့ပျက်ခြင်း ၆၈
အဇာတသတ်မင်းဆက် ၁၃
အဥ္စနမင်းဖြိုသက္ကရာဇ် ၃
အဇာတသတ်မင်းဖြိုသက္ကရာဇ် ၅
အတုလယသကိုလှုဝတ်လဲစေ၍
နှင်ထုတ်ခြင်း ၁၅၈
အတင်,အရုံရှင်းလင်းပွဲ ၁၄၆
အတင်,အရုံရှင်းလင်း
ပြောဆိုရပြန်ခြင်း ၁၅၆
အဓမ္မဝါဒီဂိုဏ်း ၁၂၄
အနုဠာဒေဝီနှင့်တကွ
တရားထူးရကြပုံ ၄၁
အနုဠာဒေဝီစသူတို့
ရဟန်းပြုကြခြင်း ၄၃
အဘယမင်း သာသနာ
သုတ်သင်ခြင်း။ ၆၀
အဘယဂိရိဝါသီဂိုဏ်း ၁၀၇
အရိယာအပါသံဃာဂိုဏ်း ၉၀
အရည်းကြီးများ၏အယူ ၇၁
အရှင်အနုရုဒ္ဓါမိန့်တော်မူချက် ၆
အလောင်းမင်းတရား
သာသနာပြုပုံ ၁၄၆
အသက်ရှည်ကြောင်းတရား ၅၈

(အာ)

အာစရိယဝါဒအဆို ၁၄၈

(ဥ)

ဥဘတောဝိဘင်းဆောင်စေခြင်း ၁၅၉
ဥတ္တရာဇီဝမထေရ် ၈၃

(ဦ)

ဦးထုပ်ဆောင်းရဟန်းများ ၁၂၆
ဦးထုပ်ဆောင်းဂိုဏ်း ၁၄၃

(က)

ကလျာဏီမြစ်တွင်ပဥ္စင်းခံကြခြင်း ၁၁၁
ကလျာဏီသိမ်သမုတ်ခြင်း ၁၁၄
ကလျာဏီသိမ်၌ပဥ္စင်းခံကြခြင်း ၁၁၆
ကမ္ဘောဇသံဃာဂိုဏ်း ၉၀
ကာဠာသောကမင်း ၁၆
ကာဠာသောကမင်းဆက် ၂၂
ကုဋကဏ္ဏတိဿမင်းဆက် ၅၆
ကုလားငစင်ကာ
သာသနာဖျက်ခြင်း ၁၂၆
ကေတုမတီသို့သာသနာပြု
စေလွှတ်ခြင်း ၁၆၀
ကိုးဆယ့်ခြောက်ကုဋေ့ငွေစွန့်၍
သာသနာပြုခြင်း ၂၅
ကိုးတိုင်းကိုးဌာနသာသနာပြု
စေလွှတ်ပုံ ၃၃
ကောင်းကင်မှ
ဆင်းတုတော်များ ၁၀၃
ကျစွာမင်း ၈၉
ကျော်စွာမင်း၏နိုင်ငံတော် ၉၃
ကျောင်း, စေတီအနုမောဒနာပြုပွဲ ၂၃
ကျောင်းပေါင်း ၈၄၀၀၀ ၂၅
ကျိုက်ပေါ်စေတီ ၁၀၄

(ခ)

ခေါင်းတင်ရဟန်းများ ၁၂၆

(ဂ)

ဂဝံပတိမထေရ်နှင့်
သထုံသာသနာ ၆၇

ဂေါဠ်ာဘယမင်း
ပါပဘိက္ခုများကိုသုတ်သင်ခြင်း ၆၁
ဂိုဏ်းဆရာများ
ဆိုင်မြိုင်ပြောဆိုခြင်း ၁၄၄

(စ)

စတုတ္ထသင်္ဂါယနာ ၅၃
စစ်ကိုင်းတွင်မျာဒိတ်ကြားခြင်း ၉၃
စစ်ကိုင်းသောတာပန်နတ်ကြီး ၉၅
စလ္လာဝဇ္ဇီထေရ် ၂၁
စန္ဒကူးနံ့သာကျောင်း ၇၃
စိတြဒူတတမန်သဘော် ၁၁၁
စူဠဂဏ္ဍီအဆို ၁၄၉
စေတီခပါင်း ၈၄၀၀၀ ၂၅

(ဆ)

ဆပဒသာမဏေ ပဉ္စင်းခံခြင်း ၈၅
ဆင်အလှူခံ၍ဂိုဏ်းကွဲခြင်း ၈၈
ဆင်ဖြူများရှင်မင်း ရှမ်းပြည်၌
သာသနာပြုခြင်း ၁၂၃
ဆင်ဖြူများရှင်နှင့်သာသနာရေး ၁၅၂
ဆင်ဖြူများရှင်
သာသနာသုတ်သင်ခြင်း ၁၅၅
ဆဗ္ဗဂ္ဂီရဟန်းများဝတ်ပုံ ၁၂၈

(ဇ)

ဇေတဝနဝါသီဂိုဏ်း ၁၀၈

(တ)

တစီးရှင်မင်းသာသနာပြုပုံ ၉၇
တတိယသင်္ဂါယနာ ၃၁
တတိယသင်္ဂါယနာတင်
ခေါင်းဆောင်မထေရ်များ ၃၂
တိတ္တိလေးမျိုး ၂၃
တိတ္ထိတို့အမူအကျင့်ကိုစုံစမ်းပုံ ၂၃
တောင်ပူသာသနာပိုင် ၁၂၂
တောင်ငူတွင်သာသနာ
သုတ်သင်ခြင်း ၁၇၀
တုံဂိုဏ်း,ရုံဂိုဏ်း ၁၄၃

(ထ)

ထီးလှိုင်ချောင်း ၁၀၅
ထေရဝါဒ၉-၄၁ဥ ၁၃၉-၁၄၁
ထေရဝါဒအနွယ်အဆက် ၁၆၇
ထေရဝါဒအလို ၁၄၉

(ဒ)

ဒလ-ဂိုဏ်းကြီး ၆-ဂိုဏ်း ၉၂
ဒလ-ဓမ္မဝိလာသထေရ် ၉၀
ဒုတိယသင်္ဂါယနာ ၁၆
ဒုတိယသင်္ဂါယနာတင်
ခေါင်းဆောင်မထေရ်များ ၁၈
ဒုတိယဆပဒထေရ် ၁၀၀
ဒုဋ္ဌဂါမဏိမင်းဆက်နှင့်
ကျေးမင်းများ ၅၂
ဒုဋ္ဌဂါမဏိမင်းစေတီတည်ခြင်း ၅၀
ဒေဝါနံပိယတိဿမင်းဆက် ၄၇
ဒွန်းစဏ္ဍာားရဟန်းများ ၁၀၂-၁၂၄

(ဓ)

ဓမ္မစေတီမင်း
သာသနာပြုရန်အကြံ ၁၀၆
ဓမ္မစေတီမင်းသာသနာ
သုတ်သင်ခြင်း ၁၁၆-၁၂၁
ဓမ္မာသောကမင်း ၂၃
ဓမ္မာသောကမင်း
နှလုံးနှစ်ခွဖြစ်ခြင်း ၃၀
ဓမ္မာသောကမင်းကြီး
သာသနာတော်ကိုသက်ဝင်ပုံ ၂၄
ဓမ္မာသောကမင်း
သာသနာ့အမွေခံယူပုံ ၂၆
ဓမ္မာသောကမင်းနေ့စဉ်အလှူ ၂၇

ဓမ္မာသောကမင်း
သာသနာကိုစင်ကြယ်စေပုံ ၃၀

(န)

နရပတိစည်သူမင်း ၈၇
နိဗ္ဗောဓသာမဏေ ၂၄
နော်ရထာစောမင်း
အရည်းကြီးတို့ကိုနှိပ်နင်းခြင်း ၇၂
ဇနော်ရထာစောမင်း
သာသနာသုတ်သင်ခြင်း ၈၂

(ပ)

ပစ္စယဒါယကာမည်ပုံ ၂၆
ပဌမသင်္ဂါယနာ ၁၂
ပဌမသင်္ဂါယနာတင်ခေါင်းဆောင်
မထေရ်များ ၁၃
ပရမသီရိဝံသာဘိဓဇထေရ်
အကြိုအစည် ၁၆၃
ပရက္ကမဗာဟုမင်း သာသနာ
သုတ်သင်ခြင်း ၆၇
ပိဋကတ်တော်ပင့်ဆောင်ခြင်း ၈၀
ပုဂံသာသနာပြုထေရ် ၅-ပါး ၈၅
ပုပ္ပါးစောရဟန်းမင်းတည်
ပုထိုးလေးလုံး ၇၈
ပေါက္ကံသံဃာလေးဂိုဏ်း ၈၉
ပံ့သကူမထေရ် ၈၂

(ဗ)

ဗန္ဓုစက္ကပဗ္ဗတတောင် ၉၅
ဗျာဒိတ်စကား ၅

(ဘ)

ဘားမဲ့ဘုန်းကြီးများ ၁၂၅
ဘုရားသခင်မိန့်ခွန်းတော် ၁၀
ဘုရားပုထိုးရုပ်တုမကိုးကွယ်
ရသည့်ခေတ် ၁၀၂
ဘုဝနေကဗာဟုမင်းလက်ထက်
သာသနာစင်ကြယ်ခြင်း ၆၇

(မ)

မဟာဥပရာဇ်မင်းသာသနာ
သုတ်သင်ခြင်း ၁၂၅
မဟာစေတီတည်ရာ၌ ကြွလာ
သောမထေရ်များ ၄၉
မဟာပုဏ်ထေရ်နှင့်သုနာပရန္တ
သာသနာ ၇၂
မဟာဝိဟာရဝါသီဂိုဏ်း ၁၀၇
မဟာသေနမင်းမဟာဝိဟာရ
ကျောင်းကိုဖျက်ခြင်း ၆၃
မင်းတရားရွှေထီး ၁၂၂
မှိုးညှင်းမင်းတရား ၉၉
မေဃဝဏ္ဏအမတ်ကြောင့်မဟာ
သေနမင်းသာသနာပြုပြန်ခြင်း ၆၃
မေဃဝန်ဥယျာဉ်ကိုလှူဒါန်းခြင်း ၄၂
မြေနန်းတော်၌ ဝါဒရှင်းပွဲ ၁၅၀
မွေတော်ရှစ်ဆူ ၉၀

(ယ)

ယသမထေရ်နှင့် ဝဇ္ဇီရဟန်းများ ၁၅
ယွန်းပေါင်ပုရပိုက် ၁၆၂

(ရ)

ရင်စည်းရဟန်းများ ၁၂၂
ရာမညတိုင်း၌သာသနာညှိုးချိန် ၁၀၅
ရာမညသံဃာအနွယ် ၁၀၁
ရာမဒူတတမန်သင်္ဘော ၁၁၁
ရာမာဓိပတိမင်း ဓမ္မဝိနယ
ပြန်တမ်း ၁၁၈
ရာမာဓိပတိမင်း
သာသနာသုတ်သင်ခြင်း ၁၂၁
ရာမညတိုင်း၌ ရဟန်း
ပေါင်း ၁၅၆၆-ပါး ၁၂၁

ရာဟုလာမထေရ်
　လူထွက်ခြင်း ၈၇
ရှင်အရဟံနှင့်ပုဂံသာသနာ ၇၀
ရှင်အရဟံနှင့်နော်ရထာစောမင်း ၇၀
ရှင်ဇာန္ဒဂုတ္တမထေရ် ၂၅
ရှင်ဒိဗ္ဗစက် ၉၄
ရှင်မဟာမဟိန္ဒထေရ် ၃၀
ရှင်မဟာဗုဒ္ဓဃောသ ၆၅
ရှင်မဟာရဋ္ဌသာရ ၁၀၀
ရှင်မောဂ္ဂလိပုတ္တတိဿ ၂၀
ရှင်မဟာကဿပ
　မိန့်တော်မူချက် ၉
ရှင်မဟိန္ဒပါလဓာတ်တော် ၉၀
ရှင်ယသ ၁၆
ရှင်သီလဝံသ ၁၀၀-၁၃၀
ရှင်သီဝလိဓာတ်တော် ၉၀
ရှမ်းစလုံသာသနာဖျက်ခြင်း ၁၀၁

(လ)

လယ်ကိုင်းကျောင်းတော်ရာ
　ခြေတော်ရာနှစ်ဆူ ၇၄

(ဝ)

ဝဋ္ဋဂါမဏိမင်း ၅၃
ဝတ်ရုံမှုစိစစ်ခြင်း ၁၃၁
ဝိဇယဗာဟုမင်း
　သာသနာသုတ်သင်ခြင်း ၆၇
ဝိဒါဂ မထေရ် ၁၁၁
ဝိနည်းကိုထွန်းပစေသော
　မထေရ်များ ၄၆
ဝိမလမင်း ၁၀၂

(သ)

သက်နံးရုံရှာဝင်ရန်
　ထုတ်ပြန်ခြင်း ၁၅၂
သင်္ဂါယနာအတုတင်ပုံ ၁၀
သင်္ဂါယနာတင်၍
　သာသနာပြုပုံ ၁၁
သထုံသို့သာသနာရောက်ခြင်း ၆၅
သမလမင်း ၁၀၂
သာလွန်မင်းလက်ထက်
　အဝတ်အာရုံဖောက်ပြန်ခြင်း ၁၂၀
သာသနာ့အခြင်းအရာ ၉၆
သာသနာ့အမွေခံမည်ပုံ ၂၇
သာသနာအရေးအခင်းပေါ်ပုံ ၂၀
သာသနာပြုစေလွှတ်ခြင်း ၁၅၉
သာသနာဖျက်ဇေတဝန
　ဝါသီဂိုဏ်း ၆၂
သာသနာမရောက်မီ
　သီဟိုဠ်မင်းဆက် ၃၀
သိဂ္ဂဝထေရ် ၂၁
သိက္ခာသစ်တင်ဂိုဏ်းဆရာ
　၂၄၅-ဦး ၁၁၇
သီရိခေတ္တရာသာသနာ ၇၅
သီရိသံဃဗောဓိပရက္ကမဗာဟုမင်း
　သာသနာသုတ်သင်ခြင်း ၆၆-၁၀၀
သီလဗုဒ္ဓိထေရ်၏
　တိုက်တွန်းချက် ၇၁
သီဟိုဠ်ခြေတော်ရာ ၃၆
သီဟိုဠ်မင်းသို့ပဏ္ဏာလက်ဆောင် ၃၉
သီဟိုဠ်၌စေတီတည်ပုံ ၄၃
သီဟိုဠ်သို့သာသနာရောက်စ ၄၀
သီဟိုဠ်သာသနာ့
　အုတ်မြစ်ချပွဲ ၄၄
သီဟိုဠ်သံဃာဂိုဏ်းကွဲခြင်း ၅၄
သီဟိုဠ်၌ကပ်ဆိုက်ခြင်း ၅၅
သီဟိုဠ်လင်များမိန်းမင်း ၅၅
သီဟိုဠ်၌ပရိယတ္တိကို
　စောင့်ရှောက်ပုံ ၅၆

အက္ခရာစဉ်အညွှန်း

သီဟိုဠ်သို့စွယ်တော်မြတ် ရောက်လာခြင်း ၆၄
သီဟိုဠ်ပါ ရဟန်းဂိုဏ်း ၉၀
သီဟိုဠ်ရောက်မထေရ် ၂-ပါး ၉၉
သီဟိုဠ်မှဓာတ်တော် ၅-ဆူ ၉၉
သီဟိုဠ်သို့သိက္ခာသစ် တင်ရန်စေလွှတ်ခြင်း ၁၀၉
သီဟိုဠ်သွားထေရ် ၂၂-ပါး ၁၁၀
သီဟိုဠ်မင်းက ဘွဲ့တံဆိပ်ဆက်ကပ်ခြင်း ၁၁၂
သီဟိုဠ်မှ ပြန်ရောက်ခြင်း ၁၁၃
သုဘဒ်ရဟန်းပြောဆိုပုံ ၇
သုဘဒ္ဒါကြောင့် ဆင်းတု ကိုးကွယ်ရပြန်ခြင်း ၁၀၃
သုဝဏ္ဏသောဘဏထေရ်အား မေးစစ်ခြင်း ၁၁၆
သူဌေးသမီးသုဘဒ္ဒါ ၁၀၃
သောဏထေရ်,ဥတ္တရထေရ်နှင့် သထုံသာသနာ ၆၉
သံဃာ ၁၈-ဂိုဏ်း ၁၉

ပြင်ဆင်ဖတ်ရှုရန်

စာမျက်နှာ ၁၄-ကြောင်းရေ ၁၃-တွင် စည်းစိမ်ပြ ဂဏန်း ၁၆-ကို (၁၀) ဟုငင်း၊ စာမျက်နှာ ၂၂-ကြောင်းရေ ၁၂-တွင် သက္ကရာဇ် ဂဏန်း ၁၄၂-ကို (၁၆၂)ဟုငင်း၊စာမျက်နှာ ၃၂-ကြောင်းရေ ၁၁-တွင် ၂၃၆-ကို (၂၃၄)ဟုငင်း၊ စာမျက်နှာ ၈၁-ကြောင်းရေ ၁၅-၁၇ တို့တွင်၃၆၇-နှင့်၃၆၉-ကို(၃၇၇-နှင့် ၃၇၉)ဟုငင်း၊ စာမျက်နှာ ၁၅၀-ကြောင်းရေ ၄-တွင် ၁၁၂၄-ကို (၁၁၄၁) ဟုငင်း၊ စာမျက်နှာ ၁၅၂-ကြောင်းရေ ၅-တွင် ၁၁၂၄-ကို (၁၁၄၂) ဟုငင်း၊ ၎င်းမျက်နှာကြောင်းရေ၂၀-တွင်၂၃၀၇-ကို(၂၃၂၇) ဟုငင်း၊ ၁၁၂၅-ကို (၁၁၄၅)ဟုငင်း၊ စာမျက်နှာ ၁၅၅-ကြောင်းရေ ၂၂-တွင် ၁၁၃၅-ကို (၁၁၄၅) ဟုငင်း၊စာမျက်နှာ၁၅၆-ကြောင်းရေ၂၃-တွင်၁၁၃၆-ကို(၁၁၄၆) ဟုငင်း ပြင်ဆင်ဖတ်ရှုစေလိုပါသည်။